
www.burmeseclassic.com



www.burmeseclassic.com

ဂျူးစာပေ

# ဂျူး

# အရောင်များနှင့် ကစားခြင်း

## နှင့် အခြားဝတ္ထုတိုများ

BURMESE CLASSIC .com

အမှတ် (၈၅)၊ အခန်း (၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊
ရန်ကုန်မြို့၊ ဖုန်း – ၇၀၄၆၅၆

www.burmeseclassic.com

www.burmeseclassic.com

[illegible]

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

[illegible]

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

[illegible]

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

[illegible]

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

[illegible]

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# ဂျူး

# အရောင်များနှင့် ကစားခြင်း

နှင့်

## အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

ပထမကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ
စာမူခွင့်ပြုချက်အမှတ် – ၃၀၃/ ၂၀၀၂(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၉၅၁ / ၂၀၀၂(၁၁)

**တန်ဖိုး**
၉၀၀ ကျပ်

**အုပ်ရေ**
၇၀၀

**အဖုံးဒီဇိုင်း**
မိုမို

**ကွန်ပျူတာစာစီ**
ခွန်မျိုး

**အတွင်းဖလင်**
ကိုဦး

**ထုတ်ဝေသူ**
ဦးညွန့်ရွှေ၊ စိန်ပန်းမြိုင်စာပေ
၂၃/အေ၊ ဦးကောင်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင် အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

**အတွင်းပုံနှိပ်**
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ကိုမြင့်

## မာတိကာ


| | | |
|---|---|---|
| ၁။ | ညဉ်မီးကျီး | ... ၁ |
| ၂။ | ရွက်လှေများ | ... ၁၉ |
| ၃။ | အသက်ရှည်ရှည် ခင်ခင်မင်မင် | ... ၂၇ |
| ၄။ | ဗီနပ်တစ်ရန် | ... ၄၇ |
| ၅။ | အချိန်နှင့် လူ | ... ၅၉ |
| ၆။ | စိမ်းလဲ့ညို | ... ၇၃ |
| ၇။ | သစ်တစ်ပင်ကောင်း | ... ၉၁ |
| ၈။ | နှင်း | ... ၁၀၅ |
| ၉။ | အချစ်ရဲ့အလှ အချစ်ရဲ့အရသာ | ... ၁၂၇ |
| ၁၀။ | ပြတိုက်မှအပြန် | ... ၁၄၁ |
| ၁၁။ | အရောင်များနှင့် ကစားခြင်း | ... ၁၆၉ |
| ၁၂။ | အိပ်မက်ထဲက မြို့တော် | ... ၁၈၉ |
| ၁၃။ | ခေါင်းလောင်းများ | ... ၂၃၇ |
| ၁၄။ | ပျောက်ဆုံးနေသော | ... ၂၅၉ |


www.burmeseclassic.com

www.burmeseclassic.com

## ညမီးကျိုး

အကဲဖြတ်ဒိုင်လူကြီးအဖွဲ့က အသံချဲ့စက်ဖြင့် အော်၍ သတိပေး ကြေညာလိုက်၏။

"အခုတစ်ခါ ယှဉ်ပြိုင်ဖို့ အလှည့်ကျတာကတော့ ရွှေအင်းသား အဖွဲ့ရဲ့ 'ညမီးကျိုး' ဖြစ်ပါတယ်"

လက်ခုပ်သံများ လက်ခေါက်မှုတ်သံများကိုကြားလိုက်ရသည်။ 'ရွှေအင်းသား' အဖွဲ့ကို အားပေးသူများလည်း ပါမည်။ ညမီးကျိုး ဟူသော အမျိုးအစားအပေါ် အားရကျေနပ်စွာ အားပေးသူများ လည်း ပါလိမ့်မည်။

တောင်ပေါ်ကွင်းပြင်တစ်ခုလုံး ကြိတ်ကြိတ်တိုး စည်ကား ကျပ် ညပ်နေသော ပရိသတ်သည် တဖြည်းဖြည်း စူးရှသိပ်သည်းလာ သော အအေးဒဏ်ကို သတိမပြုမိသလိုပင် ဖြစ်သည်။

ခွဲကောင်းလှပါပေရဲ့ဟု စောက မှတ်ချက်ချမိသည်။ စောအင်း မှာ ရပ်နေသော စောယောက်ျားသည် မီးပုံးပျံများ စောင့်ကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို သိပ်စိတ်ဝင်စားပုံမရ။ ၁၅ မိနစ် တစ်ခါလောက် လက်ပတ်နာရီကို ကြည့်နေ၏။

"အမြင့်ပေ ၆၀၊ ထိပ်ဝအကျယ် ၂၅ ပေ ရှိပါတယ်၊ ချိတ်ဆွဲထားတဲ့ ယမ်းအလေးချိန်ကတော့ ပိဿာ ၄၀ တိတိဖြစ်ပါတယ်"

ပရိသတ်က ဝေါခနဲ အာမေဍိတ်သံ ပြုလိုက်ကြသည်။ ယမ်းပိဿာချိန် များသည့်အခါ ထိုမီးပုံးပျံကြီး ကောင်းကင်မရောက်မီ ပေါက်ကွဲခဲ့သော် ရရှိလာမည့် အန္တရာယ်သည် တော်တော်ကြီးမားမည်ဖြစ်သည်။

"ကုန်ကျစရိတ် စုစုပေါင်း ကျပ် နှစ်သိန်းတိတိ ဖြစ်ပါတယ်ခင်ဗျား"

အဲသည် ကုန်ကျစရိတ် ကျပ်နှစ်သိန်းရှိပြီး ယမ်းပိဿာချိန် ၄၀ ရှိသော မီးပုံးပျံကြီးကို မှိုင်းတိုက်နေကြပြီဖြစ်သည်။ မီးပုံးပျံကြီးကို မှိုင်း ဝအောင် မီးရှို့မှိုင်းတိုက်နေချိန်မှာ ရွှေအင်းသားအဖွဲ့၏ ဖျော်ဖြေရေး တာဝန်ခံအဖွဲ့ငယ်က အိုးစည်ဗုံမောင်းများ တီးခတ်ပြီး နောင်ဗေနောင်ဖြင့် ရိုးရာအက ကနေကြသည်။

စောသည် ပျော်ရွှင်စွာ တီးမှုတ်နေသူများ၊ မှိုင်းတိုက်နေသူများ၊ အလုပ်ရှုပ်စွာ တက်ကြွနေကြသူများကို ခြေဖျားထောက်ကာ လူအုပ်နောက်မှ ကဲကြည့်ရင်း အံ့သြနေသည်။

ဩော်… ငွေ နှစ်သိန်းကို လုလုပပ မီးရှို့ပြဖို့ လူအင်အားတွေ၊ အချိန်တွေ ဘယ်လောက်စတေးခဲ့ရပါသလဲ။ သူတို့ ဘာအတွက် လုပ်နေကြတာလဲ။ အနုပညာအတွက် သက်သက်ပဲလား။ သူတို့အတွက်၊ သူတို့ဂုဏ်သိက္ခာအတွက်လည်း ပါမှာပေါ့လေ။ ဒါဟာ တစ်နည်းအားဖြင့် Performance Art တစ်မျိုးပဲ။



"စော ပြန်ကြဖို့ ကောင်းပြီထင်တယ်၊ နှစ်နာရီထိုးနေပြီ"

"ခဏလေး၊ ဒီတစ်လုံး ကြည့်ပြီးရင် ပြန်မယ်"

သူ့ကို 'မောင်' ဟူသော အသုံးအနှုန်းဖြင့် ဆက်ဆံလို့ မရခဲ့သည်မှာ နှစ်နှစ်ကြာခဲ့တာလား၊ သုံးနှစ်ကြာခဲ့တာလား စော ကောင်းကောင်း မမှတ်မိတော့ချေ။ သူ့အတွက် စောသည် လူသား တစ်ယောက် မဟုတ်တော့ဘဲ ဇနီးအဖြစ် တီထွင်ခံထားရသည့် စက်ရုပ်တစ်ခုသာ ဖြစ်တော့သည်။ တစ်ခါတုန်းက အဲသည်စက်ရုပ်သည် ချစ်မြတ်နိုးတတ် ကြင်နာတတ်သော ဇနီး ဖြစ်ခဲ့သတဲ့။

စော သူ့ကို ဘာကြောင့်များ ချစ်ခဲ့မိပါလိမ့်။

ညသန်းခေါင်ကျော်ကာလ၊ အမှောင်ထု သိပ်သည်းနေဆဲအချိန်မှာ စောသည် သူမယောကျ်ားအား စေ့စေ့စပ်စပ် မော့်ကြည့်လိုက်မိသည်။ စော သူ့ကို ဘာတွေ ချစ်မိခဲ့တာလဲ။ သူ့မျက်နှာမှာ၊ သူ့ဟန်အမူအရာမှာ စော ချစ်ချင်စရာ ဘာမှကို ရှာမတွေ့ချေ။ စော ကိုယ့်ကိုယ်ကို သဘောကျစွာ အသံထွက် ရယ်လိုက်မိ၏။ ဟုတ်ပြီ။ သူ့အမူအကျင့်ကရော။ ဇနီးအပေါ် ထားသည့် စိတ်သဘောထားကရော။ Bull Shit! လို့ ပြောရမလား၊ Damn it! လို့ပဲ ပြောရမလား။ ဘယ်စကားလုံးက ပိုယဉ်ကျေးပါလိမ့်။

"ဘာရယ်တာလဲ စော"

သူမ ပို၍သာ ရယ်မိပြီး မီးပုံးပျံဆီသို့ အကြည့်ပြန်လွှဲလိုက်သည်။

မီးပုံးပျံကြီးက တဖြည်းဖြည်းပိပြင်လာပြီ။ တဖြည်းဖြည်း ဖောင်း၍ ဖောင်း၍ လာသည်။ တစ်ချက်တစ်ချက်တွင် မီးခိုးမှိုင်းများသည် မီးပုံးပျံထဲမှ တစ်ဆင့် လေဝေ့ရာသို့ လွင့်နေသည်။ ကပြနေသူတို့ မမောနိုင်မပန်းနိုင် ကဆဲ။ တီးသူတို့ကလည်း တီးဆဲ။ အိုးစည်သံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မောင်းသံသည် လှပစွာ ရောနှောလျက် ကွင်းတစ်ခုလုံး ပျံ့လွင့်စိုးမိုးထားသည်။

စော သည်ကို ရောက်ခါစက အင်းသားနှင့် ပအိုဝ်းကို မခွဲခြားတတ်သေး။ အဝတ်အစားအရသော်လည်းကောင်း၊ စကားပြော လေ လေသိမ်းအရသော်လည်းကောင်း၊ အကဟန်အရသော် လည်းကောင်း အနည်းငယ် ကွဲပြားကြောင်း လေးငါးရက် နေပြီးမှ သိလာသည်။ နှစ်မျိုးလုံးဟာ စောအတွက် စိတ်ဝင်စားစရာချည်း ဖြစ်နေ၏။

"ပအိုဝ်းလေးတွေ လက်ချိုးတာက ဟောဒီလို ဟောဒီလို၊ သိပ်ချစ်စရာကောင်းတာပဲ"ဟု ကထိန်လှည့်လာသည့် ပွဲကို ရပ်ကြည့်ရင်းက အားကျလာပြီး သူတို့ လက်ချိုးသလို ချိုးကြည့်ကာ ကကြည့်တော့ သူမယောကျ်ားက သူ့ကို ပြုံးမဲ့မဲ့ဖြင့် ရှိသေး၏။

"စော...မင်း ကိုယ့်ကို မယူဘဲ ပအိုဝ်းတစ်ယောက်ကို ယူခဲ့ဖို့ကောင်းတယ်လို့ တွေးနေပြီမဟုတ်လား"

တွေ့လား။ စော သူ့ကို မနှစ်မြို့ရခြင်းအကြောင်း အကြောင်းများစွာထဲမှာ သူတစ်ပါးကို နာလိုခံခက်ဖြစ်အောင် ရိတတ်သည့်အကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အမယ် သူကသာ သူတစ်ပါးကို စသလို နောက်သလို ရိချင်ပေမယ့် သူ့ကို ရိသလိုလို ပြောလျှင် မချိအောင် နာကာ ဒေါပွတတ်သေး၏။

"ပအိုဝ်းတစ်ယောက်ကို ယူတာ မယူတာ အသာထားလိုက်ပါလေ၊ ရှင့်ကိုတော့ ကျွန်မ ယူကို ယူခဲ့ဖို့ မကောင်းတာ အမှန်ပဲ"

ထိုစကားကို မျက်နှာထားတည်တည်ဖြင့် ပြောမိတော့သူ့ မျက်



နှာ မည်းခနဲ မှောင်သွားတာ အကြာကြီး။ သူ့စိတ်ကို သူ ထိန်းချုပ်ကာ စကားပြောဖို့ စက္ကန့်သုံးဆယ်လောက် အချိန်ယူလိုက်၏။ ထို့နောက်မှ မပြုံးချင် ပြုံးချင် 'အခုတော့ မင်းနောက်ကျသွားပြီ' ဟု အထက်စီးလေသံဖြင့် ပြောလေသည်။

စောလေ သူ့ကို မှန်းလိုက်တာ။ မှန်းလွန်းလို့လည်း စေ့စေ့ကြည့်ပြီး တစ်ခွန်းပဲ ပြန်ပြောမိသည်။

"ထင်သလား၊ နောက်မကျသေးပါဘူး"

ဟုတ်ပါသည်။ အိမ်ထောင်ရေးတစ်ခုကို ပြန်ပြင်ဖို့၊ သို့မဟုတ် ဖြိုခွဲပစ်ဖို့မှာ နောက်ကျတယ်ဆိုတာ မရှိပါ။ အခု နှစ်နှစ် သုံးနှစ်အတွင်း သူမ အချိန်ယူစဉ်းစားပြင်ဆင်နေသည်မှာ အိမ်ထောင်ရေးကို အဆုံးသတ်သင့် မသတ်သင့် မဟုတ်ပါ။ အိမ်ထောင်ရေးကို နှစ်ဦးနှစ်ဖက် အနာတရကြီးကြီးကျယ်ကျယ်မဖြစ်ဘဲ လှပစွာ သိမ်မွေ့စွာ ဘယ်လိုအဆုံးသတ်ပစ်ရမလဲ ဟူသည့် အကြောင်းပင် ဖြစ်သည်။

"လေက အရှေ့တောင်အရပ်ကနေ အနောက်မြောက် အရပ်ကို တိုက်ခတ်နေတာဖြစ်ပါတယ်၊ ပွဲကြည့်ပရိသတ်များ ခင်ဗျား...အနောက်မြောက်အရပ်မှာ မနေကြပါနဲ့ခင်ဗျား၊ မီးပုံးပျံ မှိုင်းဝနေပါပြီ ခင်ဗျား"

စောတို့ ရပ်နေသည့်နေရာမှာ တောင်အရပ်တည့်တည့်ဖြစ်သည်။ အန္တရာယ်ကင်းမည့်ပုံ ပေါ်ပါသည်။ အနောက်ဘက်အရပ်၊ မြောက်ဘက် အရပ်မှာ စုပြုံရပ်နေကြသူများ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ သည်လိုတော့လည်း တွက်လို့မရနိုင်ပါ။ အခုမှ မီးပုံးပျံက မှိုင်းဝကာ ရပ်လုံးပီပြင်စွာ တက်ဖို့အချိန်ယူနေဆဲ ဖြစ်သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာပင် လေသည် အရပ်မျက်နှာပြောင်းကာ တိုက်ချင် တိုက်ပစ်လိုက်နိုင်၏။ ထိုအခါ စောတို့ရပ်နေရာနေရာသည် အန္တရာယ်ရှိနိုင်သည် ဖြစ်ချင်ဖြစ်သွားနိုင်သေးသည်။

"ရွှေအင်းသား မှိုင်းဝနေပါပြီခင်ဗျား၊ တက်လာပါတော့မယ်ခင်ဗျား၊ ယမ်းပီသာချိန် လေးဆယ်တိတိဖြစ်ပါတယ်ခင်ဗျား၊ မီးပုံးပျံ လမ်းကြောင်းမှာ မနေကြပါနဲ့ခင်ဗျား"

ယမ်းပီသာချိန် ၄၀ သာ ပေါက်ကွဲလိုက်လို့ကတော့...။ စောပခုံးလေးသာ ကျုံ့မိ၏။ ဈေးဆိုင်တန်းများဆီမှ အသားကင်ရနံ့သည် ကွင်းပြင်ဆီသို့ လွင့်လာပြန်သည်။ ဆိုင်တန်းတွေဆီ လှည့်ကြည့်မိတော့ လူတွေ နည်းနည်းကျဲသွားပြီ။ ဒါပေမဲ့ နံနက်နှစ်နာရီထိအောင် စားသောက်သူများ ရှိနေဆဲ။ စောဖြင့် သည်လောက် ရှည်လျား များပြားလှသော ဈေးဆိုင်တန်းကြီးကို တစ်ခါမှ မတွေ့ဖူးပေ။ ဤကွင်းပြင်ရှိရာသို့ရောက်ဖို့ ဘုရားစောင်းတန်း အုတ်လှေကားထစ်များမှ ဆင်းပြီးနောက် ထိုဈေးဆိုင်တန်းကို ထောင့်ဖြတ် ဖြတ်ယူနေရသည့်အချိန်တုန်းက စော၏ ခြေထောက်တို့သည် မြေနှင့် ထိတစ်ချက် မထိတစ်ချက် ဖြစ်နေခဲ့သည်။ ဆိုင်တန်းမျက်နှာစာတွေကို ကြည့်ပေမယ့် မမြင်ရ။ ဆားမှာ၊ ပတ်လည်မှာ စောလိုပင် ပွဲကြည့်ပရိသတ်၊ ပွဲဈေးတန်းလျှောက် ပရိသတ်တို့ဖြင့် အပြည့်မို့ ကြည့်လေရာရာမှာ လူမျက်နှာတွေ၊ မည်းနက်သော ဆံပင်တွေချည်း မြင်နေရသည်။ နည်းနည်း လူချောင်သည့် ဆိုင်တန်းများကိုဖြတ်မိမှ ဘာဆိုင်တွေလဲ ဆိုတာ မြင်ရသည်။

အခုလို နံနက်နှစ်နာရီ ချမ်းစိမ့်အေးစက်လှသည့် နှင်းမှုန်အောက်တွင် မီးပုံးပျံစောင့်ကြည့်လိုက်၊ အနီးအနားက ဆိုင်တွေဆီ သွား စား





သောက်လိုက်နှင့် သည်ဒေသကလူတွေရဲ့ လေ့ထုံးစံပဲနှင့် တူသည်။ စောအနေဖြင့် ချမ်းစိမ့်တုန်ခိုက်နေသည့် ကိုယ်ခန္ဓာကြောင့် မှုန်ဝေသည့် ကော်ဖီခါးခါးမွှေးမွှေးလေးတစ်ခွက်တော့ သောက်ချင်သား။ သို့သော် ဆိုင်တန်းဆီ သွားနေတုန်း သည် မီးပုံးပျံကောင်းကင်ထက် ရောက်သွားသည်ကို မကြည့်လိုက်ရမှာလည်း စိုးရိမ်သည်။ နောက်ပြီး ဆိုင်မှာ ထိုင်မသောက်ချင်။ ကော်ဖီခွက်ကို လက်နှစ်ဖက်ကြားမှာ အုပ်ကိုင်ကာ ကော်ဖီခွက်၏ အပူကို တစ်ကိုယ်လုံး စိမ့်ဝင် နွေးထွေးသွားအောင် ခံစားရင်း၊ လမ်းလျှောက်ရင်း သို့မဟုတ် မတ်တတ်ရပ်ကာ မီးပုံးပျံစောင့်ရင်း ကော်ဖီသောက်ချင်နေသည်။ သူမ၏ အတွေးကို မဟုတ်သေးဘူးဟု သိ၏။ တောင်ကြီးလို သန့်ရှင်း သပ်ရပ်သည့် မြို့မှာတော့ ကိစ္စမရှိပါ။ တခြားသာမန်မြို့ကြီးတွေမှာတော့ ပြန်ဆေးယူရသည့် ကြွေခွက်တွေ၊ ဖန်ခွက်တွေနှင့် ကော်ဖီ လက်ဖက်ရည် ရောင်းနေလျက်သားနှင့် အမှိုက်တွေ၊ ဘူးခွံတွေနှင့် ညစ်ပတ် ရှုပ်ပွနေခဲ့ပြီးပါပြီ။ သူမ ဆန္ဒရှိသလို ကော်ဖီကို တစ်ခါသုံး စက္ကူခွက်ဖြင့် ဟိုဟိုသည်သည် လမ်းလျှောက်ရင်း အလုပ်လုပ်ရင်း သောက်နိုင်ဖို့ စက္ကူခွက်ယဉ်ကျေးမှုတစ်ခု ခေတ်စားအသုံးများလာခဲ့လျှင် အပုံလိုက် အပုံလိုက် ဖြစ်လာမည့် တစ်ခါသုံး စက္ကူခွက်တွေကို မြင်ယောင်ကြည့်မိသည်။ မနည်းမနော ရှိမှာပဲ။

အိုးစည်ဗုံမောင်းသံက ပို၍ပို၍ ကျယ်လောင်မြိုင်ဆိုင်လာသည်။ လူတွေ ပို၍ပို၍ပင် တိုးဝေ့လာကြသည်။ မီးပုံးပျံ စတင် တက်နေပြီ။

အားပါးတရ အော်ဟစ်သံများဖြင့် တစ်ခဏဆူညံသွား၏။

"တို့ အင်းသားကွ"



www.burmeseclassic.com

www.burmeseclassic.com



အင်းသားဟု အသံမထွက်ဘဲ အင်းဆားဟု ခပ်ဝဲဝဲ အသံထွက်ဖြင့် အော်ဟစ်အားပေးသံကို ကြားလိုက်ရသည်။ ဆိုင်းသံ ဗုံသံအောက်မှာ အိမ်လောက်ကြီးသည့် မီးပုံးပျံကြီးသည် ယိမ်းထိုးလျက် တရွေ့ရွေ့တက်လေသည်။ မီးပုံးပျံ၏အောက်မှာ စနစ်တကျ ချိတ်ဆွဲထားသော ယမ်းခွက်အမျိုးမျိုးသည် ယိမ်းနွဲ့လျက် တွဲလောင်းပါသွားသည်။ မီးပုံးပျံကို မှိုင်းတိုက်ခဲ့သော သစ်လုံးကြီးများအား မီးစွဲလောင်နေလျက်သားနှင့် ငြိမ်းသတ်ဖို့ ကွင်းပြင်တစ်ဖက်သို့ အပြေးအလွှား သယ်သွားကြသည်။ ကွင်းပြင်တစ်ခုလုံး လူတွေ ရှုပ်ရှုပ် ဖြစ်နေကြသည်။

မီးပုံးပျံတစ်ခု ကောင်းကင်ကို လွတ်လွတ်ကျွတ်ကျွတ် တက်သွားဖို့ သူတို့အားလုံး တတ်စွမ်းသမျှ ကြိုးစားခဲ့ကြပြီးပြီ။ ကျန်သည့် အပိုင်းကတော့ ကံကြမ္မာ၏အလုပ်ပဲ ဖြစ်သည်။ တစ်နည်းအားဖြင့် လေ၏ အလုပ်ပေါ့။ လေသည် အရှိန်မှန်မှန်ဖြင့် မီးပုံးပျံကို အထက်မြင့်ရာသို့ တစ်လက်မချင်း တစ်လက်မချင်း သယ်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။

လေ၏ အကူအညီဖြင့် မီးပုံးပျံများ လွှတ်တင်သည့်အခါ အဖွဲ့သား အားလုံးကတော့ မီးပုံးပျံလွှတ်တင်ခြင်း အတတ်ပညာအရ တည့်တည့်မှန်မှန် တက်အောင် ထိန်းချုပ်လွှတ်တင်ကြတာချည်းပါပဲ။ တစ်စုံတစ်ခု ချွတ်ချော်ပြီး ကောင်းကင်သို့မတက်ဘဲ မီးလောင်ပျက်စီးသွားရတာတွေလည်း ရှိနေခဲ့သည်။

မီးလောင်ပျက်စီးမှုချင်း အတူတူဆိုလျှင် ‘ညမီးကျီး’ အမျိုးအစား မီးပုံးပျံက မီးလောင်လျှင် ယမ်းပိသာရိုန်များစွာ ပေါက်ကွဲ လောင်ကျွမ်းမှာပဲ ဖြစ်သည်။ ပို၍ အန္တ ရာယ်ကြီးသည်ဟု ဆိုပါစို့။





အခု လွှတ်တင်နေကြသော မီးပုံးပျံများတွင် အမျိုးအစား နှစ်ခု ကွဲပြား၏။

တစ်ခုက ‘စိန်နားပန်’ ဟု ခေါ်သော အလှချိတ်ဆွဲ တန်ဆာဆင်ရုံသက်သက် မီးပုံးပျံအမျိုးအစား။ နောက်တစ်ခုက ‘ညမီးကျီး’ ဟု ခေါ်သော မီးရှူးမီးပန်း ဖောက်သည့် အမျိုးအစား။

စော၏ ယခုနှစ်ည သုံးည မီးပုံးပျံကြည့်ရသည့် အတွေ့အကြုံအရ ပြောရလျှင် ‘ညမီးကျီး’ မီးပုံးပျံက ပို၍စိတ်လှုပ်ရှားစရာ ကောင်းသည်။ သူက ကောင်းကင်အမြင့်သို့ ရောက်သောအခါ တစ်ဆင့်ပြီး တစ်ဆင့် အမျိုးအစား ကွဲပြားစွာ လှပစွာ ပေါက်ကွဲပြလေသည်။

ဘောပတ်ဝန်းကျင်လေထုထဲ အမှောင်ထုထဲသို့ တည့်တည့် ထိုးဖောက် ဖြာထွက်သော မီးရှူးမီးပန်းများကတစ်ဆင့်၊ ထို့နောက် ငါးကလေးတွေ ရေမှာ လူးလွန့်ကူးခတ်သလို လှစ်ခနဲ လှစ်ခနဲ ဖြာထွက်သော မီးရှူးများကတစ်ဆင့်၊ ထို့နောက် ခိုကလေးများ ပျံသန်းသွားသလို မီးရှူးမီးပန်းကလေးများ လေမှာ ဝေ့ဝဲပျံတက်ကာ လောင်ကျွမ်းစေသည့် ခိုပျံဟုအမည်ရသော ပေါက်ကွဲမှုအမျိုးအစားကလေးများက တစ်ဆင့်။ ကောင်းကင်သို့ တောက်ပသော မီးပုံးပျံကြီး တက်နေသည့်အချိန်အတွင်း နောက်ထပ် ဆင့်ကဲဆင့်ကဲ ရောင်စုံဖြာထွက်သော မီးရှူးမီးပန်း လှလှများ၏ ပုံစံအမျိုးမျိုး၊ လှပ ဆန်းကြယ်မှု အမျိုးမျိုးကို စုစည်းရောနှောကာ မြင်ရကြည့်ရသည်မို့ ပြည့်စုံစွာ စိတ်လှုပ်ရှားစေတတ်သည်။

အဲသည် အဆင့်ဆင့်သော မီးရှူးမီးပန်းများကို စနစ်တကျ လှပစွာ ပေါက်ကွဲအောင် တွက်ချက်ပြီး တပ်ဆင်ယူရသည့် အတတ်ပညာကလည်း တော်တော်ချီးကျူးဖို့ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေကြောင်း ပြောင်းသွားပါတယ်ခင်ဗျား၊ ပရိသတ်များ သတိထားကြပါ၊ မီးပုံးပျံရဲ့ အောက်တည့်တည့်မှာ မနေကြပါနဲ့ခင်ဗျား"

မီးပုံးပျံကြီးသည် ဘေးတိုက်ရွေ့လျားလျက် အကဲဖြတ်လူကြီးများ ထိုင်ကြည့်ရာ ပွဲကြည့်စင်၏ အနောက်ဘက်သို့ ယိမ်းထိုးပါသွားသည်။ လူတချို့ အော်ဟစ်ကာ ပြေးလွှားနေကြသည်။ မီးသတ်ကားသည် အဆင်သင့်စက်နှိုးကာ ကွင်းပြင်ဆီသို့ ဦးတည်ထားရာမှ စတင်မောင်းထွက်လေသည်။

"မီးသတ်ကားရဲ့ ရှေ့တည့်တည့်မှာ မနေကြပါနဲ့ခင်ဗျား၊ လွတ်ရာကို ရွှေ့ပေးကြပါခင်ဗျား"

မီးပုံးပျံကြီးဆီမှ အုန်းခနဲ ပေါက်ကွဲသံတစ်ချက် ကြားလိုက်ရသည်။ ဝေါခနဲ အော်ဟစ်သံများ ကြားရသည်။ စော၏ ဘေးနားက လူတွေ အထိတ်တလန့်ပြေးရာ စောသည် ထိုလူအုပ်နှင့်အတူ ကပ်ငြိပြီး ရွေ့သွားသည်။

"စော..."

သူ့အသံသည် အထိတ်တလန့် အော်ဟစ်သော လူအုပ်အသံနှင့် ရောထွေးသွား၏။

စောတို့ ရပ်နေသော ကွင်းပြင်သည် ညီညာသောမြေပြင် မဟုတ်။ အနည်းငယ်စောင်းနိမ့်သွားသော ဆင်ခြေလျှောမြေပြင် ဖြစ်သည်။ ထို့ကြောင့် ပြေးလွှားရင်းမှ အရှိန်မထိန်းနိုင်ဘဲ စော တစ်ချက် ခြေခေါက်ကာ လဲကျသွားသည်။ လူတွေသည် စော၏ ခြေတွေ လက်တွေပေါ်သို့ အမှုမဲ့အမှတ်မဲ့ တက်နင်းပြေးကြ၏။ နာကျင်မှုနှင့် ထိတ်လန့်မှု ပေါင်းစပ်ကာ လဲရာမှ ဖွတ်ထထိုင်ဖို့ ကြိုးစားဆဲ လက် တစ်ဖက်က စော၏ ပခုံးမှ ဆွဲညှစ်ကာ ထူမ ပေးလိုက်သည်။





"ကျေးဇူး"

ကျေးဇူးတင်စကား ဆိုဖို့ အာရုံသိစိတ်ဖြင့် စကား စ လိုက်ပေမယ့် ထိုသူက စောကို လက်မောင်းရင်းမှ တင်းတင်းဆုပ်ကာ သူ့နောက်ဘက်သို့ တွန်းပို့ပြီး အကာအကွယ်ပေးလိုက်သဖြင့် စကားစပြတ်သွားသည်။ ရုတ်ရုတ်သဲသဲ လူအုပ်ကို ရှောင်ရင်း၊ မတ်မတ်ရပ်အတွန်းခံရင်း အမှောင်တစ်ဝက် အလင်းတစ်ဝက်အောက်မှာ မြင်လိုက်ရသော မျက်နှာကတော့ မျက်ခုံးမို့မို့နှင့် နုနယ်သေးသော လူငယ်တစ်ဦး၏ မျက်နှာပဲ။ ရှမ်းလား၊ အင်းသားလား၊ ပအိုဝ်းလား။ တောင်ပေါ်တိုင်းရင်းသားလူမျိုးမှန်းတော့ သိသည်။

"ကျေးဇူးတင်ပါတယ်"

ထိုစကားကို သူ ကြားပုံမရ။ သူ့အာရုံသည် သူ လက်မောင်းမှ တင်းတင်းဆွဲဆုပ်ထားမိနေသော မိန်းမထံမှာ ရှိမနေတာ သေချာသည်။ သူ့အာရုံသည် တစ်ဖက်မှာ ပေါက်ကွဲပျက်စီးကာ မီးလောင်နေပြီဖြစ်သော မီးပုံးပျံကြီးထံ ရောက်နေသည်။ မြေပြင် အထက်ပေ ၁၀၀၊ ၂၀၀ မှာ ပေါက်ကွဲပျက်စီးခြင်းဖြစ်၍ မီးတောက်မီးလျှံများနေရာအနှံ့မှာ ရှိနေသည်။ ကွင်းပြင်ရှိ ပရိသတ်သည်လည်း ကွင်းလယ်မှာ မရှိကြတော့ဘဲ ဘေးပတ်လည်မှာ ကပ်နေကြပြီ။ သစ်ပင်နှစ်ပင် မီးလောင်နေသည်။ ယမ်းနံ့များ မွှန်ထူနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးမှိုင်းများဖြင့် မှောင်နေ၏။

နောက်ထပ် ကြီးမားသော ပေါက်ကွဲသံကြီးတစ်ခု ထပ်ကြားရပြန်သည်။

ထိုပေါက်ကွဲသံကြောင့် တိုင်းရင်းသားလူငယ်သည် သူ့မျက်နှာ လက်ကို လွှတ်လိုက်ပြီး မျက်နှာဆီ လွင့်စဉ်လာနိုင်ဖွယ်မရှိသော မီးစ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းစ များကို ကာကွယ်ဟန်ဖြင့် လက်ကို မျက်နှာရှေ့မှာ အမှတ်တမဲ့ ကာလိုက်လေသည်။ ထို့နောက် လူငယ်က ကြိတ်မနိုင် ခဲမရ ဟန်ဖြင့် တောက်တစ်ချက် ခေါက်သည်။

"သွားပြီကွာ"

လူငယ်သည် ရွှေအင်းသားအဖွဲ့ထဲမှ ဟုတ်ဟန်တော့ မတူပါ။ သို့သော် မီးပုံးပျံကြီး ပေါက်ကွဲပျက်စီးသွားသည့်အတွက် သူ ခံစားနေရဟန်ရှိသည်။

"ဒီကောင်ကြီးသာ အောင်အောင်မြင်မြင်တက်သွားလို့ကတော့ ကြည့်လို့ကောင်းလိုက်မယ့် မြင်ကွင်း"

စော၏အနီးမှ အားရပါးရ ညည်းညူလိုက်သံတစ်ခုကိုလည်း ကြားရသည်။ ပရိသတ်သည် ယခုအခါ ထိတ်လန့်တုန်လှုပ်မှုမှ လွတ်ကင်းခဲ့ပြီ။ စိတ်ဆင်းရဲမှု၊ နှမြောတသမှု၊ အားမလို အားမရ ဖြစ်မှုတို့နှင့် မီးပုံးပျံကြီးအား တဖွဖွ တသ နေကြသည်။ ကံအားလျော်စွာ မီးလောင်ပေါက်ကွဲမှုသည် ကွင်းတစ်ဖက်က ငှက်ပျောပင်အုပ်ဆီမှာ ဖြစ်ပေါ်ခဲ့သဖြင့် ပရိသတ်ထဲမှ အသေအပျောက် လုံးဝမရှိခဲ့ဘဲ မီးဟပ်သူ၊ ဒဏ်ရာရသူ အနည်းအကျဉ်းသာ ရှိခဲ့သည်။

"မီးပုံးပျံတိုင်းဟာ ကောင်းကင်ထိ တက်ချင်မှ တက်နိုင်မှာပေါ့၊ အောင်မြင်မှုဆိုတာ ဒီလိုပါပဲ၊ မျှော်လင့်တိုင်း မရကြပါဘူး" တစ်ယောက်ယောက်က တစ်ယောက်ယောက်ကို အားပေးနေသံ ကြားရသည်။

သို့သော် ပွဲကြည့်စင်အခြေမှာတော့ အသံထွက် ငိုကြွေးနေသူ တစ်ယောက် ရှိသည်။





"ဆယ့်ငါးရက်လုံးလုံးပါပဲ၊ ကျွန်မတို့ မနားမနေ အလုပ်လုပ်ခဲ့ကြတာ"

ငိုကြွေးနေသည့် လူငယ်လေးဘေးမှာ ခြေပစ်လက်ပစ် ထိုင်နေသော မိန်းကလေးက ရေရွတ်နေ၏။

"တစ်ခါတလေ ဒီလိုပါပဲ ငါ့ညီရာ၊ စိတ်ကို ဖြေပါ"

ယောကျ်ားခပ်လတ်လတ်တစ်ယောက်က ငိုနေသော လူငယ်၏ ပခုံးကို ပုတ်သည်။

"တစ်ခါတလေ...ဟုတ်လား၊ တစ်နှစ်လုံးလုံး တည်ဆောက်လာခဲ့ရတဲ့ မျှော်လင့်မှုတွေထဲမှာ တစ်ခါတလေဆိုတာ ဘယ်နေရာမှ မပါခဲ့ဘူး"

"တစ်နှစ်မှာ တစ်ခါတည်းသာပါပဲ"

မကျေမနပ်ရေရွတ်သံကို ကြားရသည်။

စော သူ့ကို သွားဖျောင်းဖျချင်စိတ်တွေ ပေါ်နေ၏။

ချာတိတ်ရယ်၊ တစ်နှစ်မှာ တစ်ခါသာ ဆိုတဲ့ မျှော်လင့်မှုအောက်မှာ ဆုံးရှုံးရတာဟာ ဘဝမှာ တစ်ခါသာပါ ဆိုတဲ့ မျှော်လင့်မှုအောက်မှာ ဆုံးရှုံးရသလောက် မနာကျင်နိုင်ပါဘူးကွယ်၊ နောက်နှစ်ဆိုတာ ရှိပါသေးတယ်၊ အေးလေ...နောက်နှစ်အထိ အခြေအနေပေးလာခဲ့သေးရင်ပေါ့။

စော သူ့ကို ငေးစိုက်ကြည့်နေမိသည်။

မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးသွားသူတစ်ယောက်၏ မျက်နှာမှာ နာကျင်မှုတွေ အပြည့်ပါ။

"စော"

သူမယောကျ်ား၏အသံ။ သူမ လှည့်ကြည့်လိုက်သောအခါ လူ



www.burmeseclassic.com

www.burmeseclassic.com



တွေကြားထဲမှာ တိုးဝှေ့လာနေသော သူမယောက်ျားကို တွေ့လိုက်ရသည်။

"ရှာလိုက်ရတာ စောရယ်"

သူ အနီးရောက်လာပြီး စော၏ လက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

"ကိုယ်တို့ချင်း ကွဲသွားရင် ဘယ့်နှယ်လုပ်မလဲ၊ မင်း ကိုယ့်လက်ကို တွဲထားခဲ့ဖို့ကောင်းတယ်"

"ကျွန်မ ဟိုတယ်ဆီ ပြန်တတ်ပါတယ်"

"မင်းကို ပြောလိုက်ရင် အဲဒီလိုချည်းပဲ၊ လာ ပြန်ကြစို့၊ အေးလဲ အေးလှပြီ၊ ခုဟာက ကံကောင်းလို့ မသေတာ"

ထို့နောက် သူသည် အင်္ဂတိတ်စ ပြုနေပြီဖြစ်သော၊ အံတင်းတင်း ကြိတ်ထားသော ရွှေအင်းသားလူငယ်ဆီ မျက်လုံးရောက်သွား၏။ ယောက်ျားတစ်ယောက်၏ အငိုမျက်နှာကို သူ မကြည့်ချင် မမြင်ချင် သလိုပင် မျက်နှာလွှဲလိုက်သည်။

"သနားပါတယ်နော်"

စော သူနှင့်အတူ လိုက်လာရင်း ရေရွတ်မိတော့ သူက စောအား လိုက်လျောဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်သည်။

"အေးလေ ...နှစ်သိန်းကြီးများတောင်"

စော သူ့ကို ဖျတ်ခနဲ မော့ကြည့်မိ၏။ ဒီဆုံးရှုံးမှုမှာ ငွေနှစ်သိန်းဟာ အဓိက မကျဘူး။ သို့သော် ဤခံစားချက်ကို သူ နားလည်မည့်ပုံ မပေါ်သဖြင့် စော တိတ်တိတ်ပဲ နေလိုက်သည်။

"မအေ ဘူ လာ စော"





"အင်း...အခုမှ အေးမှန်းသိတော့တယ်"

"ကိုယ်တော့ ခိုက်ခိုက်တုန်နေပြီ"

မနက်ဖြန် စောတို့ ပြန်ကြတော့မည်။ ငါးရက်ကြာ ခွဲခွာထားခဲ့ရသော သမီးလေးဆီ ပြန်ကြတော့မည်။ သမီးလေးအတွက် တိုင်းရင်းသား ဝတ်စုံလေးတစ်ခု လက်ဆောင်ပါလာသည်။ သူမ စိတ်မှတ် မထင် ပြုံးမိသွား၏။

"အခု ဆက်လက်ပြိုင်ပွဲဝင်မယ့်အဖွဲ့ကတော့ ဖိုးသာထူးအဖွဲ့ ဖြစ်ပါတယ်၊ ဖိုးသာထူးအဖွဲ့က လွှတ်တင်မယ့် မီးပုံးပျံအမျိုးအစားဟာလဲ 'ညမီးကျီး'ပဲ ဖြစ်ပါတယ်"

သြော်...အခုဟာ ရိုးရိုးမီးပုံးပျံ လွှတ်နေတာ မဟုတ်။ ပြိုင်ပွဲ လုပ်နေတာပါလားဟု သတိရသွား၏။ ရွှေအင်းသားအဖွဲ့၏ ဆုံးရှုံးမှုများမှာ ထင်တာထက် ပိုကြီးမားပါလိမ့်မည်။

အချိန်ကာလ၊ ငွေကြေး၊ ဂုဏ်သိက္ခာ၊ စည်းလုံးမှုအင်အား၊ ယုံကြည်ခံရမှု နာမည်၊ စိုက်ထုတ်လိုက်ရသည့် ခွန်အား၊ အားလုံးထက် ပို၍ ဆုံးရှုံးလိုက်ရသောအရာမှာ မျှော်လင့်ချက် ဖြစ်ပါလိမ့်မည်။

"ကိုယ် နားမလည်တာက ဒီငွေတွေကို မီးပုံးပျံလုပ်ပြီး မီးရှို့ပွဲကျင်းပတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက်တော့ မီးလောင် ပေါက်ကွဲတာဟာ ဘာခံစားစရာ ရှိသေးလဲ၊ ကောင်းကင်အမြင့် ကျမှပဲ ပေါက်ကွဲကွဲ၊ မြေပြင်နဲ့ နီးနီးပဲ ပေါက်ကွဲပေါက်ကွဲ ပျက်စီးတာတော့ ပျက်စီးသွားတာပဲ၊ ဒါဟာ ဘာထူးခြားလို့လဲ၊ လူတွေ အသက်အန္တရာယ်မရှိရင် ပြီးတာပဲမဟုတ်လား"

"ထူးခြားတာပေါ့"

"ဘာထူးခြားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစောင်းတန်းရှိရာသို့ လျှောက်လာရင်း စောသည် မီးပုံးပျံ ကွင်းပြင်ဆီသို့ တစ်ချက်ပြန်ကြည့်မိ၏။ တစ်ယောက်ယောက်က ဤအဖြေကို စောထက်ပို၍ ရှင်းပြပေးနိုင်ကောင်း ပေးနိုင်လိမ့်မည်။

“မီးပုံးပျံလွှတ်တယ် ဆိုကတည်းက တစ်ချိန်မှာတော့ ဆုံးရှုံး ပျက်စီးမှာဆိုတာ မှန်ပါရဲ့၊ အခုလို ညမီးကျိုး မီးပုံးပျံမှာတော့ စိန် နားပန် ထက် မျှော်လင့်မှု ပိုတယ်၊ စိန်နားပန်မှာက အောင်အောင် မြင်မြင် လွှတ်တင်နိုင်ဖို့ တစ်ခုပဲ၊ ညမီးကျိုးမှာက အောင်အောင်မြင် မြင် လွှတ်တင်ဖို့ကတစ်ဆင့်၊ မီးရှူးမီးပန်းလေးတွေ ကိုယ်လိုချင် သလို လှလှပပ တစ်မျိုးပြီး တစ်မျိုး ပေါက်ကွဲဖို့က နောက်တစ်ဆင့်၊ အခုလို ဘာမှမရလိုက်ဘဲ အလဲလဲ အကွဲကွဲ ပျက်စီးဆုံးရှုံးသွားရတာ က ရင်နာစရာကြီးပါ၊ ဘယ်သူမဆိုလေ ဂုဏ်သိက္ခာရှိရှိ ကြွေရရ လှလှပပလေး ပေါက်ကွဲအဆုံးသတ်သွားချင်တာချည်းပါပဲ”

စော၏ စကားကိုသူ သိပ်နားလည်ပုံမပေါ်ပါ။ စောညံ့တာပဲဖြစ် ပါလိမ့်မည်။

“ကျွန်မလဲ ဘဝနဲ့ရင်းပြီး ညမီးကျိုးမှ လွှတ်တင်တော့မယ်ဆို ရင် အထိတ်တလန့် အလဲလဲ အကွဲကွဲတော့ အဆုံးမသတ်သင့်ဘူး၊ လှလှပပ သိက္ခာရှိရှိလေး”

သူ ရယ်မောသည်။

“မီးပုံးပျံနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ”

“သမီးလေး မြန်မြန်ကြီးပြင်းစေချင်လှပြီ”

သူမ ညည်းညည်းကလေး ပြောရင်း စကားကို အဆုံးသတ်လိုက် မိ၏။





လောကတစ်ခုလုံးမှာ သူမ ဂရုစိုက်ဆုံးအရာမှာ သမီးလေး၏ စိတ်ခံစားမှုပဲ ဖြစ်သည်။

[မဟေသီမဂ္ဂဇင်း၊ အမှတ် ၁၈၈၊ ၂၀၀၀ ဩဂုတ်]

၀



www.burmeseclassic.com

www.burmeseclassic.com

## ရွက်လှေများ

တကယ်တော့လည်း ကျွန်မတို့ လူ့ဘဝဆိုတာ ကမ်းမမြင် လမ်းမမြင်သည့် ပင်လယ်သမုဒ္ဒရာပြင်ကျယ်ကြီးမှာ ကိုယ်တိုင်ထိန်းချုပ်ပဲ့ကိုင်သော ရွက်လှေတစ်စင်းစီဖြင့် ခရီးနှင်နေကြရခြင်းပဲ မဟုတ်လား။

*

ဟိုးငယ်ငယ် ကလေးဘဝအရွယ်တုန်းကတော့ ရေပြင်ကို မြင်လျှင် လှေလွှတ်ချင်စိတ်တွေပဲ ရှိခဲ့၏။

ကျွန်မ ငယ်စဉ်က ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းက ရွာကြီး တစ်ရွာတွင် ခေတ္တသွားရောက်နေထိုင်ခဲ့ရဖူးသည်။ ခြံဝန်းကြီးမှ အကျယ်ကြီး၊ စတုရန်းပေပေါင်း နှစ်သောင်းလောက်တော့ ရှိမည်တင်သည်။ အဲသည် ခြံကြီး၏ ပတ်ပတ်လည်မှာ မြင့်မားရှည်အရွက်စိပ်သော မန်ကျည်းပင်များ စီတန်း၍ ရှိနေသေးသည်။ ခြံရှေ့က သုံးပေလောက် ကျယ်သော ရေမြောင်းသည် နွေရာသီမှာ ရေခမ်းသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မိုးရာသီနှင့် မြောင်းရေလွှတ်သည့်ကာလများတွင် ဒူးဆစ်ထိမြင့်သော ရေဖြင့် ချောင်းကလေးတစ်ခုအဖြစ် စီးဆင်းနေကျ ဖြစ်သည်။

အိမ်ခြံဝင်းတံခါးပေါက်နှင့် ရှေ့က တာလမ်းကို ဆက်သွယ်ထားသော သစ်လုံးခင်း တံတားပြင်ကလည်း တော်တော်ကျယ်သည်။ ထိုတံတားပြင်ပေါ်မှာ ရေမြောင်းထဲသို့ ခြေချ၍ထိုင်သည့်အခါ ရေက ကျွန်မ၏ခြေမျက်စိထိ နစ်နေလေ့ရှိသည်။ တစ်ခါတစ်ခါ မြောင်းကြီးမှ ရေလွှတ်များသည့်အချိန် တံတားသစ်လုံး၏ အစပ်ထိပင် ရေမြင့်သည့်အခါ ကျွန်မခြေသလုံးအပေါ်ပိုင်းအထိ ရေမြုပ်တတ်၏။ ရေစီး၏ တိုးတိုက်မှုကို အဆန်းတကြယ်ခံယူရင်း ကျွန်မ အမြဲ စိတ်ကူး ပေါ်လေ့ရှိသည်က စက္ကူလှေ လုပ်ဖို့။

စက္ကူလှေသည် ကလေးတိုင်း လုပ်ဖူးနေကျ လက်မှုအနုပညာဖြစ်သလို စက္ကူလှေလွှတ်ခြင်းသည် ကလေးတိုင်း ဆော့ကစားဖူးနေကျ ကစားနည်းဖြစ်လိမ့်မည်။ စက္ကူလှေကို ချိုးသည့်အခါ ရိုးရိုးစင်းစင်း စက္ကူလှေနှင့် တက်မ,ပါသော စက္ကူလှေရယ်လို့ နှစ်မျိုး ရှိ၏။ ကျွန်မကတော့ ရိုးရိုးစင်းစင်းစက္ကူလှေကလေးသာ ချိုးတတ်သည်။

ထိုစက္ကူလှေကလေးကို မြောင်းရေထဲတွင် ကျွန်မ ချလိုက်လျှင် လှေကလေးသည် ရေစီးအတိုင်း လျှင်မြန်စွာ ပြေးလေသည်။ ထိုလှေကလေး မျက်စိအောက်မှ ပျောက်သွားသည်အထိ (ကိုယ့်ခြံဝင်းရှေ့က ရေမြောင်းထဲမှာ အနှောင့်အယှက်မရှိ တစ်ဖက်ခြံ ကျော်သည်အထိ) တရွေ့ရွေ့ရွက်လွှင့်သွားတာကို မြင်ရလျှင် ဘယ်လိုပျော်မှန်းမသိ ပျော်မိ၏။ ထိုလှေကလေး တာလွှတ်ပြီး ဘယ်လောက်မှ မကြာ



ခင် ဟိုငြိ သည်ငြိငြိပြီး ကမ်းစပ်မှာ သောင်တင်နေလျှင် တုတ်ချောင်းကလေးဖြင့် ထိုးကော်ကာ ထပ်သွားစေဖို့ ကြိုးစားမိသေး၏။ တကယ်တော့လည်း ငြိပြီး လဲပြိုနစ်စဉ်ကတည်းက စက္ကူက ရေစိုစွတ်ပြီးပြီ။ ဤလှေသည် ပြန်လည်ထောင်မတ်ပြီး ခရီးနှင်ဖို့ဆိုတာ သိပ်မဖြစ်နိုင်ပေ။ ရေစိုချပ်ပြားကလေးအဖြစ် တုံးလုံးပက်လက်လဲရင်း မျောဖို့သာ ရှိတော့သည်။

အဲသည်တုန်းက စက္ကူလှေကလေးတစ်စင်း နစ်နေပြီဆိုလျှင် နောက်စက္ကူတစ်ရွက် ဖြုတ်ပြီး အလျင်အမြန် နောက်တစ်စင်း ချိုးနိုင်၏။ ရေမှာ ချပြီး လွှတ်နိုင်သေး၏။ ဒါကြောင့်လည်း ကလေးဘဝဟာ ပျော်စရာကောင်းခဲ့ခြင်း ဖြစ်မှာပေါ့။

အသက်နည်းနည်းပိုကြီးလာလို့ ပန်းချီရေးဆွဲဖို့ ဝါသနာပါလာသော အခါမှာလည်း ကျွန်မသည် ရေပြင်ကို ရေးဆွဲတိုင်း လှေ တစ်စင်း ထည့်ဖို့ ကြိုးစားလာခဲ့သည်။ ဘာ့ကြောင့်လဲတော့ မသိ။ ရေပြင် ဆိုတာ လှေကလေးရှိနေမှ ပြည့်စုံသည်ဟု ထင်ခဲ့ပုံရသည်။ ဆွဲလိုက်သည့် လှေကလည်း ရွက်လှေဖြစ်တတ်သည်။ ရွက်တိုင်မှာ အဝတ်စ ကို ရွက်လွှင့်ထားသည့်မြန်မာဆန်ဆန်ရွက်လှေလား၊ ပြိုင်ပွဲဝင် ရွက်လှေပေါ့ပေါ့ကလေးတွေလား ကျွန်မ မမှတ်မိပါ။ လေ၏ ထိန်းကျောင်းမှုအောက်မှာ ကိုယ့်လှေကို ကိုယ်သွားလိုရာသို့ ပဲ့ကိုင်ပြီး ခရီးနှင်နိုင်သည့်ဘဝမျိုးကတော့ တော်တော်အားကျစရာကောင်းလှသည်။

တကယ့်လက်တွေ့မှာတော့ ကျွန်မ လှေမစီးရပါ။

မြစ်ပြင်ကျယ်မှာ လှေဖြင့် စုန်ဆန်သွားလာနေကြသူများကို အားကျပါရဲ့။ သူတို့နေရာမှာ ကိုယ်က စိတ်ကူးဖြင့် ဝင်ရသည်က

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကျေနပ်ဖို့ ကောင်းသည်။ တကယ် ကိုယ်တိုင် လှေပေါ်မှာ လိုက်ပါစီးနင်းဖို့၊ ထို့ထက်ပို၍ ထိုလှေကို ပဲ့ကိုင်လှော်ခတ်ဖို့၊ ရွက်လွှင့်ဖို့ဆိုတာ ဘယ်လိုမှ သတ္တိမွေးယူလို့မရသည့် အဖြစ်တွေ။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်ကိုယ်ကို မယုံကြည်လို့ပေါ့။ ကိုယ့်အစွမ်းသတ္တိကိုလည်း ကိုယ်မယုံ။ ကျွန်မက ရေလည်း မကူးတတ်ဘူးလေ။ ကံကြမ္မာဆိုတာကိုလည်း မယုံ။ ကိုယ့်ရွက်လှေကို လေထန်သည့် မုန်တိုင်းက ဆွဲနှစ်ပစ်မှာလည်း ပူပင်ရသေးသည်။ ဒါကြောင့် လှေမှန်သမျှ၊ ရေမှန်သမျှကို ဘေးကကြည့်ပြီး အားကျရုံပဲ သာယာခဲ့မိ၏။ ကိုယ်တိုင်ပါဝင်ဖို့ ဘယ်တုန်းကမှ စိတ်ကူးခဲ့သည် မဟုတ်။

သို့သော် ကျွန်မ မတွေးမိသည့်အချက်မှာ ကျွန်မသည် ဘဝ၏ ကိုယ်ပိုင်ရွက်လှေဖြင့် ခရီးနှင်နေခဲ့ပြီးပြီ ဆိုတာပဲ။

ကျွန်မ၏ရွက်လှေက ဘယ်လောက်ခိုင်ခံ့သလဲ၊ ဘယ်လောက် လုံခြုံသလဲ ကျွန်မ မသိ။ ဘယ်သူမှလည်း မသိ။ ကိုယ့်လှေကို လှပအောင် ဆွဲဆောင်မှုရှိအောင် ကျွန်မတို့ ဆေးခြယ်ရင်း အောင်မြင်ခဲ့သူတွေ ရှိမည်။ မအောင်မြင်ခဲ့သူတွေလည်း ရှိမည်။ လှပနိုင်သူ သစ်လွင်နိုင်သူတို့က ဂုဏ်ယူစွာ ရွက်လွှင့်နေချိန်တွင် မအောင်မြင်သူတွေက အစုတ်အပြဲ အဖာအထေးရွက်တို့ဖြင့် မွဲနွမ်းသော လှေ ကိုယ်ထည်ဖြင့် နာနာကြည်းကြည်း ရွက်လွှင့်နေကြလိမ့်မည်။ ကိုယ့်လှေ ကိုယ် ခိုင်ခံ့သည်ထက် ခိုင်ခံ့အောင် တာရှည်ခံသည်ထက် ခံအောင် ကြိုးစားပြင်ဆင်လိုသူတွေလည်း ရှိမည်။ ကံစီမံရာပဲဟု ကံကြမ္မာအပေါ် ယုံပြီး ပုံအပ်ထားသူတွေလည်း ရှိမည်။ မုန်တိုင်း ဗဟိုနှင့် နီးသူတွေ ရှိမည်၊ အဖျားအနားပဲ ထိသူတွေ ရှိမည်။ အချိန်မတိုင်မီ





နစ်သူတွေ ရှိမည်။ (အချိန်တိုင်ခြင်း၊ မတိုင်ခြင်းကိုရော ဘယ်သူက ဆုံးဖြတ်ပေးမလဲ)

ကျွန်မတို့ ခရီးနှင်ရာ၏ အဆုံး ပန်းတိုင်က ဘာလဲ။ အမှန် အတိုင်း ပြောရလျှင် ကျွန်မ မသိပါ။ နစ်မြုပ်ခြင်းသည် ခရီးဆုံးလား၊ မနစ်မြုပ်ဘဲ ခရီးဆက်ခွင့်သာ ရခဲ့လျှင် ဟိုဘက်မှာ ဘာရှိသလဲ၊ ဘာကို မျှော်လင့်ပြီး ကျွန်မတို့ ရွက်လွှင့်နေကြတာလဲ။ မေတ္တာတရားအတွက်လား၊ ဗြဟ္မစိုရ်တရားအတွက်လား၊ ဒါမှမဟုတ် နိဗ္ဗာန်ဟု စကားအရသာ သိပြီး တကယ်လက်တွေ့ ကျွန်မ မသိမြင်နိုင်သော စိတ်အခြေအနေ တစ်ခုဆီသို့လား၊ သီးသန့်နေရာတစ်ခုဆီသို့လား။

ရော့ဒ်စတူးဝပ်၏ ရွက်လွှင့်ခြင်းကို နားထောင်ရစဉ်ကတော့ ဦးတည်ရာရှိသူ၏ ရွက်လွှင့်ခြင်းတစ်ခုအပေါ် အားကျပြီး မှိုင်တွေခဲ့ရဖူးသည်။ ဘုရားသခင်နှင့် နီးရာ၊ အရှင်သခင်ရှိရာ အရပ်ဆီသို့ သူဦးတည်၍ ရွက်လွှင့်နေခြင်း ဖြစ်နိုင်သည်။ ဘယ်လောက် အဓိပ္ပာယ်ရှိလိုက်တဲ့ ဘဝ ဖြစ်မလဲ။

ကျွန်မကရော ဘယ်ကိုဦးတည်ပြီး ရွက်လွှင့်နေခဲ့ပါသလဲဟု ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ ကျွန်မ တော်တော် လန့်သွားသည်။ ဘာကိုဦးတည်မှန်းသာ မသိပေမယ့် ခရီးကတော့ အတော်ပေါက်ခဲ့ပြီးလေပြီ။ ကျွန်မ၏ရွက်လှေပေါ်မှာလည်း လှိုင်ချင်၍ သယ်ယူခဲ့သော ပျော်ရွှင်မှုများ၊ မလိုချင်ပါဘဲနှင့် လက်ခံယူခဲ့ရသည့် အမှားများ၊ လွှင့်ပစ်လို့ရလျှင် ချက်ချင်း လွှင့်ပစ်လိုက်ချင်သော နောင်တများ စသည်ဖြင့် ကုန်စည်ပစ္စည်းများလည်း အသင့်အတင့် စုံခဲ့ပြီ။

ကျွန်မ ဘယ်ကိုရောက်မှာလဲ ဆိုတာကိုလည်း သိချင်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းကြောင့် သို့မဟုတ် ကျွန်မ၏ ပဲ့ကိုင်ထိန်းချုပ်ခြင်းအတတ် ညံ့ဖျင်းမှုကြောင့် လှေကလေး နစ်သွားလေမလားဟုလည်း စိုးရိမ် ပူပန်လှပြီ။ ဘယ်သူကမှ အာမခံပေးလို့မရသည့်ဟောသည်သမုဒ္ဒရာ ပြင်ကျယ်ကြီးထဲမှာ 'မင်းရဲ့လှေ ဘာမှဖြစ်မှာမဟုတ်ပါဘူး' ဟူသော မျှောင်းဖျနှစ်သိမ့်အားပေးမှုကိုလည်း တစ်ဖက်က ကြားချင်နေပြန် သည်။

ကိုယ်တောင် ဘယ်အချိန်နစ်မလဲဟု မသိနိုင်သည့် ခရီးမှာ သူ များ လှေတွေ နစ်လှမတတ်ဖြစ်တာ နစ်သွားတာတွေကို သူရဲကောင်း ဆန်ဆန် ကယ်တင်နိုင်လေမလားဟုလည်း ကိုယ့်ကိုယ်ကို ဘဝင်မြင့် ခဲ့မိပြီးပြီ။ ကိုယ်လှေ ခိုင်ခံ့အောင်၊ လုံခြုံအောင် ပြုပြင်တည်ဆောက် မည့်အစား အပေါ်ယံ ဆေးခြယ်မှုကို ပို၍ဦးစားပေးခဲ့မိသည့် ကာလ ကလည်း တော်တော်ရှည်ကြာခဲ့ပြီ။

ရှေ့ဆက်ပြီး ကျွန်မ၏ လှေ ခိုင်ခံ့ဖို့သာ ကြိုးစားရတော့မည်။ အချိန်တော့ နောက်မကျသေးဘူးဟု မျှော်လင့်ရပါသည်။

ကျွန်မ၏ လှေထဲမှာ သယ်ယူခဲ့သည့် ပျော်ရွှင်ခြင်းဆိုတာတွေ က အခုအချိန်မှာ ပြန်လည်သုံးလို့မရတော့သည့် တစ်ခါသုံးပစ္စည်း တွေ၊ စွန့်ပစ်အမှိုက်တွေသာ ဖြစ်တော့သည်။ လူ့ဘဝမှာ တကယ် လို အပ်သည်က ပျော်ရွှင်ခြင်း မဟုတ်၊ သတိသာ ဖြစ်သည်ဟု ကျွန်မ တွေးတောစ ပြုလာပြီ။

ကျွန်မက ကျွန်မလိုအပ်သည့်အရာမှာ ပျော်ရွှင်မှုဟု ထင်ခဲ့ဖူး ၏။ ငွေကြေးဥစ္စာဟု ထင်ခဲ့ဖူး၏။ အောင်မြင်ကျော်ကြားမှုဟု ထင် ခဲ့ဖူး၏။ အဲဒါတွေကို ရမှဖြစ်မည်ဟု ထင်ကာ မနိုင်မနင်း သယ်ယူ ခဲ့ပြီးပြီ။ ကျွန်မ လိုအပ်တာ ဒါမဟုတ်ဘူးဟု သိသလို လိုရှိလာချိန်





မှာ ဒါတွေကို လွှင့်ပစ်ဖို့လည်း မဖြစ်နိုင်၊ အဲသည်အရာတွေနှင့် ကျွန်မ က တော်တော်ကြီး ပေါင်းစပ်ငြိတွယ်နေခဲ့ပြီးပြီ မဟုတ်လား။ လှေ ကလေး ပေါ့အောင် ကိုယ်ထိန်းသိမ်းတိုင်း လိုရာရောက်အောင်က အဲဒါတွေကို ပစ်ချခဲ့မှ ရမည်ထင်ပါရဲ့။

အခုတော့ ကျွန်မ ရွက်လည်း လွှင့်နေဆဲ။ လေးလံသော အပို ပစ္စည်းများကိုလည်း လွှင့်ပစ်ဖို့ကြံရွယ်ရင်း တွယ်ဖက်နေဆဲ။ လှေ ကလေး ခိုင်ခံ့ဖို့ ပြုပြင်တည်ဆောက်မှုဖြစ်မည်ဟူသော အသိတရား ကလေး ရေးရေးပေါ်လာပြန်တော့ အလုပ်စတင်ဖို့ တွန့်ဆုတ်နေဆဲ။

အဲသည်လိုနှင့် သည်လှေ၏ သက်တမ်းက လှေတစ်စင်း၏ ပျမ်း ဘုယျ သက်တမ်း ထက်ဝက်ပင် ကျော်ခဲ့ပြီ။ ရှေ့မှာ ခရီးက မိုင်ပေါင်း များစွာ ရေပြင်ကြီး...ဘာကမ်း ဘာသောင်မှ မမြင်ရသေးသည့် ရေ ပြင်ကျယ်ကြီး၊ သည်လှေနှင့် သည်ခရီး မျှတပါရဲ့လား ကျွန်မ မသိ။

ကျွန်မ ဘာမျှမသိပါ။

[ရန်ကုန်ရွက်လှေအသင်း စိန်ရတုမဂ္ဂဇင်း၊ ၁၉၉၉ ဧပြီ]

○



www.burmeseclassic.com

www.burmeseclassic.com

## အသက်ရှည်ရှည် ခင်ခင်မင်မင်

ကျွန်မ အဘွားကြီး ဖြစ်နေပြီတဲ့၊ ကျွန်မ ခင်ပွန်းက ခဏခဏ စ နောက်တတ်သည်။ ဟုတ်များ ဟုတ်နေပြီလား မသိ။ ကျွန်မ၏ အတွေးတွေ တော်တော်ခေါင်နေပါသည်။

သားသမီးနှင့် ပတ်သက်လျှင် ခေတ်မီရမည့် ကျွန်မအတွေးတွေသည် အမြဲပဲ ခေတ်နောက်ကျတတ်၏။

အခုကိုပဲ ကျွန်မက သမီးငယ်ကို အိပ်ရာဝင်ပုံပြင်တွေ ပြောပြချင်လှပြီ။ သမီးက ကြော်ငြာတွေကို ကြည့်ကောင်းနေဆဲ။

'ရှာကြည့်လိုက်ဦး...ရှာကြည့်လိုက်ဦး...ရှာကြည့်လိုက်ပါဦး' တဲ့။

သမီးက လိုက်၍ ဆိုလိုက်သေးသည်။

ကျွန်မ ပင့်သက်ရှိုက်မိ၏။ ရုပ်မြင်သံကြားအပေါ် ကလေးတွေသည်လောက် စွဲလမ်းနေတာကို ကျွန်မ မကြိုက်ပါ။ ကလေးတွေ တီထွင်ဉာဏ် ကွန့်မြူးရမည့်အချိန်မှ မရှိတော့ဘဲ။ ရုပ်မြင်သံကြားမှ ပြသမျှ ကြည့်နေသော ကလေးတစ်ယောက်သည် သူ့ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



တီထွင်ဉာဏ်ဖြင့် အသုံးပြုရမည့်ကိစ္စတွေ နည်းကုန်မှာအမှန်ပဲ။ ရုပ်မြင်သံကြား အစီအစဉ်တွေမှာ ကလေးတွေအတွက် သင့်တော်သည့် ပြကွက်မျိုး ဘယ်နှခု ပါနိုင်မှာမို့လဲ။ ကြော်ငြာတွေထဲမှာတောင် ကလေးတွေ ကြည့်ဖို့ မသင့်တော်သည့် ပြကွက်တွေက အများကြီး။ ကလေးတွေအတွက် တီဗီလိုင်း တစ်လိုင်း သီးသန့် ထားပေးရင် မကောင်းဘူးလား။ ပညာပေးအစီအစဉ် လုံးဝမဟုတ်သော ဖျော်ဖြေရေး အစီအစဉ်ပေါ့လေ။ အင်း...ကျွန်မ အတွေးတွေ ခေါင်နေပြန်ပြီ ထင်ပါရဲ့။ ဘယ်နှနှစ်အရွယ် ကလေးတွေအတွက် ကျွန်မက တောင်းဆိုမိနေတာလဲ၊ အသက် ဆယ်နှစ်ကျော်ပြီးသွားသော သားကြီးအတွက်လား၊ အသက် ငါးနှစ်ထဲ ဝင်ခါစ သမီးအတွက်လား။ ဘယ်နှလိုင်း ထားပေးရမှာလဲ။ ကျွန်မ တစ်ယောက်တည်း ပြုံးမိသည်။

Science World အစီအစဉ်မျိုး၊ Discovery အစီအစဉ်မျိုးတွေ ခဏခဏ လွှင့်ထုတ်စေချင်တာတော့ အမှန်ပါပဲ။

ကျွန်မတို့ ငယ်ငယ်တုန်းကဖြင့် တီဗီ မဆိုထားနှင့်၊ ကက်ဆက်တောင် မပေါ်သေး။ ညနေကျောင်းပြန်ချိန်မှာ ခဏနားပြီး ကစားကြသည်။ မူလတန်းအရွယ်တုန်းကများ ကျူရှင်ဆိုတာတောင် မကြားဖူးခဲ့ပါဘူး။ ထုပ်ဆီးတိုးတမ်း၊ ခွက်ခေါက်တမ်း၊ ဘုတ်ဒီထိုးတမ်း၊ ဘောလုံးပစ်တမ်း၊ ရွှေစွန်ညိုဝဲတမ်း ကစားနည်းတွေ စုံလှသည်။ ညစာထမင်းစားချိန်မှာ တစ်ခါတစ်ခါ အကဲပို၍ အိမ်နီးချင်း သူငယ်ချင်းလေးတွေနှင့် ထမင်းအတူစားချင်လျှင် စားခွင့်ရတတ်သေး၏။ ကျွန်မတို့အိမ်က ခြံဝင်းလည်း ကျယ်၊ ကလေးညီအစ်မ သုံးယောက်လည်း ရှိနေတော့ အိမ်မှာလာ၍ စုစားလေ့ရှိပါသည်။ အိမ်ရှေ့က





ကွပ်ပျစ်ကြီးပေါ်မှာ လူခြောက်ယောက်လောက် စုပြီး ထမင်းစားရတာ အလွန်ထမင်းမြိန်သည်။ သူ့ဟင်း ကိုယ့်ထဲ ထည့်ပေး၊ ကိုယ့်ဟင်း သူ့ထဲ ထည့်ပေး၊ တစ်ယောက်နှင့်တစ်ယောက် မျှဝေခံစားကြကာ ရင်းနှီးချစ်ခင်လှသည်။

အခုခေတ်မှာတော့ ကလေးတွေအတွက် သူငယ်ချင်း ဆိုသော အဓိပ္ပာယ်ကိုပင် မေ့ကုန်ကြပြီလား မသိ။

"ချစ်ပုံ့လေးရေ...အိပ်ကြစို့သမီးရယ်၊ ကိုကိုတောင် အိပ်သွားပြီ"

သမီးက မအိပ်ချင်သေးပါ။ တီဗီဖန်သားပြင်ပေါ်က အရုပ်များကို ငေးမောနေဆဲ။ တီဗီဂိမ်းကစားဖို့ အမြဲတမ်း တက်ကြွလှသော သားက စိတ်ပျက်လက်ပျက် အိပ်ရာဝင်သွားခဲ့ပြီ။ ကိုယ်ပိုင်တီထွင်ဉာဏ် ဟူသောစကား ပြောမိတိုင်း သားက ကျွန်မအား ခေါင်းမာစွာ ငြင်းလေ့ရှိ၏။ သားတို့ကစားသော တီဗီဂိမ်းတွေဟာ ကလေးတစ်ယောက်၏ တီထွင်ဉာဏ်ကို ရင့်သန်စေသည်ဆိုပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကျွန်မ၏ သားသမီးတွေကို လူသားပီသစွာ နူးညံ့တတ်၊ ခံစားတတ်၊ မျှဝေတတ်စေချင်သည်။

"သမီး တီဗီပိတ်ရအောင်နော်"

သမီးလေး ကြည့်နေသော ကြော်ငြာများကို ကျွန်မ ဖွတ်ပိတ်ပစ်လိုက်သောအခါ သမီးက စိတ်ကောက်ဖို့ နှုတ်ခမ်းစူပြီးနေပြီ။

"သမီးကို မေမေက ကြယ်လေးတွေ ပြန့်ကျဲနေတဲ့ ကောင်းကင်ကြီးအကြောင်း ပြောပြမယ်လေ"

ကြယ်စုံသော ည၏ မိုးကောင်းကင်အပြည့်ကို သမီး တစ်ခါမှ စောင့်မကြည့်ဖူးသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



သမီး၏ ည ကောင်းကင်သည် မြို့ပြကောင်းကင်ဖြစ်သည့်အပြင် အိမ်ပေါ်ထပ် အိပ်ခန်းပြတင်းပေါက်မှ လှမ်းကြည့်ရင်း မြင်ရသည့် တစ်ဝက်တစ်ပျက်ကောင်းကင်သာ ဖြစ်သည်။ ထိုမြင်ကွင်းကိုပင် ခြင်ထောင်ဇာခံပြီးမှ အေးအေးဆေးဆေးကြည့်နိုင်၏။ သည်မြို့မှာက ခြင်တွေ ပေါလွန်းလှသဖြင့် ခြင်ထောင်အတွင်းမှာ မဟုတ်လျှင် နေရတာ မအေးဆေးပါ။

'မေမေတို့ရွာမှာ ခြင်မရှိဘူး' ဟု သမီးကို ပြောလျှင် သမီး မယုံနိုင်ချေ။ တကယ်တော့ သဲမြေလွှမ်းသည့် ကျွန်မတို့ရွာတွင် ရေမှန်သမျှ ဘယ်တုန်းကမှ အိုင်ထွန်းခဲ့သည်မဟုတ်ချေ။

သမီးကို ခြင်ထောင်ထဲသို့ ချော့ခေါ်လာသည့်အချိန်တွင် သားအဖ နှစ်ယောက် ဟိုဘက်ခုတင်မှာ အိပ်ပျော်လျက်ရှိပြီ။

"မနက်ကျ သမီးတို့ကျောင်းမီအောင် စောစောထရဦးမှာမဟုတ်လား သမီးရဲ့"

မနက် ရှစ်နာရီအထိ အိပ်ချင်တတ်သော သမီးလေးအဖို့ ကျောင်းမီအောင် စောစောထရသည့်အဖြစ်ကို စိတ်ညစ်လှပြီဟု ကျွန်မ သိပါသည်။

"မေမေကလဲ ဘာဖြစ်လို့ ဒီမြို့သစ်မှာ လာနေတာလဲ၊ မြို့ထဲပဲ နေလိုက် ပြီးရော"

မူကြိုအရွယ် သမီးက ကလေးကြီးတစ်ယောက်လို ဂျီကျတတ်သေး၏။

"မြို့ထဲမှာနေရင်"

"မြို့ထဲမှာ နေရင် ပုံ့ပုံ့နောက်ကျမှ ထရင်လဲ ကျောင်းမီမှာပေါ့ မေမေရဲ့၊ ဆိုင်ကယ်ကြီးနဲ့ အကြာကြီးသွားနေစရာ မလိုတော့ဘူးပေါ့"

ဪ... ကျွန်မသမီးက ကျိုးကြောင်းဆက်နွှယ်မှု ဆိုတာကိုတော့ သိနေသားပဲ၊ သမီး၏ ဆင်ခြင်ဉာဏ်တွေ၊ တီထွင်ဉာဏ်တွေအတွက် ကျွန်မ သိပ်တော့ စိတ်မပူသင့်ဘူး ထင်ပါရဲ့နော်။ ကျွန်မ သဘောကျစွာ ရယ်မောမိပါသည်။

"မေမေ ငယ်ငယ်ကဆိုရင် သမီးတို့ထက် ဆိုးတာပေါ့၊ နေ့တိုင်း အစောကြီး ထပြီး ကျောင်းသွားရတာ သမီးရဲ့"

ကျွန်မငယ်စဉ်ဘဝက နေ့စဉ်ဖြတ်သန်းမှုကို သမီးအား ပုံပြင်သဖွယ် စီကုံးဖွဲ့နွဲ့၍ ပြောပြရဦးမှာပေါ့။

"မေမေတို့ရွာမှာ အလယ်တန်းကျောင်း မရှိဘူး၊ ဒီတော့ ကျောင်းရှိရာ ရေနံချောင်းကို အစောကြီး ထသွားမှ ကျောင်းမီတာ၊ ရွာနဲ့ ကျောင်းနဲ့က အဝေးကြီးပဲ၊ အဝေးတကာ့ အဝေးကြီးပဲ၊ သမီး ကျောင်းထက်တောင် ဝေးသေးတာပေါ့၊ ဘတ်စ်ကား မရှိ၊ ဆိုင်ကယ် မရှိ၊ စက်ဘီးရှိရင်တောင် စီးမရဘဲ တွန်းနေရတဲ့အချိန်က များတယ်၊ သဲချောင်းအကျယ်ကြီးကိုဖြတ်ရသေးတာ သမီးရဲ့၊ ခြေလျင်လျှောက်မှ လူသက်သာသေးတယ်၊ သဲထဲမှာ ခြေကျင် ရုန်းရတာ"

သမီး၏ ကျောကုန်းလေးကို ဖွဖွပွတ်သပ်၍ ပုံပြောသည့် လေသံမျိုးနှင့် ခပ်တိုးတိုးပြောမိသည်။ သမီးက မျက်တောင်လေး စင်းကာ နားထောင်စ ပြုလာပြီ။

"သဲချောင်းဆိုတာမျိုးက မိုးရွာတဲ့အချိန်ကလွဲရင် ရေမရှိတတ်ဘူးလေ၊ သဲပြင်က အကျယ်ကြီးပေါ့၊ အဲဒီသဲပြင်အကျယ်ကြီးထဲမှာမှ ချောင်းသေးသေးကလေးတွေ ဖြစ်နေတာ၊ ချောင်းလေးတွေက







www.burmeseclassic.com

www.burmeseclassic.com



ရေတော့ သိပ်မနက်ဘူးပေါ့၊ တချို့ချောင်းက ခြေမျက်စိလောက်ရေနက်၊ တချို့ကတော့ ခြေသလုံးလောက် နစ်အောင် ရေများတာပေါ့၊ ချောင်းရေထဲ ဖြတ်လိုက် သဲထဲပြန်ရှန်းလိုက်ပေါ့ သမီးရယ်၊ သဲချောင်းကြီး လွန်ပြီးတော့ ရွာတွေကို ဖြတ်ရပြန်တာ"

"ပင်းဝနော် မေမေ"

ကျွန်မ ခဏခဏပြောပြသည့် ရွာအကြောင်းကို သမီး စိတ်ဝင်စားပုံရသည့်အတွက် ကျွန်မ အမြဲ လိုလိုကျေနပ်မိပါသည်။

"မေမေတို့ရွာက ပင်းဝပေါ့ သမီးရဲ့၊ သဲချောင်းကြီး နာမည်က ပင်းချောင်းလေ"

"ပုံ့ပုံ့ သိပါတယ်"

"အဲဒီ ပင်းချောင်း လွန်တဲ့အခါ ဘုရားကုန်းရွာကို ရောက်ရော၊ ဘုရားကုန်းရွာ ပြီးတဲ့အခါ ရွာသစ်ကြီး၊ ပြီးတော့ ရွာသစ်ကလေး၊ ညောင်ပင်သာ၊ ဖောင်းကတော၊ ထိန်ချောင်း၊ ကျောင်းကုန်း၊ ပြီးတော့မှ သပြေတန်းကျောင်းကို ရောက်တာ"

"မေမေ မညောင်းဘူးလား"

"ညောင်း တာ ပေါ့ သ မီး ရယ်၊ ပ ညာ ကို လို ချင် လွန်း တော့ အညောင်းခံပြီး ကျောင်းတက်ရတဲ့ အဖော်တွေ ဘေးမှာ အများကြီး၊ သူငယ်ချင်းတွေနဲ့ စကားပြောရင်း စရင်း နောက်ရင်း ရယ်ရင်းနဲ့ပဲ ရောက်မှန်းမသိ ရောက်ရတာပေါ့၊ လမ်းမှာတွေ့တဲ့ ကျောက်ခဲလေးတွေ ကောက်ပြီး သစ်ပင်တွေဆီ ပစ်လို့ရသေးတယ်၊ ကိုင်းတောတွေထဲ ပစ်လို့ရသေးတယ်၊ အိမ်တွေကို ထိမှာမပူရဘူး၊ သစ်ပင်တွေက အများကြီး၊ တစ်ဖက်မှာ တောင်ကမ်းပါးယံအမြင့်ကြီးတွေ၊ တစ်





ဖက်မှာက မြစ်ရေတက်ချိန်မဟုတ်ရင် ယာခင်းတွေ ကိုင်းခင်းတွေ သမီးရဲ့"

မျက်စိတစ်ဆုံး လှမ်းမြင်နိုင်သော ဧရာဝတီမြစ်ကမ်းဘေးက ကျွန်းသောင်ခုံတွေ ယာခင်းတွေကို သမီးမြင်ဖူးစေချင်လိုက်တာ။

"အံမယ်... လမ်းတစ်လျှောက်မှာ တွေ့သမျှ တောပန်းတွေကို ခူးနိုင်သေးတာ၊ ပန်းတွေကလဲ ရောင်စုံပဲ သမီးရယ်၊ သိပ်လှတာပဲ၊ ခွေးသေးပန်းဆိုတာက အပြာရောင်လှလှလေးတွေ၊ တိုက်ပန်းကတော့ ပန်းရောင်၊ ခေါင်းလောင်းပန်းက အဝါရောင်၊ ဆယ့်နှစ်ရာသီပန်းက လိမ္မော်ရောင်၊ စိန်နားပန်ဆိုတဲ့ ပန်းကတော့ အပွင့် သေးသေး ရောင်စုံလေးတွေ စုစုပြီး ပွင့်တတ်တာ၊ နားကပ်ပန်းဆိုတာ ရှိသေးတယ်၊ နားကပ်လေးတွေကို ခပ်ပြာပြာ ပွင့်ဖတ် အသားထူထူအပွင့်သေးသေးလေးတွေပေါ့၊ ခူးပြီး တံတွေးဆွတ် နားမှာ ကပ်ထားရင် တကယ့်နားကပ်လေးလိုပဲ"

သမီးလေးဘဝမှာ ပန်းတွေ လိုက်ခူးလို့ ပျော်ရွှင်ရသည့် ခံစားမှုကို တစ်ခါမှ မရရှာသေးပါ။ ကျွန်မတို့ခြံထဲက ပန်းပွင့်တွေကို သမီးက ခူးချင်သည်။ သူ့အဖေက ဟန့်တားထားသည်။ ကျွန်မနှင့် သူ့အဖေ မကြာခဏ စကားများရသည်။

'ပန်းဆိုတာ ခူးဖို့မဟုတ်ရင် ဘာအတွက်လဲ မောင်ရဲ့' သိသိကြီးနှင့် ကျွန်မ ရန်စကားပြောမိသည်။

"အလှကြည့်ဖို့ပေါ့ကွ"

"အဲဒီအလှဆိုတာက သမီးလေး ပျော်ရွှင်မှုထက် ပိုပြီး အရေးပါလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ မရှိသည့်အချိန်မှာ ကျွန်မကတော့ သမီးအား ပန်းချီ ခွင့် ပေးလိုက်တာပါပဲ။

တောပန်းကလေးတွေ၏ စိမ်းစိမ်းမွှေးသော ရနံ့ကို သမီး မခံစား ဖူးသေးဘူး။ တောလမ်းတစ်ခု၏ တောပန်းဖြင့် မွှေးမြလတ်ဆတ် သော လေကို သမီးလေး မရှူဖူးသေးဘူး။

"နည်းနည်းမောရင် ညောင်ပင်ကြီးတွေရဲ့အောက်မှာ ခဏ ထိုင် နားအမောဖြေကြတာပေါ့၊ ဧရာမ ညောင်ပင်ကြီးတွေ သမီးရဲ့၊ မေမေ တို့ အိမ်ဝင်းထက်တောင် ကျယ်သေးတယ်၊ ဖားလျားကျနေတဲ့ နွယ် ကြိုး မုတ်ဆိတ်ကြီးတွေက မြေကြီးတောင် ထိတယ်၊ အမြစ်ဆုံကြီး တွေက မြေပေါ်မှာ ပေါ်လို့၊ အဲဒီ ညောင်မြစ်ကြီးတွေပေါ်မှာ မေမေ တို့ ထိုင်ကြတာပေါ့၊ တစ်ခါတစ်ခါ ဖိုးလမင်းက သီချင်းဆိုသေး တယ်၊ သူ့အသံက အရမ်းကောင်းတာ"

ကျွန်မ ပြောပြလွန်း၍ သမီးသည် ဖိုးလမင်းဟူသော ကျွန်မ၏ ငယ်သူငယ်ချင်းလေးကို သိနေပြီ။ ဖိုးလမင်း ဆိုဆိုနေတတ်သော သီချင်းများဟု ကျွန်မ ခဏခဏဆိုညည်းမိသောသီချင်းများကို ရင်း နှီးနေပြီ။ သမီးတို့စကားအရတော့ တောသီချင်းတွေပေါ့လေ။ ထို တောသီချင်းတွေထဲမှ သမီး သိပ်ကြိုက်သောသီချင်းမှာ 'လက်ရည် တစ်ပြင်တည်း' ဖြစ်သည်။ ထိုသီချင်းက ရုပ်ရှင်ပြကွက်လေးတွေ လို အာရုံထဲ မြင်ယောင်လာအောင်ပင် ပုံပြောခြင်းအတတ်ပညာ၊ သရုပ်ဖော်ခြင်း အတတ်ပညာနှင့် ဂီတကို ပေါင်းစပ်ဖွဲ့နွဲ့ထားသော ကြောင့်ပဲ ဖြစ်လိမ့်မည်။ နောက်တစ်ကြောင်းကတော့ သမီးငယ်ငယ် ပိစိကွေးလေးအရွယ်ကတည်းက သမီးကို မွေ့ချိကာ ချော့သိပ်တိုင်း ကျွန်မဆိုညည်းမိသောကြောင့်လည်း ဖြစ်လိမ့်မည်။



*ဟော့…သူငယ်ချင်းရေ…တို့နယ်ပယ်တွင် မိုးသက်ကယ်ဆင် ရှစ်ခွင်က မည်း…မိုးရွာမလိုလိုနဲ့ပဲ…ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်…လက်ရည်တစ်ပြင်တည်း… ရှေးကတော့ ပိုချစ်ကြ တယ်…*

တကယ်တော့ သမီးကို ချော့သိပ်ရင်း ကျွန်မလွမ်းရသော ကျွန်မ ၏ ဇာတိရွာကလေးသို့ သီချင်းဖြင့် တစ်ခေါက်သွားလည်ခြင်းပါပဲ။

*

*တောရွာသူတို့ အိမ်မယ်… မြိန်ဖွယ်ပေါ့ ထမင်း…မိုးမျှော်ငရုတ် သီးထောင်းနဲ့ …ကိုဘိုကေရယ်… ဒေါင်းလန်းကြီးရဲ့ အလယ်…*

တစ်ခါတစ်ခါ စိတ်လိုလက်ရရှိလျှင် ဒေါင်းလန်းဆိုတာကိုသမီး သိအောင် ပြောပြချင်နေပြန်၏။ သမီးတို့ သားတို့ ကလေးတွေ မဆို ထားနှင့်၊ တချို့ ခပ်ပေါ့ပေါ့နေတတ်သော လူငယ်ကလေးတွေပင် ဒေါင်းလန်းကို ကောင်းကောင်းမသိကြပေ။ ယခုခေတ် အသည်း ရောင် အသားဝါ ဘီပိုး၊ စီပိုးတွေ ကြောက်နေရသည့် ခေတ်မှာတော့ ဒေါင်းလန်းအသုံးကို ဆရာဝန်တွေ ရှုတ်ချကြမည် သေချာ၏။

အဲသည်တုန်းက နှီးဒေါင်းလန်းဆိုတာ ရှိခဲ့ဖူးတယ်။ ဒေါင်းလန်း နဲ့ ထမင်းစားကြတဲ့ ဓလေ့ဟာ အေးအတူ ပူအမျှ အရာရာကို မျှဝေ တဲ့ ဓလေ့ပဲဟု သားနှင့် သမီးကို ပြောပြလျှင် သူတို့ ရယ်မောကြ မလား မသိ။

နှီးကို လင်ပန်းကြီးသဖွယ်ဖြစ်အောင် ရက်လုပ်၊ စေးသုတ်ထား သည့် ယွန်းထည်အဖြစ် သမီးကလေး မြင်သာအောင် ရှင်းပြရင်း အိမ်မှာ ရှိသော ယွန်းလင်ပန်းလေးကို ဥပမာပြ စက္ကူဖြူတစ်ရွက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ခဲတဲ့ကိုကိုင် သားသမီးအတွက်တော့ ကျွန်မက ပန်းချီဆရာမလည်း ဖြစ်ခဲ့သေးသည်။

“မေမေတို့ ထမင်းစားဖူးတဲ့ ဒေါင်းလန်းကြီးက ခြေထောက် မပါဘူး၊ ဟောဒီလိုမျိုး သမီးရဲ့၊ အဲဒါကို ကြမ်းပြင်ပေါ်ချ သူငယ် ချင်းတွေ ဝိုင်းထိုင်၊ ပြီးတော့ ကုန်းပြီးစားကြရတာ”

“ဟင်...”

သမီးက နှာခေါင်းရှုံ့သောအခါ ကျွန်မ ရယ်မောမိသည်။ သမီး လေး ဘယ်နှစ်သက်ပါ့မလဲ။ သမီးက ထမင်းစားလျှင် ပန်းကန် ပြားကိုတောင် တစ်နေ့နှင့်တစ်နေ့ စိတ်တိုင်းကျ ရွေးစားချင်သည့် ကလေး။ သည်နေ့ မစ်ကီးမောက်စ်ရုပ်ပုံနဲ့ ပန်းကန်၊ သည်နေ့ စင် ဒရဲလား ရုပ်ပုံနဲ့ ပန်းကန် အဲသည်လိုမျိုး။ သမီးလေး မမီလိုက်သော သူ့ဘွားဘွား ကျွန်မအမေသာ ဒါကိုမြင်လျှင် ညည်းတို့ခေတ်ကျမှ ပဲအေ...ဟု ရယ်မောလိမ့်မည်။

“မိုးမျှော်ငရုတ်သီးဆိုတာ သိပ်စပ်တာ သမီးရဲ့၊ အပင်မှာ ငရုတ် သီးလေးတွေ သီးတဲ့အခါ မိုးပေါ်ကို ထောင်ပြီးသီးတာ၊ မိုး ကောင်း ကင် ကို မျှော်ကြည့်နေကြသလိုပဲ”

အဲသည်အချက်ကြောင့် ‘မိုးမျှော်’ ဟု ခေါ်သလား၊ တခြား အ ကြောင်းရင်းတစ်ခုကြောင့် ခေါ်သလား မသိ၊ နာမည်နဲ့တော့ တော် တော် လိုက်လေသည်။

“အဲဒီငရုတ်သီးထောင်းကို ဒေါင်းလန်းရဲ့အလယ်မှာ ထား၊ ဟို လူက နှိုက် ဒီလူက နှိုက် ရှူးရှဲ ရှူးရှဲနေအောင် စား၊ ချွေးတွေတောင် ထွက်လို့ ရှိမှာပဲနော် သမီး”





ကျွန်မ ငယ်ငယ်တုန်းက မိုးကလေးညိုညိုမှာ အဲသည်သီချင်းသံ ကို ကြားရလျှင် ဘာကို လွမ်းမှန်းမသိ လွမ်းမိ၏။

မိုးမျှော်ငရုတ်သီးထောင်း ဆိုတာကလည်း မိုးကလေး ညို့ညို့၊ ဒါမှမဟုတ် မိုးအေးအေး စိုစိုစွတ်စွတ် ချမ်းချမ်းမှာ စားဖို့ အလွန် သင့်တော်သည် မဟုတ်လား။ သီချင်းသံကို ကြားလိုက်ရုံနှင့်ပင် ငရုတ်သီးစိမ်း မီးကင်ထောင်းရနံ့ကလေး မွှေးလာခဲ့သေးတာ။ သီ ချင်း ထဲမှာ မပါပေမယ့် ကျွန်မတို့ညီအစ်မတွေ ခဏခဏ စားခဲ့ရ သော၊ ကြိုက်လည်း အလွန်ကြိုက်သော ယခုအခါ သမီးတို့အဖေက ဟင်းမမှတ်သဖြင့် ကျွန်မ မစားရတာ ကြာပြီဖြစ်သော ခရမ်းချဉ်သီး ပန်ထွေဖျော်အကြောင်းကို သမီးအား တိုင်တည်ပြောပြရသည်။

“ခရမ်းချဉ်သီး ပန်ထွေဖျော် လုပ်ဖို့ ခရမ်းချဉ်သီးကို ပြုတ်ရင်လဲ ရပါရဲ့၊ ဒါပေမဲ့ မီးဖုတ်တာက ပိုမွှေးတာ သမီးရဲ့၊ မေမေတို့ ငယ် ငယ်တုန်းက ထမင်းချက်ရင် ထင်းမီးနဲ့ ချက်တာ၊ မီးကျီးခဲ ရဲရဲပေါ် မှာ ခရမ်းချဉ်သီးတွေ ထည့်မီးဖုတ်တာ၊ မွှေးနေတာပဲ”

ခရမ်းချဉ်သီးသာမက ခရမ်းချဉ်စိုက်ခင်းတွေအကြောင်းပါ ဖြည့် စွက်၍ ပြောမိ၏။

“တစ်ခါတုန်းကတော့ လူကြီးတွေ တားထားတဲ့ကြားက ခရမ်း ချဉ်သီးတွေ ကူဆွတ်မိတယ် သမီးရဲ့၊ ခရမ်းချဉ်အရွက်မှာရော၊ အသီး ရဲ့ အညှာဖတ်လေးတွေမှာရော အမွေးနုနုဆူးမျှင်လေးတွေ ပါတယ်၊ အဲဒီ အမွေးလေးတွေနဲ့ ထိမိရင် ယားတော့တာပဲ၊ မေမေက စိုက်ခင်း ထဲမှာ တစ်ကိုယ်လုံးယားလာတာပေါ့၊ လူကြီးတွေပြောစကား နား မထောင်မိလို့လေ၊ မှတ်ထားနော်သမီး...လူကြီးက ကလေးကို ဟို ဟာ မလုပ်နဲ့ ဒီဟာမလုပ်နဲ့ တားတယ်ဆိုတာ ကောင်းစေချင်လို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခမတွေ့အောင်လို့ စေတနာနဲ့ ပြောတာ၊ နားထောင်ရတယ်… သိလား”

‘သမီး မလုပ်ရဘူး’ ဟု တားမြစ်တိုင်း ကျွန်မအား ခံတန်တန်၊ သို့သော် မဝံ့မရဲ မျက်နှာပေးကလေးဖြင့် ‘လုပ်မှာပဲ’ဟု ခွဲနွဲ့တတ်သော သမီးကို တစ်လက်စတည်း သတိပေးရ၏။

“ယာခင်းထဲကို လိုက်ရတာ မေမေဖြင့် အရမ်းပျော်တာပဲ၊ မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်၊ ကြည့်လေရာရာမှာ စိုက်ခင်းတွေ၊ အထက်မှာက အပြာရောင် မိုးကောင်းကင်နဲ့ တိမ်လိပ်တိမ်ပန်းကြီးတွေ၊ အောက်ဘက်မှာက အစိမ်းရောင်စိုက်ခင်းတွေကြားထဲက ရောင်စုံအသီးအပွင့်တွေ အကွက်လိုက် အကွက်လိုက် ဆေးခြယ်ထားသလိုပဲ၊ ခရမ်းချဉ်သီးစိုက်ခင်းမှာ အစိမ်းနဲ့ အနီ၊ ခရမ်းသီးစိုက်ခင်းမှာ အစိမ်းနဲ့ မရန်းရောင်၊ ဒေါနပန်းခင်းတွေဆိုရင် နောက်ထပ် အစိမ်းရောင်တစ်မျိုး သိပ်လှတယ်၊ လေကလဲ မွှေးနေတာပဲ”

မြောင်းပုပ်နံ့ကို သမီး သိသည်။ လူတွေ၏ ကိုယ်နံ့ ချွေးနံ့ကို သမီးသိသည်။ လက်ဖက်ရည်ဆိုင် အကြော်ဆိုင်တွေမှ ဆီကြော်နံ့ကို သမီးသိသည်။ ဓာတ်ဆီနံ့ကို သမီး သိသည်။ ကားတွေ ဆိုင်ကယ်တွေ၏ အိပ်ဇောပိုက်မှထွက်သည့် မွှန်ထူသည့်မီးခိုးနံ့ကို သမီးသိသည်။

ယာခင်းနှင့် ကွင်းပြင်ဆီက လာသည့် မွှေးပျံ့ပျံ့ရနံ့ကိုတော့ သမီး မသိသေးပါ။

ယာကန်သင်းရိုးပေါ်မှာ မတ်တတ်ရပ်ရင်း ယာခင်းထဲမှ ဖြတ်သန်း တိုက်ခတ်လာသော လေပြည်လေညင်းကို သမီးလေး မရှူဖူးသေးဘူး။





*မိုး တိမ်ယံကာကွယ်… ယာလယ်ပြင်လမ်းမှာလ…ထန်းပင် ထန်းလက် ထန်းရွက်တွေက အသွယ်သွယ်ပါမောင်ရယ်… မြရင်တို့ရွာ ရိုးရာဓာတ်နွယ်…ဪ…လမ်းစဉ်လမ်းဆက် လမ်းမျက်စိတောင်မှ လည်ပါတယ်နော်ကွယ်… ပျိုရဲ့ညိုနွဲ့… ကြိုလှည့်ပ့ါ ဆံကေသွယ်…*

မြရင်တို့ရွာ…တဲ့။ အားရဂုဏ်ယူစွာ သီဆိုလိုက်သည့် အသံကို ကျွန်မနားထဲမှာ စွဲလမ်းလှသည်။ မမြရင်တို့ရွာလား၊ နန်းတော်ရှေ့ဆရာတင်တို့ရွာလား။ သူတို့လည်း လွမ်းပေမှာပေ့ါ။ ကျွန်မတို့ရွာမှာတော့ ရွာအဝင်မှာ ထန်းပင်တန်းက သိပ်လှသည်။ အပင်မြင့်မြင့်မှ တွဲလောင်းကျနေသော စာဗူးတောင်းလေးတွေလည်း ရှိသည်။ ကောက်ရိုးနှင့်မြက်ခြောက် ရောစပ်ရက်ကာ ဆောက်လုပ်ထားသည့် လက်သမားဆရာ စာကလေးတွေ၏ အိမ်လေးတွေပေ့ါလေ။ ထိုစာဗူးတောင်းကလေးတွေက နှစ်ပေါင်းများစွာ တည်မြဲနေခဲ့သည်။ ထိုစာဗူးတောင်းကလေးတွေကို ချစ်လွန်းလို့ ကျွန်မမှာ သွားသွားမော့ကြည့်ရတာ အမောသား။ ထိုစာဗူးတောင်းကလေးတွေကိုသမီး မြင်ဖူးစေချင်သည်။

ရွာထိပ်က မန်ကျည်းပင်ကြီး၏ အောက်မှာတော့ သောက်ရေအိုးစင်ကလေး ရှိသည်။ ပင်းချောင်းသဲပြင်ကြီးကို ရှန်းလာရသော လူအတွက် အမောပြေသောက်စရာ ရေအေးအေးလေးပေ့ါ။ ရေအိုးစင်အောက်က သဲမြေစိုစိုမှာ စပါးပင် စုစုသေးသေးလေးတွေ စိမ်းမြလို့၊ ပို၍ပို၍ ရင်အေးစရာ။

အဲသည် သောက်ရေအိုးစင်မှာ လက်ကိုင်ရိုးတပ် အုန်းမှုတ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိခဲ့ဖူး၊ တစ်ဆင့်တက်၍ ပြောင်လက်နေသော ဒန်ပါးပါး ရေခွက်လည်း ရှိခဲ့ဖူး၊ တစ်ဆင့်တက်၍ ကြွေရည်သုတ် မတ်ခွက်လေးတွေလည်း ရှိခဲ့ဖူးသည်။ သောက်ရေအိုးဖုံးကလည်း မြေရေအိုးဖုံးမှ ကြွေရည်သုတ် သံပန်းကန်ပြားအထိ အဆင့်တက်ခဲ့သည်။ ခွက်တွေ၊ ပန်းကန်ပြားတွေကို ရေအိုးစင်တိုင်နှင့် တွဲချည်စရာမလိုခဲ့။ ဘယ်သူမှလည်း ယူဖို့ စိတ်မကူးခဲ့။ လူမျိုး တစ်ရာ့တစ်ပါး ကိုင်၍ သောက်သော ရေခွက်ကို ကျွန်မတို့ မောမောနှင့် ကျေးဇူးတင်စွာ သောက်ခဲ့ကြဖူးသည်။ ရွံ့ရှာရကောင်းသည်ဟု မသိခဲ့။ ရောဂါတွေ ကူးစက်လေမလားဟုလည်း အတွေးမရောက်ခဲ့ချေ။ အဲသည် သောက်ရေကို ချောင်းထဲက လက်ယက်တွင်းမှာ စိတ်ရှည်ရှည်ခပ်ယူရတာ ဖြစ်သည်။

စိတ်ရှည်သော ကျွန်မက ကျွန်မတို့အိမ်အတွက် သောက်ရေခပ်သွားသည့်အခါတိုင်း ဖိုးလမင်းအတွက်ပါ ရေစောင့်ခပ်ပေးခဲ့သည်။ တစ်ခါတစ်ခါ သဲကျင်းသေးသေးလေးထဲ ရေ အတက်နှေးလျှင် ကျောင်းစာအုပ်ကလေး ယူသွားပြီး ရေစောင့်ရင်း စာကျက်နိုင်သေး၏။ ကျွန်မတို့ ရေချိုးရန် ရွာ၏ အနောက်တောင်ထောင့်က ရေတွင်းကြီးဆီသို့ သွားကြလျှင်တော့ ဖိုးလမင်းက ကျွန်မတို့ ရေချိုးဖို့ ရေငင်ပေးမြဲဖြစ်သည်။ အဲသည်ရေတွင်းကြီးကို 'ကမ္ဘာတွင်း' ဟု ခေါ်ကြသည်။ ဘယ်လောက်ပဲ နေပူနေပါစေ ကမ္ဘာတွင်းက ရေဖြင့် တစ်ပုံး လောင်းချိုးလိုက်ရလျှင် အေးမြလန်းဆန်းသွားလေ့ ရှိပါသည်။ သုံးရေခပ်ဖော်၊ ရေချိုးဖော်၊ ယာခင်းထဲသို့ ထမင်းချိုင့် ပို့ဖော်၊ သူတို့တွေကပဲ ကျောင်းသွားဖော်ဖြစ်ခဲ့သည်။ ကျွန်မတို့ဘဝက အလွန်အေးချမ်းပျော်ရွှင်စရာကောင်းသည်။





ထိုသူငယ်ချင်းလေးတွေ ဘယ်ဆီကိုများ ရောက်နေကြပါလိမ့်။

*

*ချောင်းပေါ်မှာ...ဖြတ်လာရှာတဲ့ ပုတတ်ကလေးတွေ နီကျင်ကျင်ရယ်...နှယ်ကြိုးမျှင်နဲ့ သွယ်...ဩော်...ငယ်မူ မဖျောက်နိုင်ဘု ပျော်လောက်ဖွယ် မယ်ရင်ရယ်...လွမ်းပါဘိတယ်...ဖူး့ ဇာတိနွယ် ဖူးတို့ ဇာတိနွယ်...*

ပုတတ်ကလေးတွေကို ကျွန်မတို့ နှယ်ကြိုးမျှင်နဲ့ မသွယ်ခဲ့ဖူးသော်လည်း တစ်စုတစ်ဝေးကြီးမို့ ပျော်စရာကောင်းမှာ အမှန်ပါပဲ။ ကျွန်မတို့က ပုစဉ်းလေးတွေတော့ ဖမ်းဖူးသည်။

"မေမေတို့တွေ ပုစဉ်းဖမ်းကြတာ အရမ်းပျော်စရာကောင်းတာပဲ သမီးရဲ့၊ ပုစဉ်းလေးတွေက ချဉ်ပေါင်ပွင့်တွေနားမှာ တဝဲလည်လည် ဖြစ်နေပြီဆို မေမေတို့က ခြေဖွနင်းပြီး တိတ်တိတ်ကလေး စောင့်ကြည့်နေတာ၊ ပုစဉ်းလဲ နားရော ပုစဉ်းတောင်ပံလေးတွေက စုသွားတာကိုး၊ အဲဒီ တောင်ပံလေးတွေကို လက်ညှိုးနဲ့ လက်မကြားမှာ အသာညှပ်ယူပြီး ဖမ်းလိုက်တာပေါ့၊ ခြေသံလုံရမယ်၊ လက်သွက်ရမယ်၊ သိမ်မွေ့ရမယ်၊ မေမေတို့များ ပုစဉ်းလဲ ဖမ်းတတ်ပါ့၊ လိပ်ပြာလဲ ဖမ်းတတ်ပါ့၊ ပြီးရင် ဖန်ပုလင်းတွေထဲ ထည့်၊ ခဏ အဖုံးလေးအုပ်ပြီး အလှကြည့်တတ်သေးတာ၊ ပုစဉ်းတွေက အမျိုးမျိုး သမီးရေ၊ ပုစဉ်းပြာဆိုတာက မရန်းပြာရောင် သိပ်လှတာပဲ၊ ပုစဉ်း အသေး၊ အလတ်၊ အကြီး အို...စုံနေတာပဲ၊ ဖိုးလမင်းရယ်၊ ကြွေရုပ်ရယ်၊ မေမေရယ်ပေါ့၊ တစ်ခါတုန်းက ပုစဉ်းဖမ်းရင်းနဲ့ လက်မှာခူကောင်ကိုက်ခံရလို့ မေမေ့မှာ ငိုရသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ငိုတော့ သူငယ်ချင်းတွေက ကျွန်မကို ချော့မော့ကာ အိမ်ပြန်ခေါ်လာကြသည်။

ထိုသူငယ်ချင်းလေးတွေသည်ပင် ကျောင်းအပြန် ချောင်းရေကျနေလျှင် တစ်ယောက်လက်ကို တစ်ယောက်တွဲ၍အားပေးမာန်တင်းရင်း ချောင်းအကျယ်ကြီးကို ဖြတ်ခဲ့ကြစဉ်က ရဲဘော်ရဲဘက်တွေ ဖြစ်ခဲ့သည်။

နန်းတော်ရှေ့ ဆရာတင်၏ ချောင်းက ဘယ်လိုနေမလဲ မသိ။ ကျွန်မတို့၏ ပင်းချောင်းကတော့ တစ်ခါတစ်ခါ ရေကျလျှင် တော်တော် ကြောက်စရာကောင်းပါသည်။

အရှေ့မြောက်အရပ်မှ မည်းမှောင်ကာ ရွာချသောမိုးဆိုလျှင် ပင်းချောင်း ရေစီးကြမ်းတမ်းကာ ရေလျှံလေသည်။ ထိုအချိန်မျိုးတွင် ရေတွေ တဝေါဝေါလိမ့်ဆင်းလာသည်မှာ ကြောက်စရာ။ အဲသည်အချိန်မျိုးမှာ ကျွန်မတို့ကလေးတစ်သိုက်သည် ကျောင်းလွယ်အိတ်လေးတွေကို ပိုက်ကာ ဘုရားကုန်းအခြေက အကြော်တဲကလေးအောက်မှာ စုထိုင်မိုးခိုကာ ချောင်းရေနည်းသွားသည်အထိ စောင့်နေရတတ်သည်။ နည်းနည်းအရဲကိုးကာ အိမ်အပြန်အလျင်လိုချင်သော ကလေးတို့အား လူကြီးတွေက ဟန့်တားကာ စောင့်ရှောက်ကြပ်မတ်ရ၏။ ကျွန်မတို့အုပ်စုကတော့ အန္တရာယ်ကင်းပြီ ဆိုမှ စိတ်ချရတော့မှ ဖြတ်ကူးလေ့ရှိသည်။ အမိက ကတော့ ကျွန်မ၏ အသည်းငယ်မှုကြောင့်ပါပဲ။ ကျွန်မက ရေနည်းနည်းနက်လျှင် ကြောက်တတ်သည်။ တွန့်ဆုတ်တွန့်ဆုတ်နှင့် နောက်ကျန်နေချင်သည့် ကျွန်မကို သူတို့တွေက အလယ်မှာထား၍ လက်ချင်းတွဲချိတ်ကာ ချောင်းကူးရ၏။





"တစ်ခါမှာတော့ မေမေက ချောင်းကူးရင်းနဲ့ ရေစီးတာကိုကြည့်ရင်း ကြည့်ရင်း မူးလာတယ်၊ ကိုယ့်ကိုယ်ကို မူးနေမှန်း မသိသေးခင်မှာ ယိုင်လဲသွားတာပေါ့ သမီးရယ်၊ အတွဲနဲ့ တန်းစီပြီး ဖြန့်လျှောက်ကူးကြတာမို့ မေမေယိုင်တော့ သူငယ်ချင်းတွေပါ ယိုင်ကုန်တာပေါ့၊ မေမေကြောက်လိုက်တာ ငိုတောင် ယူရတယ်၊ မေမေငိုတော့ ဖိုးလမင်းက အဖြစ်မရှိဘူး ဘာဘူးနဲ့ ငေါက်သေးတယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ သူကပဲ မေမေ့ကို သူ့ကျောပေါ်မှာ ကုန်းပိုးပြီး ချောင်းကူးတော့တာပဲ သမီးရယ်၊ မေမေ့ကို သူက မျက်စိမှိတ်ထားတဲ့၊ အောက်ရေပြင်ကိုငုံ့မကြည့်နဲ့၊ ဒီအတိုင်း မျက်စိမှိတ်ပြီး လိုက်ခဲ့တဲ့၊ မေမေလဲ သူငယ်ချင်းကိုကုန်းစီးရတာ ရှက်ပေမယ့် ကြောက်လွန်းတော့ မရှက်နိုင်တော့ဘူး၊ မျက်စိမှိတ်ပြီး သူ့ကျောပေါ်မှာ လိုက်လာရတာပဲ"

သူငယ်ချင်းတွေသည် ကျွန်မ ရှက်မည်ဟု သိသဖြင့် ရယ်မောစ,နောက်ခြင်းပင် မပြုကြပါ။ ကျွန်မအား စိုးရိမ်မကင်း မျက်လုံးများဖြင့် စောင့်ကြည့်ခဲ့ကြရှာသာဖြစ်သည်။ သူငယ်ချင်းဆိုတာ အဲဒါပဲပေါ့ သမီးရယ်။

အဲသည် ချောင်းပြင်သည် နွေရာသီမှာတော့ မဆုံးသော သဲကန္တာရကြီးလို ကျယ်ပြန့်ဖြူဖွေးနေတတ်ပြန်၏။ သဲကန္တာရမဟုတ်သော ကျွန်မတို့ချောင်းပြင်သည် ဆောင်းရာသီမှာတော့ ကြက်သွန်စိုက်ဖို့ မြေဩဇာကောင်းလှသော မြေကြီးလည်း ဖြစ်ခဲ့သည်။

"ကြက်သွန်ခင်းတွေမှာ ကြက်သွန်ပင်တွေက သမီးရဲ့ရင်ဘတ်လောက်တောင် မြင့်တယ်ကွယ်၊ စိမ်းစိုနေတာပဲ၊ ကြက်သွန်မိတ်ကို သိတယ်မဟုတ်လား"

ကြက်သွန်စိုက်ချိန်၊ ကြက်သွန်နုတ်ချိန်တို့တွင် ချောင်းပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေ စည်ကားလျက် ပျော်ပွဲစားထွက်ကြသလိုပဲ။ ထမင်းထုပ်တွေ ဖြည်စားကြ၊ ဘူးသီးခြောက်ရေဘူးမှ ရေကို မော့သောက်ကြ၊ သီချင်းတွေ အော်ဆိုကြ…ဘယ်လောက်များ ရင်းနှီးချစ်ခင်လိုက်ကြသလဲနော်။

*ဩော်…ငယ်မူ မဖျောက်နိုင်ဘု ပျော်လောက်ဖွယ် မယ်ရင်ရယ်…လွမ်းပါဘိတယ်၊ ဖူးဇာတ်နွယ် ဖူးတို့ဇာတ်နွယ်…နှစ်တိုင်းဆက်ထွန်းကြက်သွန်ခင်းရဲ့ အလယ်…ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်…လက်ရှည်တစ်ပြင်တည်း…ရှေးကတော့ ပိုချစ်ကြတယ်…*

တစ်ယောက်ရဲ့ ကြက်သွန်က တစ်ယောက်ထက် ပို၍ကြီးသည်၊ အထွက်ကောင်းသည်ဟု မနာလိုခြင်း မရှိ။ စိုက်ခင်းတစ်ခုနှင့် စိုက်ခင်း တစ်ခု ကူညီနေကျ၊ တိုင်ပင်နေကျ ဖြစ်သည်။ ဖိုးလမင်းတို့စိုက်ခင်းဘက်မှာ ရေနည်းလျှင် ကျွန်မတို့စိုက်ခင်းဘက်မှ ရေကို ဖောက်ပေးလိုက်တာပါပဲ။ ကြက်သွန်နုတ်ချိန်၊ ဖြတ်ချိန်တို့မှာလည်း စည်းစည်းလုံးလုံး၊ မြို့က ပွဲရုံတွေဆီ လှည်းဖြင့် တိုက်တော့လည်း စည်းစည်းလုံးလုံး။ အိမ်တစ်အိမ်မှာ ခေါင်မိုးမိုးလျှင် ဘယ်က လက်သမားမှ မရှိ၊ အိမ်နီးချင်း ယောကျ်ားတွေက ဝိုင်းမိုးပေးကြတာပါပဲ။ အဲသည်အချိန်မှာ ပဲလွန်းစေ့ဖြင့် ပေါင်းထားသော ကောက်ညှင်းဖြူပေါင်းနှင့် ယင်ပေါင်စာငါးကြော်လေးတွေနှင့်၊ ရေနွေးကြမ်းနှင့်၊ အမယ်…ငါးရံ့ခြောက်ဖုတ်တောင် ရေနွေးမြည်းဖို့ တည်ခင်းကြသေးသည်။

"ဖိုးလမင်းတို့က စောပြီး ကြက်သွန်ဖြတ်ရင် မေမေတို့က သူတို့ခြံထဲသွားပြီး ကြက်သွန်ဖြတ်ပေးကြတယ်၊ တစ်တောင်းကို တစ်မတ်ပိုက်ဆံ ရတယ်"



"တစ်မတ်ဆိုတာ ဘယ်လောက်လဲ မေမေ"

"တစ်မတ်ဆိုတာ နှစ်ဆယ့်ငါးပြားပေါ့ သမီးရယ်၊ တစ်ကျပ်ရဲ့ လေးပုံ တစ်ပုံပေါ့"

တစ်ကျပ်ကိုပင် သိပ်မသိနိုင်သော သမီးအား တစ်မတ်ဆိုတာ ဘယ်လိုလဲဟု ရှင်းပြရဦးမည်။ မနက်ဖြန်ကျမှ ကျွန်မ စုသိမ်းထားသည့် အကြွေစေ့ထုပ်ကို ပြန်ရှာရဦးမည်။ အခုတော့ သမီး၏ ကျောကလေးကို အသာဖွဖွ ပွတ်သပ်ပေးရင်း သမီး အိပ်ပျော်သည်အထိ ပုံပြင်ကို ဆက်ပြောချင်သေးသည်။

သည်နှစ် နွေရာသီရောက်လျှင်တော့ သားနှင့်သမီးကို ခေါ်လျက် ကျွန်မတို့ရွာသို့ အလည်သွားဖြစ်အောင် သွားလိုက်ဦးမည်။ သူတို့အဖေ မလိုက်နိုင်လျှင်လည်း ထားခဲ့လိုက်တော့မည်။

မြို့ပြက ကလေးတွေ၏ ဘဝသည် ကျေးရွာက ကလေးတွေ၏ ဘဝထက် ဘယ်နေရာမှာ ပို၍ကောင်းသည်၊ ဘယ်နေရာမှာ ပို၍ ဆိုးသည် ဆိုတာ သားတို့ သမီးတို့ သိချင်မှာပဲ။ ရုပ်ဝတ္ထုပြည့်စုံမှုက ပို၍သာသည့်အချက်များ ရှိသလို စိတ်ပြည့်စုံမှုက ပို၍သာသည့်အချက်များကိုလည်း သားတို့သမီးတို့ သိစေချင်သည်။ အဓိက,ကတော့ လူ့ဘဝမှာ သူငယ်ချင်းဆိုတာမျိုးဟာ ဘာကို ခေါ်တာလဲဟု သိစေချင်လှသည်။

ရွာရောက်လျှင် ဖိုးလမင်းတို့ ကြွေရုပ်တို့ကို တွေ့မှ တွေ့ရပါ့မလား။ ရှိကြမှာပါ။ သားသမီးတွေနှင့် ပျော်ရွှင်နေကြသည့် မိသားစုနှစ်စု ဖြစ်လိမ့်မည်။ ဒါမှမဟုတ် မိသားစုတစ်စုတည်းပဲလား…။

ထိုအတွေးကို ယခုမှ ကျွန်မ တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွေးကို ကျွန်မ ပြန်၍သဘောကျသွားကာ အသံထွက်၍ ရယ်မိသည်။

[မြို့မ စိန်ရတုမဂ္ဂဇင်း]

၀



## ဖိနပ်တစ်ရန်

ယောက်ျားတွေဟာ သူတို့ချစ်လှပါသည်ဆိုသော မိန်းမ၏ ခြေထောက် အရွယ်အစားကို ခန့်မှန်းရာ၌ တော်တော်ညံ့ကြပုံရသည်။

လွန်ခဲ့သည့် ဆယ်နှစ်တုန်းက ကျွန်မမှာ ကျွန်မနှင့် ကြီးမားနေသော၊ ကျွန်မလည်း မကြိုက်လှသော ပုံစံနှင့် ဖိနပ်တစ်ရန် ရှိခဲ့ဖူးပါသည်။

ထိပ်စောင်းစောင်း ပြားပြား၊ ခုံက အပြားလိုက် ပါးပါး ခြေဖဝါးနေရာမှာက ခြေချလို့ကောင်းအောင် ခွက်ဝင်ထားသည်။ သားရေအစစ်ဖြင့် ပြုလုပ်ထားသော၊ သားရေရောင်စစ်စစ်၊ ဝါညိုရင့်အရောင်ရှိသော နိုင်ငံခြားတိုင်းပြည်က ဖိနပ်တစ်ရန် ဖြစ်သည်။ သည်းကြိုးနှစ်ဆင့်က ခါးပတ်လိုပင် ကိုယ့်ခြေထောက်လုံးပတ်နှင့် ညှိပြီး ပတ်နိုင်ဖို့ အပေါက်သုံးပေါက်စီ ပါသော ဘတ်ကယ်လ်တပ် သည်းကြိုးများ ဖြစ်သည်။ ကျွန်မခြေထောက်အတွက်က အတွင်းအကျဆုံး အပေါက်တွင် တပ်ထားခါမှ ခြေဖမိုးနေရာက အတော်ပဲဖြစ်သည်။ ခြေဖမိုးက အဆင်ပြေပေမယ့် ခြေဖနှောင့်နေရာက လက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်လောက် ပိုနေသည်။ ဒါကိုတော့ ဘယ်နည်းနှင့်မှ ညှိယူလို့ မရနိုင်တော့ချေ။

ခြေထောက်နှင့် ကွက်တိသာဖြစ်ခဲ့လျှင် အဲသည် ဖိနပ် အနေအထားက စီးရတာ တော်တော်အဆင်ပြေ လှသက်သာမည်ဟု ထင်ရှားသည်။ သို့သော် ပြဿနာက ကျွန်မနှင့် မတော်ချေ။

ပုံမကျ ပန်းမကျ အရောင်လည်းမလှသော ထိုဖိနပ်သည် သူတို့ဆီမှာ ပေါ့ပေါ့ပါးပါး ရုံးသွား ကျောင်းသွားရင်း စီးကြတာ...တဲ့။ ဟုတ်ကဲ့၊ သူတို့က ကျွန်မတို့နိုင်ငံမှာလို ထဘီ ပုဆိုး ဝတ်ကြတာမှ မဟုတ်ဘဲ။ ယောကျ်ားရော မိန်းမပါ ဘောင်းဘီဝတ်ကြတာလေ။ အခုဖိနပ်က ထဘီဝတ်ခြေထောက်နှင့် လုံးဝမလိုက်ဖက်ပါ။ ဘောင်းဘီဝတ်ခြေထောက်မျိုးနှင့်သာ လိုက်ဖက်သည်ဟု ကျွန်မထင်သည်။

ကျွန်မနှင့် မတော်ဘူးဆိုတော့ ကျွန်မ၏ ညီမလေးနှစ်ယောက်နှင့်များ တော်မလား။

ကျွန်မတို့ညီအစ်မတွေက အရွယ်အစားချင်း သိပ်မကွာလှသောကြောင့် သူတို့နှင့်လည်း ကြီးမားနေသည်။

ထိုဖိနပ်ကလေးကို သူ့ဘူးနှင့်သူ ပြန်၍ သိမ်းဆည်းထားလိုက်တာ နှစ်လလောက်ရှိသွားတော့မှ ညီမအရွယ် မိတ်ဆွေကလေး တစ်ဦး အိမ်လည်လာသည်။ သူမကို ပြကြည့်တော့ သူမနှင့် ငယ်နေသည်။

"စိတ်မပူနဲ့ ဗိုလ်ချုပ်ဈေးမှာ သွားရောင်းပေးမယ်၊ ကျွန်တော့်ကို ပေးလိုက်"

ခက်နေသည်က ဤဖိနပ်သည် လက်ဆောင်ပစ္စည်းဖြစ်သောကြောင့် ဘောက်ချာပါမလာချေ။ ထို့ကြောင့် ဤဖိနပ် ဘယ်လောက်





တန်သလဲ မသိပေ။ ကိုယ်က သေချာပေါက်ဈေးမခေါ်နိုင်လျှင်တော့ နိမ်မှာပဲ။

ကိစ္စမရှိဘူး၊ ဘယ်သူနှင့်မှ မတော်ဘဲ သည်အတိုင်း ထားလျှင်လည်း အကျိုးမရှိ၊ ရောင်းပစ်လိုက်။

အဲသည် မိန်းကလေးက ဖိနပ်ကို သယ်သွားသည်။

နောက်တစ်လလောက်ကြာတော့ ဖိနပ်က အိမ်ပြန်ရောက်လာ၏။

"သူတို့က ငွေတစ်ထောင်တောင် မပေးချင်ကြဘူးအစ်မရေ၊ အဲဒါနဲ့ ကျွန်တော်ပြန်သယ်လာခဲ့တယ်၊ စီးသာ စီးပစ်စမ်းပါဗျာ၊ ဒီဖိနပ်မျိုး ဒီမှာ သိပ်မတွေ့ဖူးသေးပါဘူး"

ဟုတ်ပါတယ်။ အဲသည်ဖိနပ်မျိုး သည်နိုင်ငံမှာ အဲသည်တုန်းက ခေတ်မစားသေးပါ။ ဘယ်သူ့ခြေထောက်မှာမှ ကျွန်မ မတွေ့ဖူးသေးပါ။

ပေါ့ပေါ့ပါးပါး လမ်းလျှောက်လို့ သိပ်ကောင်းသဖြင့် ကျွန်မလို လမ်းထွက်များသည့် ဘတ်စ်ကားစီးသူတစ်ယောက်အတွက် အလွန်အဆင်ပြေသည်။ ဘယ်သူ့မှာမှ မရှိသည့် ဖိနပ်မျိုးကို စီးဖို့ ကျွန်မ အလွန်စိတ်ဝင်စားသည်။ သို့သော် ခြေဖနောင့်နေရာက သိသိသာသာ ပိုထွက်နေသော ဖိနပ်ကိုတော့ ကျွန်မ မစီးချင်ပေ။

အဲသည်လိုနှင့် အဲသည်ဖိနပ်သည် ကျွန်မ၏ အဝတ်သေတ္တာထဲမှာ ကာလကြာမြင့်စွာ သိမ်းထားခံရသော အမှတ်တရပစ္စည်းတစ်ခု ဖြစ်သွားသည်။

*

www.burmeseclassic.com

www.burmeseclassic.com



နောက် လေးငါးနှစ်ကြာသောအခါ အဲသည်ဖိနပ်မျိုး ခပ်ဆင်ဆင် တွေ ခေတ်စားစ ပြုလာသည်။

ယောက်ျားစီးသည့် ဖိနပ်ဖြစ်မည်ဟု ခန့်မှန်းခဲ့မိသော်လည်း ယောက်ျားရော မိန်းမရော စီးကြတာ တွေ့ရသည်။

ကျွန်မ ဖိနပ်ဆိုင်တွေမှာ လျှောက်ကြည့်သည့်အခါ ကျွန်မ ဖိနပ် နှင့် ခပ်ဆင်ဆင်ဖိနပ်တွေကို တွေ့ရသည်။ သို့သော် ခြေဖဝါးအခွက် ရာမှာ ကျွန်မလက်နှင့် စမ်းကြည့်တော့ ကျွန်မဖိနပ်လောက် နူးညံ့မှု မရှိ။ ကျွန်မဖိနပ်မှာက ယုန်အမွေးလို အမွေးညိုနုနုကလေးတွေ ပါသည်။ နောက်ပြီး ကျွန်မဖိနပ်လောက် သေသပ်စွာ ချုပ်ထားတာ မဟုတ်။ ကျွန်မဖိနပ်လောက်လည်း ဘယ်လှပါ့မလဲ။ ဒါထက် ဆိုး တာက ဤဖိနပ်မျိုးတွေသည် ဆိုက်ဇ်အကြီးတွေပဲ ဖြစ်နေသည်။ ကျွန်မဖိနပ်လောက် သေးသည့်ဖိနပ်ပင် ကျွန်မ ရှာမတွေ့ပေ။ ဈေး ကလည်း တော်တော်ကြီးသည်။

သည်ဖိနပ်တွေတောင် သည်လောက် ဈေးကြီးနေလျှင် ကျွန်မ ဖိနပ်ကလေး တော်တော်ဈေးကြီးမှာ သေချာသည်။ အနည်းဆုံး ဒေါ်လာ ၄–၅၀ တော့ ရှိမှာပဲဟု ကျွန်မ ခန့်မှန်းသည်။

ကျွန်မသည် ဖိနပ်ဆိုင်တွေမှ ပြန်လာသည့်အခါတိုင်း သေတ္တာ ထဲက ကျွန်မ၏ ဖိနပ်ကလေးကို အမြဲထုတ်ထုတ်ကြည့်သည်။ ခြေ ထောက်သွင်း၍ လျှို့ကြည့်သည်။ လမ်းလျှောက်ကြည့်သည်။ လျှောက် လို့ သိပ်ကောင်းတာပဲ။

ကျွန်မ ဝယ်ခဲ့သော ဖိနပ်ကို ယှဉ်ကြည့်သည်။ (ကျွန်မ ဝယ်သော ဖိနပ်မှာ ကျွန်မကြိုက်တတ်သော ခုံထူ သို့မဟုတ် ခွာမြင့် ကွင်းတပ် ဖိနပ်မျိုး ဖြစ်တတ်ပါသည်။) ဝယ်လာခဲ့သော ဖိနပ်က ခုံအမြင့် ဆို





တော့ လမ်းလျှောက်သည့်အခါ နည်းနည်း လေးသည်။ လွတ်လွတ် လပ်လပ် ပေါ့ပေါ့ပါးပါး မရှိ။ သို့သော် ကျွန်မခြေထောက်ကလေး နှင့် ကွက်တိဖြစ်နေသည်ဆိုတော့ ကျွန်မမျက်စိထဲတွင် ခြေထောက် သည် လှသွားသည်။

ထိုအခါ စိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်လိုက်ကာ သိမ်းလက်စ ဖိနပ်ကို ပြန်သိမ်းလိုက်၏။ ဝယ်လာသော ဖိနပ်ကိုသာ ချစီးပစ် လိုက်လေသည်။

အဲသည်လိုနှင့် ဖိနပ်ဆိုင်တွေရောက်တိုင်း ကျွန်မ မစီးဖြစ်သော ကျွန်မဖိနပ်မျိုး ပုံစံတူတွေဘက်သို့ အမြဲလျှောက်ကြည့်သည့်အကျင့် ကို ရခဲ့သည်။ အဲသည်အထဲက အသေးဆုံး ဖိနပ်တစ်ရန်ကို စိတ် ဝင်စားစွာ စီးကြည့်သည်။ ကျွန်မနှင့် တော်တော်ကြီးနေမည်ဆိုတာ သေချာပါသည်။

နောက်တော့ ကျွန်မဝယ်နေကျဖိနပ်ကိုပဲ ဝယ်ကာပြန်ခဲ့ရသည် ချည်းပင် ဖြစ်သည်။

အိမ်ပြန်ရောက်လျှင်တော့ ထုံးစံအတိုင်း သိမ်းထားသောဖိနပ် ကလေးကို ထုတ်ကာ စမ်းစီးကြည့်သည်။ လျှောက်ကြည့်သည်။ လျှောက်ရတာ သိပ်ကောင်းသည်။ သို့သော် ခြေဖနောင့်နေရာက ပိုထွက်နေသောဖိနပ်သည် ဘယ်အခါ စီးလိုက်စီးလိုက် ခြေထောက် နှင့် ပိုတော်လာသည်ဟု မရှိချေ။

နှစ်တွေ ဘယ်လောက်ပဲ ပြောင်းပြောင်း ကျွန်မ၏ ခြေထောက် ကလည်း ပို၍ကြီးမလာခဲ့။ ဖိနပ်ကလေးကလည်း ပို၍ကျုံ့မသွား ခဲ့ပေ။

*



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းကတော့ ကျွန်မ ရေနံချောင်းသို့ ခရီးသွားဖို့ အဝေးပြေး ကားဂိတ်သို့ သွားခါနီးအချိန်မှာ စီးလက်စဖိနပ်က သိပ်အခြေအနေ မကောင်းတော့တာ တွေ့ရ၍ ဖိနပ်လဲဖို့ လိုနေသည်။

ထိုအခါ အနှစ်နှစ်အလလ သိမ်းထားသောဖိနပ်ကလေးကိုထုတ်စီးခဲ့လေသည်။

ရေနံ ချောင်း သည် ကျွန်မ ၏ ဇာတိမြို့ ဖြစ်သည်။ ကျွန်မ ၏ ကလေးဘဝနှင့် လူငယ်ဘဝအပြင် လူကြီးဘဝ တစ်ပိုင်းတစ်စကို ပင် ဖြတ်သန်းခဲ့ရသောမြို့ ဖြစ်သည်။ ရေနံချောင်းသည် ခေတ်မီ ဖွံ့ဖြိုးသော မြို့လည်း မဟုတ်။ ဖက်ရှင်ကျကျ ဝတ်စားရာလိုသော မြို့လည်း မဟုတ်။ ကျွန်မနှင့် ကြီးနေသောဖိနပ်ကို စီးလို့လည်း ကျွန်မကို ကဲ့ရဲ့ရှုတ်ချမည့် ရယ်မောမည့်မြို့ မဟုတ်။ ရေနံချောင်းသည် ကျွန်မ ဘာကောင်လဲ ကောင်းကောင်းသိပြီးသားမြို့ဖြစ်သည်။ ရေနံချောင်းမြို့ ကတ္တရာလမ်းမပေါ်မှာ မိုးသည်းကြီးမည်းကြီး ရွာနေချိန်တွင် ညီအစ်မသုံးယောက် ခုံဖိနပ်ကိုယ်စီဖြင့် တခွပ်ခွပ်လမ်းလျှောက်ကာ ဈေးဘက်သို့ ခဏခဏသွားခဲ့ကြဖူးသည် မဟုတ်လား။

ထို့ကြောင့် သိမ်းထားသော ဖိနပ်ကလေးကို ပထမဦးဆုံးအကြိမ် မရှိသုံးအဖြစ် အသုံးပြုခဲ့လေသည်။ တကယ် စီးလို့ကောင်းသည့် ဖိနပ်ကလေးပဲ။

ခြေထောက်တွင် ဖိနပ်သည် အလိုအလျောက် ပါလာသည်။ ဖိနပ်တစ်ခု စီးထားပါလားဟူသော အသိ၊ ခံစားချက်မျိုး မရ။ ဖိနပ်သည် ကျွန်မအတွက် မသိလိုက် မသိဘာသာ မေ့ထားလို့ ရသော အရာတစ်ခု ဖြစ်သည်။

ထိုအချိန်က ဇန်နဝါရီလ ချမ်းအေးလှသည့်အချိန် ဖြစ်သည်။



ရန်ကုန်မှအထွက်တွင် ရာသီဥတုအရရော၊ နေ့တစ်နေ့၏ အချိန်ကာလ ရရော ချမ်းအေးမှုမရှိသေး။ ပြည်အဝင်မှာတော့ ချမ်းလာပြီ။ သို့သော် ကားပေါ်ကအဆင်း ဟိုဆိုင်သည်ဆိုင်သို့ အသွားတွင် ခြေထောက်သည် နွေးထွေးနေသည်။ ဖိနပ်ကလေး၏ ကျေးဇူးပဲ ဖြစ်၏။ လူသည် ထိုဖိနပ်ကလေး၏ ပေါ့ပါးမှုကြောင့် မြောက်ကြွမြောက်ကြွပင် ဖြစ်နေသည်။

ကိုယ်နဲ့ တော်တာတွေ မတော်တာတွေ၊ ဖက်ရှင်ကျတာတွေ မကျတာတွေ စဉ်းစားမနေနဲ့တော့။ ကိုယ့်အတွက် စီးလို့ အဆင်ပြေတဲ့ ဖိနပ်ကို ကိုယ်စီးတာ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ။

ရန်ကုန်သို့ ပြန်ရောက်ရင်လည်း သည်တိုင်းဆက်စီးသွားတော့မည်။

ရေနံချောင်းမြို့တွင် ကျွန်မသည် မြို့ရှိ သံဃာအကုန် ဆွမ်းကြီးလောင်းလှူရမည်ဖြစ်သည်။ သည်နေ့ သည်ရက်ကို ရဖို့ ကြိုတင်ရက်ချိန်းယူထားပြီးသား ဖြစ်သည်။

ရေနံချောင်းမြို့သို့ ရောက်သောအခါ နံနက် လေးနာရီခွဲပြီးခါစ ဖြစ်သည်။

ထိုနေ့ တစ်နေ့လုံး ကျွန်မတို့ ညီအစ်မတစ်တွေ ဈေးသွားကြ ဝယ်ကြ ခြမ်းကြ ချက်ပြုတ်ကြသည်။ အဲဒီ ဖိနပ်ကလေးက ပါလို့ ပါမှန်း မသိရအောင် ပေါ့ပါးသွက်လက်နေခဲ့သည်ကိုတော့ ပြောစရာပင် မလိုဘူးထင်ပါသည်။

ထိုအချိန်က ဝါပအချိန်ကာလဖြစ်၍ သံဃာပေါင်း တစ်ထောင့်သုံးရာနီးပါးပဲ ရှိသည်။ ဝါတွင်းကာလဆိုလျှင် သံဃာ အပါး ၁၅၀၀ ကျော်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလှူမည့်ဟင်းက ထုံးစံအတိုင်း ကျွန်မချက်နေကျ ပုစွန်ခြောက်နှင့် ငါးခြောက်နှင့် ထောင်း၍ကြော်သော ဟင်း အကြော်တစ်ခွက်၊ ကုလားပဲဟင်း ဆီပြန်တစ်ခွက်၊ ငရုတ်သီးနှင့် ငါးပိ ရောကြော်သော ငရုတ်သီးငါးပိဆီကြော်တစ်ခွက်၊ သရက်ချဉ်သုပ် တစ်ခွက် ဖြစ်သည်။

ကျွန်မက အသားငါးနှင့်ပတ်သက်လျှင် အတွေးက တော်တော်ကြောင်သည်။ သံဃာ အပါး ၁၃၀၀ အတွက် ဝက်၊ ကြက် စသည်တို့ကို ကြိုတင်မှာရပြီဆိုလျှင် ဒါဟာ သာမန် ဈေးမှာ ရနိုင်သည့် အသားထက် ပိုနေပြီဖြစ်သည်။ ထို့ကြောင့် ကျွန်မဆွမ်းကြီးလောင်းမည့် ကိစ္စအတွက် သတ္တဝါတွေ သီးသန့်သေဆုံးပေးရမည် ဆိုတာ မဖြစ်သင့်သောအရာပဲဟု ကျွန်မ တွက်သည်။ ဒါကြောင့် ကျွန်မသည် ဆွမ်းကြီးလောင်းတိုင်း ငါးခြောက်နှင့် ပုစွန်ခြောက်ကိုသာ အားကိုးခဲ့ပါသည်။

ကျွန်မအတွက် ဘယ်သတ္တဝါမှ သေစရာမလိုခဲ့ဘူး။

ထိုအတွေးဖြင့် ကျွန်မသည် ချက်ပြုတ်နေစဉ်တွင်လည်းကောင်း၊ နောက်တစ်နေ့ နံနက် သံဃာတော်များကို ဆွမ်းလောင်းနေစဉ်တွင် လည်းကောင်း စိတ်ကျေနပ်ကြည်နူးလျက်ရှိသည်။

ဆွမ်းလောင်းသည့် စင်သည် အိမ်ရှေ့တည့်တည့်မှာ ရှိသည်။

ဆွမ်းလောင်းသည့်အခါ ဖိနပ်ကို ချွတ်ပြီး လောင်းလှူရသော ထုံးစံ ရှိသည်။ သံဃာတော်များအား ရိုသေသောအားဖြင့် ဖြစ်သည်။

တကယ်ဆိုလျှင် ကျွန်မသည် ခြံဝင်းထဲမှာပင် ဖိနပ်ချွတ်ထားခဲ့ပြီး ဆွမ်းလောင်းစင်မှာ ရပ်နေခဲ့ရမည်ဖြစ်သည်။ ကျွန်မတို့ မိသားစု အားလုံး သည်လိုပဲ ဖိနပ်ချွတ်ထားခဲ့ကြသည်။





သို့သော် ကျွန်မသည် ဖိနပ်ကို အိမ်ဝင်းထဲမဟုတ်သော တစ်နေရာရာတွင် ခဏချွတ်ထားခဲ့မိသည်။ နံနက် လေးနာရီမှ နံနက် ခုနစ်နာရီလောက်အထိ ဆွမ်းလောင်းလိုက်၊ နေရာလဲလိုက်၊ အိမ်ထဲ ဝင်လိုက် လူလဲလိုက်၊ ပြန်လာလိုက်နှင့် ကျွန်မတို့အားလုံး ရှုပ်ယှက်ခတ်နေခဲ့ကြရာ သံဃာအားလုံး ကုန်သွားတော့မှပဲ အိမ်ထဲသို့ ပစ္စည်းတွေ သိမ်းတော့မှပဲ ကျွန်မ ချွတ်ထားသော ဖိနပ်ကို သတိရသည်။

ဖိနပ်ကလေးကို ကျွန်မ ဘယ်နေရာမှာမှ မတွေ့ရတော့ပေ။

ဆွမ်းကြီးလောင်းပွဲဆိုသည်မှာ လူအစုံလာကြသည့်နေရာဖြစ်သည်။ အိမ်နီးချင်းတချို့က ကုသိုလ်ကောင်းမှုအတွက် သာမုခေါ်ဖို့ လာကြသည်။ ဆွမ်းလောင်းအသင်း လူကြီးများက ဝေယျာဝစ္စ အမှုကိစ္စတို့ကို ထိန်းသိမ်းရန် လာကြသည်။ ထိုလူကြီးသူမများကို နံနက်အစောစာ ခေါက်ဆွဲသုပ်၊ စမူဆာသုပ် စသည်တို့ဖြင့် ဧည့်ခံရသည်။ ဆွမ်းလောင်းဌာနအနီးတွင် အားပေးကူညီသူများ၊ ရပ်ကြည့်သူများအပြင် သဒ္ဓါသရွေ့ အလှူခံကြသော အလှူခံသူများ စသည်ဖြင့် လူအမျိုးပေါင်းစုံသည်။

ဥစ္စာပျောက် ငရဲရောက် ဆိုသည့်စကားပုံအရ ကျွန်မသည် ဘယ်သူ့ကိုမှ မထင်အပ် မထင်ကောင်းသော်လည်း တစ်စုံတစ်ယောက်ကတော့ဖြင့် ကျွန်မဖိနပ်ကလေးကိုစီးသွားခဲ့ပြီ။ သို့မဟုတ် ယူသွားခဲ့ပြီ။

ထိုနေ့တစ်နေ့လုံး ကျွန်မသည် ဆွမ်းကြီးလောင်းလှူရာမှ ရလိုက်သော စိတ်ကြည်နူးမှုကလေးအား လွတ်လွတ်လပ်လပ်မခံစားနိုင်ဘဲ ဖိနပ်ပျောက်သွားသည့် ကိစ္စအတွက် စိတ်ကသိကအောက်ဖြစ်နေခဲ့ရတော့သည်။



www.burmeseclassic.com

ဖြစ်မှဖြစ်ရလေ၊ ငွေ လေးငါးသောင်းတောင် အကုန်ခံပြီး အလှူ ပေးနိုင်ပြီးတဲ့နောက် ဒီဖိနပ်ကလေးတစ်ရန်ကို ပျောက်ရတာ ဘာများ နှမြောနေဦးမှာလဲ။ ကိုယ့်ကိုယ်ကို အပြစ်တင်ကြည့်သည်။

ဆွမ်းလောင်းလှူတာက စိတ်ပိုင်းဖြတ်ပြီးသား၊ ဖိနပ် ပျောက် သွားတာက စိတ်ပိုင်းဖြတ်တဲ့အထဲ မပါဘူး။ ကိုယ် မရည်ရွယ်ဘဲ ပျောက်သွားတဲ့ ဖိနပ်ကလေး နှမြောတာပေါ့။

နေစမ်းပါဦး၊ အဲဒီဖိနပ်ကို ဘယ်တုန်းကမှ စီးဖို့တောင် စိတ် မကူးခဲ့ဘဲနဲ့ ရန်ကုန်မှာတုန်းက ခုနစ်နှစ်လောက်ကြာအောင်တောင် သိမ်းထားခဲ့တာမဟုတ်လား။ ဖိနပ်ကလေးဟာ ကိုယ့်ဆီမှာ ရှိနေခဲ့ ပေမယ့် မရှိခဲ့သလိုပါပဲ။

အဲဒါနဲ့ မဆိုင်ဘူး။ စီးစီး မစီးစီး ဒါ ကိုယ့်ဖိနပ်ပဲ။ ကိုယ့်ဖိနပ် ဟာ ကိုယ့်ဆီမှာ ရှိနေစေချင်တာပဲ။

ဒါပေမဲ့ အခု သူများယူသွားပြီမဟုတ်လား။ စီးစရာဖိနပ်မရှိလို့ ယူတာပဲဖြစ်ဖြစ်၊ အသုံးလိုလို့ ရောင်းဖို့ ယူတာပဲဖြစ်ဖြစ် ဒီဖိနပ်ဟာ တစ်ယောက်ယောက်အတွက်တော့ အသုံးကျသွားပြီပေါ့။ ကိုယ် လှူ လိုက်တဲ့ အလှူနဲ့အတူ မျှဝေလိုက်စမ်းပါ။

သို့သော် ကျွန်မ အခဲမကျေနိုင်ခဲ့ပေ။

အဲဒီဖိနပ်အစား တခြားဖိနပ်တစ်ရန် ပျောက်သွားလိုက်စေချင် သည်။ အခု ပျောက် အခုဝယ်လိုက်လို့ရသော အခြားဖိနပ်တစ်ရန် သာ ပျောက်လိုက်စမ်းပါတော့။

ကျွန်မ တန်ဖိုးထားခဲ့သည်ဖြစ်စေ၊ မထားခဲ့သည်ဖြစ်စေ ကျွန်မ ၏ ဖိနပ်ကလေးကတော့ ပျောက်ဆုံးသွားခဲ့ပြီ။

*



ယခုအချိန်တွင် ဖိနပ်ဆိုင်တွေ ဖိနပ်ဆိုင်တွေ ခမ်းနားစွာ ပေါ ပေါက်လာကြတာ မနည်းပါ။

ဖိနပ်ဆိုင်တွေ ရောက်တိုင်း ကျွန်မ၏ ပျောက်သွားသော ဖိနပ် ကလေးနှင့် အမျိုးအစားတူ၊ အဆင့်အတန်းတူ ဖိနပ်များ တွေ့လေ မလားဟု ရှာကြည့်မိသည်။

ဒေါ်လာ ၄–၅၀ နှင့် တန်ဖိုးညီမျှသည့်ငွေ ဖြစ်စေဦးတော့ ကျွန်မ ဝယ်ချင်ပါသည်။ ကျွန်မ၏ ခြေထောက်က အလွန်သေးကွေးသော ကြောင့် အရွယ်ကိုက် ဖိနပ်တော့ ရလိမ့်မည်ဟု မမျှော်လင့်စကောင်း ပါ။ ဖနောင့်နေရာက နည်းနည်းပိုနေသည်ဖြစ်ပါစေ၊ ကျွန်မ၏ ဖိနပ် ကလေးလိုသာ နူးညံ့မည်၊ သေသပ်စွာ ပုံပန်းကျမည်၊ လှပမည် ဆို လျှင် ကျွန်မ ဝယ်မိမှာပဲ ဖြစ်သည်။

သို့သော် ယခုအချိန်အထိတော့ ကျွန်မ၏ ဖိနပ်ကလေးမျိုး ရှာ မတွေ့သေးပါ။

[စံပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၀ အောက်တိုဘာ]

၀

www.burmeseclassic.com

www.burmeseclassic.com

## အချိန်နှင့်လူ

သူသည် 'အိမ်' ဟူသော စာလုံးကို လက်ရေးကြီးကြီးဖြင့် ရေးချလိုက်၏။ ထို့နောက် သူ နွားနို့တစ်ခွက် သောက်သည်။ ထို့နောက် ပြတင်းပေါက်ကို သွားပိတ်သည်။ လရောင်သည် ခြံစည်းရိုး သစ်သားတိုင်များကို ရှည်မျော့မျော့အရိပ်များ ဖြစ်ပေါ်လျက် ရှိသည်။ သူ လကို မနှစ်မြို့ပါ။ လသည် ဆွံ့အ သော သို့မဟုတ် ဆွံ့အ ဟန်ဆောင်ထားသော သက်သေတစ်ယောက်ဖြစ်သည်။ အကယ်၍သာ ပြောမည်ဆိုလျှင် လသည် စကားအခွန်းပေါင်းများစွာ ပြောစရာရှိ၏။ ဖွင့်ချစရာ အမှန်တရားတစ်ခုလည်း ရှိ၏။

သူ ပြတင်းပေါက်မှ ပြန်လှည့်လာသောအခါ သူ့မျက်စိတွင် တစ်ခုခု ထူးခြားမှုကို မြင်ခဲ့ရသည်ဟု မှတ်မိသည်။ ဘာတစ်ခုခုလဲဟု သူ မမှတ်မိ။ ပြတင်းပေါက် မပိတ်မီက မြင်ခဲ့ရခြင်းဖြစ်သည်။ တော်တော် ကိုးရိုးကားရား နိုင်လှသော ဟာသ တစ်ခုမှန်းတော့ သိ၏။ ပြတင်းပေါက်ကို ပြန်ဖွင့်ပြီး ကြည့်လိုက်ရန် စိတ်ကူးပေါ်ချိန်တွင် သူ စားပွဲဆီသို့ ပြန်ရောက်နေပြီ။ ထို့ကြောင့် သူသည် ပြတင်းပေါက်ဆီ မသွားတော့ဘဲ ကုလားထိုင်မှာသာ ထိုင်ချလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ အိမ်တစ်လုံး ရှိသည်"။ ထိုစာကြောင်း ရေးပြီးသောအခါ သူ မျက်မှောင်ကြုတ်လိုက်၏။ လူတစ်ယောက်မှာ အိမ်တစ်လုံး ရှိတာ ဘာဆန်းသနည်း။ ထို့နောက် သူ တစ်ခါက တွေ့မြင်ခဲ့ဖူးသော အိမ်မရှိသည့်လူများကို သတိရသွားသည်။ သစ်ပင်အောက်တွင် နေထိုင်သူများ၊ လယ်ကွင်းစပ်တွင် နေထိုင်သူများ၊ အမှိုက်ပုံဆောင်းတွင် နေထိုင်သူများ၊ ယိုင်နဲ့နေသော ထန်းရွက်တဲဖြင့် နေထိုင်သူများ...။ သူသည် သူ့ကိုယ်သူ အံ့ဩသွား၏။ ထိုသူများ ရှေ့မှောက်တွင် ကိုယ့်ကိုယ်ကို ရှက်ရွံ့စိတ် တစ်ခါမှ ပေါ်မလာဖူးသောကြောင့် ဖြစ်သည်။

"အိမ်တိုင်းတွင် ခြံစည်းရိုး ရှိသည်"။ ခြံစည်းရိုးသည် လိုအပ်၏။ ဘာကြောင့် ခြံစည်းရိုး လိုအပ်ပါသလဲ။ တိရစ္ဆာန်တွေ ဝင်ရောက် ဖျက်ဆီးမှာ စိုးလို့လား။ ယဉ်ပါးသော တိရစ္ဆာန်များသည် မဖျက်ဆီးတတ်ပါ။ ရိုင်းစိုင်းသော တိရစ္ဆာန်များသည် လူတွေကို ကြောက်သဖြင့် လူနှင့်ဝေးရာ တောတွင်းမှာ နေထိုင်ပါသည်။ ခြံစည်းရိုးသည် လူများအတွက် သက်သက် ဖြစ်သည်။ လူသည် ယဉ်ကျေးလာလေ လောဘများလာလေ ဖြစ်သည်။ ကျောက်ခေတ်တွင် ခြံစည်းရိုး မလိုအပ်ပါ။ ကျောက်ဂူသည် လူတို့ စုပေါင်းနေထိုင်ရာ ရပ်ကွက် ဖြစ်သည်။ သူသည် ရပ်ကွက်ဟူသောအတွေးကို သူ့ဟာသူ ရယ်မောမိ၏။ ဘယ်လောက်များ ကန့်သတ်မှု ကျဉ်းမြောင်းလိုက်သည့်စကားလုံးလဲ၊ ရပ်ကွက်ထက် ပို၍ ကန့်သတ်မှုကျယ်ဝန်းသည့် စကားမှာ မြို့ဖြစ်သည်။ မဟုတ်ပါ။ မြို့သည် ရပ်ကွက်ထက် ပို၍ကျဉ်းပါသည်။ မြို့ထက် ပို၍ကျဉ်းသည်က နိုင်ငံ။ နိုင်ငံထက် ပို၍ကျဉ်းသည်က ဘာလဲ။ ကမ္ဘာဆိုသော အသုံးအနှုန်းသည် ကျဉ်းမြောင်းသလား ကျယ်ဝန်းသလား သူ မသိပါ။ ထို့ကြောင့် သူသည် 'ကမ္ဘာ' စကားလုံးကို ဘယ်တော့မျှ မသုံးတတ်ပါ။ သူသည် ခြံစည်းရိုး ထံ ပြန်ရောက်သွားပြန်၏။

"ကျွန်တော့်အိမ်မှာ ခြံစည်းရိုး ရှိသည်"။ အိမ်တစ်အိမ်တွင် ခြံစည်းရိုး ထားရခြင်းအဖြစ်သည် ၎င်းပတ်ဝန်းကျင်မှ လူသားများအားလုံး သိက္ခာကျဆင်းစေသောအဖြစ် ဖြစ်သည်။ သို့သော် သူတို့သည် ကိုယ့်ကိုယ်ကို မရှက်ကြပါ။ ထို့ကြောင့် ပို၍ပို၍ ခိုင်ခံ့သော ခြံစည်းရိုးကို တီထွင်လာကြသည်။ ချုံပင်သစ်ပင်တန်းမှ ဝါးဖြင့် ပြုလုပ်သော ဝင်းထရံ၊ ထိုမှတစ်ဆင့် သံချောင်းဖြင့် ပြုလုပ်သော ခြံစည်းရိုး၊ ထိုမှတစ်ဆင့် အုတ်တံတိုင်းအမြင့်ကြီးများ၊ ထိုမှတစ်ဆင့် အုတ်တံတိုင်းပေါ်မှ ချွန်ထက်သော သံစူးများ သို့မဟုတ် ပုလင်းကွဲချွန်များ၊ ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အား လွှတ်ပြီး ကာကွယ် တားဆီးမှု၊ ထိုမှတစ်ဆင့် လေဆာရောင်ခြည်။

"သူ့အိမ်မှာ အုတ်တံတိုင်းရှိသည်"။ ထိုအခါကျမှ စောစောက ပြတင်းပေါက်မှ မိမိမြင်ခဲ့ရသော ကိုးရိုးကားရားနိုင်လှသည့် ထူးဆန်းမှုမှာ တစ်ဖက်အိမ်က အုတ်တံတိုင်းကြီးဖြစ်သည်ဟု သတိရသွား၏။ ဒါ ငါ့ကို စော်ကားတာပဲ။ ထိုအတွေးသည် ဘာဖြစ်လို့ ယနေ့ညကျမှ သူ့ထံ ဝင်ရောက်လာရပါလိမ့်။ အုတ်တံတိုင်း မြင့်မြင့်နှင့် အိမ်ကြီးများကို မြင်တွေ့နေရသော အိမ်မဲ့ယာမဲ့ လူတန်းစားများ ဘယ်လောက် မုန်းတီးနာကြည်းလိုက်ကြမလဲ။ သူလိုကိုယ်လို ခြံစည်းရိုး ရှိသူများသည် အချင်းချင်း ပြန်စော်ကားခွင့် ရနေသောကြောင့် ကျေနပ်နေကာ စော်ကားခြင်း၊ သိက္ခာကျခြင်းဟူသော အဖြစ်ကို မေ့နေကြခြင်းဖြစ်၏။







www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ လွယ်ကူသောကိစ္စကို ရှုပ်ထွေးအောင် လုပ်ချင်ကြသူများဖြစ်သည်။ တကယ်တော့ လူတို့မှာ စိတ်တွင်း၌ ကိုယ်တိုင်ဆောက်တည်ကာဆီး၍ရသော စည်းများ ရှိပါလျက် အသုံးမပြုကြ၊ မဆောက်တည်ကြချေ။ စိတ်၏ စည်းရိုးသည် လူတိုင်းအတွက် ရယူရန် လွယ်ကူသောပစ္စည်းဖြစ်သည်။ လှပသောပစ္စည်းလည်း ဖြစ်သည်။ ငွေကြေးလည်း မလို။ သို့ပါလျက် လူတို့သည် ခြံစည်းရိုးကို သွေးရူးသွေးတမ်း ကာကြသည်။ တကယ်တော့ ခြံစည်းရိုးသည် စိတ်စည်းရိုးလို လုံခြုံသည်လည်း မဟုတ်ချေ။

"နိုင်ငံတစ်ခုတွင် နယ်နိမိတ်ကန့်သတ်ချက် ရှိသည်"

အိမ်၏ ခြံစည်းရိုးနှင့် နိုင်ငံ၏ နယ်နိမိတ်ကန့်သတ်ချက် ဆိုသည်မှာ အတူတူပါပဲ။ လူသားအချင်းချင်း ဘာကြောင့် ရန်သူတွေ ဖြစ်နေရသနည်း။ ဘာကြောင့် တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှု မရှိကြသနည်း။

သူသည် တစ်ခါတစ်ခါ လ ကို မနှစ်မြို့သော်လည်း တစ်ခါတစ်ခါ လ ကို အားကျ၏။ လ သည် သူ့စားပွဲပေါ်က သောက်ရေခွက်ထဲသို့ ကြာခဏ ခုန်ခုန်ချဖူးသည်။ သူ လ ကို စကားတွေ အများကြီး ပြောဖူးသည်။ လ က တစ်ခွန်းမှ ပြန်မပြောချေ။ လ သည် ဆွံ့အ ဟန်ဆောင်ထားသော ဘဝင်မြင့်သူတစ်ယောက် ဖြစ်ချင်ဖြစ်နိုင်သည်။ ကမ္ဘာပေါ်မှာ လူသားအချင်းချင်း ဖြစ်ပျက်နေကြသော အမှုကိစ္စများကို ငုံ့ကြည့်ရယ်မောနေသူ ဖြစ်ချင်ဖြစ်နိုင်သည်။

တစ်ခါတုန်းကတော့ နယ်နိမိတ်ကန့်သတ်မှုများနှင့် ချုပ်ကိုင်ထားလက်နက်များအကြောင်း သူ ပြောနေစဉ် ရေခွက်ထဲက လ က ပြုံးသည်။ သူ ရှက်တရက် စိတ်အချဉ်ပေါက်သွား၏။



"အေးပေါ့ဗျာ၊ အခုနေတော့ ခင်ဗျား ပြုံးနိုင်သေးတာပေါ့၊ သိပ်မကြာခင်ကာလမှာ ခင်ဗျား အခုလို ပြုံးနိုင်မှာမဟုတ်တော့ပါဘူး၊ ဘာလို့လဲ သိလား၊ လူ ဆိုတဲ့ကောင်တွေဟာ နယ်ချဲ့တဲ့အတတ် မွေးကတည်းက တတ်လာကြတာဗျ၊ နောက်ပြီး အမြဲတမ်း နယ်ချဲ့ဖို့ပဲ ကြိုးစားနေကြတာ မဟုတ်လား၊ ဟော...အခုကိုပဲ ကမ္ဘာမှာ နယ်ချဲ့ရတာ အားမရလို့ ခင်ဗျားဆီ လာနယ်ချဲ့ဖို့ စီစဉ်ကုန်ကြပြီ၊ နေရာဦးကုန်ကြပြီ၊ ခင်ဗျားဆီ လူတွေ ရောက်လာတော့မှာ၊ အဲဒီကျရင် ခင်ဗျားလဲ ဟောဒီကမ္ဘာမြေပြင်လိုပဲ..."

သူ ဟက်ဟက်ပက်ပက်အော်ရယ်သောအခါ လသည် စိတ်ဆိုးသွားခဲ့ပါသည်။

သူသည် သူ ရေးလက်စ 'လူ့ယဉ်ကျေးမှု အဆင့်ဆင့် မြင့်မားတိုးတက်လာမှု' ဟူသော စာတမ်းကို အဆုံးသတ်ချင်လှပြီ။ နောက်ဆုံးတွင် သူသည် လူသားမျိုးဆက်သက်တမ်းကို ခန့်မှန်းပေးဦးမည် ဖြစ်သည်။ လူသားမျိုးဆက်ထက် ပို၍ရေးကျခဲ့သော သစ်တောများ၊ တောင်တန်းများ၊ မြစ်ချောင်း ပင်လယ်များ၏ သက်တမ်းနှင့်လည်း နှိုင်းယှဉ်ပြပေးဦးမည်ဖြစ်သည်။ လူသား၏ သိပ္ပံပညာ ထွန်းကားလာသောအခါ လူသားသည် ထိုရေမြေသဘာဝထက်ပင် မျိုးဆက်သက်တမ်း ရှည်အောင် ကိုယ့်ကိုယ်ကို ဖန်ဆင်းပြုပြင်နိုင်လိမ့်မည် ဖြစ်ကြောင်း အကောင်းမြင်သမားအဖြစ် ကောက်ချက်ချပေးရဦးမည်ဖြစ်သည်။ သူသည် ရေးသာရေးနေရသော်လည်း လူ့ယဉ်ကျေးမှု ဂရုပ်ဖ်မျဉ်းကြောင်းသည် တစ်ဖက်က သူ အကွက်ချ တွက်ထားသော အများစုသော လူသားတို့၏ ပျော်ရွှင်မှုဂရုပ်ဖ်မျဉ်းကြောင်းနှင့် အချိုးကျကျဖြစ်ပေါ်ပါမလားဟု စဉ်းစားနေ၏။ စာတမ်း မပြီး

www.burmeseclassic.com

www.burmeseclassic.com



မီ သူ ကြို့တင်၍ မြင်ကြည့်ရသလောက်တော့ ပျော်ရွှင်မှုသည် တိုးတက်မှုနောက်သို့ အချိုးညီညီ တက်မလာဘဲ အောက်သို့ တရိပ်ရိပ် ကျဆင်းလျက်ရှိသည်။

သို့သော် သူ ညာရမည်။ သူ့စာတမ်းသည် စိတ်ညစ်ဖွယ်ရာ စာတမ်း မဖြစ်စေရ။ တုန်လှုပ်ချောက်ချားဖွယ်ရာ မဖြစ်စေရ။ စာတမ်းကို ကြားနာမည့် ပုဂ္ဂိုလ်သည် ပျော်ရွှင်ချင်သူသာ ဖြစ်မည် မဟုတ်လား။ သူသည် ဘ၀မှာ အတတ်ကျွမ်းဆုံးသောပညာဖြင့် ကောက်ချက် တစ်ခုကို လုပ်စွာ ချပြတတ်မည်ဟု သူ့ကိုယ်သူ အားတင်းရင်း စာတမ်း ဆက်ရေးလေသည်။

သူ့နားထဲမှာ အသံတစ်ခု ကြားလိုက်ရသည်။ ဤအချိန် ဤနေရာတွင် မကြားသင့်သောအသံဖြစ်၏။ ဘာသံလဲဟုတော့ မသိ။ သူ့နောက်ဘက်ရှိ အိပ်ခန်းထဲက ဖြစ်သည်။ တစ်စုံတစ်ယောက် တစ်ခုခုနှင့် တိုးတိုက်မိသလား။ ဖြစ်သင့်သည်မှာ ဤအချိန်မှာ အားလုံး အိပ်မောကျနေရမည်။ သူသည် သူကြားရသောအသံမှာ မဖြစ်နိုင်ဟု ကောက်ချက်ချနိုင်လိုက်၏။ ခဏကြာတော့ အသံတစ်ခု ကြားရပြန်သည်။ သူ့ညာဘက် နောက်ဘက်ရှိ တံခါးဆီမှ ဖြစ်သည်။ တံခါးလက်ကိုင် လှည့်ဖွင့်သံဟု ထင်သည်။ သူလှည့်ကြည့်လိုက်၏။ စာကြည့်မီးကြောင့် ကျဉ်းကျုံ့နေသော မျက်စိသူငယ်အိမ်သည် အမှောင်ရိပ်ကျသော တံခါးတွင် အရှည်လိုက် ကပ်နေသော အရာကို လူတစ်ယောက်အဖြစ် မြင်ဖို့ ချက်ချင်းမစွမ်းဆောင်နိုင်ပေ။ ထို့ကြောင့် ထိုအရာသည် တံခါးဖွင့်၍ ထွက်သွားပြီးမှ ဒါ လူ တစ်ယောက်ပဲဟု သူ သတိပြုမိသည်။ ထိုအချိန်၌ သူသည် ထုံးစံအတိုင်း ဆင်ခြင်ကြည့်ရပြန်သည်။ ဤတစ်စုံတစ်ယောက်မှာ ဘယ်သူလဲ။





သူ့မိန်းမလား၊ သူ့သားလား၊ သူ့သမီးလား၊ ဒါမှမဟုတ် ထမင်းချက်သည့် မိန်းမလား။ သူတို့ အပြင်မှာ ကိစ္စတစ်ခုခုရှိ၍ ထွက်သလား။ သူသည် စာကြောင်းတစ်ကြောင်းကို ဆက်ရမည်ပြုပြီး ထိုတစ်စုံတစ်ယောက်၏ လက်ထဲတွင် တစ်ခုခုကို ပွေ့ကိုင်ထားသည်ဟု မှတ်မိ၏။ သူ ဖောင်တိန်ကို လွှတ်ချလိုက်သည်။ သေချာအောင် ထွက်ကြည့်မှ ဖြစ်မည်။

ခြံထဲတွင် ထိုသဏ္ဍာန်သည် ခပ်သုတ်သုတ်ရှေ့သို့ လျှောက်သွားလျက် ရှိသည်။

"ဟေ့"

သူ လှမ်းအော်ဟန့်တားသော်လည်း မရ။ ၀ေ၀ေ၀ါး၀ါးသဏ္ဍာန်သည် ယောကျ်ားတစ်ယောက်အသွင် ဖြစ်၏။ လမ်းလျှောက်ပုံမှာ သူ့သားနှင့် မတူပါ။ ဖျတ်ခနဲ စဉ်းစားလိုက်မိသည်မှာ သူခိုး ဟူသော စကားလုံးဖြစ်သည်။ ခြစ်စည်းရိုးအကြောင်း စဉ်းစားနေချိန်မှာ ခြစ်စည်းရိုး လိုအပ်ပါသည်ဟု ခိုင်မာစွာ သက်သေထူလိုက်ခြင်းပင် ဖြစ်သည်။ သူသည် ခပ်သုတ်သုတ်ပြေးလိုက်၏။ မဟုတ်သေးဘူး။ ဒါဟာ ခြစ်စည်းရိုးလိုအပ်တယ်ဆိုတာ ငါ စဉ်းစားဆင်ခြင်နိုင်ဖို့ ဖြစ်လာတာပဲ။ သူခိုးမှာ သေနတ်တစ်လက် ရှိသည်။ ထို့ကြောင့် သူ့မှာလည်း သေနတ်တစ်လက် ရှိသင့်သည်။ လူသားအားလုံးသည် ခြစ်စည်းရိုးနှင့် မလုံလောက်သောကြောင့် လက်နက်ကို တီထွင်ကြခြင်း ဖြစ်သည်။ သူသည် ကြည့်နေရင်းမှာပင် ခြစ်စည်းရိုးတံခါးကို အသာဖွင့်ပြီး ထွက်သွားသော သူခိုးကို မြင်ရ၍ သူ အပြေးလိုက်လေသည်။ သူခိုးလက်ထဲမှာ မီးခံသေတ္တာထဲက ရွှေငွေရတနာတွေ [illegible] ပွေ့တစ်ပိုက်ပါသွားသည်။ အ၀တ်စဖြင့် ထုပ်ပိုးပြီး သယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အမိလိုက်မှ ဖြစ်မည်။ ထိုအရာများသည် မိမိ၏ စည်းစိမ်ချမ်းသာ အကုန်ဖြစ်သည်။ ဤရပ်ကွက်သည် သူခိုးလိုက်ရန် ညီညွတ်သည့် ရပ်ကွက်မျိုး မဟုတ်ပေ။ မသိလိုက် မသိဘာသာ ဆက်ငြိမ်နေကြမည့် ရပ်ကွက် ဖြစ်သည်။ ထို့ကြောင့်ပင် သူ မအော်ပေ။ သူခိုး၏ ခြေလှမ်းနှင့် သူ့ခြေလှမ်း ခြေရည်တူသည်ဟု သူသိသည်။ သူ့ဘက်က အနည်းငယ်ပြေးနိုင်လျှင် ခြေလှမ်းကို မီတော့မည်။ ထိုသူခိုးကို သူဘယ်လိုအပြစ်ပေးရမည်နည်း။ ရဲကို တိုင်ရမလား။ စစ်တပ်ကို တိုင်ရမလား။ သူ့မှာ အားကိုးရာ များစွာရှိလေသည်။

သူတို့နှစ်ယောက်သည် ဖြောင့်ဖြူးကျယ်ပြန့်လှသော လမ်းကြီးများကို ကျော်ဖြတ်ခဲ့ကြ၏။ တံတားကြီးများကို ကျော်ဖြတ်ခဲ့ကြ၏။ ဟိုတယ်ကြီးများကို လွန်ခဲ့ကြ၏။ နီယွန်မီးရောင်များအောက်မှ ဖြတ်ကျော်ခဲ့ကြ၏။ ထို့နောက် သူတို့သည် စက်ရုံကြီးများကို ဖြတ်ကျော်ရပြန်သည်။ ရှေ့က သဏ္ဌာန်သည် တစ်ချက် တစ်ချက် နောက်လှည့်ကြည့်၏။ ထို့နောက် ပြန်လှည့်ကာ ခပ်သုတ်သုတ် သွားပြန်သည်။ သူသည် မီတော့မည် မီတော့မည်ဟု အားတက်ကာ လိုက်ပြန်လေသည်။

ခဏကြာတော့ သူတို့သည် မြို့နယ်နိမိတ်ကို ကျော်ခဲ့၏။ အလွန် အဆင့်အတန်း မြင့်မားတိုးတက်သော မြို့တော်ကြီးမှ လွန်သော် နောက်ထပ်မြို့များ အများအပြားကို ကျော်ဖြတ်ခဲ့ရပြန်သည်။ ထို့နောက် သူတို့သည် ခေါင်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် ပြေးလျက်ရှိသော တိမ်များကို ကျော်ဖြတ်ခဲ့သည်။ တိမ်သည် လေ၏ ဖန်တီးပြုပြင်မှုအရ လှုပ်ရှားသူဖြစ်သည်။ တောင်မှ မြောက်သို့၊ မြောက်မှ တောင်သို့၊ တစ်ခါတစ်ရံ အရှေ့မှအနောက်သို့ ပြေးကြလေသည်။





မိမိသည် တိမ်လို ဦးတည်ချက်မဲ့သူ မဟုတ်။ မိမိမှာ ဦးတည်ချက်တွေ ရှိသည်။ အလွန်ခက်ခဲနက်နဲသော စာတမ်းကြီးတစ်စောင်ကို သူ ပြုစုနေသည်။ မိမိပိုင်ဆိုင်သည့် ခြံမြေတိုက်တာများသည် တဖြည်းဖြည်း ပို၍အဆင့်မြင့်လာသည်။ ယခုအခါ မိမိသည် ယုတ်မာကောက်ကျစ်သော ရေသာခို အချောင်သမား သူခိုးတစ်ယောက်နောက်သို့ သက်စွန့်ဆံဖျား လိုက်ပါ ကာကွယ်နေခြင်း ဖြစ်သည်။

သစ်ပင်များသည် တစ်ပင်နှင့်တစ်ပင် ယိမ်းနွဲ့လျက် တီးတိုးစကား ဆိုနေကြ၏။ တချို့သစ်ရွက်များ ကြွေနေချိန်တွင် တချို့သစ်ရွက်များ ရွက်နုပြန်ပေါက်လျက်ရှိသည်။ ငှက်ကလေးများ အိပ်တန်း ထနေပြီဖြစ်ရာ ကျိုးကျိုးကျီကျီမြည်သံကို ကြားရပြီ။ နံနက်အရုဏ်တက်သည် တိတ်ဆိတ်အေးချမ်းစွာ လှပနေ၏။ သူသည် အရှေ့တစ်ခွင်မှ နီရောင်သန်းလာသော ကောင်းကင်ကို သတိထားမိသည်။ ညတစ်ည ကုန်ဆုံးလုပြီ။ ကောင်းကင်နှင့် လောက အိပ်တန်း ထချိန်တွင် သူသည် ဘယ်တုန်းကမျှ စိတ်လိုလက်ရ ကြည့်မိသည် မဟုတ်။ ယခုအခါ သူသည် သူခိုးလိုက်ရင်း ဤအရသာကို မြည်းစမ်းသိခွင့်ရပြီ။ မိမိသည် စီးပွားရေးနှင့် လူမှုရေးပညာရှင် ဖြစ်သောကြောင့် သဘာဝကို မေ့ထားခဲ့တာ ကြာပြီ။ နောက်နေ့များတွင် သူ ဤသဘာဝအလှကို နှစ်သက်စွာ ခံစားကြည့်ဦးမည်။ ယခုတော့ မီလုမီခင်ဖြစ်နေသော သူခိုးနောက်သို့ လိုက်ဦးမည်။

တောင်ကုန်းများ၊ လွင်ပြင်များ၊ တောင်ကြားများ၊ တောင်တန်းများ၊ သူတို့ ဖြတ်ကျော်ခဲ့သမျှနေရာတို့တွင် အိမ်အစုအစု သေးသေးများသာ ရှိသည်။ တချို့အိမ်များတွင် ခြံစည်းရိုး မပါ။ သူသည် ခြံစည်းရိုး မပါသော အိမ်များကို ပထမအံ့သြမိ၏။ ခြံစည်းရိုးနှင့် တံခါး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လုံလုံခြုံခြုံကာထားတဲ့ ငါ့အိမ်တောင် သူခိုးဖောက်ဝင်သေးတာ။ ဒီအိမ်တွေ ဘယ်လိုများ နေမလဲ။ သို့သော် ချက်ချင်းပင် သဘော ပေါက်သွား၏။ ဒီအိမ်တွေကို ဘယ်သူခိုးမှ တက်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဘယ်အိမ်ကမှ ဘယ်အိမ်ထက်မှ ပိုပြီး မခမ်း နား၊ မကြီးကျယ်ဘူး၊ အားလုံးဟာ ဒီအဆင့်ပဲ၊ အတူတူ ဆင်းရဲ နွမ်းပါးကြတယ်။

သူခိုးအတွက် ခိုးစရာအိမ် ရှိမည်မဟုတ်ပါ။

ကလေးများ ပျော်ရွှင်စွာ ပြေးဆော့ကစားနေကြသည်။ သူတို့ သည် လက်ချည်းသက်သက် ကစားနေကြခြင်းဖြစ်သည်။ ကစား စရာ အရုပ်မရှိ။ အဝေးမှ ထိန်းချုပ်စေလွှတ်ရသော လေယာဉ်ပျံ၊ မီးရထား စသည့်အရုပ်များ မဆိုထားနှင့်၊ ကွန်ပျူတာဂိမ်း မဆိုထား နှင့်၊ မွေးပွခွေးရုပ်၊ ကော်ပတ်ရုပ်များသော်မှ မရှိ။ ကလေးများသည် သစ်ရွက်များကို ကိုင်၍ ဆော့ကစားနေကြခြင်းဖြစ်သည်။ လူကြီး များသည် အလုပ်ကို အလျင်စလို သွေးရူးသွေးတန်း မလုပ်ကြဘဲ စကားပြောလိုက် ရယ်မောလိုက်၊ ကလေးများနှင့် ဝိုင်းဖွဲ့လိုက်၊ အလုပ်လုပ်လိုက်၊ သူတို့ကြည့်ရသည်မှာ အရာရာကို တင်းတိမ် ရောင့်ရဲနေကြဟန် ရှိသည်။ သူတို့ပျော်ရွှင်ကြပါရဲ့လား။ သူ မေး ကြည့်ချင်သည်။ နောက်တစ်ကြိမ် ဤနေရာသို့ သပ်သပ်လာဦးမည်။ ယခုတော့ သူခိုးကို သူ မီတော့မည်။ မီကိုမီတော့မည်။ သေချာသည်။

မြစ်တစ်ခုကို ကျော်ဖြတ်ပြီးနောက် မြစ်ကမ်းပါး သစ်ပင်ရိပ် တစ်ခုသို့ ရောက်သောအခါ ရှေ့မှလူကို သူ မီလိုက်ပြီဖြစ်သည်။

သူသည် ဒေါသတကြီး ထိုလူကို ဖမ်းဆွဲချုပ်ကိုင်လိုက်၏။ ထို လူ၏ ရုပ်အင်္ကျီစကို သူ့လက်မှ မလွတ်အောင် ဆုပ်ဆွဲထားသည်။





ထို့နောက် ထိုလူကို ဆွဲလှည့်လိုက်၏။ သူ အံ့ဩသွားသည်။ ထိုလူ့ လက်ထဲမှာ ဘာရတနာပစ္စည်းမှ မပါပေ။ စက္ကူစုတ်တစ်ခုသော်မှ ကိုင်မထားပေ။ သူသည် မောပန်းစွာဖြင့် သစ်ပင်အမြစ်ပေါ် ထိုင်ကျ သွား၏။ သူခိုးသည် မထီတရီအပြုံးဖြင့် သူ့ရှေ့မှာ ရပ်နေဆဲ ဖြစ် သည်။ သူခိုးသည် ထွက်လည်းမပြေးပေ။

မြစ်ရေထဲမှ ငါးသေးသေးတစ်ကောင် ရေပေါ်သို့ ခုန်လိုက်ပြီး သူတို့ကို တစ်ချက်မော့ကြည့်ကာ ရေထဲ ပြန်ငုပ်သွား၏။

"ခင်ဗျား ရတနာတွေ ဘယ်မှာထားခဲ့တာလဲ"

သူ စိတ်ပျက်လက်ပျက် ဒေါသထွက်စွာ မေးမိသည်။

"ဘာရတနာမှ မပါပါဘူး"

တကယ်ဖြစ်နိုင်၏။ သူ့မျက်စိရှေ့မှာ သူခိုးသည် သူ့လိုပင် တစ် ချက်ကလေးမှ မနားခဲ့ပါ။ ရတနာပစ္စည်းထုပ် ဝှက်ရန် ဘယ်နေရာ ကိုမှ မဝင်ခဲ့ပါ။

"ကျုပ်အိမ်က ခင်ဗျား ဘာပစ္စည်းမှ မယူခဲ့ဘူးလား"

သူခိုးက ရန်မူမည်မဟုတ်သည်ကို သိသွားသောအခါ သူသည် သူခိုးကို တရားခံအား ကြည့်သည့်အကြည့်ဖြင့် စစ်ဆေးမေးမြန်း တော့သည်။

"ဘာပစ္စည်းမှ မယူပါဘူး၊ ကျုပ်က ပစ္စည်းယူဖို့ ခင်ဗျားအိမ် လာတာမှ မဟုတ်ဘဲ"

သူ ရုတ်တရက် ဆွံ့အသွား၏။

"ဒါဖြင့်..."



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ် ခင်ဗျားကို ခေါ်ဖို့လာတာ၊ အခု ခင်ဗျား ကျူပ်နောက်ကို ပါလာပြီလေ"

ထို့နောက် သူခိုးက မြစ်ကမ်းပါးဆီသို့ ဆင်းကာ လက်ခုပ်ဖြင့် မြစ်ရေကို ခပ်လျက် မျက်နှာသစ်လိုက်သည်။ သူသည် ထိုလူ၏ မထုံတက်တေး ဟန်အမူအရာကို ဒေါသထွက်သွားပြန်သည်။ အလကား ငါ့အလုပ်တွေ ပျက်ကုန်ပြီ။ ဘာမဟုတ်တဲ့ လူတစ်ယောက်နောက်ကို ငါလိုက်ခဲ့ရတာ။ သူသည် မြစ်ကမ်းစပ်သို့ အပြေးအလွှား ရောက်သွား၏။

ထို့နောက် သူသည် ထိုလူကို ဒေါသဖြင့် ပိတ်ကန်လိုက်လေသည်။ ထိုလူက စိတ်ဆိုးမသွားဘဲ တဟားဟားအော်ရယ်သည်။

ငါ ပြန်မှဖြစ်မယ်။ ငါ့မှာအလုပ်တွေ။ သူသည် မိုးမချုပ်မီ အိမ်ပြန်မှ ဖြစ်မည်။

သူသည် မြစ်ကမ်းမှာ ခဏထိုင်၍ မြစ်ရေကို လက်ဖြင့် ခပ်ယူရန် ကိုယ်ကို ငုံ့ကိုင်းလိုက်၏။ ရေသည် ကြည်လင်လျက်ရှိသည်။ မြစ်အောက်ခြေသဲပြင်ကို မြင်နေရ၏။ ထို့နောက် သူ ရုတ်တရက် အံ့သြသွားသည်။ ရေထဲက အရိပ်မှာ သူ့အရိပ်ပင် ဖြစ်သော်လည်း မနေ့ညက သူ မဟုတ်တော့ပေ။ အလွန်တရာ အိုမင်းရင့်ရော်နေသော အဘိုးကြီးတစ်ယောက်သာ ဖြစ်သည်။ သူ တုန်လှုပ်ချောက်ချားစွာ သူ့ဘေးက လူကို လှည့်ကြည့်လိုက်၏။ သူ့ဘေးကလူသည် သဘောကျစွာ ရယ်လျက် မြစ်ကမ်းပါးအတိုင်း ရှေ့သို့ထွက်သွားလေသည်။

သူသည် ကြေကွဲဝမ်းနည်းမှု၊ တုန်လှုပ်ချောက်ချားမှုနှင့်အတူ ဘာဆက်လုပ်ရမှန်းမသိတော့ဘဲ ထိုင်လျက်သား ပုံကျသွား၏။ သူ့





ရှေ့မှာ ထိုလူသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်ကို မြင်နေရသည်။

နောက်ဆုံးတော့ ရှိသမျှခွန်အားဖြင့် တင်းဆည်ကာ သူမတ်တတ်ရပ်လိုက်သည်။

သူ့မှာ သွားစရာလမ်းကြောင်း တစ်ခုပဲ ရှိတော့သည်။

သူသည် ခပ်မှုန်မှုန်မြင်နေရသေးသော ထိုလူ့ထံသို့ စတင်လိုက်ပါသွားလေသည်။

[ချယ်ရီမဂ္ဂဇင်း၊ ရာစုသစ်သို့ ပျံသန်းခြင်း ဝတ္ထုတိုစု – ၁၉၉၈]

○



www.burmeseclassic.com

www.burmeseclassic.com

## စိမ်းလဲ့ညို

သူ့ကို ကျွန်မ စောင့်နေသည်။ အချိန်တော်တော်ကြာကြာ ကတည်းက စောင့်နေခဲ့သည်။

သည်နေရာသည် ကျွန်မတို့ရွာ၏ သာယာလှပဆုံးနေရာ ဖြစ်သည်။

ကျွန်မရှေ့တွင် မုန်းမြစ်သည် ဣန္ဒြေကြီးစွာ စီးဆင်းလေသည်။ ကျွန်မ၏ ခြေဖဝါးအောက်တွင် သဲမြေမွမွ၏ စိုထိုင်းထိုင်း အေးစက်စက် အတွေ့ကို ခံစားနေရသည်။ ကျွန်မ ဖိနပ်ချွတ်ထားပါသည်။

တစ်ခါတုန်းက သည်နေရာတွင် မြစ်ထဲမှ ဆယ်ထားသော သစ်မြစ်ဆုံ အကြီးကြီးတစ်ခု လဲလျောင်းနေခဲ့ဖူးသည်။ ထိုသစ်မြစ်ဆုံပေါ်တွင် ကျွန်မ ထိုင်၍၊ ဟိုးအဝေး မြစ်ညာဆီက စိမ်းစိမ်းညို့ညို့ တောင်တန်းကြီးကို ငေး၍၊ မုန်းမြစ်၏ ခွန်အားရှိသော ရေစီးသံကို နားထောင်၍၊ ကျွန်မဘေးတစ်ဖက်တစ်ချက်က ပြောင်းခင်းတို့ဆီမှ လာသော စိမ်းမြမြ မွှေးရနံ့ကို ရှူရှိုက်၍ စိတ်ကို ခရီးနှင်ကာ မိုးအဆုံး မြေအဆုံး ပျံ့လွင့်စေ၍ အေးချမ်းစွာ အချိန်ကုန်စေခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းတချို့ဆီတုန်းကတော့ ကျွန်မဘေးမှာ နွေးထွေးသော ရင်ခွင် တစ်ခု အတူရှိခဲ့ဖူးပါသည်။

ဆယ်နှစ်ကျော်ကာလ ကြာမြင့်ပြီးနောက် ထိုသစ်မြစ်ဆုံကြီးကို ပြန်မတွေ့ရတော့သည်မှာ သဘာဝတရားပဲဖြစ်သည်။ တစ်စုံတစ်ယောက်၏ ပုဆိန်ချက်နှင့် ခွဲဖြတ်ခုတ်ထစ်ခံရပြီးနောက် လောင်စာထင်းအဖြစ် ပြောင်းလဲသွားခဲ့ပြီးရောပေါ့။

ကျွန်မ ရွာပြန်လာချိန်တွင် အရာအားလုံးလိုလို ပြောင်းလဲနေခဲ့ပြီ။

ဥပမာ ရွာမှာ လျှပ်စစ်မီး (၂၄ နာရီမှာ တစ်ခဏပဲဖြစ်ဖြစ်) ရနေခဲ့ပြီ။ ညနေချမ်းအချိန်မှာ လူတွေ ဟိုတုန်းကလို ရွာထိပ်ညောင်ပင်ကြီးအောက်မှာ စုဝေးထိုင်၍ ကျားကွက်ရွှေ့ကစားသည့် အလေ့အထ ပျက်သုဉ်းသွားခဲ့ပြီ။ အိမ်တချို့တွင် ရုပ်မြင်သံကြားအသံများကို ကြားနေရပြီ။ ကလေးတွေ ထုပ်ဆီးတိုးတမ်းကစားရာမှ တီဗီကြော်ငြာများကို လိုက်ကြည့်လိုက်ဆိုနေကြပြီ။ ရွာလယ်က ချောက်တီး ချောက်ချက် လက်ဖက်ရည်ဆိုင်ကလေးမှာ အသွင်ပြောင်းကာ သစ်လွင်စည်ကားနေပြီ။ ဆိုင်မျက်နှာစာမှာ ကြော်ငြာ Wall Sheet မျိုးစုံဖြင့် ရောင်စုံဖြာနေခဲ့ပြီ။ မိကိုကွေကာ၊ ရှုပါကော်ဖီမစ်၊ မိကို ကော်ဖီမစ် စသည့် ကော်ဖီမစ်ကြော်ငြာ ရောင်စုံပိုစတာကြီးများ၊ ဗီဗီ မန်ကျည်းဖျော်ရည်ဘူးနှင့် (ဆီး) ဓိးဖျော်ရည်ဘူး ကြော်ငြာများ၊ လန်ဒန် စီးကရက်၊ ကယ်လီဖိုးနီးယား စီးကရက်၊ လာ့စ်ဗေးဂတ်စ်စီးကရက်... စီးကရက်ကြော်ငြာဆိုင်းဘုတ်များ စသည့် ကြော်ငြာပေါင်းစုံဖြင့် ရှုပ်ယှက်ခတ်နေခဲ့ပြီ။ ရွာ၏ အကြီးမားဆုံးသော အစည်ကားဆုံးသော ချိုးရေတွင်းကြီးတွင် လူ ခြောက်သွေ့လျက်ရှိပြီ။ ရွာထဲမှ တုံ





ကင် ရေတွင်းကလေးများ၊ အဝီစိစက်ရေတွင်းများမှ ရေကို ဝယ်ယူသုံးစွဲနေကြပုံ ရပါသည်။ အလုပ်သက်သာကာ အဆင်ပြေသွားကြတာ ဝမ်းသာစရာပေါ့လေ။ တစ်ခါတုန်းက မုန့်ဟင်းခါးဆိုင်ကလေးမျှသာ ဖြစ်ခဲ့သော ဈေးထိပ်က ဆိုင်တန်းတွင် တိုက်ဂါးဘီယာ၊ ဒဂုံဘီယာ မြန်မာဘီယာ၊ မန္တလေးဘီယာ၊ မြန်မာဝီစကီ၊ မြန်မာရမ် ကြော်ငြာအသစ်တွေ၊ ကြော်ငြာအဟောင်းတွေ ချိတ်ဆွဲထားခဲ့ပြီ။ (သို့ပေမယ့် အရက်ဖြူဆိုင်ကလေးကလည်း သူ့နေရာနှင့်သူ ရှိနေဆဲ ဖြစ်သည်ကို တွေ့ရသည်။)

တစ်ချက် ဝေ့ကြည့်လိုက်ရုံနှင့် သိသာမြင်သာသော အပြောင်းအလဲတစ်ခုကတော့ ဈေးအနီးတစ်ဝိုက်နှင့် ရွာလမ်းဘေးတို့မှာ ဖွေးဖွေး လှုပ်နေသော ကြွပ်ကြွပ်အိတ်အမှိုက်များ ဖြစ်သည်။

ကျွန်မတို့ ရွာကလေးသည် လူ့ယဉ်ကျေးမှု အဆင့်တစ်ခုသို့ တိုးတက်ပြောင်းလဲလာခဲ့ပြီ။ ဒါတွေက အဝေးသို့ ရောက်နေသည့် ကျွန်မနှင့် တိုက်ရိုက်မပတ်သက်သော ပြောင်းလဲမှုများဖြစ်၏။

ကျွန်မ သည်ရွာသို့ တစ်ခေါက်ပြန်လာရသည့် လူ တော်တော်များများ ရိပ်ဖမ်းသံဖမ်းသိရှိပြီးသော အကြောင်းရင်းတစ်ခုမှာ ကျွန်မနှင့် တိုက်ရိုက်ပတ်သက်နေသော အပြောင်းအလဲတစ်ခုကို လက်ခံယူရန် ဖြစ်ပါသည်။

*

ကျွန်မ၏ ငယ်သူငယ်ချင်းဖြစ်ပြီး ကျွန်မ၏ ငယ်ချစ်ဦးလည်း ဖြစ်ခဲ့သော သူသည် ကျောင်းပိတ်လို့ ကျွန်မရွာပြန်လာတိုင်း ပေသ သည် မုန်းဆိပ်မှာ မောင်မောင်ကြီး၏ သီချင်းများကို ညည်းပြ၍ သူ့



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းကို သက်သေတည်ခဲ့ဖူးသည်။ သူ့အကြိုက်ဆုံးသီချင်း နှစ်ပုဒ်မှာ 'အချစ်ကို ဘယ်လိုပြောရမယ်' နှင့် 'စိမ်းလဲ့ညို' ဖြစ်သည်။ သူ့သီချင်းအညည်း၏ အစမှာ ကျွန်မက ရယ်မောအလိုလိုက်ကာ နားထောင်ခဲ့ရခြင်းဖြစ်သော်လည်း တဖြည်းဖြည်း သူ့သီချင်းထဲမှာ ကျွန်မ နစ်မျောသွားတတ်သည်။ သူက အသံခွန်အား သိပ်မကောင်းလှပေမယ့် အဆိုတတ်သည်။ မောင်မောင်ကြီး၏ လေယူလေသိမ်းကို တစ်သဝေမတိမ်း လိုက်ဆိုနိုင်သည်။ ကျွန်မမှာ ရယ်ချင်စိတ်လျှောင်ချင်စိတ် ပျောက်ကာ သူ့သီချင်းသံကြောင့် ရင်များပင် နွမ်းနယ်စွာ ခုန်ခဲ့ရဖူးပါသည်။

"ငါမရှိရင်ရော နင် ဒီမှာဒီလိုပဲ တိုးတိုးလေးသီချင်းတွေ လာဆိုနေသလား"ဟု ကျွန်မအပြုံးစစဖြင့် မေးတော့ သူက ရယ်သည်။

"အလကား ဒီလာဆိုပါ့မလားဟ၊ ငါ့အိမ်မှာပဲ ငါ ဆိုတာပေါ့၊ ရေတွင်းထဲက ရေခပ်ရင်းလဲ ဆိုတာပဲ၊ ညည လသာသာမှာ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်မှာ လှဲအိပ်ပြီးလဲ ဆိုတာပဲ၊ အကျယ်ကြီးအော်ဆိုတာဗျ၊ နင်ယုံလား"

"အရူး..."

လဲ့လဲ့လေး ညိုစင်သော သူ့ပါးပြင်တို့သည် ရယ်မောလိုက်သည့်အခါ ပို၍တောက်ပဝင်းလက်လာလေ့ ရှိသည်။

"ငါ အဲဒီလိုသီချင်းတွေ အော်အော်ဆိုရင် ဘကြီးပုက သိပြီ၊ ရန်အေး...ငါ့မြေးတော့ ဒီနေ့ပဲ ရူးမလား၊ နက်ဖြန်ပဲ ရူးမလားတဲ့"

လမ်းမှာ ဖြတ်သွားဖြတ်လာ လူတွေကလည်း သူ အဲသည်လိုသီချင်းအော်အော်ဆိုလျှင် သွားရင်း လာရင်း နှောက်နှောက်သွား





တတ်ကြသတဲ့။ 'ရန်အေးရေ...တက္ကသိုလ်ကျောင်းတွေ ပိတ်ဖို့ အပုံကြီး လိုသေးသဟ'လို့ ရယ်မောသွားတတ်ကြသတဲ့။

"နင် မရှက်ဘူးလား"

"မရှက်ပါဘူး" တဲ့။

ကျွန်မတို့နှစ်ယောက် သူငယ်ချင်းဘဝမှာကတည်းက ပတ်ဝန်းကျင်က ကျွန်မတို့အား ချစ်သူတွေဟု ထင်ခဲ့ကြသည်။ ကျွန်မသောက်ရေသုံးရေခပ်ဖို့ ရွာလယ်က တွင်းသို့ သွားပြီကို သူ့အိမ်ကနေ လှမ်းမြင်လျှင် သူပါ ရေပုံးထမ်းကလေး ဆွဲပြီး အပြေးလိုက်လာလေ့ရှိသည်။ ရေတွင်းက အတန်နက်သဖြင့် ကျွန်မ ရေငင်လို့ပင်ပန်းမှာကို မကြည့်ရက်ပါ...တဲ့။ ကျွန်မအတွက် သူပဲ အမြဲ ရေငင်ပေးလေ့ရှိပါသည်။ ဒါတောင်မှ ကျွန်မ ရေပုံးတစ်ဖက်တစ်ချက်ဆွဲပြီး အိမ်ကိုရေသယ်ရသဖြင့် ရေပုံးသစ်သားတန်းဖြင့် ပွန်းကာကျွန်မ လက်ဖဝါးတွေ လက်ချောင်းရင်းတွေ နီရဲကုန်လျှင် သူ့မှာ တဖွဖွ သနား၍မဆုံးတော့ချေ။ ကျွန်မ၏ အိမ်အတွက် ဖြစ်နိုင်လျှင် သူပဲ ရေထမ်းပေးလိုက်ချင်သတဲ့။

ကျွန်မက သူ့လက်ဖဝါးတွေကို ဖြန့်ခိုင်းပြီး ကျွန်မလက်ညှိုးနှင့် ဖွဖွထိတို့ကြည့်သည့်အခါ သူ့လက်ဖဝါးတွေ အသားမာတက်ကာ ခပ်ရှရှဖြစ်နေသည်ကို ခံစားရသည်။ အဲသည်အခါမျိုးမှာ ထိုလက်ဖဝါးတွေကို ဘယ်လိုချစ်မှန်း မသိ၊ ကျွန်မ ချစ်မိသည်။

ထိုလက်ဖဝါးတွေနဲ့ပဲ ကျွန်မတို့ ပြောင်းခင်းက ပြောင်းဖူးတွေကို သူ ကူချိုးပေးခဲ့သည်။ ထိုလက်ဖဝါးတွေနဲ့ပဲ ကျွန်မတို့လယ်ကို သူ ကူရိတ်ပေးဖို့ တံစဉ်ကို ကိုင်ခဲ့သည်။ ထိုလက်ဖဝါးတွေနဲ့ပဲ ကျွန်မတို့ မန်ကျည်းပင်မှ မန်ကျည်းသီးတွေ ပုတ်ခြွေပေးခဲ့၊ မန်ကျည်းသီး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထုပြီး အစေ့ထုတ်ပေးခဲ့သည်။ ထိုလက်ဖဝါးတွေနဲ့ပဲ ကျွန်မတို့ စောင်ချမ်းချဉ်လုပ်ဖို့ စောင်ချမ်းသီးတွေကို ဓားဖြင့် ထက်ပိုင်းခွဲပေးခဲ့သည်။ သူ ထက်ပိုင်းဖြတ်ပေးသော စောင်ချမ်းသီးကို ကြွေရည်သုတ် သံဇွန်းဖင်ဖြင့် အတွင်းအနှစ်ကို ကျွန်မ ထိုးကော်ထုတ်ယူတာကို ဝင်ကူလိုက်သေး၏။ ထိုလက်ဖဝါးတွေနဲ့ပဲ ကျွန်မ၏ ပါးပြင်ကို ခပ်ဖွဖွ ခပ်ရှုရှု ပွတ်သပ်ကာ 'နှင် ငါ့ကို အပျော်ကြံမသွားနဲ့နော်' ဟု စ သလို နောက်သလို တောင်းပန်ခဲ့ပါသည်။

တစ်နှစ်ပြီးတစ်နှစ် ကြာမြင့်လာသည်နှင့်အမျှ သူနှင့် ကျွန်မ၏ ဘဝနှစ်ခုက ပို၍ပို၍ ကွာခြားလာခဲ့သည်။ ဒါကို ကျွန်မက အရင်ရိပ်မိခဲ့သလား၊ သူက အရင်ရိပ်မိခဲ့သလား ကျွန်မ မသိနိုင်ပေမယ့် အဦးဆုံး ဖွင့်ဟကောက်ချက်ချတာကတော့ သူ ဖြစ်ခဲ့သည်။

"ငါသိပါတယ် ခင်လေးရာ၊ နှင်နဲ့ငါနဲ့ ယူဖြစ်ကြမှာမဟုတ်ပါဘူး" တဲ့။ တစ်ညနေဆီက အနောက်ရိုးမတောင်တန်းကြီးတွေဆီငေးနေရာမှ အဆက်အစပ်မရှိ သူကောက်ချက်ချခဲ့၏။ အဲသည်တုန်းက ကျွန်မ ဝန်လည်းမခံခဲ့၊ ငြင်းလည်း မငြင်းခဲ့။ သူ့လက်ဖဝါးကို ဆွဲယူကာ ကျွန်မပါးပြင်နှင့် ထိကပ်စေ၍ ထိုကြမ်းရှရှ ခံစားမှုလေးပေါ်မှာ အာရုံစိုက်နေခဲ့ဖူးပါသည်။ ပင့်သက်ကလေးတောင် မရှိုက်ဖြစ်ခဲ့ဘူး ထင်ပါသည်။

*

တကယ်တော့ ကျွန်မ သူ့ကို ချစ်ပါသည်။

သူ၏ ရိုးသားဖြောင့်မှန်မှု၊ စေတနာဖြူစင်မှု၊ အေးချမ်းမှု...အဲဒါတွေကို ကျွန်မ ချစ်ပါသည်။ သူသည် စာပေအနုပညာကို မသိ၊ ပန်းချီအနုပညာကို မသိ၊ ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာကို မသိ၊ နိုင်ငံ





ရေးနှင့် လူမှုရေးအကဲခတ်ပညာကို မသိ၊ အဆင့်မြင့် သိပ္ပံပညာကို မသိ၊ ကွန်ပျူတာအတတ်ပညာကို မသိ၊ နိုင်ငံခြား ဘာသာစကားဟူ၍ ကျောင်းသားဘဝမှာ သင်ခဲ့ရသော အခြေခံ အင်္ဂလိပ်စာမှ တစ်ပါး ဘာမျှမသိ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်ဆိုတာကို မသိ။ ကျွန်မနှင့် သူ ဆွေးနွေးစရာ ဘာသာရပ်တွေ တဖြည်းဖြည်းနည်းပါးပျောက်ကွယ်ကုန်ခဲ့သည်။ ချစ်သူနှစ်ဦး ချစ်ကြသည့်ကိစ္စမှာ အဲသည် ပြင်ပရေးရာ အတတ်ပညာတွေ၊ အသိပညာဗဟုသုတတွေ လိုအပ်သလားဟု ကျွန်မကိုယ်ကျွန်မ ခဏခဏ စစ်ဆေးမေးခွန်းထုတ်ကြည့်ခဲ့ဖူး၏။ သိပ်လိုတာပေါ့ ဟူသောအဖြေကိုသာ ထပ်ကာ ထပ်ကာ ရခဲ့သည်။

ချစ်သူနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ချစ်စိတ်ကြည်နူးစိတ်ကလေးတွေ ပျံ့လွင့်ဆက်သွယ်သည့် ကာလ ဘယ်လောက်အထိကြာမလဲ။ အချိန်အတိုင်းအတာတစ်ခုကို လွန်မြောက်လျှင် တစ်ယောက်နှင့်တစ်ယောက် အချစ်ကို ဖလှယ်ရာမှ အတွေးအမြင်တွေ စကားလုံးတွေ ပျော်ရွှင်မှုတွေ နာကျင်မှုတွေ ဖလှယ်ဖို့ အချိန် ရောက်လာမည်။ ထိုကာလတွေက ပို၍ကြာလိမ့်မည်။ ကျွန်မတို့နှစ်ယောက် ဘာတွေ ပြောပြတိုင်ပင်ကြမလဲ၊ ဘာတွေကို ဖလှယ်ကြမလဲ။ ကျွန်မတို့နှစ်ယောက်အကြားမှာ တူညီတာဆိုလို့ ဂီတကို ချစ်တာ တစ်ခုပဲ ရှိသည်။ ထိုတစ်ခုတည်းသော ဂီတ အနုပညာကို ဖလှယ်ကြမည် ဆိုပါစို့။

သူ ချစ်သည့် မောင်မောင်ကြီးကို ကျွန်မ ချစ်သည်။ သူချစ်သည့် ကိုသန်းလှိုင်ကို ကျွန်မချစ်သည်။ သူ စိမ်းလဲ့ညိုကို ညည်းလျှင် ကျွန်မက ရင်ထဲမှ သီချင်းပိုဒ် နှစ်ပိုဒ်လောက်ကို လိုက်ညည်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



*မေပျို မေပျို... မောင့်အသည်းစွဲအောင် ချွဲတဲ့ ပျို...မြောက်ပြန်လေ သွေးရင် ဝေးမှာစိုးတယ်လို့...ကျွန်တော့်ရင်ခွင်ထဲက သူဆို... ပြုံးချိုချိုမူယာလေးနဲ့ ခနဲ့ပုံနွဲ့ပုံ... မောင့်စိတ်အာရုံထဲက မထွက်ဘူး ပျို*

*ခုများတော့ သနားငဲ့မညှာသလို... တစ်ပြည်တစ်ရွာစီလည်း ခြားခဲ့သကို... ဘွေဇာလီမှာ အားနွဲ့ပေါ့ပျို...မခွဲဘူးလို့ မြတ်ဘုရားရှေ့မှာ ဆုတွေပန်ဆို... နှစ်ကိုယ်တူ ယှဉ်တွဲ နွဲ့ခဲ့တဲ့ သည်ကမ်းရိပ်ကို...တစ်ကိုယ်ရည်သာပဲ မြန်းရပေါ့ပျို...ရပ်ဝေးက ချစ်တေးနဲ့သာ စိမ်းလဲ့ညိုကို မျှော်မှန်းကာ တမ်းတဆို...ကမ်းဇဟို အလွမ်းပိုမို... စိမ်းလဲ့လဲ့...တော...တောတောင်ဆီက ညို...တဲ့။* ကျွန်မ လွမ်းဓာတ်ပါသည်။

'ချစ်သူ ဝေးဝေးသွားပါနဲ့လားကွယ်' ကို သူညည်းလျှင် တစ်လုံးစ နှစ်လုံးစ ကျွန်မ လိုက်ညည်းနိုင်သည်။

သူ ချစ်သည့် သီချင်းမှန်သမျှ ကျွန်မချစ်နိုင်ပေမယ့် ကျွန်မ ချစ်သည့် သီချင်းတွေကို သူ မချစ်နိုင်ခဲ့ပေ။ မင်းမင်းလတ်ကို သူ ချစ်ဟန်ဆောင်နိုင်သည်ထား၊ ဇော်ဝင်းထွဋ်ကို ချစ်ဖို့ ကြိုးစားကြည့်နိုင်သည် ထား၊ ဘီးဂျီးစ်ကို သူ မခံစားနိုင်ခဲ့။ အီးဂဲလ်ကို သူ မခံစားနိုင်ခဲ့။

'အဲသည်တော့ရော ဘာဖြစ်လဲ' ဟု ကျွန်မ အားတင်းကြည့်မိသည်။

အဲသည်တော့ ကျွန်မတို့နှစ်ယောက် ပြောစရာစကားတွေ ရှားပါးခဲ့တာပေါ့။

သူနှင့် ကျွန်မ မှန်းမြစ်ရေလျှံသည့်အကြောင်း ပြောနိုင်ခဲ့ကြသည်။





ရာသီဥတုအကြောင်း ပြောနိုင်ခဲ့ကြသည်။ ကုန်ဈေးနှုန်းအကြောင်း ပြောနိုင်ခဲ့ကြသည်။ မှန်းမြစ်ရဲ့ ဟိုးအထက်ဆီက စိမ်းညိုသည့် တောင်တန်းမှာ အစိမ်းရောင်ပြယ်လွင့်ကာ အညိုရောင် များလာသည့်အကြောင်း ပြောနိုင်ခဲ့ကြသည်။ ဒါတောင်မှ သစ်တော ထိန်းသိမ်းရေး ဆိုသည့် ခေါင်းစဉ်ရောက်တော့ ကျွန်မနှင့် သူ ခံစားချက်ချင်း ကွာခြားခဲ့ရသေးသည်။ ကျွန်မက လောင်စာအဖြစ် ထင်းမီးကို သုံးစွဲနေရသည့်အတွက် နှမြောစိတ်နှင့် လိပ်ပြာမသန့်စိတ်တို့ ခံစားရပါသည်ဟု ပြောလျှင် သူ တဟားဟားရယ်လေသည်။

"ငါတို့ရွာမှာ ထင်းမီးနဲ့ မီးသွေးမှ မသုံးရရင် ဘာနဲ့သွားချက်စားရမလဲ ခင်လေးရ"

သူသည် ထင်းမီးကို ပျော်ပျော်ရွှင်ရွှင်ကြီး သုံးရုံမျှမက သူ့အိမ်မှာ ဝယ်ရသည့် ထင်းတွေက အသားမကောင်းဘူး၊ မီးမစွဲဘူးဟု အကြောင်းပြကာ အထက်ဘက်က တောထဲသို့ သွားကာ သူ ကိုယ်တိုင် သစ်ပင်ခုတ်ချင်ခဲ့သေးသည်။

"မပိုစမ်းပါနဲ့ ရန်အေးရာ၊ အဖမ်းခံနေရခါမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

သူကတော့ ပြုံးပြုံးပါပဲ။ ကျွန်မကို လက်တွေ့မကျသူ၊ စိတ်ကူးယဉ်သူ၊ ပညာတတ်ဘဲဥ် ရှိသူ စသည် စသည်ဖြင့် ကျွန်မအပေါ်မှာ သူ့ကောက်ချက်တွေ အမျိုးမျိုးတိုးလာခဲ့တော့သည်။

ကျွန်မအတွေးနှင့် သူ့အတွေး ဘယ်လောက်တောင် ဝေးကွာနေခဲ့သလဲဆိုလျှင် သူ့ကို ကျွန်မ မယူနိုင်သည့် အကြောင်းပြချက် ပေးပါဟု တောင်းလို့ ကျွန်မပေးခဲ့သောအခါ ထိုအကြောင်းပြချက် အစ်စစ်ကို သူ မယုံခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို မယူနိုင်၊ သူ့ကိုမှ မဟုတ်၊ ယောသည် ကမ္ဘာလောကတွင် ဘယ်ယောကျ်ားကိုမှ လက်မထပ်နိုင်၊ ကျွန်မ အိမ်ထောင်မကျလို။ ကျွန်မနှင့် အိမ်ထောင်သည်ဘဝ သင့်တော်ကိုက်ညီမှာမဟုတ်။ မိသားစုဘဝ၏ အရသာကို ကျွန်မပေးနိုင်မှာလည်း မဟုတ်။ ရနိုင်မှာလည်း မဟုတ်။ ကျွန်မသည် တစ်ထစ်ကလေးမျှ အလျှော့မပေးချင်၊ အပွန်းအပဲ့မခံချင်၊ အေးအတူ ပူအမျှ ဆိုသည့် အပေးအယူတွေ လိုက်လျောမှုတွေ ထိန်းချုပ်မျိုသိပ်မှုတွေကို မကြိုက်ချင်။ ကျွန်မ၏အတ္တကို နည်းနည်းမျှ အထိခိုက်မခံနိုင်။ အိမ်ထောင်သည် ဘဝ၏ ဂီတစည်းချက်နှင့် လိုက်လျောညီထွေစွာ ကျွန်မက,နိုင်မှာမဟုတ်။

သူ မယုံခဲ့ပေ။

လောကမှာ အဲသည်လောက် ကြောင်သည့်မိန်းမ မရှိဟု သူ တွက်ပုံရသည်။ ကျွန်မ သူ့ကို မယူနိုင်တာက ကျွန်မက ပညာပိုတတ်ပြီး သူက ပညာမတတ်လို့...တဲ့။ ကျွန်မက ချမ်းသာပြီး သူက ဆင်းရဲလို့...တဲ့။

တကယ့်အကြောင်းပြချက်ကို သူ မယုံသောအခါ သူထင်သည့် အကြောင်းပြချက်ကိုပဲ မှန်ကန်ပါသည်ဟု ကျွန်မဝန်ခံလိုက်ရသည်။

သူ့ကို မယူနိုင်ပါဘူးဟု ကျွန်မက ဖွင့်ဟကြေညာပြီးပေမယ့် ကျွန်မချစ်သူသည် သူပဲဖြစ်နေသည်။ ကျွန်မအတွက်က ဘာမျှ မပြောင်းလဲပေ။ သို့သော် သူကတော့ ကျွန်မတို့နှစ်ယောက်၏ ဘဝကလေး ပြောင်းလဲသွားပြီဟု ယူဆလိုက်ကာ ချစ်သူဘဝမှတစ်ဆင့် ပြန်နောက်ဆုတ်ပစ်ခဲ့သည်။ ဒါကလည်း ရိုးစင်းသည့် ယောကျ်ား



တစ်ယောက်၏ သဘာဝကျကျအဖြေထုတ်မှုတစ်ခုပင် ဖြစ်သည်။ သူ့လို မရိုးစင်းသည့် ကျွန်မက ထိုသဘာဝကို လက်မခံနိုင်ခဲ့။

ကျွန်မ ရွာပြန်ရောက်လာလျက်သားနဲ့ ကျွန်မနှင့် ဆုံတွေ့နေကျ မုန်းဆိပ် သဲသောင်ပြင်သို့ သူ မလာခဲ့လေခြင်းဟု ကျွန်မ ဝမ်းနည်းနာကျင်ခဲ့ပြန်၏။ ကျွန်မ ရေခပ်ချိန်မှာ သူငယ်ချင်းဘဝကလို သူ ရေငင်ဆွဲထည့်ပေးစဉ်ကာလမှာ ကျွန်မက သူ့လက်ဖဝါးကြမ်းကြမ်းကို ဆွဲယူနမ်းကာ မျက်ရည်ကျခဲ့မိတော့ သူ့ဘဲအဖြစ်ကို နားမလည်နိုင်ခဲ့ပေ။

"ခင်လေး...ငါ့ကို နင်က ဘာဖြစ်စေချင်နေတာလဲ၊ ငါက ဘာလဲ၊ ငါ ဘာဆက်လုပ်ရမှာလဲ"

သူ ရိုးစင်းစွာ ကျွန်မကို မေးခဲ့သည်။ ကျွန်မ သူ့မျက်လုံးတွေကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ကျွန်မ ဖြစ်စေချင်သည်ကို မညာမတာပင် ပြောချပစ်ခဲ့သည်။

"နင့်ကို ငါ မယူတာနဲ့ပဲ နင်နဲ့ ငါ ချစ်သူတွေ မဖြစ်ရတော့ဘူးလား၊ ဟင့်အင်း...မရဘူး၊ နင့်ကို ငါချစ်သလို နင်လဲ ငါ့ကို ချစ်နေရမယ်၊ ညနေစောင်းရင် မုန်းဆိပ်ကို ဟိုတုန်းကလိုပဲ နင်လာခဲ့ရမယ်၊ ငါ မန္တလေးကို မပြန်မချင်း ညနေတိုင်း နင်လာခဲ့ရမယ်၊ ဒါပဲ"

ကြည့်စမ်း...ကျွန်မ ဘယ်လောက်တောင် အတ္တကြီးခဲ့မိသလဲ။

သူသည် ယောကျ်ားမာနနှင့် ကျွန်မကို ချစ်သည့် အချစ်အကြားမှာ သူ့ဘဝသူ အလူးအလဲ ရွေးချယ်ဖို့ ကြိုးစားခဲ့ရသည်။ ကျွန်မက ထိုအချိန်မှာ ခံစားချက်နှစ်ခုနှင့် သူ့ရွေးချယ်မှုကို မျှော်လင့်နေခဲ့သည်။ သူ၏ ယောကျ်ားမာနအတွက် ကျွန်မကို အပြတ်အသတ် ဖြတ်ချပစ်လိုက်စေချင်သည့် ခံစားချက်က တစ်ခု၊ ကျွန်မ၏ ဘွယ်

www.burmeseclassic.com

www.burmeseclassic.com



တာမှုကို အသိအမှတ်ပြုကာ ကျွန်မအား အလိုလိုက် အလျှော့ပေး ကာ ကျွန်မ စိတ်ချမ်းသာဖို့ မုန်းဆိပ်သို့ သူရောက်လာစေချင်သည့် ခံစားချက်က တစ်ခု။ ထိုခံစားချက်နှစ်ခုနှင့် ထိုညနေတုန်းက ကျွန်မ ပေဟာသည်နေရာမှာ ကြာမြင့်စွာ စောင့်နေခဲ့ရဖူးပါသည်။

သူ ရောက်မလာဖြစ်လျှင် သူ့မာနကို ကျွန်မ ဂုဏ်ပြုကာ ဝမ်းသာ ပေးနိုင်ဖို့ ကြိုတင် ပြင်ဆင်ထားသလို သူ ရောက်လာခဲ့လျှင် ကျွန်မ အပေါ် ထားသည့် သူ့အချစ်အတွက် ကိုယ့်ကိုယ်ကိုကြည်နူးကျေနပ် စွာ သူ့ရင်ခွင်ထဲသို့ ဝမ်းပန်းတနည်း ခိုဝင်ရှိုက်ငိုပစ်ဖို့ ကြိုတင် မျှော် လင့်နေခဲ့သည်။

နောက်ဆုံးတော့ သူ ရောက်လာခဲ့သည်။

ကျွန်မကို ချစ်မြတ်နိုးလွန်းလို့ ကျွန်မရှိရာကို ရောက်လာခဲ့ရပေ မယ့် သူ့မျက်နှာမှာ ကြေကွဲမှုတွေ အားငယ်မှုတွေနှင့် ညှိုးမှိုင်းနေခဲ့ သည်။

“ငါ နင့်ကို အမြင်ကတ်လို့ နာလွန်းလို့ မလာတော့ဘူးလို့ပါပဲ ခင်လေးရယ်၊ ဒါပေမဲ့ နင်မျက်ရည်ကျမှာကို ငါက သနားနေပြန် သတဲ့၊ ငါးဖယ်က ပြောင်းပြန်လေ…နင့်ကို သနားလို့ ငါလာခဲ့တာ၊ အဲဒါ နင် ယုံရဲ့လား” …တဲ့။

ကျွန်မ ယုံပါသည်။ ဟိုးနှစ်ပေါင်းများစွာကတည်းက ကျွန်မ ဘေးမှာ သူ ရှိနေခဲ့သည်။ ကျွန်မ လူမှန်းသိတတ်စ အရွယ်ကတည်း က ကျွန်မ လိုအပ်တာမှန်သမျှ ပေးဆပ်ဖို့ ကျွန်မဘေးမှာ သူ ရှိနှင့် နေခဲ့သည်။ သူ ကျွန်မကို အဲသည်တုန်းကတည်းက မြတ်နိုးစွာချစ် နေခဲ့မှာ ကျွန်မ ယုံပါသည်။

*





သည်တစ်ခါဖြင့် သူ လာမှ လာပါ့မလား။

ဟိုးအနောက်ဘက် တောင်စွယ်မှာ နေလုံးကွယ်ခဲ့တာ ကြာပြီ။ မုန်းမြစ်ပြင်၏ ရေအလျှင်သည် အမှောင်ချဉ်းကပ်လာသည်နှင့်အမျှ အညိုရိပ်သန်းလာခဲ့ပြီ။ ကျွန်မ၏ ဘေးနားဆီက ပြောင်းပင်တို့၏ ရနံ့သည် လေအဝေ့တွင် ချိုမြစွာ မွှေးနေဆဲ။

ကျွန်မကသာ သဲသောင်စပ်မှာ ထိုင်စောင့်နေခဲ့ပေမယ့် ကျွန်မ ရွာပြန်ရောက်နေကြောင်း သူ မသိဘဲ နေနိုင်သည်။ ဟင့်အင်း… မဖြစ်နိုင်ပါ။ ကျွန်မတို့ရွာသည် ကျဉ်းကျဉ်းကလေး ဖြစ်သည်။ ကျွန်မ သည်နေ့မနက် ရောက်လာသည်ကိုသူ့အား သတင်းပေးမည့် သူတွေ အများကြီးရှိသည်။ ကျွန်မ ရောက်နေမှန်း သူ သိကိုသိမှာ ပါ။ သေချာပါသည်။

ဒါဖြင့် သူ လာမှာလား၊ မလာဘူးလား။

ဆယ်နှစ်ကျော်ကာလ ကြာမြင့်သည်အထိ ရွာသို့ ကျွန်မ မပြန် ဖြစ်ခဲ့။ ယခုအကြိမ်သည် ဆယ်နှစ်အတွင်း ပထမဆုံး ပြန်ရောက် သည့် အကြိမ် ဖြစ်သည်။

ကျွန်မ ဘာကြောင့် ပြန်ရောက်လာသည်ဆိုတာ သူ သိမှာပဲ။

သူ့ လက်ထပ်မင်္ဂလာပွဲကို ကျွန်မ တက်ရောက်ချီးမြှင့်လိမ့်မည် ဟု သူ နည်းနည်းမျှ ကြိုတင်မမှန်းဆခဲ့မိသည့်တိုင် ကျွန်မ ရောက် လာပြီဆိုမှတော့ သူ့မင်္ဂလာပွဲအတွက်ဟု သူ ရိပ်မိမှာပါ။ သူ ဘယ် လို ရင်ဆိုင်မှာပါလိမ့်ဟု ကျွန်မ စိတ်ကူးယဉ်ကြည့်မိသည်။ ရန်အေး ဟာ ခင်လေးရဲ့ချစ်သူဆိုတာ ဟောသည်တစ်ရွာလုံး သိခဲ့သည်။ ကာလ အရှည်ဆုံးသော တက္ကသိုလ်တစ်ခုမှာ သွားရောက်ပညာသင် နေခဲ့သည့် ချစ်သူ ခင်လေးကို ရန်အေး ဘယ်လောက် လွမ်းဆွတ်



www.burmeseclassic.com

www.burmeseclassic.com



တသ ခဲ့သည်၊ ကျောင်းပိတ်ချိန်တွေကို ဘယ်လောက် မျှော်လင့်တကြီး စောင့်စားခဲ့သည်ဆိုတာ တစ်ရွာလုံး သိသည်။ အဲသည် ရန်အေးကို ခင်လေးက ထားပစ်ခဲ့သည်ဆိုတာလည်း တစ်ရွာလုံး သိခဲ့သည်။

တကယ်ဆို သည်နေ့ ကျွန်မ ရွာကို မလာသင့်ဘူး၊ ကျွန်မ သိပါသည်။

ကျွန်မ ဘာကြောင့် လာခဲ့မိပါလိမ့်။

တခြားမိန်းမတစ်ယောက်ကို ဖြစ်သင့်ဖြစ်ထိုက်စွာ လက်ထပ်ယူတော့မည့် ချစ်သူဟောင်းတစ်ယောက်ကို ကျွန်မက ဘာဖြစ်လို့ အနှောင့်အယှက်ပေးနေဦးမှာလဲ။ အတိတ်၏ နာကြည်းကြေကွဲမှု ဒဏ်ရာဟောင်းကို ဘာဖြစ်လို့ သူ့အား ပြန်လည်ခံစားစေဦးမှာလဲ။ သူ့ဇနီးလောင်းနှင့် သူ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝကို ဖြတ်သန်းစေပါတော့လား။

ဟင့်အင်း...မရဘူး။ သူ့မင်္ဂလာပွဲကို ကျွန်မ သွားရမှဖြစ်မည်။ သူ့သတို့သမီး ဘယ်လောက်လှသလဲ ဆိုတာ ကျွန်မ မြင်ရမှ ဖြစ်မည်။ သူ့သတို့သမီးကို သူဘယ်လောက်ကြင်နာယုယနိုင်မလဲ ဆိုတာ ကျွန်မမြင်တွေ့ရမှဖြစ်မည်။ မင်္ဂလာပွဲမှာ ကျွန်မကိုမြင်ရလျှင် သူ ဘယ်လောက်ဒေါသထွက်မလဲ၊ ဘယ်လောက် တုန်လှုပ်သွားမလဲ၊ ဘယ်လောက်စိတ်ညစ်သွားမလဲဆိုတာ ကျွန်မ မြင်တွေ့ရမှ ဖြစ်မည်။

ကျွန်မ တစ်ခွတ်ထိုးလုပ်တတ်တာ သူသိလို့ကို သည် မုန်းဆိပ်ကို သူ လာမှာပါ။ ကျွန်မကို ကြိုတင်ဖျောင်းဖျဖို့လေ။ စိတ်လိုက်မာန်ပါ မလုပ်ဖို့ ဖျောင်းဖျမလား...မဟုတ်နိုင်ပါ။ ကျွန်မ သူ့အကျိုးပျက်စီးရာ ပျက်စီးကြောင်း ဘယ်တော့မှ လုပ်မည့်သူ မဟုတ်မှန်း





သူ သိထားမှာပါ။ စိတ်ကူးမယဉ်ဖို့ပဲ သူ ဖျောင်းဖျပေလိမ့်မည်။ သူ ပြောမှာပေါ့။ ကျွန်မတို့အသက်တွေ မငယ်ကြတော့ဘူး။ ရည်းစားဟောင်းရဲ့ မင်္ဂလာပွဲကို တက်ဖို့ စိတ်ကူးတွေ ယဉ်မနေနဲ့။ သူ့ရင်ထဲမှာလည်း ကျွန်မ မရှိတော့တာ ကြာပြီ...စသည် စသည်ဖြင့် သူ ပြောမှာပေါ့။ သူ ကျွန်မနှင့် ကြိုတင်ညှိဖို့ သည်နေရာကို သူ လာကို လာမှာပါ။

သို့သော် အမှောင်သည် တစ်စတစ်စ ချဉ်းနင်းဝင်ရောက်လာရာ မြစ်ပြင်မှာ ရေအရောင်ကို ခပ်လက်လက်သာ မြင်ရတော့သည်။ ကူးတို့ လှေကလေးသည် ခပ်လှမ်းလှမ်းမှာ အနားယူကာ ရပ်တန့်နေပြီ။ ဟိုဘက်ကမ်း သည်ဘက်ကမ်း ကူးဖို့လည်း ဘယ်သူမှ မရောက်လာကြတော့ပေ။

ဒါဖြင့် သူ မလာတော့ဘူးပေါ့။

ဘယ်လိုလုပ်ပြီး လာနိုင်မလဲလေ။ မနက်ဖြန် မင်္ဂလာဆောင်တော့မယ့် သတို့သားမှာ ဆောင်ရွက်စရာကိစ္စတွေ ရှုပ်ယှက်ခတ်နေမှာပေါ့။ နောက်ပြီး ဇနီးလောင်းက သိသွားခဲ့လျှင်၊ သိမသွားလျှင်တောင် သစ္စာမဲ့ရာကျနိုင်သည်ဟူသောအတွေးက သူ့ရင်ထဲမှာ ရှိမှာပေါ့။ သူသည် ထုံးတမ်းစဉ်လာ သဘာဝဆိုတာကို ဘယ်တုန်းကမှ ချိုးဖောက်ဖို့ လွန်ဆန်ဖို့ စိတ်ကူးခဲ့သူ မဟုတ်။

ဤနေရာသို့ လာဖို့ မလာဖို့မှာ မလာဖို့ဘက်က ဆွဲအား ပိုများနေမှာပါ။ ကျွန်မ သိပါသည်။ ယောကျ်ားမာနနှင့် အချစ် လွန်ဆွဲကြသည့်ပွဲမှာတုန်းက အချစ်က အနိုင်ရခဲ့တာ မှန်ပါရဲ့။ ယခုကိစ္စမှာတော့ ယောကျ်ားမာနအပြင် ဆောင်ရွက်စရာ ကိစ္စတွေ၊ ခင်ပွန်းလောင်း တစ်ယောက်၏ 'သစ္စာ' ဆိုတာတွေ၊ ပတ်ဝန်းကျင်စကား

www.burmeseclassic.com

www.burmeseclassic.com



တင်းတွေ...။ အို...အဲသည်ဘက်မှာ ပို၍အလေးသာအောင် ကူဖြည့်မည့် အကြောင်းအချက်တွေက အများကြီး။ သည်ဘက်မှာက မျှော်လင့်ချက်မရှိခဲ့သည့် အချစ် တစ်ခုတည်း။ အချစ်မှာမှ ဆယ်နှစ်ကျော် ကာလကြာမြင့်ပြီးနောက် တဖြည်းဖြည်း လျော့ပါးနေနိုင်သည့် ပမာဏနည်းမည့် အချစ်။

တဖြည်းဖြည်း မှောင်လာသည့် ညနေချမ်းမှာ ကျွန်မ၏ မျှော်လင့်ချက်တွေ တဖြည်းဖြည်း တရိပ်ရိပ် ကျဆုံးကုန်ပါသည်။

သူ မလာတော့ဘူးပေါ့။

ယခုအချိန်အထိ သူ့ကို ကျွန်မ ချစ်နေဆဲဟု ကိုယ့်ကိုယ်ကို သေချာသွားသည်။

ယခုဆို သူ့ရုပ်ပုံလွှာ ဘယ်လိုပြောင်းလဲနေပြီလဲ။

မလာဘူးဟု သေချာခါမှ ကျွန်မ သူ့ကို အလွန်အမင်း မြင်တွေ့ချင်လာသည်။ သူ့မေးစေ့တစ်ဝိုက်မှာ ရင့်ကျက်သည့် မုတ်ဆိတ်တို့ဖြင့် စိမ်းညို့နေလောက်ပြီလား။ ညိုစင်သည့် သူ့လက်မောင်းမှာ တောထဲ သွားရသည့် ဒဏ်၊ လယ်ထဲဆင်းရသည့် ဒဏ်တို့ဖြင့် ညိုရာမှ မည်းခဲ့ပြီလား။ ပုဆိန်ကိုင်သည့် လက်ဖဝါးများ၊ တံစဉ်ကိုင်သည့် လက်ဖဝါးများ အသားမာတက်ကာ ကြမ်းတမ်းရာမှ ခံစားမှု ပျောက်သည်အထိ မာကျောခဲ့ပြီလား။ ကျွန်မ သူ့ကိုမြင်ချင်လိုက်တာ။ သူ တစ်ပါး၏ ခင်ပွန်းအဖြစ် မြင်ချင်တာ မဟုတ်ပါ။ ပိုင်ဆိုင်သူ မရှိသေးသည့် ကျွန်မချစ်သူအဖြစ် လွတ်လပ်သော ယောကျ်ား တစ်ယောက်အဖြစ် မြင်ချင်တာပါ။

သို့သော် သူ မလာတော့ပါ။

အမျိုးသမီးတစ်ယောက်အနေနှင့် သည့်ထက်ပို၍ သည်နေရာ



မှာ နေဖို့ မသင့်တော်ဘူးဟု ကိုယ့်ကိုယ်ကို အားတင်းကာ ကျွန်မ ထိုင်ရာမှ ထရပ်လိုက်ချိန်တွင် ကျွန်မ မျက်ရည် တစ်စက် နှစ်စက် လွင့်စဉ်ကျသွားသည်။

အို...သူ မလာဘူးလို့ ကျွန်မ သေချာလို့လား။

ကျွန်မက ရွာကို ကျောပေး၍ မြစ်ကို မျက်နှာချင်းဆိုင်၍ မလှုပ်မယှက် ထိုင်နေခဲ့သည့် ကြာမြင့်သောကာလမှာ ကျွန်မနောက်နားဆီသို့ သူ ရောက်ချင် ရောက်လာနိုင်ခဲ့တာပဲ။ ကျွန်မဆီသို့ ခြေ တစ်လှမ်း ထပ်တိုးဖို့ ဟန်ပြင်ပြီးမှ နောက်ပြန်ဆုတ်ကာ ပြန်သွားတာလည်း ဖြစ်နိုင်တာပဲ။ နောက်ဘက်ကို ကျွန်မ တစ်ခါမှတောင် လှည့်မကြည့်ခဲ့ဘူးလေ။

ကျွန်မ ရွာဘက်သို့ ပြန်လှည့်လာခဲ့သည်။

ကျွန်မ တစ်ရပ်လောက်မြင့်သည့် (လမ်းဘေးဝဲယာရှိ) ပြောင်းပင်တွေသည် မလင်းတလင်း လရောင်အောက်မှာ လေဖြင့် ယိမ်းနွဲ့နေကြသည်။ အဲသည် ပြောင်းပင်တန်းတွေကြားမှာ လူတစ်ယောက် အသာလေးရပ်ပြီး သည်ဘက်ကို လှမ်းကြည့်နေခဲ့နိုင်တာပဲ။ ကျွန်မဆီကနေ သဲသဲကွဲကွဲ မြင်နိုင်မှာမဟုတ်ဘူးလေ။

ထို့နောက် ကျွန်မ ခပ်တိုးတိုးရယ်မိသည်။

သူပြောခဲ့တာ သိပ်မှန်၏။ ကျွန်မ အလွန်စိတ်ကူးယဉ်လေသည်။

[အမှတ် ၁၊ စိမ်းရောင်လွင်မဂ္ဂဇင်း၊ ဧပြီ]

○

www.burmeseclassic.com

www.burmeseclassic.com

## သစ်တစ်ပင်ကောင်း

လောကပတ်ဝန်းကျင်သည် တိတ်ဆိတ်စွာ ငြိမ်းချမ်းလျက် ရှိသည်။ အေးစိမ့်စွာလည်း လန်းဆန်းလျက်ရှိသည်။ ဤရွာကလေးသည် ဒေးပတ်ဝန်းကျင်တွင် တောင်တန်းများ၊ သစ်ပင်အုပ်စုကြီးများ ကာရံထားသောကြောင့် ခရီးသွားလာရေး အနည်းငယ်ခက်ခဲသော ဒေသဖြစ်သည်။ ထို့ကြောင့်လည်း ဤရွာကလေးတွင် လူနေအိမ်ခြေ အလွန်ကျဲပါးသည်။ ပြည်မမှ ဧည့်သည်များ အရောက်အပေါက် နည်းသည်။ ဗုဒ္ဓသာသနာနှင့်သက်ဆိုင်သော ဘုန်းကြီး ရဟန်းသံဃာများ လာရောက်လည်ပတ်ခြင်း နည်းပါးလှသည်။ ရွာရှိ လူဦးရေ၏ တစ်ဝက်ခန့်သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ကျန်တစ်ဝက်ထဲမှ တချို့သည် မိရိုးဖလာကိုးကွယ်မှုဖြစ်သော နတ်ပူဇော်ကိုးကွယ်ခြင်းကို အမွေထိန်းသိမ်းထားဆဲ၊ ကျန်တချို့သည် ဗုဒ္ဓဘာသာဆိုသည်ကို ကြားဖူးနားဝ ရှိနေသူများ ဖြစ်သည်။

ဤရွာတွင် ပထမဦးဆုံးသော ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို လှူခဲ့သည့် ရှစ်နှစ်ကမှ စတင်တည်ထောင်ခဲ့ရသည်။ သူသည် ထို



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်း၏ ဒုတိယမြောက် ကျောင်းထိုင်ဘုန်းကြီး ဖြစ်သည်။ အင်္ဂလိပ်ခေတ်ကတည်းက ခရစ်ယာန်သာသနာပြု ဘုန်းကြီး၏ စွန့်စားစွာ စည်းရုံးသာသနာပြုခဲ့သော အကျိုးကျေးဇူးကြောင့် ရွာသားများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ သို့သော် နတ်ကိုးကွယ်သော အုပ်စုလည်း ကျန်နေသေးသည်။ သူ့အရင် ဤကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးသည် ဗုဒ္ဓဘာသာဝင် ရွာများမှာကဲ့သို့ ဆွမ်းခံခြင်းအမှုကို ပြုလုပ်၍မရခဲ့ပေ။ ရွာသားများသည် ဘုန်းကြီးတစ်ပါးကို ဆွမ်းလောင်းဖို့ ကပ်လှူဖို့ ဟူသည့် အသိတရားနှင့် ဝေးကွာလှသည်။ သူတို့အမြင်တွင် ဤဘုန်းကြီးသည် မိမိတို့ကဲ့သို့ ထမင်းဟင်းချက်စားရန် ဘာကြောင့်ဝန်လေးနေပါသနည်း။ မိမိတို့မှာ အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း၊ သစ်ခုတ်ခြင်း၊ သီးနှံ စိုက်ပျိုးခြင်းတို့ကို အလှည့်ကျ ဆောင်ရွက်နေရသည်ဖြစ်ရာ ဘုန်းကြီးအား ထမင်းဟင်းချက်ပေးရန် အချိန်မရှိ၊ ဤဘုန်းကြီးသည် ထမင်းဟင်းချက်ပေးမည့် ဇနီးမယား သားသမီး မရှိအပ်လျှင် တပည့်လက်သားတော့ ရှိရပေမည်။ ဤအမြင်မျိုးကို ဘုန်းကြီးထံ စကားပေါက်အောင် သူတို့ကြိုးစားခဲ့ရသည်။ ဘုန်းကြီးကလည်း ဤအမြင်မျိုးကို ဖြေရှင်းရန်အတွက် သူတို့စကားကို နားလည်အောင် ကိုယ့်စကားကို သူတို့နားလည်အောင် သင်ယူကြိုးစားခဲ့ရ၏။

ဘုန်းကြီး ပျံလွန်တော်မူပြီးနောက် ဒုတိယကျောင်းထိုင် ကိုယ်တော်အဖြစ် သူဤရွာကလေးသို့ ရောက်လာသောအခါ အခြေအနေသည် ယခင်ကလို ခက်ခဲခြင်းမရှိတော့ပေ။ ရှစ်နှစ်တိတိ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတစ်ပါး၏ တစ်ကိုယ်တည်း နေထိုင်မှု၊ ရွာသားများအပေါ် ကူညီစောင့်ရှောက်မှု၊ ပညာသင်ကြားပေးမှု၊ နေမကောင်း





မကျန်းမာလျှင် ကုသပြုစုမှု စသည်တို့ကို ရွာသားများ အနည်းအကျဉ်း လက်ခံတတ်လာခဲ့ပြီ။ ထိုအချိန်တွင် သူရောက်လာရသည်ဖြစ်ရာ သူ့အတွက် သာသာနပြုခြင်းသည် မူလဘုန်းတော်ကြီးလောက်တော့ ပင်ပန်းခက်ခဲခြင်း မရှိပေ။

ရွာသားထဲမှ လူခပ်ရွယ်ရွယ်တစ်ယောက်သည် မူလ ဘုန်းတော်ကြီး၏ ကပ္ပိယအဖြစ် ထမင်းဟင်းချက်ပေး၊ ဘုန်းကြီး ဝေယျာဝစ္စကို ပြုစုပေးနေခဲ့သည်မှာ နှစ်နှစ်သုံးနှစ်ခန့် ရှိနေပြီဟု သူသိရသည်။ ထိုသူ့နာမည်မှာ သူသိသလောက်အသံထွက်ဖြင့် ဦးကျုံတန် ဖြစ်သည်။ ရဝမ်လူမျိုးအနွယ် ဖြစ်သည်။ မြန်မာစကား အတော်အသင့် ပြောတတ်လေသည်။

ရွာသားများသည် အများအားဖြင့်မှာ အမဲလိုက်ခြင်းဖြင့် ဟင်းစား ရှာဖွေကြသည်ဖြစ်ရာ ရလာသောအမဲအား ခွဲဝေဖြတ်တောက်ပြီး ဘုန်းကြီးကျောင်းသို့ လာပို့လေ့ရှိသည်။ တစ်ခါတစ်ခါ ဘုန်းကြီးနှင့် တိုက်ရိုက်တွေ့၊ တစ်ခါတစ်ခါ ဘုန်းကြီးနှင့် မတွေ့လျှင်လည်း ဘုန်းကြီးကျောင်း မီးဖိုချောင်ထုပ်တန်းမှာ ထိုအမဲပေါင်ကို ချိတ်ဆွဲ၍ ထားခဲ့လေ့ရှိသည်။

"အဲဒီမှာ အမဲတစ်ပေါင်ပေးခဲ့ပြီ၊ ချက်စားတော့" ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဘုန်းကြီးဆိုသည်မှာ ကိုယ်တိုင် ထမင်းဟင်း ချက်ပြုတ်စားကြသူများ မဟုတ်ကြောင်း ဘုန်းတော်ကြီးက ရှင်းပြသည်ကို သူတို့နားမလည်နိုင်ပေ။ ကပ္ပိယမရှိခင်က ထိုဟင်းစား အမဲပေါင်ကိစ္စမျိုးသည် ဘုန်းတော်ကြီးအတွက် ဖြေရှင်းရန် တော်တော်ခက်ခဲသော ပြဿနာဖြစ်သည်။ ဘုန်းကြီးကျောင်းဝင်း နောက်ဘက်ခြံမြေတွင် သီးနှံစိုက်ပျိုးခြင်း၊ ထိုသီးနှံကိုတခြားစားကုန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လဲလှယ်ခြင်း စသည်တို့ကို ဘုန်းတော်ကြီးကိုယ်တိုင် ပြုလုပ်ခဲ့ရဖူးသည်။

ယခုအခါမှာတော့ သူသည် ကပ္ပိယရှိသော ဘုန်းကြီးကျောင်းတွင် ဆွမ်းကိစ္စအတွက် သိပ်အခက်အခဲမရှိဘဲ သာသနာပြုခွင့် ရနေပြီ။ ရွာထဲတွင် ဗုဒ္ဓဘာသာဝင် အိမ်ခြေ လေးငါးခြောက်အိမ် ရှိပြီဖြစ်၍ သူ ဆွမ်းခံနိုင်ပြီ။ ရွာထဲက ကလေးများကို သူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ စသည်တို့ကို သင်ကြားပေးခွင့် ရပြီ။ ဗုဒ္ဓ အကြောင်းကို ပုံပြင်တစ်ပုဒ် ပြောသလို ညစဉ် ပြောပြနိုင်ဖို့ သူသည် ဒေသခံ တိုင်းရင်းစကားကို သင်ကြားတတ်မြောက်ခဲ့ပြီ။

အင်မိုင်ခ မြစ်ဟု ဖြစ်ပေါ်မလာမီ အရင်းအမြစ်ဖြစ်သော နန့်တမိုင်ချောင်းကြီး၏ ကမ်းပါးဘေးတွင် သူ၏ ဘုန်းကြီးကျောင်းကို တည်ဆောက်ထားသည်ဖြစ်ရာ ချောင်းရေစီးသံ၊ သစ်ကိုင်းသစ်ရွက်တို့၏ တိုးတိုက်လှုပ်ခတ်သံ၊ ကျေးငှက်များ အော်မြည်သံ၊ တောတိရစ္ဆာန်ငယ်ကလေးများ၏ ပြေးလွှားအော်မြည်သံတို့ဖြင့် ပတ်ဝန်းကျင်သည် သာယာချမ်းမြေ့လှပါသည်။ ချောင်းကမ်းပါးထိပ်မှာ သစ်ပင်၊ ဝါးပင် အရိပ်၌ ငြိမ်သက်စွာထိုင်လျက် ရေစီးသံကို နားထောင်သည့်အခါတိုင်း ပါရဂူ၏ 'သိဒ္ဓတ္ထ' ဝတ္ထုထဲမှ သိဒ္ဓတ္ထကို သူ သတိရမိသည်။ ကြည်လင်လှသောရေသည် လျင်မြန်စွာ ကြမ်းတမ်းစွာ စီးဆင်းလေသည်။ ကျောက်တုံးကျောက်ဆောင်များနှင့် ရေစီးထိတွေ့ရာအရပ်တို့၌ ရေသည် ရေမှုန်ရေပန်းများအဖြစ် ကမ်းပါးဆီသို့ပင် ဖွာလွင့် ဝဲပျံလျက်ရှိသည်။



ဤအရပ်သို့ ရောက်လာခဲ့မိသောကြောင့် မိမိကိုယ်ကို ထပ်ကာထပ်ကာ ကျေနပ်ရောင့်ရဲမိသည်။

*

သူသည် အသက် ၁၁ နှစ်သား အရွယ်တွင် ရွာရှိ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ခဲ့၏။ သူ့ဇာတိမှာ ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စုအပိုင် ရွာသစ်ကလေးကျေးရွာဖြစ်သည်။ စတုတ္ထတန်းအောင်ပြီးသောအခါ နှစ်နှစ်လောက် အဖေ့လယ်တွင် ကူညီလုပ်ကိုင်ပေးပြီး ၁၃ နှစ်သားအရွယ်တွင် ဥယျာဉ်ကျောင်း ဆရာတော်ထံမှာ ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။ ဆရာတော် မှည့်ခေါ်သမုတ်အပ်သော ရှင်သာမဏေဘွဲ့မှာ 'ဇနက' ဖြစ်သည်။

"အင်္ဂါသား မောင်ဇံဆိုတော့ ဘွဲ့အမည် 'ဇနက' ပေါ့ကွဲ့"

ဤဘွဲ့အမည်ကို သူ အလွန်နှစ်သက်ပါသည်။ ဘုရားလောင်း မဟာဇနကမင်းကို သူ အလွန်သဘောကျခဲ့ဖူးသည် မဟုတ်လား။ ဆရာတော်ဦးသောဘိတ၏ ကျောင်းမှာ နေထိုင်ရင်း အငယ်တန်း၊ အလတ်တန်းတို့ကို အောင်မြင်ခဲ့၏။ ထို့နောက် ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်မှာ စာသင်ရင်း အကြီးတန်း အောင်မြင်ခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် ထိုနှစ်က အကြီးတန်း အောင်လိမ့်မည်ဟု သူ လုံးဝမျှော်လင့်မထားခဲ့ပေ။ အလွန်ခက်ခဲပြီး များပြားလှသော ဤကျမ်းစာများကို တစ်နှစ်တည်း ကျက်မှတ်အာဂုံဆောင်နိုင်မည်ဟု သူ မထင်မှတ်ခဲ့။ နှစ်နှစ်လောက်တော့ ဖြေယူရမှာပဲဟု သူ

www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည်။ ကံကောင်းထောက်မစွာပင် သူ့နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ သူသည် အောင်စာရင်းကိုသိရစဉ်က လူငယ်ပီပီ ဟန်မဆောင်နိုင်လောက်အောင်ပင် ပျော်ရွှင်သွားခဲ့၏။ မိမိ နေသောရွှေလရောင်ကျောင်းကြီးပေါ်မှာ နှစ်ပတ်သုံးပတ်လောက် ကျွမ်းထိုးပစ်လိုက်ချင်စိတ်ကို မနည်း အောင့်အည်းမျိုသိပ်ခဲ့ရသည်။

အဖေနှင့် အမေသည် သူ့အတွက် ကျေနပ်ဂုဏ်ယူမဆုံး ရှိခဲ့သည်။ အသက် ၂၀ ပြည့်သည့်အခါ ဥယျာဉ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ထိုအချိန်မှာလည်း သူ၏ ရဟန်းဘွဲ့အမည်သည် အရှင်ဇနကပင် ဖြစ်၏။ ရွာမှ ကျောင်းထိုင်၏ လက်ထောက်အဖြစ် သူ ဆက်လက်နေထိုင်ရန် အဖေနှင့် အမေက ဆန္ဒရှိခဲ့သော်လည်း သူက မဟာဓမ္မာစရိယအထိ အောင်ချင်သည်။ စာတတ်ပုဂ္ဂိုလ်ဖြစ်ချင်စိတ်ကို ချိုးနှိမ်၍ မရခဲ့ပေ။

"ဒကာကြီး…ကျုပ် ရန်ကုန်မှာ စာသွားသင်မလို့" ဟု အဖေ့အား အသိပေးသောအခါ အဖေသည် သူ့အား မတားမြစ်ရက်သဖြင့် သဘောတူခဲ့၏။

ရန်ကုန်မှာ စာသွားသင်ခြင်းဟူသောအမှုကိစ္စသည် လွယ်မယောင်နှင့် အလွန်ခက်ခဲကြမ်းတမ်းလှလေသည်။ အသိမိတ်ဆွေဘုန်းကြီးဟူ၍ မရှိသောကြောင့် ရန်ကုန်မှာ ကျောင်းတစ်ကျောင်းကျောင်း၌ နေထိုင်ခွင့် ရရန် ရက်ပေါင်းများစွာ ကြိုးစားရှာဖွေခဲ့ရသည်။ ဘုန်းကြီးကျောင်း တော်တော်များများသို့ သူ သွားရောက်ချဉ်းကပ်ခဲ့ရသည်။ သူ့အား မည်သည့်ကျောင်းကမျှ လက်မခံနိုင်ပေ။ ဝါဆိုလပြည့်နေ့သို့ ရောက်ခါနီးလေ ကျောင်း တစ်ကျောင်းမှ





မရသေးသဖြင့် ရင်ပူလေ ဖြစ်လာသည်။ ရန်ကုန်လာမိတာ မှားပြီဟုလည်း ကိုယ့်ကိုယ်ကို နှောင်တရမိ၏။ အဖေ ပေးလိုက်သောချွေးနှီးစာ စုဆောင်းငွေကလည်းကလည်း ကုန်လုပြီ။ ကျောင်း တစ်ကျောင်းမှ မရဘဲ ဝါဆိုသွားလျှင် သူ ဘာလုပ်ရမည်နည်း။ နေ့ဝင်က နေ့ထွက် သူသည် တစ်လမ်းဝင် တစ်လမ်းထွက် မြို့နယ်ပေါင်းစုံသို့ လျှောက်ရလေသည်။ ဘုရားရှင်တော်မြတ်၏ ဂုဏ်ကျေးဇူး၊ ဆရာတော် ရှင်မြတ်များ၏ ဂုဏ်ကျေးဇူး၊ မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့လျက် သူ သစ္စာဆိုမိသည်။

"တပည့်တော်သည် မြတ်စွာဘုရားရှင် ထားရစ်တော်မူခဲ့သော ဗုဒ္ဓဒေသနာတော်ကို လေးနက်ကြည်ညိုစွာ ယုံကြည်သက်ဝင်မိပါ၏၊ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန်နှင့် ပြန့်ပွားစေရန် ကိုယ်စိတ်နှစ်ဖြာဖြင့် အားထုတ်ကြိုးပမ်းပါမည်၊ သာမဏေဘဝ၊ ရဟန်းဘဝတို့တွင် ဗုဒ္ဓသာသနာ၏ အကျိုးကိုအမှန်တကယ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်၊ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်နိလှုံနိုင်စရာ အရိပ်တစ်ခုခုကို တွေ့ရပါလို၏ အရှင်ဘုရား"

သူ၏သစ္စာကို သမ္မာဒေဝ နတ်မြတ်များ ကြားခဲ့သည် ထင်၏။ သူသည် ဝါဆိုလပြည့်မတိုင်မီ နှစ်ရက်အလို၌ အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက်ကျောင်း၌ နေထိုင်ခွင့်ရခဲ့သည်။ အလွန်စည်းကမ်းကြီးသော ကျောင်း ဖြစ်သည်။ ငယ်စဉ်က သူဆည်းပူးခဲ့သော ဗေဒင်နက္ခတ်ပညာကြောင့် တစ်ကြောင်း၊ ဥပုသ်သီလပေးရာတွင် တည်ငြိမ်စွာ ဟောပြောတတ်ခြင်းကြောင့်တစ်ကြောင်း သူ့တွင် ဆွမ်းခံအိမ်မရှားပါးခဲ့ပေ။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ပညာသင်ရန် ဝင်ခွင့် အောင်မြင်သောအခါ သူ့ဆွမ်းဒကာ ဒကာမ



www.burmeseclassic.com

www.burmeseclassic.com



များ စိတ်မကောင်းခြင်းတစ်ဝက်၊ သူ့အတွက် ဝမ်းသာခြင်းတစ်ဝက် ဖြင့် နှုတ်ဆက်ကြလေသည်။

"စာအုပ်စာတမ်းဖိုး ကုသိုလ်ပြုပါရစေဘုရား" ဟု တချို့က ဝတ္ထု ငွေ ကပ်လှူကြသည်။

သာသနာ့တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ဖြေဆိုစဉ်ကလည်း အောင် မြင်လိမ့်မည်ဟု မမျှော်လင့်ရဲပေ။ တစ်နှစ်တစ်နှစ်တွင် သံဃာ အပါး တစ်ထောင်ဖြေလျှင် ငါးဆယ်ခန့်သာ အောင်မြင်သည်ဖြစ်ရာ ငါး ရာခိုင်နှုန်းသာ အောင်မြင်သော စာမေးပွဲဟု ပြောရမည်။ ထို ငါး ရာခိုင်နှုန်းတွင် မိမိပါဝင်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်ရဲမည် မဟုတ်။ ထို့ကြောင့် ဖြေသာဖြေရသည် စိတ်က ခပ်ထင့်ထင့်ပင် ဖြစ်၏။ အကြီးတန်း အောင်မြင်ပြီး၍ ဆယ်ဝါထက် မပိုရ ဟူသော စည်းမျဉ်းနှင့် ကိုက်ညီနေသောကြောင့်တစ်ကြောင်း၊ နိုင်ငံရပ်ခြား သို့ သာသနာပြုစေလွှတ်ခြင်း ခံရမည့်အခွင့်အရေးကို မျှော်လင့်သော ကြောင့် တစ်ကြောင်း ရသော်ရှိ မရသော်ရှိ ဖြေကြည့်မည်ဟု စာရင်း ပေးသွင်းလိုက်ခြင်း ဖြစ်သည်။

ကံကောင်းထောက်မသည်လား၊ နှစ်ပေါင်းများစွာ လေ့လာ ဆည်းပူး၍ အာဂုံဆောင်နိုင်သော ဉာဏ်ရည်ကြောင့်ပဲလား၊ နှစ်မျိုး လုံးနှင့် ညီညွတ်၍ပဲလား မသိ၊ သူ အောင်မြင်ခဲ့သည်။

နှုတ်ဖြေမေးသော ဆရာတော်ဘုရားတို့၏ ဣန္ဒြေသည် သူ့အား ရင်တလှပ်လှပ်တုန်စေခဲ့၏။ တစ်ညလုံးလုံး အိပ်ရေးပျက်ထား၍ ကျိန်းစပ်နေသော မျက်လုံးတို့သည် သူ့အား မူးမိုက်ဝေဝါးစေ၏။ မျက်နှာကြက်ပန်ကာ၏ တရွေ့ရွေ့လည်ပတ်သံသည် သူ့ရင်ထဲအထိ မြည်နေအောင် ကျယ်လောင်လှသည်ဟု ထင်မိသည်။



"ကိုယ်တော့်နာမည်က ရှင်ဇနကဗောဓိ ဟုတ်သလား"

"မှန်ပါဘုရား"

"ဗောဓိက ဘာကြောင့်ထည့်ရသလဲ၊ အကြောင်းရှိသလား"

"မှန်ပါ၊ တပည့်တော်တို့ကျောင်းတိုက်မှာ ဘွဲ့အမည် ဆင်တူ ဇနကတွေ သုံးပါးရှိပါတယ်ဘုရား၊ ဇနကချင်း ကွဲပြားအောင်လို့ တပည့်တော် သီတင်းသုံးတဲ့ ဗောဓိကျောင်းရဲ့အမည်ကို နောက်က ထည့်လိုက်ရတာပါ အရှင်ဘုရား"

"ကောင်းပြီ၊ ဗောဓိရဲ့အနက် ဘယ်နှမျိုး သိသလဲ"

မိမိ ယူထားသောအမည်နှင့် ပတ်သက်၍ မေးလိုက်သောအခါ ထိုပထမဆုံးမေးခွန်းကြောင့် သူ့ရင်ထဲတွင် ပေါ့ပါးသွားလေသည်။ အဘိဓာန်ကို နှုတ်တိုင်အာဂုံဆောင်ထားသောကြောင့် ဗောဓိ၏ အနက် အဓိပ္ပာယ်လေးမျိုးကို (သဗ္ဗညုတဉာဏ်တော်မှအစ ညောင်ပင်အထိ) သူ သွက်လက်စွာ ဖြေနိုင်ခဲ့သည်။

"ဒါဖြင့် ကိုယ်တော့်နာမည်မှာ ဘယ်အနက်နဲ့ ဗောဓိကိုယူသလဲ"

"ညောင်ပင်ဆိုတဲ့ အနက်ကို ယူပါတယ်ဘုရား"

"ဘာ့ကြောင့်လဲ"

သူသည် အနည်းငယ် ရှက်သွေးဖြင့် ခပ်သွက်သွက်ဖြေမိ၏။

"သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားရတယ်လို့ အဆို ရှိတော့ တပည့်တော်ရဲ့ အရိပ်အာဝါသ ဟာ ဗုဒ္ဓသာသနာတော်ကို ခိုလှုံချင်တဲ့ ဝေနေယျသတ္တဝါတွေအတွက် အေးငြိမ်းမှုကို ပေးနိုင်ချင် တဲ့ အနက်အဓိပ္ပာယ်နဲ့ပါ ဘုရား"

ဣန္ဒြေကြီးသော ဆရာတော်၏ မျက်နှာတော်ကို မဝံ့မရဲ ပြုံးမြော်

www.burmeseclassic.com

www.burmeseclassic.com



လျက် လျှောက်ထားသောအခါ ဆရာတော်၏ မျက်လုံးများ ပြုံးယောင် သန်းသွားလေသည်။

နောက်ဆရာတော်တစ်ပါးက သူ့အား စူးစူးစိုက်စိုက် အကဲခတ်လျက် မေးခွန်းထပ်မေးသည်။

"ကိုယ်တော့်အရင် အဲဒီထိုင်ခုံမှာ ထိုင်သွားတဲ့ သံဃာဟာ ကိုယ်တော့်ကို ပဋ္ဌာန်းရဲ့ ဘယ်ပစ္စည်းနဲ့ ကျေးဇူးပြုသွားသလဲ"

သူ အနည်းငယ် ဦးနှောက်ခြောက်သွားခဲ့၏။ နှစ်ဆယ့်လေးပစ္စည်းကို စိတ်ထဲမှ လျင်မြန်စွာအနက်အဓိပ္ပာယ်တွေ စဉ်းစားယူရသည်။

ဥပနိဿယပစ္စယော၊ အညမည ပစ္စယော၊ မဟုတ်သေးဘူး။ သိပ်ကြာရှည်စဉ်းစားနေ၍လည်း မကောင်းပေ။ သူသည် ဆုံးဖြတ်ချက်ကို မြန်မြန်ချ၍ မြန်မြန်လျှောက်ထားလိုက်၏။

"သူ ထွက်သွားပြီးမှ တပည့်တော် ဝင်လာထိုင်ရတာဆိုတော့ မရှိခြင်းနဲ့ အကျိုးပြုတဲ့တွက် နတ္ထိပစ္စည်းနဲ့ပါ ဘုရား"

ဆရာတော်များ တစ်ပါးမျက်နှာကို တစ်ပါး အကြည့်ချင်း ဆုံလိုက်ကြပြီး ပြုံးတူ ခေါင်းညိတ်လိုက်လေသည်။

သူသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၌ လေးနှစ်တိတိ တက်ရောက်ပညာသင်ကြားရသည်။ မင်းကွန်း ဆရာတော် အရှင်မြတ်ဘုရား၏ ပံ့ပိုးကူညီမှုကြောင့် တက္ကသိုလ်သည် အလွန် အဆင့်မြင့်ခဲ့သည်။ သံဃာတစ်ပါးစီ နေထိုင်ရသော အခန်းကလေးများသည် လိုအပ်သည့် ပရိဘောဂပစ္စည်း အသင့်ရှိ၏။ ဘာသာရပ် ခုနစ်ခု၏ သင်ခန်းစာများ အလွန်များပြားလှသဖြင့် သူတို့အားလုံး အလွန်ပင်ပန်းခက်ခဲစွာ ကြိုးစားသင်ယူရသော်လည်း နေ



ထိုင် စားသောက်မှုမှာ အလွန်အဆင်ပြေသောကြောင့် တစ်ကြောင်း၊ စာချမဓမ္မကထိက ပါမောက္ခဆရာတော်များ အသင်အပြ ကောင်းမွန်သောကြောင့်တစ်ကြောင်း စိတ်ချမ်းသာခဲ့ကြပါသည်။ အုပ်ချုပ်သူဆရာတော်ဘုရား၏ ဘုန်းတန်ခိုးအပေါ်မှာ သင်တန်းကျောင်း၏ စည်ပင်ဝပြောမှုအပြောင်းအလဲက မူတည်နေသည်။ ကြည်ညို ကိုးကွယ် ဆည်းကပ်သူ များသည့်အခါ ကျောင်းဖွံ့ဖြိုးမည်။ အရည်အချင်း အလွန်ပြည့်ဝသော သင်တန်းပို့ချသူ ဆရာတော်များနှင့် အင်အား ပြည့်မည်။ ဒါက လောကနိယာမတရားအတိုင်း ဖြစ်လေသည်။

*

သင်တန်းဆင်းပြီး အောင်စာရင်းထွက်ပြီးသောအခါ ကချင်ပြည်နယ် ရေခဲတောင်တန်းများ၏ ခြေရင်းရှိ ဤရွာကလေးသို့ တာဝန် အရ ရောက်လာခဲ့ရသည်။

ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် မိမိ၏ ကိုယ်ခန္ဓာတစ်ခုလုံးကို စွန့်လွှတ်ပေးဆပ်မည်ဟု သစ္စာဆိုထားခဲ့သော်လည်း တကယ်တမ်း နယ်မြေဒေသ ကြမ်းတမ်းခက်ခဲသော ဤတောင်တန်းဒေသမှာ နေထိုင်သီတင်းသုံးရသည့်အခါ မိမိသစ္စာ ပျက်ချေမည်လားဟု မကြာခဏစိုးရိမ်မကင်းဖြစ်ခဲ့ရ၏။ မိမိတို့ မြန်မာစကားကို နားမလည်သော ရွာသားများနှင့် သူတို့ဘာသာစကားကို နားမလည်သော မိမိ၏အကြား ဆက်သွယ်ရသည်မှာ တော်တော်ခက်ခဲ၏။ ဗုဒ္ဓဘာသာဝင် အနည်းငယ်သာ ရှိသော ဤရွာကလေးတွင် အစိုးရက ဆွမ်းဆန်တော်အဖြစ် လှူဒါန်းသော ကျပ်တစ်ထောင်ဖြင့်လာရောက် အသက်ရှင်ရခြင်းသည် မနိုင်မနင်း ဝန်ထုပ်ဝန်ပိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာဖြစ်၏။ တစ်ရွာနှင့် တစ်ရွာ သွားလာရေးအတွက် ကိုယ့်ခြေထောက်မှတစ်ပါး အားကိုးစရာ ယာဉ်မရှိ။

နန့်တမိုင်ချောင်းနှင့် ချောင်းလက်တက်များကို ဖြတ်ကူးရာတွင် အများအားဖြင့် အသုံးပြုကြသည်မှာ ကြိမ်ဖြင့် ပြုလုပ်သော ကြိုးတံတားများ ဖြစ်သည်။ တချို့တံတားများတွင် နင်းလျှောက်သည့် ကြမ်းခင်းမှာ ကြိမ် နှစ်ချောင်း သုံးချောင်းသာ ခင်းထားသည်။ အောက်မှာက ကျောက်တုံးများကြားမှာ ကြောက်မက်ဖွယ် အသံဖြင့် အော်၍ စီးဆင်းနေသော ချောင်းရေစီး။ မြေပြန့်သား တစ်ယောက်အတွက် ကြီးမားသော စွန့်စားမှုတစ်ခုပင် ဖြစ်သည်။ တစ်နှစ် တာဝန်ပြီးဆုံးပြီးနောက် သူ ဤရွာသို့ သက်ဆုံးတိုင် နေဖို့ သွားမည် ပြောသည့်အခါ စာသင်ဖက် သူငယ်ချင်း သံဃာတချို့က ကရုဏာဒေါသဖြင့် အပြစ်တင်ကြသည်။

“ကြည့်ကြသေးတာပေါ့ကွာ၊ ရွာသားတွေပဲ ဗုဒ္ဓဘာသာဝင် ဖြစ်လာမလား၊ ဇနကပဲ မာလကာ ချွန်ကြွမလား စောင့်ကြည့်ရသေးတာပေါ့”

သူ တိတ်ဆိတ်စွာပင် ပြုံးနေခဲ့ပါသည်။ သံဃာတော်များ ကျင့်သုံးရမည့် ဝိနည်းတို့ကို သူ တတ်နိုင်သမျှ လိုက်နာပြီး သိက္ခာတည်ကြည်စွာ ကျင့်ကြံပြုမူခဲ့သည်။ ပညာဗဟုသုတများကို မိမိ တတ်နိုင်သမျှ ပေးဝေခဲ့သည်။ ဗုဒ္ဓ၏သားတော် ရဟန်းဆိုသည်မှာ ဤကဲ့သို့ ငြိမ်းချမ်းနေထိုင်သူ၊ ဤကဲ့သို့ ကရုဏာရှိသူ၊ ဤကဲ့သို့ သီလစောင့်ထိန်းသူဟု တစ်ချိန်ချိန်မှာ ရွာသားတွေ နားလည်လာရမည်။ မိမိသည် ဤရွာအတွက် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဤရွာကို ကျေးဇူးပြုသူ၊ အကျိုးရှိစေသူဟု အားလုံးက လက်ခံလာစေရမည်။ ဤ ဇွဲ



သတ္တိကို ရရန် သူသည် သူ၏သစ္စာကို ထပ်ကာထပ်ကာ အာရုံပြုရွတ်ဆိုရလေသည်။

ယခုအခါတွင် ဦးဇနကဟူသော ဘွဲ့အမည်သည် ရွာသားများအတွက် စကားထဲတွင် ထည့်ပြောရသည့် အမည်ဖြစ်လာပြီဟု သူ သိရသည်။ လပြည့် လကွယ် ဥပုသ်ရက်များတွင် ဥပုသ် ဆောက်တည်သည့် ဆွမ်းဒကာ ဒကာမများ၏ဘေးတွင် စပ်စုတတ်သော အခြားကလေးသူငယ်များ မကြာခဏ ပါလာတတ်သည်။ ထိုကလေးများကို သူသည် မေတ္တာဖြင့် နူးညံ့စွာ စကားပြောဆက်သွယ်ကြည့်သည်။ အပြစ်ကင်းစင်လှသော ကလေးတို့သည် သူ့သင်္ကန်းစကို တအံ့တသြ ထိတို့ဆုပ်ကိုင်ကြည့်ရင်း အချင်းချင်း လျှင်မြန်သော အသံထွက်များဖြင့် စကားပြောလေသည်။ သူသည် ကလေးတို့အား ဗုဒ္ဓဝင်ရုပ်စုံစာအုပ်ကို ဖွင့်ပြလျက် ဗုဒ္ဓ၏ဖြစ်စဉ်ကို အခွင့်သင့်တိုင်း ပုံပြင်သဖွယ် ပြောပြသည်။ ပန်းချီဆရာကြီး ဦးဘကြည်၏ ခြေပြစ်စွာ ခမ်းနားသော ရုပ်စုံသရုပ်ဖော်ပုံများကို ကလေးများ စိတ်ဝင်စားကြပါသည်။

တစ်နှစ်တိတိ ကျောင်းထိုင်ဘုန်းကြီးအဖြစ် လက်တွေ့ သာသနာပြုပြီးနောက် ဤရွာသို့ပင် မိမိဆုံးဖြတ်ချက်ဖြင့် ထပ်မံ လာရောက်ခဲ့သည်မှာ ထိုကလေးများ၏ အပြစ်ကင်းစင်သော မျက်လုံးများကြောင့် ဖြစ်သည်။

ထိုမျက်လုံးများကို အေးချမ်းမှုဖြင့် တည်ငြိမ်စေလိုသည်။ ယုံကြည်ခြင်းဖြင့်လည်း တောက်ပစေလိုသည်။ ကရုဏာဖြင့်လည်း နူးညံ့စေလိုသည်။ သူတို့၏ နှလုံးသားကလေးများကိုကား ရေခဲ

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းဆီမှ ဆွတ်ဆွတ်ဖြူသော နှင်းများလိုပင် ဖြူစင်သန့်ရှင်းစေလိုသည်။

ရင်မှဖြစ်သော ထိုစေတနာကို မိုင်ပေါင်းများစွာ ဝေးကွာလှသော ဓာတ်ရှာကလေးမှ မိခင် ဖခင်နှစ်ပါး ကြည်လင်စွာ သာမုခေါ်ကြလိမ့်မည်ဟု သူ ယုံကြည်ပါသည်။

[ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် ရွှေရတုမဂ္ဂဇင်း]

၀



## နှင်း

နှင်းဖွဲဖွဲအောက်တွင် ရှင်နှင့် ကျွန်မ မြစ်ကူးပေါင်းမိုးတံတားကြီးပေါ်မှာ အတူလမ်းလျှောက်ခဲ့ကြသော ဇန်နဝါရီနံနက်ခင်းတစ်ခုကို သတိရမိသည်။ အပေါ်ယံမှာ ရေခဲနေသော မြစ်ကို တံတားအုတ်လက်ရန်းဘောင်မှ ငုံ့ကြည့်ရင်း အဲသည် ရေခဲလွှာပေါ်မှာ လမ်းလျှောက်ချင်စိတ်ဖြင့် အသည်းယားနေသော ကျွန်မကို ရှင် ရယ်မောခဲ့ပါသည်။

"အဲဒီ ရေခဲလွှာက ပါးပါးလေးကွ၊ မင်း ကိုယ်အလေးချိန်ကိုမခံနိုင်သေးဘူး၊ အဲဒီအပေါ် မင်း မတ်တတ်ရပ်လိုက်တာနဲ့ ရေခဲလွှာလေး ကွဲအက်ပြီး မင်းတစ်ကိုယ်လုံး ရေခဲရေထဲ နစ်သွားမှာပေါ့"

"နစ်ချင်မှလဲ နစ်မှာပေါ့"

ဘာကြောင့်များ ကျွန်မ ရှင်နှင့် အတိုက်အခံလုပ်ခဲ့မိမှန်း မသိပါ။ အဲသည်စကားကို ပြောနေခဲ့တုန်းက ကျွန်မ ပြုံးစစမျက်နှာလေး ရှိနေခဲ့လိမ့်မည်ဆိုတာတော့ သေချာပါသည်။ သို့သော် ရှင်ကတော့ ကျွန်မ စ, နောက်လိုက်သည်ဟု ခံစားမိပုံ မပေါ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"စမ်းကြည့်ချင်သလား…ဟုတ်လား"

ရှင်၏ ခပ်တည်တည်မျက်နှာထားက ကျွန်မ၏ မခံချင်စိတ်ကို ဆွပေးလိုက်သလို ရှိသည်။

တကယ်တော့ မြစ်ကမ်းဘေးက ထိုင်ခုံတန်းလျားလေးမှာပဲ ကျွန်မတို့ နှစ်ယောက် အတူထိုင်ခဲ့ကြဖို့ ကောင်းသည်။ ထိုင်ခုံပျဉ်ခင်းပေါ်မှာ နှင်းရေဖြင့် စိုရွှဲနေစေဦးတော့၊ ကျွန်မကသာ ထိုင်ချင်သည် ဆိုလျှင် ရှင်က အပေါ်ဝတ် နှင်းကာအင်္ကျီကိုချွတ်ပြီး ခုံပေါ်မှာ ဖြန့်ခင်းပေးကောင်း ပေးပါလိမ့်မည်။ ပြီးဆုံးသွားခဲ့သော ကာလများ၏ တကယ်မပြုလုပ်ဖြစ်ခဲ့သောအကြောင်းအရာကို 'အကယ်၍' ဆိုသော စကားလုံးဖြင့်ပြန်လည်မှန်းဆကြည့်ရတာ ရင်နာစရာကောင်းပါသည်။

မြစ်ကမ်းဘေးက မြက်ခြောက်အစပ်မှာ မတ်တတ်ရပ်ရင်း ကျွန်မ၏ ခြေတစ်ဖက်ကို မြစ်အပေါ်ယံ ရေခဲလွှာပြင်ပေါ်သို့ မရဲတရဲ ချကြည့်လိုက်ချိန်တွင် ရှင်သည် လက်နှစ်ဖက် တင်းတင်းပိုက်ကာ ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေခဲ့သည်။ ရှင့်မျက်နှာထားကို ကျွန်မ မကြိုက်ပါ။ ကလေးဆိုးတစ်ယောက်ကို မှတ်လောက် သားလောက် ဒုက္ခတွေ့စမ်းပါစေ…ဟူသော မျက်နှာထားမျိုး ဖြစ်သည်။ အလိုလိုက်သော မောင်တစ်ယောက်၏ ချစ်ခင်မြတ်နိုးစွာ အလျှော့ပေးလိုက်သော၊ ဒုက္ခဖြစ်လျှင်တော့ ကယ်တင်နိုင်ရန် အဆင်သင့်စောင့်နေသော အပြုံးမျိုး ရှင်ဘာကြောင့် မပြုံးနိုင်ခဲ့ရတာလဲ။ ကျွန်မရေမကူးတတ်မှန်းလည်း ရှင် ကောင်းကောင်းသိခဲ့သည်။ ဤ မြစ်သည် လူ့အရပ်သုံးပြန်စာလောက် နက်ရှိုင်းသည်ဟုလည်း မကြာမီကပဲ ရှင် ပြောထားခဲ့သည်။ ကျွန်မ ရေနစ်မသွားနိုင်ပေဘူးလား။





ကျွန်မ ရေနစ်သွားခဲ့လျှင် ရှင် ဆယ်မည် မဆယ်မည် မသေချာသော်လည်း ရှင် မဆယ်နိုင်မီမှာပင် အအေးဒဏ်ကြောင့် ကျွန်မ သေသွားနိုင်ခဲ့ပါသည်။

တံတားအောက်ခြေ အုတ်တိုင်ကြီးကို အားပြုဖက်တွယ်လျက် ရေခဲလွှာပေါ်သို့ ချထားပြီးသား ခြေတစ်ဖက်ကို ဖိနင်းလိုက်သည်။ ခြေတစ်ဖက်၏ ခပ်ဖိဖိအလေးချိန်ကို ရေခဲလွှာက ကောင်းကောင်း ခံနိုင်သားပဲ။ သို့သော် ခြေနှစ်ဖက်လုံး စုံရပ်ကြည့်ဖို့ဖြင့် ကျွန်မ မဝံ့ရဲပါ။ တစ်နည်းအားဖြင့် ရှင့်ရှေ့မှောက်မှာ ကျွန်မ အရှက်ကွဲ မခံသင့်ပါ။

ရှေ့ဆက်လည်း မနင်းရဲ။ လက်လျှော့ကာ နောက်သို့လည်း ပြန်မဆုတ်ချင်။ အုတ်တိုင်ကြီးကို ဖက်လျက် ကြာမြင့်စွာ တွေတွေကြီး မှိုရပ်နေခဲ့သည့် ကျွန်မပုံစံကို ကျွန်မမြင်ယောင်ကြည့်မိသည်။ ဒဏ်ပေးခံရသော ကလေးတစ်ယောက်လို ဖြစ်နေခဲ့ပါလိမ့်မည်။ နောက်ဘက် ခပ်လှမ်းလှမ်းမှာ ရှင်က လက်ပိုက် မတ်တတ်ရပ်လျက် ကျွန်မက အုတ်တိုင်ကို မှီကပ်ပြီး မြစ်ကမ်းပေါ်မှာ ခြေတစ်ဖက်၊ ရေခဲပြင်ပေါ်မှာ ခြေတစ်ဖက် ထောက်ကာ မတ်တတ်ရပ်လျက်။ အဲသည်ပုံစံသည် တစ်ယောက်ကို တစ်ယောက် အရူးအမူး ချစ်နေခဲ့ကြသည့် ချစ်သူနှစ်ဦးပုံစံတော့ဖြင့် မဟုတ်နိုင်ပါ။

အဲသည်အတိုင်း ဘယ်လောက်ကြာအောင် ဆက်လက်ပေကတ်နေနိုင်ကြပါ့မလဲဟု ကျွန်မ စိတ်ပူမိခဲ့သည်။ ရှင့်ဆီကို ကျွန်မ လှည့်ပြန်လိုက်ရလျှင် ကောင်းမလား၊ ကျွန်မဆီသို့ ရှင် တိုးကပ်လာကာ လက်တွဲလေမလား။ တစ်ယောက်ယောက်ကတော့ စတင်လှုပ်ရှားဖို့ လိုလိမ့်မည်။ ကျွန်မကပဲ အရှုံးပေးလိုက်ပါတော့မည်…ဟူသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ဖြင့် ခြေလှမ်းပြန်ဆုတ်ဖို့ အားယူဆဲမှာ ရှင့်အသံကို ကျွန်မ ကြားရသည်။

"ကဲ … ကဲ … တော်လောက်ပြီ"

စိတ်မရှည်နိုင်တော့သော လူကြီးတစ်ယောက်၏ အသံမျိုးဖြင့် ရှင် ပြောခဲ့တာ သည့်စကားတစ်ခွန်းပါပဲ။

ကျွန်မ ကပျာကယာ ပြန်လှည့်လာရသော်လည်း မျက်နှာကို တော့ မြေပြင်ရှိရာသို့ ငုံ့နေစေခဲ့သည်။ ရှင်က ကျွန်မကို လက်မကမ်း ခဲ့ပါ။ ထို့ကြောင့် ကျွန်မ ရှင့်ကို မမှီတွယ်ခဲ့ရပါ။

အကယ်၍သာ … 'မင်း ဘာဖြစ်လို့ ဒီလောက် ရူးရတာလဲ' ဟု တစ်ခွန်းလောက် ရှင်က အပြစ်ဆိုခဲ့လျှင် ကျွန်မတို့ သည့်ထက်ပို၍ အသက်ဝင်လှုပ်ရှားသွားခဲ့မည် ထင်သည်။

"ကျွန်မ အခုလို ရေခဲနေတဲ့ မြစ်တစ်ခုပေါ်မှာ တစ်ခါမှ ခြေမချ ကြည့်ဖူးလို့ပါ"ဟု ကျွန်မဘက်က ဖြေရှင်းနစ်သိမ့်ခွင့် ရသွားခဲ့နိုင် ပါသည်။ ထိုစကားကြောင့် ရှင် ရယ်မောကောင်း ရယ်မောလိမ့် မည်။ နှာခေါင်း ရှုံ့ကောင်း ရှုံ့ခဲ့လိမ့်မည်။ ထိုသို့ဆိုလျှင် ကျွန်မတို့ နှစ်ယောက် စကားမပြောဘဲ အကြာကြီးတိတ်ဆိတ်စွာ လမ်းလျှောက် သွားနေခဲ့ရသည့်အဖြစ်လည်း ဖြစ်လာခဲ့မှာ မဟုတ်ပါ။

ယခုတော့ ရှင်က အေးအေးဆေးဆေး ရှေ့မှ လမ်းလျှောက်သွား နေခဲ့သည်။ ကျွန်မက ဘေးမကျတကျ နောက်မကျတကျ နေရာမှ ခပ်ခွာခွာလိုက်၍ လမ်းလျှောက်သွားနေခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ကျွန်မတို့အခြေအနေနှင့် လိုက် လျော ညီထွေစွာပင် အေးစက်ထိုင်းမှိုင်းနေခဲ့သည်။





ကျွန်မတို့ အနီးမှာ မြင်နေရသည်က အနက်ရောင် ကဲနေသည့် (သစ်ရွက်သစ်ခက် ရှားပါးသော) သစ်ကိုင်းသက်သက် သစ်ပင်များ၊ ထိုအနက်ရောင်ပေါ်မှာ တစ်ပိုင်းတစ်စ ဖုံးအုပ်လျက်၊ တစ်ဝက် တစ် ပျက် တွဲလွဲကျနေသော နှင်းပွင့် နှင်းဆုပ် ဖြူလွလွများ၊ အပင်နှင့် အဆောက်အအုံတို့၏ အောက်ခြေမှာ ပုံကျနေသည့် ထူထပ်သော နှင်းထုလွင်ပြင်များ၊ ကျွန်မတို့လိုပင် စိုက်စိုက် စိုက်စိုက်နှင့် လမ်း လျှောက်နေသူ တချို့၏ လေးလံထိုင်းမှိုင်းဟန်ရှိသော ခပ်မည်းမည်း အပေါ်ဝတ်အင်္ကျီ ထူထူပွပွကြီးများ။ အားလုံးသည် အဖြူအမည်း နီးပါး အရောင်လျှော့ချထားသည့် ဗီဒီယိုပြကွက် မြင်ကွင်းတစ်ခုနှင့် တူနေခဲ့သည်။ ကြည့်လေရာရာမှာတော့ နူးညံ့ပွရောင်းသော ဝါဂွမ်း စိုင်တွေလို ဖြူဖွေးနေသည့် နှင်းတွေ၊ မိုးကောင်းကင်ပေါ်က တိမ် တွေ မြေပြင်ပေါ် အကုန်ဆင်းလာကြသလို ခမ်းနားလှပသော နှင်း တွေ …။

*

နှင်းကို ကျွန်မ ချစ်သည်။

နှင်းမြူတွေ ဆိုင်းနေသည့် အပူပိုင်းဒေသက ဆောင်းနံနက်ခင်း တွေကိုလည်း ကျွန်မချစ်သည်။ ကောင်းကင်ဆီမှ တဖွဲဖွဲ လွင့်ကျ လာတတ်သော နှင်းပွင့် နှင်းဖတ်ကလေးများကိုလည်း ကျွန်မ ချစ် သည်။ ယုတ်စွအဆုံး မြားသေးသေးကလေးတွေလို မျက်နှာဆီသို့ စူးခနဲ စူးခနဲ လာ၍ထိမှန်သော အေးစက်တုန်ခိုက်စေသည့် မိုးနှင်း စိုစိုများကိုပင်လျှင် ကျွန်မ ချစ်ပါသည်။

နှင်းကို ကျွန်မ ချစ်မှန်း ရှင် ကောင်းကောင်းသိခဲ့သည်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အရှေ့မြောက်ပိုင်းဒေသရှိ တက္ကသိုလ်မြို့ကလေးသို့ ကျွန်မ ရောက်ဖူးအောင် ရှင်လိုက်ပို့ခဲ့သည်ပဲ မဟုတ်ဘူးလား။

ပထမဦးဆုံးအကြိမ် နှင်းတွေကို လက်ခုပ်ဖြင့် ဆုပ်ယူ၍ နှင်းဘောလုံးလုပ်ကြည့်ရစဉ်က ဆိုလျှင် ဟောဒီ ကမ္ဘာလောကကြီးမှာ အသက်ရှင်နေထိုင်ခွင့်ရတာ အင်မတန်ထိုက်တန်တာပဲဟု ကျွန်မ ကြည်နူးစွာပင် ကျေနပ်သွားခဲ့ရပါသည်။

ငယ်စဉ် ကလေးဘဝတုန်းက ရုပ်ရှင်ဇာတ်ကားတွေထဲမှာ သို့ မဟုတ် ရောင်စုံဓာတ်ပုံစာအုပ်ကြီးတွေထဲမှာ နှင်းတွေ ဖြူဖွေးကာ အဆုပ်လိုက် အပုံလိုက် ဖြစ်နေသည်ကို ကြည့်ရတိုင်း အသည်း တယားယားနှင့် ပျော်မိသည်။ ကြည့်စမ်း...၊ ဘယ်လောက်အဖိုးတန် လိုက်မယ့် နှင်းတွေလဲ။ တုတ်ချောင်းကလေးရဲ့ ထိပ်ဖျားမှာ နှင်းတွေကို လက်ခုပ်ဖြင့် ဆုပ်ညှစ်ပြီး ရေခဲပေါက်စီများ လုပ်လိုက်ရလျှင် ဘယ်လောက် ကောင်းလိုက်လေမလဲ။ ကျွန်မတို့၏ မြို့ကလေးမှာ ရေခဲပလုတ်တုတ်ကို ရေခဲပေါက်စီဟု ခေါ်ပါသည်။ တုတ်ချောင်းကလေးများ ထိပ်ဖျားတွင် ရေခဲခြစ်မွမွကလေးများကို အလုံးလိုက် စုယူဆုပ်ညှစ်၊ ထိုရေခဲဆုပ်ပေါ်သို့ အစိမ်းရောင်၊ အနီရောင်၊ လိမ္မော်ရောင် အရောင်ဆိုးထားသည့် သကြားချိုရည်များကို စိုရွှဲနေအောင် ဆမ်းပေးလိုက်သောအခါ ကလေးတွေ အလွန်ကြိုက်သည့် ရေခဲပေါက်စီ ဖြစ်သွားပါသည်။ ရေခဲပေါက်စီသည်ကြီးသည် အဲသည် နှင်းတွေကိုများ မြင်လိုက်တွေ့လိုက်ရလျှင် ဘယ်လောက်ပျော်သွားလိုက်လေမလဲ။

တကယ်တမ်း နှင်းတွေကို လက်ဖြင့် စုယူဆုပ်ကိုင်ကြည့်နိုင်သည့် အချိန်မှာတော့ ကျွန်မသည် ရေခဲပေါက်စီကို မက်မောသော ကလေး





အရွယ်မှ နှစ်ပေါင်းများစွာ လွန်ခဲ့ပြီးပြီမို့ နှင်းဆုပ်ကလေးကို ကျွန်မ၏ ပါးပြင်နှင့်သာ ခပ်ဖွဖွထိထားလိုက်မိသည်။ အေးခဲ ထုံကျင်နေခဲ့ပြီးသော ပါးပြင်သည် နှင်းဆုပ်ကလေး၏ အတွေ့ကြောင့် ပို၍ အေးစက်စူးရှသွားခဲ့သေးသလား၊ ကျွန်မ မမှတ်မိတော့ပါ။ ကျွန်မ မှတ်မိသည်က ရှင့်အပြုံးသာဖြစ်သည်။ အဲသည်အချိန်မှာ ကျွန်မကို ကြည့်၍ သဘောကျစွာ ပြုံးလိုက်သော ရှင့်အပြုံးကို ကျွန်မ ချစ်ပါသည်။ အဲသည်အပြုံးကို ခရီးစဉ်တစ်လျှောက်လုံး ကျွန်မ ရခဲ့လျှင် ဘယ်လောက်ကောင်းမလဲ...နော်။

တကယ်တော့ ရှင်သည် နှင်းကိုမနှစ်မြို့သူဖြစ်သည်။ အင်းလေ မနှစ်မြို့ဘူးဟု မပြောသာလျှင်တောင်မှ နှင်းကိုမချစ်တာတော့ အမှန်ပါပဲ။ နှင်းကို စိတ်မရှည်နိုင်တာလား၊ နှင်းကို ချစ်သည့် ကျွန်မ အပေါ် စိတ်မရှည်နိုင်တာလား။

နှင်းပွင့်နှင်းဖတ်ကလေးတွေကို ကြည့်နေသူချင်းအတူတူ ကျွန်မ၏ အတွေးနှင့် ရှင့်အတွေးတို့က ဘယ်တုန်းကမှ တူညီခဲ့သည်မဟုတ်။ ရောက်ရောက်ချင်း ညနေခင်းတုန်းက တစ်ထပ်ချင်း တစ်လွှာချင်း လျှင်မြန်စွာ ကျဆင်းလာနေသော ပထမဆုံးနှင်းဖတ်ကလေးများကို မှန်ပြတင်းမှ လှမ်းကြည့်ကာ ကျွန်မမှာတော့ အဲသည် နှင်းကလေးတွေကို မျက်နှာမော့လျက် ခံယူချင်စိတ်ဖြင့် ရင်ခုန်နေခဲ့သည်။ ရှင်ကတော့ ညစာကို အိမ်တိုင်ရာရောက် လာပို့ပေးဖို့ စားသောက်ဆိုင်တစ်ခုသို့ တယ်လီဖုန်းလှမ်းဆက်နေခဲ့သည်။ သဘောက ညစာ စားပြီး ထွက်ရင်း နှင်းတွေကို ကျွန်မ မထိမကိုင်ရတော့ဘူးပေါ့။

အဲဒီတော့ ဘာဖြစ်လဲ၊ ညစာ စားအပြီးမှာ အပြင်သို့ ခဏထွက်ပြီး လမ်းလျှောက်နိုင်သားပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်ညက ဆောင်းရာသီ၏ ပထမဆုံးနှင်းပွင့်များအောက် သို့ အပြေးထွက်သွား၍ကြိုဆိုသူမှာ ကျွန်မတစ်ယောက်တည်း ရှိ ခဲ့ဟန် တူပါသည်။

တဖွဲဖွဲကျလာနေသော ဖြူလွလွ နှင်းပွင့်နှင်းဖတ်ကလေးများကို မျက်နှာမော့လျက်၊ လက်နှစ်ဖက် ဘေးသို့ ဆန့်တန်းလျက် ကျွန်မ ကြိုဆိုမိခဲ့တော့သည်။ မျက်နှာကို ဒေါင်လိုက်မျဉ်း အနေအထားမှ ဘေးတိုက် ရေပြင်ညီမျဉ်းနှင့် တစ်တန်းတည်းဖြစ်သွားအောင် မော့ ပစ်လိုက်သောအခါ မြင်ရသော ကောင်းကင်နက်ပြာရောင်သည် နှင်း ဖြူဖြူပွင့်ဖတ်များ ဖောက်ရက်ထားသော ဇာပဝါတစ်ခုဖြင့် ပိုးတဝါး ကာဆီးလျက်ရှိသည်။ လှပသော ဆောင်းညပန်းချီကားတစ်ချပ်မှာ ကြယ်ပွင့်လေးတွေတောင် ပါနေသေးတော့သည်။

မျက်နှာပေါ်မှာ၊ လက်ဖဝါးအစုံပေါ်မှာ နှင်းဖတ်ကလေးတွေ တင် လာသည်ကို အေးစက်စွာ ခံစားရင်း ပါးပြင်ဆီမှ စူးရှထုံကျင်မှုကို ခံစားရင်း ကျွန်မရင်ထဲမှာတော့ စိတ်လှုပ်ရှားမှုများစွာဖြင့် နွေးထွေး လျက်ရှိခဲ့သည်။

"ဒီလောက် အေးခဲလှတဲ့ အပြင်ဘက်မှာ မင်းဘာလုပ်နေတယ် လို့ မင်းထင်လဲ"

ရှင့်စကားသံက ကျွန်မနောက်မှာ ပေါ်လာသောအခါ ကျွန်မ လှည့်မကြည့်ဘဲ ရှင်ပြုံးနေသည်ကို ခံစားလိုက်ရသည်။

နောက်တော့ ကျွန်မမျက်နှာနှင့် ကောင်းကင်ကြားမှာ ရှင့် မျက် နှာ က ပိတ်ဆီးကာလိုက်ပါသည်။ နက်ပြာရောင် ကောင်းကင်ကို မမြင်ရ၊ နှင်းဇာပဝါကို မမြင်ရ၊ ကြယ်တွေကို မမြင်ရ။ ခဏကလေး ကျွန်မ ကြယ်ပွင့်တစ်စုံကိုတော့ မြင်နေခဲ့ရ၏။ စူးရှစွာ လင်းလက်





သည့်ကြယ်ကလေးနှစ်ပွင့်ပေါ့။ တကယ်ပဲ ထိုကြယ်ပွင့်ကလေးတွေ ပြုံးနေခဲ့ပါသည်။

"အထဲကို ဝင်တော့"

နွေးထွေးသော ရှင့်လက်များ၏ နူးညံ့စွာ ထွေးဆုပ်မှုကို လိုက် လျောရင်း ထိုကြယ်ပွင့်ကလေးတစ်စုံ၏ နောက်သို့ လိုက်သွားခဲ့သော ကျွန်မ၏ ခြေလှမ်းများ မြေနှင့် မထိခဲ့ပါ။ နွေးထွေးသော အပေါ်ဝတ် အင်္ကျီပွပွကြီးထဲသို့ ကျွန်မကိုယ်ခန္ဓာကလေး လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ်သွားသောအခါ ကျွန်မ၏ အာရုံထဲသို့ အဝေးဆီမှ တကယ်မကြားနိုင်သော ဂီတတစ်ခု တဖြည်းဖြည်း ဝင်ရောက် လွှမ်း ခြုံလိုက်တော့သည်။

ခြေလှမ်း လှမ်းဖို့လည်း မေ့၊ စကားပြောဖို့လည်း မေ့၊ အသက် ရှူဖို့ပင် မေ့အောင် ကျွန်မကို စိုးမိုးလိုက်သည်က အာရုံထဲက သီချင်း သံစဉ်တစ်ခု ဖြစ်ခဲ့သည်။

"မင်း ဘာတွေ တွေးနေတာလဲ"

"သီချင်းတစ်ပုဒ်"

ကျွန်မ သီချင်းနှင့် ဂီတကို နှစ်သက်မှန်းလည်း ရှင်သိခဲ့ပါသည်။

"ဘာသီချင်းလဲ"

အဲသည်လို ရှင်မေးလိုက်တော့မှပဲ ကျွန်မ မဖြေတတ်သည့် အဖြေ တစ်ခုကို စခဲ့မိပြီဟု နောက်ကျစွာ သိလိုက်ရတော့သည်။

ဘာသီချင်း...ဟု ဖြေတော့ရော ရှင်သိမှာတဲ့လား။ ကိုဇော်ညိန်း ကို ရှင်မှ မသိနိုင်ဘဲ။ 'ချစ်နှင်းမှုန်' ဆိုတာကို ရှင် ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။ ရှင်များ နားလည်ခံစားနိုင်မည်ဆိုလျှင် အဲသည်သီချင်း ကို ကျွန်မ ဆိုညည်းပြလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်အုံ လှိုင်းခုန်ကြွလို့ရယ်...နှင်းမှုန်ကြွေလေတိုင်းဝယ်...သွယ်...မျက်ရည်ဝိုင်းခဲ့ ညတိုင်းမယ်...မောင့်မှာသာကွယ်၊ တစ်ရံရောအခါက...မောင်နဲ့မယ် ချစ်ကြိုးနှောင်ကာသွယ်...ငွေစာရံ...ခြွလွှာပုံသို့နှယ်...ချစ်နှင်းမှုန် တဖွဲဖွဲကြဲကာ မစဲတော့တယ်...

"နှင်းတွေကျတဲ့ ညတိုင်း မျက်ရည်လည်ရတဲ့ လွမ်းတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ သီချင်းပေါ့"

ဘာသာစကားမကျွမ်းကျင်သောကြောင့် ကျွန်မ၏အဖြေသည် သီချင်း၏ နက်နဲမှုနှင့် ဘာမှမယှဉ်သာအောင် ပေါ့ပျက်ခဲ့မည်ဆိုလျှင် ကိုစောညိန်း ရောက်ရာဘဝမှ ခွင့်လွှတ်နိုင်ပါစေဟုသာ ဆုတောင်းရပါတော့မည်။

"ဘာကြောင့် သူက လွမ်းရတာတဲ့လဲ"

"ခြော်ကွယ်...သိပ်ချစ်ခဲ့တဲ့ ချစ်သူနှစ်ဦး အပြီးအပိုင်ဝေးကွာသွားခဲ့ရတဲ့အခါ တစ်ခါတစ်ခါ ကြုံကြိုက်တိုက်ဆိုင်မှုတွေ ရှိလာရင် ခံစားချက်ပြင်းထန်တဲ့ လူက လွမ်းရတတ်တာပဲ မဟုတ်လား"

ကျွန်မအဖြေကြောင့် ရှင်ပခုံးတွန့်သွားခဲ့သည်ဆိုတော့ သူ့ခံစားမှုကို ရှင် အသိအမှတ်မပြုချင်သည့်သဘောပေါ့နော်။ အဲသည်အတွေးကြောင့် ကျွန်မဝမ်းနည်းသွားခဲ့မိပါသည်။

*

ရှင့်ကို ကျွန်မ ချစ်သည်။

ပါးလှပ်ကာကျယ်ပြန့်သော နှုတ်ခမ်းမှ ရှင်ပြောလိုက်သော စကားတိုင်းကို ကျွန်မ ချစ်သည်။ အဲသည်နှုတ်ဖျားမှ အမှတ်တမဲ့ ရေရွတ်လိုက်သော အာမေဋိတ်သံ စကားလုံးကလေးများကို ပို၍ချစ်သည်။





ကြယ်ပွင့်ကလေးတွေလို စူးရှတောက်ပသော မျက်လုံးများကို ကျွန်မ ချစ်သည်။ အဲသည်မျက်လုံးအစုံဖြင့် ကျွန်မကို မကျေမနပ်စိုက်ကြည့်လိုက်သည့် အကြည့်လေးတွေကအစ ကျွန်မ ချစ်သည်။ ကြီးမားကျယ်ပြန့်သော နွေးထွေးခြောက်သွေ့သည့် လက်ဖဝါးအစုံကို ကျွန်မ ချစ်သည်။ ရှည်လျားသွယ်ပျောင်းသော သို့သော် ခိုင်မာမြဲမြံသော လက်ချောင်းတို့ကို ကျွန်မ ချစ်သည်။ ထိုလက်ချောင်းများဖြင့် ခပ်သော့သော့ရေးလိုက်သော လက်ရေးကျဲကျဲတွေကို ကျွန်မချစ်သည်။ ခြေအိတ်ချွတ်ထားသော ဗလာခြေဖဝါးများဖြင့် မွေးပွကော်ဇောပေါ်သို့ နင်းလျှောက်သွားသည့်အခါ မသိမသာ နစ်ဝင်ကျန်တတ်သည့် ရှင့်ခြေဖဝါးရာလေးတွေကိုပင်လျှင် ကျွန်မ ချစ်ပါသည်။

ရှင် စိတ်မရှည်နိုင်စွာ ရေရွတ်သတိပေးလိုက်သော တစ်...နှစ်...သုံး...ဂဏန်းစဉ်တွေကို ကျွန်မ ချစ်သည်။

ရှင်ဖျော်ပြီးသား ကော်ဖီကို သောက်ဖို့ကျွန်မ အပြင်သို့ မထွက်လာသေးဘူးဆိုလျှင် ရှင့်နှုတ်ဖျားမှ တစ် နှစ် သုံး ရေရွတ်သံကို ကျွန်မ ကြားရတတ်သည်။

"ကိုယ် တစ် နှစ် သုံး တစ်ဆယ်အထိ ရေပြီးလို့မှ မင်း ကော်ဖီ မသောက်သေးဘူးဆိုရင် အဲဒီကော်ဖီခွက်ကို ကိုယ် သွန်ပစ်လိုက်တော့မှာနော်၊ တစ်...နှစ်...သုံး...လေး...'

ကျွန်မသည် စိတ်ကောက်တတ်သည့် ကလေးတစ်ယောက် မဟုတ်ခဲ့ပါ။ သို့သော် စိတ်ကောက်တတ်သည့်ကလေးတစ်ယောက်ကို ဆက်ဆံသလို ဆက်ဆံခံရသောအခါ ပထမပိုင်းမှာ တော်တော်အောင့်သက်သက်ခံစားခဲ့ရ၏။ နောက်ပိုင်းမှာတော့ အဲဒီလို ဆက်ဆံခံရတာကို ကျေနပ်သလို ရှိလာသည်။ ထိုအခါ မကြာခဏပင် စိတ်



www.burmeseclassic.com

www.burmeseclassic.com


ကောက်ချင်ယောင်ဆောင်မိခဲ့တော့သည်။ ရှင် တစ် နှစ် သုံး ရေရွတ်ပြီး ကျွန်မကိုသတိပေးခြိမ်းခြောက်ရသော အကြိမ်တိုင်းသည် ကျွန်မ တကယ်စိတ်ကောက်နေခဲ့ခြင်း မဟုတ်ပါ။ ရှင့်နှုတ်ဖျားမှ တစ် နှစ် သုံး ရေရွတ်သံကို ကြားချင်စိတ်တို့ဖြင့်လည်း ကျွန်မ စိတ်ကောက်ချင်ယောင်၊ သို့မဟုတ် တစ်ခုခုပြုလုပ်ဖို့ မေ့လျော့ချင်ယောင် ဆောင်ခဲ့မိတတ်ပါသည်။

"စာကြည့်စားပွဲပေါ်က စာအုပ်ပုံကြီးကို ရှင်းပစ်ပါလို့ ကိုယ်ပြောနေတာ ဘယ်နှကြိမ်ရှိပြီလဲ၊ အခုသွားရှင်းချည်တော့"

ရှင့်စကားသံကိုမကြားသလို ရေဒီယိုကို သံကြီးမဲကြီး နားထောင်ရင်း တကယ်ပျင်းရိနေခဲ့တာလည်း ရှိဖူးပါသည်။ ထိုစဉ်က ရှင်သည် ကျွန်မ နားထောင်နေသော ရေဒီယိုလိုင်းအစား တခြား လိုင်းတစ်ခုသို့ ပြောင်းပစ်ခဲ့သည်။ အသံကိုလည်း တိုးသွားအောင် လျှော့ချပစ်ခဲ့သည်။

"ကိုယ် တစ် နှစ် သုံး တစ်ဆယ်အထိ ရေပြီးလို့မှ မင်း အလုပ်မစသေးဘူးဆိုရင် မင်းကို အကျီကော်လာကနေ ဆွဲယူပြီး အဲဒီစားပွဲပေါ် ပစ်တင်လိုက်မယ်နော်၊ တစ်...နှစ်...သုံး'

ကျွန်မသည် ရှင့်နှုတ်ဖျားမှ ရေရွတ်သော ဂဏန်းစဉ်တို့ကို ချစ်သောကြောင့် အမြဲပင် ပေကတ်ကာ နားထောင်နေခဲ့မိသည်။ ထို့ကြောင့် ရှင်သည် တစ် နှစ် သုံး ကို ကိုးအထိ အမြဲရေရွတ်ရလေ့ရှိသည်။ 'ကိုး' ကိုရေရွတ်ပြီးသောအခါမှာတော့ ကျွန်မ ကမန်းကတန်းထပြီး အလုပ်စရပါတော့သည်။ အဲသည် ဂဏန်းရေရွတ်သံတို့ကို ကျွန်မ ချစ်သည်ဆိုတာ ရှင့်ကိုတစ်ခါမှ ဖွင့်မပြောခဲ့ဖူးပါ။ ထို့ကြောင့် အဲသည် တစ် နှစ် သုံး ရေရွတ်သံတို့သည် စိတ်မရှည်သော ဒေါသ





အရိပ်အငွေ့တို့ ဖုံးလွှမ်းလျက် အမြဲ မာမာထန်ထန်ရှိနေခဲ့သည်။ သို့ပါလျက် အဲသည် မာရေကျောရေ (စိတ်ရှည်အောင် မနည်း အားတင်းထားရမှန်း သိသာသော) တစ် နှစ် သုံး တွေကို ကျွန်မ ချစ်ခဲ့ပါသည်။

ရှင့်ကို ဘယ်လောက်အထိ ချစ်မိသလဲဆိုလျှင် ကိုယ့်အခန်းနှင့်ကိုယ် တစ်နေရာမှာ အလုပ်ရှုပ်နေသော ရှင့်ကို တိတ်တဆိတ် ငေးမောကြည့်ရင်း မျက်ရည်ကျမိသည်အထိပင် ဖြစ်သည်။

ယောကျ်ားတစ်ယောက်ကို ချစ်စိတ်သက်သက်ဖြင့် မိန်းမ တစ်ယောက်ဟာ မျက်ရည်ကျတတ်ပါသလား။ ချစ်သူချင်း သို့မဟုတ် ဇနီးမောင်နှံချင်း ရန်ဖြစ်လို့၊ စိတ်ကောက်လို့၊ စေတနာကို စော်ကားခံရလို့၊ အထင်လွဲခံရလို့ စသည်ဖြင့် မိန်းမတွေ အကြောင်းအမျိုးမျိုးဖြင့် မျက်ရည်ကျတတ်ကြသည်ဟု ကျွန်မသိပါသည်။ ထိုမျက်ရည်များ ပူလောင်နေပါလိမ့်မည်။ သို့သော် ယောကျ်ားတစ်ယောက်ကို ချစ်မြတ်နိုးစိတ်သက်သက်ဖြင့် နှလုံးသားတွေ နာကျင်ထိခိုက်ကာ မျက်ရည်ကျရသည့်အဖြစ်တော့ ကျွန်မ တစ်ခါမှ မကြားဖူးခဲ့ပါ။ ကျွန်မသည် တစ်ယောက်တည်းသော ခြွင်းချက်ဖြစ်နေပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ချစ်မြတ်နိုးစိတ်ဖြင့် ကျရသည့် မျက်ရည်သည်လည်း ပူနွေးလှပါသည်။ ကျွန်မမျက်လုံးအစုံမှ တိတ်ဆိတ်စွာ လိမ့်ဆင်းလာခဲ့ဖူးသော ထိုမျက်ရည်တို့၏ ပူနွေးမှုကို မကြာခဏ ပြန်လည်သတိရစိတ်ဖြင့် ကျွန်မပါးပြင်မှာ မကြာခဏ နွေးထွေးလာခဲ့တတ်ပါသည်။

ကျွန်မ၏ မှတ်ဉာဏ်သည် ယောကျ်ားတစ်ယောက်၏ မှတ်ဉာဏ်နှင့်တော့ တူချင်မှ တူမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဖြစ်ပျက်ခဲ့ပြီးသော အတိတ်ကာလမှ ကြီးမားသော အဖြစ်အပျက် အကြောင်းအရာများကို မေ့လျော့ပစ်တတ်ပြီး သေးဖွဲသော ဘာမှမဟုတ်သည့် အဖြစ်အပျက်ကလေးများကို သတိရမှတ်မိနေတတ်ပါသည်။

ကျွန်မတို့နှစ်ဦး တစ်ပတ်ကြာမျှ သွားရောက်လည်ပတ်ဖူးသော ထိုတက္ကသိုလ်မြို့ကလေးကို ကျွန်မ မကြာခဏမြင်ယောင် ပုံဖော်ကြည့်မိသည့်အခါ ရှင် သတိရစေချင်သော ခမ်းနားကြီးကျယ်သည့် တက္ကသိုလ် စာကြည့်တိုက်ကြီးကို သဲကွဲစွာ မမြင်ယောင်မိပါ။ ရှင်ပြောပြခဲ့သော ထိုစာကြည့်တိုက်၏ နောက်ခံသမိုင်းအဖြစ်အပျက်ကို စဉ်းစားပုံဖော်ကြည့်တော့လည်း ရေးရေးသာ မှတ်မိခဲ့ပါသည်။ ကျွန်မ မှတ်မိသည်က စာကြည့်တိုက်ရှေ့က လူသွားစင်္ကြံ အကျယ်ကြီး ဘေးမှာ ကျွန်မ မြင်ခဲ့ရသော ဖြူဖွေးသည့် နှင်းအပုံလိုက်ကြီးသာဖြစ်သည်။ ထိုနှင်းအပုံလိုက်သည် ကျွန်မ၏ ဒူးအမြင့်လောက်ရှိပါသည်။ နှင်းတို့သည် အပေါ်ပိုင်းနှင့် အလယ်ပိုင်းတွင် ဝါဂွမ်းစိုင် အပုံကြီးကဲ့သို့ နူးညံ့ပွရောင်းကာ ဖြူဖွေးလျက် ရှိသော်လည်း ဘေးနားတစ်ပိုက်မှာတော့ တက္ကသိုလ်မြေ၏ ဖုန်မှုန့် မြေမှုန့်များ ရောထွေးကပ်ငြိလျက် ညိုညစ်ညစ်အရောင်ရှိနေသည်။ နှင်းတွေကို ညိုညစ်ညစ်အရောင်အဖြစ် တစ်ခါမှ မစဉ်းစားခဲ့ဖူးသော ကျွန်မအတွက် ဤမြင်ကွင်းသည် တက္ကသိုလ်စာကြည့်တိုက်ကြီးထက် ပို၍ထူးဆန်းနေခဲ့ပါသည်။ ဒါထက် ထူးဆန်းနေသည်က အဲသည်နှင်းအပုံကြီး၏ ပတ်လည်မှာ စိုက်ထားသော ခြံစည်းရိုးတိုင်သဖွယ် ကျဲပါးသော တိုင်မည်းမည်းများအနက် တိုင်တစ်ခု၏ ထိပ်ဖျားတွင် ငှက်ကလေးတစ်ကောင် နားနေခြင်းပင် ဖြစ်သည်။ ထိုငှက်ကလေး



သည် အညိုရောင်လည်ရစ်နှင့် အမည်းရောင် အတောင်ပံများ ရှိပါသည်။ သူ့အတောင်ပံများသည် နှင်းတို့ဖြင့် စိုစွတ်လျက်ရှိသောကြောင့် တိုင်ထိပ်ဖျားကို ခြေကုပ်ယူလျက် အတောင်ပံကိုမကြာခဏ ဖြန့်ခါလျက်ရှိပါသည်။ အဲသည်မြို့မှာ ကျွန်မ နေခဲ့သမျှ ရက်တွေအတွင်း အဲသည်ငှက်ကလေးတစ်ကောင်ကိုသာ ကျွန်မ တွေ့ခဲ့ရသည်ဟု မှတ်မိသည်။ တခြားငှက်တွေ ဘယ်မှာသွား၍ ခောင်းခိုနေကြပါလိမ့်။ သည်ငှက်ကလေးကရော ဘာဖြစ်လို့ တခြားငှက်တွေနှင့် အတူ ရောမနေဘဲ တက္ကသိုလ်စာကြည့်တိုက်ရှေ့သို့ လာ၍ နားနေခဲ့ပါလိမ့်။

ကျွန်မတို့ ငယ်ငယ်တုန်းက သွားရင်းလာရင်း လမ်းမှာ ငှက်ကလေးတွေကို တွေ့လျှင် တစ်ကောင်တည်း တွေ့ရတာလား၊ နှစ်ကောင်လား အပြေးအလွှား သတိထား၍ ရေတွက်လေ့ရှိကြပါသည်။ နှစ်ကောင်တွေ့လျှင် လာဘ်ကောင်းသည်၊ သုံးကောင် တွေ့လျှင် ပျော်ရွှင်စရာ ကြုံရလိမ့်မည်...စသည်ဖြင့် သူ့အဓိပ္ပာယ်နှင့်သူ ဖော်ပြီး နိမိတ်ကောက်ယူလေ့ရှိကြသည်။ အကောင် အရေအတွက်နှင့် နိမိတ် အကြောင်းအရာကို ကျွန်မ ကောင်းကောင်းမမှတ်မိပါ။ သေချာသည်ကတော့ တစ်ကောင်တည်း တွေ့ရခြင်းသည် မကောင်းသော နိမိတ် ဖြစ်သည်။ တစ်ကောင်တည်း တွေ့ရခြင်း၏ အဓိပ္ပာယ်မှာ အထီးကျန်ဖြစ်ရတတ်ခြင်း၊ ကံဆိုးရတတ်ခြင်း၊ ဝမ်းနည်းရတတ်ခြင်း...တဲ့။

အဲသည် အယူအဆ၊ အဓိပ္ပာယ်တွေကို ကောက်ယူပုံဖော်တမ်းကစားသည့်အရွယ်မှ နှစ်ပေါင်းများစွာ ကျော်လွန်ခဲ့ပြီး ဖြစ်ပါလျက် ထိုတစ်ကောင်တည်းသော ငှက်ကလေး၏ မြင်ကွင်းကို ကျွန်မ မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခဏာ မြင်ယောင်လာလေ့ရှိပါသည်။ ဒါက ကျွန်မ၏ အားနည်းချက် တစ်ခုပဲလား မသိပါ။

ထို တက္ကသိုလ် မြို့ကလေးတွင် ရှင် သတိရမှတ်မိနေမည့် အဆောက်အအုံ အကြောင်းအရာများကတော့ ကျွန်မမှတ်မိသော အရာတို့နှင့် တော်တော်ကြီး ကွာခြားလိမ့်မည်။ ကျွန်မသိပါသည်။

ထို ကမ္ဘာကျော်တက္ကသိုလ်၏ သူများနှင့်မတူ ထူးခြားစွာ ဘဝင်မြင့်သော စည်းကမ်းချက်ကြီးများကို ရှင်သတိရလိမ့်မည်။ ကြီးမားခမ်းနားသော စက်မှုတက္ကသိုလ်ကြီးသည် ရှင်ငယ်စဉ်က တက်ရောက်ဖို့ စိတ်ကူးယဉ်ခဲ့ဖူးသည့်အတိုင်း တစ်ပုံစံတည်း ကြီးကျယ်နေခဲ့ပါလားဟု ရှင် တအံ့တသြမြင်တွေ့ခဲ့ရခြင်းကို သတိရနေလိမ့်မည်။ ထိုစက်မှုတက္ကသိုလ် စာသင်ခန်းများ၏ စင်္ကြံတွင် ကျွန်မတို့ လမ်းလျှောက်ခဲ့ကြသည်ကို ရှင်ခဏာသတိရမည်ဖြစ်သော်လည်း ချက်ချင်းပင် ရှင်သည် နံရံကပ်ကြော်ငြာဘုတ်ပြားပေါ်မှ သချာၤပုစ္ဆာတစ်ပုဒ်၏ ဖြေရှင်းချက် စာရွက်ကို ကူးပြောင်းသတိရလိမ့်မည်။

ကြီးကျယ်ခမ်းနားသော ပြတိုက်ကြီးကို ပြန်လည်စဉ်းစားပုံဖော်လျှင်တော့ ရှင်သည် ပြတိုက်သို့အဝင်မှာ တွေ့ရသော ကမ္ဘာကျော်ပန်းပုဆရာကြီး၏ လူတစ်ရုပ်မြင့်သည့် ပန်းပုလက်ရာကြီးကို စူးစူးစိုက်စိုက် ငေးမောကြည့်ခဲ့မိသည့်အဖြစ်ကို သတိရမိပါလိမ့်မည်။ ကျွန်မ သတိရနေသော ပြတိုက်အဝင် အဖြစ်အပျက်ကလေးကို ရှင်သတိရမှာမဟုတ်ပါ။ ကျွန်မအတွက်ကတော့ အဲသည်ပြတိုက်အဝင်မှာ အမှတ်တရ အဖြစ်အပျက်ကလေးနှစ်ခု ထူးထူးခြားခြား ရှိခဲ့၏။ တစ်ခုက ရှင်သည် ကျောင်းသားကတ်ကို ကိုင်ဆောင်ထားသူ ဖြစ်သဖြင့် ပြတိုက်ဝင်ကြေးကို တစ်ဝက်ခသာ ပေးရပြီး ကျွန်မက ဝင်





ကြေး အပြည့်ပေးရသည့်အဖြစ်၊ နောက်တစ်ခုက ဝင်ကြေး ကောက်ခံသူ အမျိုးသမီး မေးလိုက်သော ကျွန်မ၏ နေရပ်လိပ်စာ၊ ပြည်နယ်ကုတ်နံပါတ် ဂဏန်းများကို ကျွန်မကိုယ်စား (ကျွန်မက ထို အမျိုးသမီး၏ စကားသံဝဲဝဲကို နားမလည်နိုင်ခဲ့သဖြင့်) ရှင်က ရွတ်ပြ ဖြေဆိုပေးခဲ့ရသည့် အဖြစ်။ ကဲ…အဲသည် ကျွန်မ သတိရနေသည့် အကြောင်းအရာသည် ဘယ်လောက် သေးနုပ်ပါသလဲ။ ရှင်သတိရစွာ ပြန်လည်ပုံဖော်မှန်းဆမည့် ပန်းချီကားတွေ၊ ရုပ်တုတွေ၊ ဆေးစိမ်းမမ်မီရုပ်အလောင်းတွေနှင့် ကျွန်မ သတိရနေသည့် ခပ်ကြောင်ကြောင် အဖြစ်အပျက် အကြောင်းအရာမှာ ဘယ်လောက်တောင် ကွာခြားလိုက်မလဲ…နော်။ ဒါကတော့ ပညာဆက်လက်သင်ယူနေဆဲ ပညာရှင် အမျိုးသားတစ်ယောက်နှင့် ခပ်တုံးတုံး ခပ်အအ မိန်းမ တစ်ယောက် အတူပေါင်းဖက်မိလျှင် ဖြစ်ပေါ်လေ့ရှိသည့် သမားရိုးကျ ကွာခြားမှုတစ်ခု ဖြစ်ပါလိမ့်မည်။

*

နှင်းနှင့်ပတ်သက်လျှင် ရှင်က အနိဋ္ဌာရုံတွေကိုသာ အများကြီး မြင်ယောင်ခဲ့သူဖြစ်သည်။ ရှင် ပြောပြသော နှင်းတောင် ပြိုကွဲခြင်း၊ နှင်းမုန်တိုင်းထဲမှာ ကားတွေ လမ်းပျောက်ကာ တိုးတိုက်မိခြင်း၊ ရေခဲပြင် လမ်းပေါ်မှာ ကားဘီးတွေ ချော်ကာ ဟိုးတောင်စောင်းအောက်ခြေသို့ ကားမှောက်ကျခြင်း စသည်တို့ကို ကျွန်မ ထိတ်လန့်စွာပင် လက်ခံရပါသည်။

သို့သော် နှင်း၏ ချစ်စရာကောင်းသောသဏ္ဌာန်နှင့် နူးညံ့ အေးစက်သော ထိတွေ့မှုကို ကျွန်မရင်ခုန်မိဆဲ ဖြစ်သည့်အတွက်တော့ ရှင် ခွင့်ပြုစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တုန်းက နှင်းကြောင့် ဖြစ်ပျက်ခဲ့ရသော ကြေကွဲဖွယ် ဖြစ်ရပ်တစ်ခု ဧဝရက်တောင်ထိပ်မှာ ဖြစ်သည်။ ရှင် လောလောလတ်လတ် ဖတ်ပြီးသွားသော ဂျွန်ခရာကို Jon Krakauer ၏ Into Thin Air အတ္ထုပ္ပတ္တိမှန်စာအုပ်ကို ကျွန်မကို ပေးဖတ်လျက် ဧဝရက်တောင်ထိပ်မှာ နှင်းမုန်တိုင်းထဲ၌ အသက် ပျောက်သွားကြသော တောင်တက်သမားများအကြောင်း ကျွန်မကို ရှင် အသေးစိတ်ပြောပြခဲ့တာ ကျေးဇူးတင်ရပါသည်။ ဒါပေမဲ့ နှင်း ကြောင့် သူတို့အားလုံး သေရသည်ဟုတော့ ကျွန်မ လက်မခံခဲ့ပါ။ မေလ ၁၀ ရက် ညနေပိုင်းမှာ ပြိုဆင်းကျလာသော နှင်းမုန်တိုင်းသည် တောင်တက်သမားများကို အသက်သေသည်အထိ ဒုက္ခပေးခဲ့တာ ကျွန်မ လက်ခံပါသည်။ သို့သော် တချို့လူတွေက အောက်ဆီဂျင် ပြတ်လပ်မှုကြောင့် အဓိက ဖြစ်ရသည်ဟု ရှင့်ကို ကျွန်မ ဆင်ခြေ တက်မိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉,၀၂၈ ပေမှာရှိသော လေထုသည် ဘယ်လောက်များ အောက်ဆီဂျင်မှာတ် နည်းနေပြီလဲ၊ မတွေးရဲစရာပဲဖြစ်သည်။ ဤကဲ့သို့ သေမင်းတမန် ဧဝရက်တောင်ကိုမှ ခြေချချင်သော တောင်တက်သမားများသည် နှင်းမုန်တိုင်းနှင့် တွေ့သည့်အခါ ,ဘာဖြစ်လို့ အောက်ဘက်သို့ ပြန် မဆင်းသလဲ၊ တောင်တက်ခေါင်းဆောင်က ကန့်သတ်ထားသော နာရီအပိုင်းအခြားတွင် ရောက်ရာနေရာမှ လှည့်ပြန်ခဲ့ပါတော့လား။ ဘာဖြစ်လို့ ဧဝရက်တောင်ထိပ်ကို ဆက်လက်တက်နေသလဲ။ ကမ္ဘာ ကြီး၏ အမြင့်ဆုံးအပိုင်း (သို့မဟုတ်) ခေါင်မိုးထိပ်ဖွန်း၊ အဲဒါကရော ဘာများ ထူးခြားနိုင်မှာမို့လဲ။ တကယ်တော့ သူတို့ကို သတ်ခဲ့တာ နှင်းမုန်တိုင်း မဟုတ်ပါဘူး၊ အတ္တနဲ့ လောဘက သတ်ခဲ့တာ။





အဲသည်လို ကျွန်မ ရှင့်ကို နိုင်အောင် ပြောရင်း စိတ်ထဲကတော့ မေလ ၁၀ ရက်နေ့မှာ စွန့်စားရင်း အသက်ပေးသွားကြသော Rob Hall, Scott Fischer နှင့်တကွ တောင်တက်သမားများအား အံ့သြ ဝမ်းနည်းစိတ်ဖြင့် အထပ်ထပ်အခါခါ ဦးညွှတ်လျက်ရှိခဲ့ပါသည်။

ရှင်ကတော့ ကျွန်မစိတ်ကို ထွင်းဖောက်မမြင်နိုင်သူမို့ ကျွန်မ စကားကိုပဲ တအံ့တသြ တုန်လှုပ်စွာ နားထောင်နေခဲ့သည်။ တော် တော်ကြီး ကြာမှ ‘မင်းဟာ တော်တော်အဆိုးမြင်တတ်တဲ့ မိန်းမပါ လား’ ဟု တိုးတိတ်စွာ ရေရွတ်ခဲ့သည်။

“ဟင့်အင်း… ကျွန်မက အကောင်းမြင်တာပါ၊ နှင်းဆိုတာက သူ့ကို သွားမပတ်သက်ရင် အလွန်ချစ်စရာကောင်းတာ”

“မဟုတ်ဘူး၊ မင်း စကားကို ကတ်မပြောနဲ့လေ၊ နှင်း ဆိုတာ အမြင်အားဖြင့် စိတ်ကူးယဉ်စရာ လှပသလိုရှိပေမယ့် တကယ့်လက် တွေ့မှာတော့ နည်းအမျိုးမျိုးနဲ့ လူသတ်နေတဲ့ လူသတ်သမားပဲ”

ထို့နောက် ကျွန်မတို့နှစ်ယောက်လုံး ကိုယ့်ဒေါသအတွက် ကိုယ် ရှက်ကာ ပြုံးရယ်မိခဲ့ကြသည်။

တကယ်တော့ နှင်းကြောင့် ကျွန်မတို့လည်း ဘာမှမဖြစ်ခဲ့။ ကျွန်မ တို့ ပတ်ဝန်းကျင်လည်း ဘာမှမဖြစ်ခဲ့။ နှင်းသည် ကျွန်မတို့အတွက် အမြဲတမ်း စိတ်ကူးယဉ်စရာအသွင်သဏ္ဌာန်ချည်းပဲ တည်ရှိခဲ့သည်။ နှင်းကြောင့် ကျွန်မတို့ စကားများခဲ့ကြသည်ဆိုလျှင် အဲဒါက မိနစ် ပိုင်းလောက်သာ ဖြစ်သည်။ ထို့နောက် ကျွန်မတို့သည် နှင်း မပါဝင် သော အခြားအကြောင်းအရာများထဲတွင် စိတ်အာရုံ နှစ်ဝင်သွား တတ်မြဲ ဖြစ်သည်။

တစ်ခုပဲ ကျွန်မ နောင်တ ရမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည် နှင်းတွေနှင့် အတူပဲဖြစ်ဖြစ်၊ ရေခဲနေသော မြစ်ပြင်၏ ရေခဲလွှာနှင့်အတူပဲဖြစ်ဖြစ်၊ ရှေးဆန်ဆန် ခံ့ညားစွာ ကြွနေရသော အဆောက်အအုံတွေနှင့်အတူပဲဖြစ်ဖြစ် ကျွန်မတို့နှစ်ယောက်အမှတ်တရ ဓာတ်ပုံတစ်ခုခု ရိုက်ခဲ့မိဖို့ကောင်းသည်။ သည်သို့သာဆိုလျှင် ရှင် အံ့သြချီးကျူးခဲ့ဖူးသည့် မြင်ကွင်းများကို ကျွန်မ အာရုံမှာ အတိအကျ ပြန်လည်ပုံဖော်နိုင်ခဲ့ပါလိမ့်မည်။

ယခုတော့ ကျွန်မသည် ရှင်နှင့်အတူသွားခဲ့သော ထိုတက္ကသိုလ်မြို့ကလေးအကြောင်း စဉ်းစားလိုက်လျှင် ကျွန်မအာရုံထဲမှာ ရှင့်လှုပ်ရှားမှုများ၊ ရှင့်စကားသံများ၊ ရှင့်ဒေါသငွေ့ငွေ့ဖြင့် အပြုံးများ စသည်တို့နှင့်အတူ ပတ်ဝန်းကျင်က ဖြူဖွေးသော နှင်းများကိုသာ မြင်ယောင်တမ်းတမိတော့သည်။

နှစ်အချို့ကြာမြင့်ခဲ့ပြီးသည့်နောက် အဲသည်မြို့သို့ နောက်တစ်ကြိမ် ရှင်ပြန်သွားခဲ့သေးသလား။ သွားခဲ့သေးသည်ဆိုလျှင် ကျွန်မနှင့်အတူ သွားတုန်းကလို ဆောင်းရာသီမှာ သွားခဲ့တာလား၊ နွေဦးပေါက် ရာသီမှာ သွားခဲ့တာလား။ ဆောင်းရာသီမှာ သွားခဲ့သည်ဆိုလျှင် ရေခဲနေသော မြစ်၏ မြစ်ကူးတံတားပေါ် ရှင် ခြေချမိခဲ့သေးသလား။ အဲသည်ပေါ်မှာ ရှင်လမ်းလျှောက်ဖြစ်ခဲ့သည်ဆိုလျှင် ရေခဲမြစ်ပြင်အပေါ်လွှာပေါ်မှာ လမ်းလျှောက်ကြည့်ချင်သည်ဆိုသော ခပ်ကြောင်ကြောင် ကောင်မလေးတစ်ယောက်အကြောင်း ရှင် သတိရသွားခဲ့သေးသလား။

အဲသည်မြို့ကို ထပ်သွားဖြစ်သည်ဖြစ်စေ၊ အခြား အလားတူ မြောက်ပိုင်းမြို့များသို့ သွားဖြစ်သည်ဖြစ်စေ ဆောင်းရာသီမှာတော့





နှင်းတွေ...နှင်းတွေ...ကြည့်လေရာမှာ နှင်းတွေကို ရှင် မကြာခဏ သတိထားမိမှာပေါ့နော်။

တစ်ခါတလေမှာ နှင်းတွေကိုကြည့်ရင်း ရှင် မျက်ရည်ဝဲမှုးခဲ့ပြီလား။ ကျွန်မ သိချင်လှပါသည်။

[ကလျာမဂ္ဂဇင်း၊ အမှတ် ၁၇၉၊ ၂၀၀၀ ဇန်နဝါရီ]

၀



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ရဲ့အလှ အချစ်ရဲ့အရသာ

သူ အိပ်ပျော်သွားပြီ။ သို့မဟုတ်လည်း သူ အိပ်ပျော်လုဆဲဆဲ ဖြစ်နေပြီ။

ကျွန်မ ပန်းချီဆွဲချင်သည်။ ကျွန်မအတွက် ကိုယ်ဟန်ပြပေးဖို့ ဘယ်တုန်းကမှ သဘောမတူခဲ့သောယောကျ်ားသည် ယခုအခါ ပန်းချီဆွဲခံရန် အကောင်းဆုံးကိုယ်ဟန်အနေအထားဖြင့် အဆင်သင့် ရှိနေပြီ။ အနီးမှာလည်း တောက်စင်မှာ ချိတ်ထားသော အဖြူထည် ကင်းဘတ်စ်က အဆင်သင့် ရှိနေသည်။ ကျွန်မ လိုအပ်သမျှမှာ အိပ်ရာပေါ်မှ ထထွက်လာပြီး ကင်းဘတ်စ်ရှေ့မှာ ထိုင်လိုက်ရုံပဲ ဖြစ်သည်။

သို့သော် ကျွန်မသည် စိတ်ထဲကသာ ရွေ့လျားလျက် တကယ့်ကိုယ်ခန္ဓာက သည်အတိုင်း လဲလျောင်းနေမိသည်။

ပန်းချီစုတ်တံကို ကိုင်ရမည့် ကျွန်မ၏ညာလက်သည် သူ့ပခုံးစွန်းပေါ်မှာ ပက်လက်တင်လျက် ရှိသည်။ လက်ချောင်းကလေးတွေ၏ အပြင်ပိုင်းသည် သူ့ပခုံးစွန်းကို ထိကပ်လျက်ရှိသည်။ သူ့ပခုံးစွန်းသည် အံ့ဩစရာကောင်းလောက်အောင် ချောမွေ့နေ၏။ နွေးကြပြီး



www.burmeseclassic.com

www.burmeseclassic.com

ချွေးစို့ပြီး အေးစက်စွာနူးညံ့နေသည်။ ထိုနူးညံ့အေးစက်သည့်အတွေ့ကလေးထံမှ ကျွန်မ မခွာချင်။ အနည်းဆုံး ကျွန်မ၏ လှုပ်ရှားမှုကြောင့်တော့ မခွာချင်။ ခဏကြာလျှင် သူ့ဟိုဘက်သို့ စောင်းပစ်တော့မည်။ အဲသည်အခါကျမှပဲ ကျွန်မလက်နှင့် သူ့ပခုံးစွန်း ဝေးကွာချင် ဝေးပါစေတော့။

သူ့ညာဘက်လက်က သူ့ရင်ဘတ်ပေါ်မှာ တင်နေသည်။ ခေါင်းက ခေါင်းအုံးပေါ်မှာမရှိဘဲ မွေ့ရာနှင့်ခေါင်းအုံး၏အစပ်မှာ ရှိသည်။ ထို့ကြောင့် ခေါင်းငုံ့စောင်းလျက်ရှိသည်။ ထိုအခါ ကိုယ်ခန္ဓာသည် ပန်းပုရုပ်တုတစ်ခုလိုပင် ပြေပြစ်စွာ လိမ်နွဲ့လျက်ရှိသည်။ အဲသည် ကိုယ်ခန္ဓာသည် ပန်းချီဆရာတစ်ယောက်၏ ကင်းဘတ်စ်ရှေ့တွင် ငြိမ်သက်စွာ တည်ရှိနေသည်ဆိုတော့ ပန်းချီဆွဲရန် ဘယ်လောက် အဆင်ပြေလိုက်ပါသလဲ။

ထိုအတွေးမျိုး ကျွန်မ တွေးမိသည်မှာ လပေါင်းများစွာကြာမြင့်ခဲ့ပြီ။ ဒါကြောင့်လည်း အိပ်ရာမဝင်မီ ကင်းဘတ်စ်ကို အဆင်သင့်ရွှေ့ထားခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအထိ အကောင်အထည်မဖော်နိုင်ခဲ့ပါ။

သည်နေ့ညလည်း အကောင်အထည်ဖော်နိုင်မည်မထင်ပါ။

လူတစ်ယောက် အိပ်ပျော်နေစဉ် သူ့ခွင့်ပြုချက်မရဘဲ ပန်းချီဆွဲခြင်းသည် ထိုသူ၏အခွင့်အရေးကို ချိုးဖျက်ခြင်းပင်ဖြစ်သည်။ သည်လိုပဲ ကျွန်မခံစားရသည်။ ထိုသူက ပန်းချီဆရာ၏ ခင်ပွန်းသည်ဖြစ်နေစေဦးတော့၊ ဤအချက်နှင့် အကျုံးဝင်သည်ဟု ကျွန်မ ထင်သည်။





ဘောင်ကြက်ထားသော ကင်းဘတ်စ်အလွတ်ကို အိပ်ရာဘေးမှာ ထားသည့်ပထမဆုံးညတုန်းက သူကျွန်မကို မယုံသင်္ကာဖြင့် မေး၏။

"အဲဒါကြီးက ဘာလုပ်ဖို့လဲ"

ကျွန်မ မလိမ်ညာဘဲ အမှန်အတိုင်း ဖြေခဲ့သည်။

"ရှင် အိပ်ပျော်သွားရင် ရှင့်ကို ပန်းချီဆွဲမလို့"

"ဟာ ... ဒီမိန်းမ"

သူ တော်တော်ရှက်သွားခဲ့ပါသည်။

"ကျွန်မ ရှင့်ကို ပန်းချီဆွဲချင်နေတာ ကြာလှပြီ"

"မဆွဲရပါဘူး"

"ဆွဲမှာပဲ၊ ရှင့်ကို ကျွန်မ ပိုင်တယ်"

"မင်း ငါ့ကို အဲဒီနည်းမျိုးနဲ့ မပိုင်ပါဘူး"

"ပိုင်တယ်၊ လင်မယားဆိုတာ တစ်ယောက်ကိုတစ်ယောက် ဘာမဆို ပိုင်တယ်"

"မင်း ငါ့ကို တခြားကိစ္စသာ ပိုင်ချင်ပိုင်မယ်၊ ပန်းချီဆွဲခွင့်တော့ မပိုင်ဘူး"

"အေးလေ၊ ပိုင် မပိုင် ကြည့်သေးတာပေါ့"

အဲသည်နေ့ညက သူ့ခမျာ ချက်ချင်း အိပ်ပျော်တတ်သူ ဖြစ်ပါလျက် အိပ်မပျော်အောင် ဇွတ်အတင်းထိန်းချုပ်ထားရသည်။ မိုးခနဲ အိပ်ပျော်သွားပြီး ဘယ်လောက်မှ မကြာမီ လန့်နိုးလာခဲ့၏။

သူ့ဘေးမှာ လဲလျောင်းနေဆဲဖြစ်သော ကျွန်မအား အိပ်ချင်မူးတူး မြင်သွားသောအခါ စိတ်ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး သူ့ခေါင်းကို ပြန်ပစ်ချကာ အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပန်းချီဆွဲခံရန် တော်တော်မနှစ်မြို့သူပါကလားဟု အဲသည် ညကမှ ကျွန်မ သိသွားခဲ့ရပါသည်။

ကျွန်မယောက်ျားသည် ရုပ်ရည်ချောမောသူ မဟုတ်ပါ။ သူ့ရုပ်ရည်က အနည်းငယ်ကြမ်းတမ်းသည်ဟုပင် ပြောနိုင်သည်။ မျက်လုံးက ကျွန်မငယ်စဉ်က စိတ်ကူးယဉ်ခဲ့သည့် ချစ်သူတစ်ယောက်၏ မျက်လုံးတွေလို မည်းနက်စူးရှခြင်းမရှိ။ ညိုသည်ဆိုရုံလေး ညိုသည့် ကြည်လဲ့လဲ့မျက်လုံးများ ဖြစ်သည်။ မျက်တောင်ကလည်း အညိုနုရောင်၊ နောက်ပြီး ခပ်တိုတိုပါပဲ။ မျက်ခုံးကလည်း ခပ်ပါးပါး၊ နှာခေါင်းက နှာတံမြင့်ပြီး နှာအိုးကြီးသည်။ ပါးစပ်က ကျယ်ကျယ်၊ ပန်းနုရောင် နှုတ်ခမ်းတွေ ဘာတွေ စိတ်ကူးယဉ်ခဲ့ဖူးသော ကျွန်မသည် ဘာဖြစ်လို့ နှုတ်ခမ်းအရောင်နှင့် အသားအရောင် တစ်ညီတည်းဖြစ်နေသော သူ့ကို ချစ်မိခဲ့ပါလိမ့်။

သူကတော့ ကျွန်မကို မယုံသင်္ကာဖြင့် မေးတတ်သည်။

“မင်းဟာ ငါ့ကို ချစ်လို့ယူခဲ့တာမှ ဟုတ်ရဲ့လား၊ ပန်းချီဆွဲခံမယ့် မော်ဒယ်လ်အဖြစ် အပိုင်ဝယ်လိုက်တာများလား”

နေရာတကာ သူ့အား ပန်းချီဆွဲချင်နေသော ကျွန်မကို သူ မယုံသင်္ကာဖြစ်မည်ဆိုလည်း ဖြစ်စရာပါပဲ။ ကျွန်မသည် သူ မီးဖိုမှာ ချက်ပြုတ် လုပ်ကိုင်နေသည်ကိုလည်း ပန်းချီဆွဲဖို့ ကြိုးစားဖူး၏။

ဘယ်သူမှ မသိသော လျှို့ဝှက်ချက်တစ်ခုမှာ သူ့ဟင်းချက် အလွန်ကောင်းသည်။

သူ မီးဖိုချောင် ဝင်နေသည့်အခါ ကျွန်မ ခပ်လှမ်းလှမ်းမှ မကြာခဏ ချောင်းကြည့်ဖူးသည်။ အဲဒါ တကယ့်ပန်းချီကားတစ်ချပ်ပဲ ဖြစ်၏။





ကျွန်မ အရပ်နှင့် တိုင်းပြီး ချုပ်ထားသော ခါးစည်းအဝတ်သည် သူနှင့် တော်တော်ကြီးကို တိုနေ၏။ ထိုခါးစည်းကို သူစည်းသည့်အခါ အနီကွက် အဆင်အသွေးသည် ထားကျိုင်းသော ယောက်ျားကြီးနှင့် ကိုးရိုးကားရားဖြစ်နေတော့သည်။ ယောက်ျားတစ်ယောက်ကို မီးဖိုခါးစည်းအဝတ်ဖြင့် မြင်ယောင်မကြည့်ဖူးသော ကျွန်မသည် သူ့အား ထိုပုံစံဖြင့် ပထမဆုံးအကြိမ်မြင်ဖူးသည့်အခါ ခွက်ထိုးခွက်လန် ရယ်မိပါသည်။

သို့သော် ခဏအကြာတွင် သူမီးဖိုထဲမှာ လှုပ်ရှားဆောင်ရွက်နေသည့် မြင်ကွင်းကို ကျွန်မ ငေးမောကြည့်နေမိတော့သည်။

ကျွန်မ မီးဖိုချောင်က နံရံကပ် ဗီရိုအမြင့်များသည် ကျွန်မအတွက် ခုံနှင့်တက်၍ ဖွင့်ကိုင်ရ ပစ္စည်းယူရပေမယ့် သူ့အတွက်တော့ သူ့အရပ်နှင့် တိုင်းထားသလိုပဲ ကွက်တိဖြစ်နေသည်။ ဗီရိုတွေကို ဖွင့်လိုက် ပိတ်လိုက်၊ လက်ဆေးကန်ဆီ သွားလိုက်၊ မီးဖိုဆီ သွားလိုက်၊ အသီးအရွက်တွေကို လှီးချွတ်လိုက် ရေဆေးလိုက်နှင့် သူအလုပ်ရှုပ်နေပုံမှာ တော်တော်ခမ်းနား၏။

သူ ချက်ပေးသော ပထမဆုံးဟင်းကို စားပြီးသည့်အခါ သူ မီးဖိုချောင် ဝင်လျှင် ကျွန်မတို့နှစ်ယောက်အတွက် ပိုအဆင်ပြေမည်ဟု ကျွန်မတို့ ဆုံးဖြတ်လိုက်ကြတော့သည်။

ယခုလိုအချိန်မျိုးမှာ ကျွန်မ အိပ်မပျော်တတ်သည်မှာ ကျွန်မ၏ အားနည်းချက်ပဲ ဖြစ်သည်။

ယခင်ကတော့ ည အိပ်မပျော်လျှင် ကျွန်မ ပန်းချီကားတွေ ဆွဲလို့ပြီးစီးတတ်သည်။ အိပ်မပျော်ခြင်းအတွက် ကျွန်မ ဘယ်တုန်းကမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ အနေအထားတွေအားလုံး လွဲကုန်ပြီ။

သူ့အား ပန်းချီဆွဲဖို့ စိတ်ကူးသည့်အချိန်မှစပြီး ညတွေ ညတွေမှာ ပန်းချီမဆွဲနိုင်တော့တာဘဲ ဖြစ်သည်။ သူ့ကို ပန်းချီမဆွဲရမချင်းလည်း ကျွန်မ နေလို့ထိုင်လို့ ဖြောင့်မှာမဟုတ်ဘူး ထင်သည်။ ကျွန်မသည် ငယ်စဉ်ကတည်းက လုပ်ချင်သည့်အလုပ်တစ်ခုကို မလုပ်ရလျှင် စိတ်သည် လွတ်လပ်မှုမရှိဘဲ တစ်ခုခုနှင့် ငြိနေသလို ခံစားရသည်။

ယခုလည်း ကျွန်မသည် သူ့ကိုယ်ခန္ဓာနှင့် ငြိနေသည်ဟု ဆိုရပါမည်။

ကျွန်မ သူ့ကို လက်ထပ်ခဲ့သည်မှာ အချစ်အတွက်လား၊ ဘဝအတွက်လား၊ သူ ပြောသလို ပန်းချီဆွဲခံမည့် ကိုယ်ဟန်ပြမော်ဒယ်လ်တစ်ယောက်ကို ပိုင်ဆိုင်ချင်စိတ်အတွက်လား ... ကျွန်မ မသိပါ။

ကျွန်မ သူ့ကို ချစ်သည်။

သူသည် တရားသူကြီးတစ်ယောက် ဖြစ်သောကြောင့် ကျွန်မဘဝအတွက် ငွေကြေးကအစ လုံခြုံမှုရှိကောင်းရှိနိုင်တာလည်း မှန်သည်။

သူ၏ ကြမ်းတမ်းသောရုပ်ရည်နှင့် နူးညံ့သောမျက်လုံး၊ နူးညံ့သော အပြုံးတို့၏ တွဲဖက်မှုကို ကျွန်မ တအံ့တသြစိတ်ဝင်စားမိတာလည်း မှန်သည်။

ကြည့်စမ်းပါ။

စားပွဲတင် မီးအုပ်ဆောင်းမှ ဖြူပြာပြာမီးရောင်သည် သူ့ကိုယ်ခန္ဓာအပေါ်ပိုင်းကို ဖြာကျလျက်ရှိသည်။ ပျော့အိသော ခေါင်းအုံးနှင့် စောင်းငဲ့နေသော သူ့မျက်နှာ၊ အချစ်ဖြင့် စိုလက်သော သူ့လည်တိုင်၊ သူ့ပခုံးစွန်း၊ ညာဘက်လက် တင်ထားသော သူ့ရင်ညွန့်ပိုင်း၊ သူ့ခါး





ဆီတွင် တစ်ပိုင်းတစ်စ ပြေလျော့စွာ တင်နေသော ဖြူဖွေးသည့် ချည်စောင် ပါးပါး။ ဤအရာအားလုံးသည် ပန်းချီဆရာတစ်ယောက်ရှေ့တွင် ပြည့်စုံသော အနုပညာဖြစ်သည်။ ထိုအနုပညာကို မြင်ရသည့်အချိန်တိုင်းမှာ ပန်းချီအဖြစ် ကင်းဘတ်စ်ပေါ် တင်ချင်စိတ်ဖြင့် စေ့စေ့ စပ်စပ်ကြည့်မိသည်။

သူ တစ်ချိန်ချိန်မှာတော့ ပန်းချီဆွဲခံဖို့ ခွင့်ပြုလာပါလိမ့်မည်။

အိမ်ရှေ့လမ်းမှာ ဆိုင်ကယ်တစ်စီး မောင်းသွားသံ ကြားရသည်။

ထို့နောက် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားပြန်၏။ ကျွန်မသည် ဖွင့်ထားသောမျက်စိကို အသာမှိတ်လိုက်သည်။ ကျွန်မ အိပ်ပျော်ဖို့ ကြိုးစားတော့မည်။

ထိုအချိန်မှာ အရောင်များကို စတင်မြင်လာခြင်းဖြစ်သည်။

အနီရောင်ရင့်ရင့်စိုစို။ ထိုအရောင်ကို ပထမတော့ သွေးဟု ထင်လိုက်သေး၏။ သို့သော် သွေးမဟုတ်ပါ။ စိုစွတ်သည် မှန်၏။ စေးပျစ်သည် မှန်၏။ သို့သော် သွေးမဟုတ်ပါ။ သူ့လက်ထဲမှာ ရဲနေအောင် စွန်းထင်းနေသောအရာသည် သွေးမဟုတ်လျှင် ဘာပါလိမ့်။ သူ ပြုံးနေသည်။ ရဲရဲနီစွာ စေးပျစ်သောအရာဖြင့် စွန်းထင်းနေသော လက်ညှိုးကို ကျွန်မဆီသို့ ညွှန်လိုက်၏။ ထိုအနီရောင်သည် မွှေးပျံ့သော ရနံ့ ရှိသည်။ ထိုလက်ညှိုးက ကျွန်မနှုတ်ခမ်းနှင့် လာထိ၏။ ကျွန်မ ပြုံးမိသည်။ အဲဒါ ခရမ်းချဉ်သီးဆော့စ်တွေ ဖြစ်သည်။ သူ ကျွန်မအား မကြာခဏ စိတ်လိုလက်ရပြင်ဆင်ကျွေးမွေးသော အစားအစာများထဲတွင် ခရမ်းချဉ်သီးဆော့စ်လည်း ပါသည်။

"အစ်ဇာဘယ်လ် အာလန်ဒေး (Isabel Allende) က ပြောတယ်မိန်းမရဲ့၊ တကယ်ကောင်းတဲ့ ဆော့စ်ဟာ အမြင်အားဖြင့် ဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



မှု ရှိရမယ်တဲ့၊ ကိုယ်ချစ်တဲ့ ချစ်သူတစ်ယောက်ရဲ့ မျက်နှာလို ကိုယ့်မျက်လုံးတွေကို ညှို့ငင်နိုင်ရမယ်ပေါ့ကွာ၊ နောက်ပြီး အရသာကလဲ အနမ်းတစ်ခုလိုပဲ ချိုမြိန်ရမယ်တဲ့၊ နောက်ပြီး ဆော့စ်ရဲ့ စေးပျစ်တဲ့ အရည်ဟာ နူးညံ့ချောမွေ့ရမယ်၊ သူ့ရဲ့ အနံ့ကလဲ ပျံ့လွင့်ကူးစက်မသွားနိုင်တဲ့ ထူးခြားတဲ့ သီးသန့်အနံ့ ရှိရမယ်တဲ့၊ ကိုယ့်ချစ်သူရဲ့ အသားအရေပေါ်က အနံ့မျိုးပေါ့"

သူ စိတ်လိုလက်ရ ပြောနေသည်။

"မီးဖိုထဲမှာ ချက်ပြုတ်လုပ်ကိုင်ဖို့ ဝါသနာပါတဲ့ ယောကျ်ားတစ်ယောက်ကို ယူရလိမ့်မယ်လို့ ကျွန်မဖြင့် ဘယ်တုန်းကမှ မထင်ခဲ့ဖူးဘူး"

ကျွန်မ တအံ့တဩပြောမိသည်။

"အာရှတိုက်သားတွေကလွဲရင် ယောကျ်ားတွေ တော်တော်များများ မီးဖိုချောင်နဲ့ ရင်းနှီးပါတယ်ကွ"

ဟုတ်တယ်၊ မီးဖိုချောင်နဲ့ ရင်းနှီးတဲ့ ယောကျ်ားတွေဟာ ချစ်စရာလည်း သိပ်ကောင်းပါတယ်။ ထိုစကားကို ကျွန်မစိတ်ထဲကသာ ပြောမိခြင်း ဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ အိပ်ပျော်သွားလို့ပဲ ဖြစ်သည်။

ထို့နောက် ကျွန်မသည် အစိမ်းရောင်များဆီသို့ လွင့်မျောပါသွားသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးများ ဖုံးလွှမ်းနေသည့် တောင်ကုန်းမြင့်များ ဖြစ်သည်။ ထို့နောက် တောအုပ်စိမ်းစိမ်းများ၊ ထို့နောက် စိုက်ခင်းစိမ်းစိမ်းများ၊ ထိုမှတစ်ဆင့် ကျွန်မသည် လွင့်မျောသွားကာ တစ်နေရာတွင် အဆုံးသတ်သွား၏။ ထိုနေရာသည် သူ့ရင်ခွင် ဖြစ်သည်။ သူ့ရင်ခွင်သည် ဘာဖြစ်လို့ အစိမ်းရောင်တွေ ဖြစ်နေရတာလဲ။ လတ်ဆတ်သော၊ စိုဖွတ်သော၊ နူးညံ့သော အစိမ်းရောင်။

"ရှင်က ဘာဖြစ်လို့ အစိမ်းရောင်ကြီး ဖြစ်နေရတာလဲ"

ကျွန်မ မေးမိသည်။

"မင်းအတွက် အမြဲတမ်း အာဟာရဖြစ်နေဖို့ ကိုယ့်ရင်ခွင်က အစိမ်းရောင်စိုက်ခင်း ဖြစ်နေရမှာ မဟုတ်ဘူးလား"

"စိုက်ခင်းလား၊ ဒါဆို ကျွန်မ ခူးလို့ရတာပေါ့နော်"

"ရတာပေါ့၊ မင်းတစ်ယောက်တည်း ခူးခွင့်ရှိတဲ့ စိုက်ခင်းလေ"

ကျွန်မ မုန်ညင်းရွက်ကို ကြိုက်သည်။ ကိုက်လန်ကို ကြိုက်သည်။ ပဲရွက်ကို ကြိုက်သည်။ နံနံပင်ကို ကြိုက်သည်။ အားလုံး အစိမ်းရောင်။ သို့သော် ကျွန်မ စတော်ဘယ်ရီသီးကိုလည်း အလွန်ကြိုက်ပါသည်။

"ဒီလိုပဲ တစ်သက်လုံး စိမ်းနေမှာလားဟင်" ကျွန်မ မေးမိသည်။

သူက ပြုံးပါသည်။

"စိမ်းလဲ စိမ်းတယ်၊ ဝါလဲ ဝါတယ်၊ နီလဲ နီတယ်၊ ဒါက မင်းကိုထားတဲ့ အချစ်ကသာ ပြုပြင်ပေးနိုင်တယ်"

ဟုတ်ပါရဲ့။ အရောင်ဆိုတာ တစ်ရောင်ကနေ တစ်ရောင်သို့ ပြောင်းရတာ မလွယ်လှပါ။ သူ့ရင်ခွင်ကတော့ ကျွန်မအတွက်ဆို စိမ်းရာမှ ဝါ၊ ဝါရာမှ နီ၊ နီရာမှလည်း ဖြူနိုင်ပါသတဲ့။

"စမ်းကြည့်မယ်"

"စမ်းကြည့်ပေါ့"

ကျွန်မက သူ့အားအသံမထွက်ဘဲ စိတ်ထဲကသာ ပြောလိုက်၏။

"စတော်ဘယ်ရီတွေ ဖြစ်ပေးနိုင်မှာလား...ကဲ"







www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလက်နှင့် ထိမိသော သူ့ရင်ညွန့်သည် နွေးထွေးကာ နူးညံ့သည့် စတော်ဘယ်ရီသီးများဖြစ်သွားသည်။ ကျွန်မသည် ကလေးတစ်ယောက်လိုပင် တအံ့တဩ ရယ်မောပျော်ရွှင်မိသည်။

"ကြည့်စမ်း...သိပ်လှတာပဲ၊ စားလို့သိပ်ကောင်းမှာပဲနော်"

သူကပါ ရယ်မောသည်။

"အဲဒါ အချစ်ပဲ" တဲ့။

"အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူကို တစ်ခုခု စိတ်အရသာ ကိုယ်အရသာ၊ စိတ်ပြည့်စုံမှု ကိုယ်ပြည့်စုံမှု ပေးနိုင်မှ အချစ်ဖြစ်တယ်"

ကျွန်မ၏ပါးစပ်ထဲသို့ သူက စတော်ဘယ်ရီသီးတစ်လုံး ခွံ့ကျွေးသည်။ ဘုရားရေ...။

ကျွန်မ စားဖူးသမျှ စတော်ဘယ်ရီသီးများအနက် သူ့ရင်ခွင်မှ ထွက်သောအသီးက စားလို့ အရသာအရှိဆုံးဖြစ်သည်။ ရနံ့ကလည်း ထူးခြားစွာ မွှေးပျံ့သည်။ အရသာကလည်း အချဉ်နှင့်အချိုကို မျှတစွာ ရောစပ်ထားသည့်အရသာ။ နူးညံ့လိုက်သည်ကလည်း ကျွန်မ၏ နှုတ်ခမ်းဖျား လျှာဖျားမှာ ဘယ်တုန်းကမှ မရခဲ့ဖူးသော နူးညံ့စိုစွတ်မှု ဖြစ်သည်။

"မင်း ကျေနပ်ရဲ့လား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါကို မင်းက ပန်းချီဆွဲချင်စိတ် ပေါ်သလား"

ကျွန်မ စိတ်ရှုပ်ထွေးသွားသည်။

"ဘာကိုလဲ"

"စတော်ဘယ်ရီသီးကို မင်းစားလို့ အရသာကို သိပ်ကျေနပ်နေ



တဲ့အချိန်မှာ မင်း စတော်ဘယ်ရီသီးကိုပန်းချီဆွဲချင်စိတ် ပေါ်ရွလား လို့ မေးတာ"

"ဟင့်အင်း...စားချင်နေတာပဲ"

"ဒီလိုပဲ ဖြစ်ရမှာပေါ့"

သူ့အမူအရာကို ကြည့်ရသည်မှာ ပြဿနာ၏အဖြေတစ်ခုခုကို ရသွားသလိုပဲ။ ဘာလဲတော့ ကျွန်မ မသိပါ။

"ဒါပေမဲ့ ပန်းချီဆရာတစ်ယောက်ဟာ သူ့မျက်လုံးကိုဆွဲဆောင်သမျှ အရာအားလုံးကို ပန်းချီရေးချင်တာပဲ"

"အဲဒါ ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာ သိမ်းဆည်းထားသလို ပန်းချီကားအဖြစ် လွှဲပြောင်းသိမ်းဆည်းထားချင်လို့များလား၊ ဒါ... တစ်နည်းအားဖြင့် ကိုးကွယ်မှုတစ်ခုလဲ ဖြစ်လိမ့်မယ်၊ အလှကို ကိုးကွယ်တဲ့ သဘော၊ စိတ်အာရုံနဲ့ ကိုးကွယ်သလို ကိုယ့်ရဲ့အနုပညာနဲ့ လဲ ကိုးကွယ်တဲ့သဘော ထင်တယ်"

"ကိုယ် မင်းကို မေးမယ်၊ အဲဒီလို ပန်းချီအဖြစ် ပြောင်းလဲခံစားလိုက်ပြီးရင် မင်းရင်ထဲမှာ ပေါ့သွားမှာပေါ့"

"ပေါ့သွားတာပေါ့၊ ကိုယ်လုပ်ချင်ရာ လုပ်လိုက်ပြီးပြီပဲ"

"ဒါဖြင့် မင်းရဲ့စိတ်အာရုံက ဒီမူရင်းအရာပေါ်မှာ သိပ်မတွယ်ငြိတော့ဘူးပေါ့"

သူ ဘာပြောချင်ပါလိမ့်။ သူပြောချင်တာကို ကျွန်မသိနေသလိုပဲ။

"ရှင် ဘာကိုပြောချင်တာလဲ"

"ကိုယ်က မင်း ကိုယ့်ကို နည်းနည်းမှမလျှော့ဘဲ ချစ်နေစေချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို တစ်သက်လုံး ချစ်နေမှာပဲ"

"ဒါပေမဲ့..."

သူ တစ်ခုခုကို စိတ်ပူပင်ဟန် ရှိသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ အချစ်ဆိုတာ သီးသန့်ထူးခြားမှုတစ်ခုပဲ၊ သီးသန့် အရ သာ တစ်ခုပဲ၊ အဲဒါကို တခြား ဘယ်အရာအဖြစ်မှ ပုံစံပြောင်းလို့ မရ ဘူး"

"ဘယ်သူက ပုံစံပြောင်းဖို့ ပြောနေလို့လဲ"

"မင်းပြောနေတယ်လေ၊ မင်း ကိုယ့်ကို ပန်းချီဆွဲချင်တယ် ပန်းချီ ဆွဲချင်တယ်နဲ့ ခဏခဏပူဆာနေတယ်လေ၊ အဲဒါ မင်းက ကိုယ့်အချစ် ကို ပန်းချီကားအဖြစ် ပုံစံပြောင်းပစ်ချင်နေတာမဟုတ်ဘူးလား"

"ဟောတော်...ဘယ်လိုအမြင်မျိုးပါလိမ့်"

ကျွန်မ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူက စိတ်ရှည်စွာ ပြုံးနေဆဲ။

"မင်း ကိုယ့်ရဲ့ လူကိုယ်ခန္ဓာကို ပန်းချီဆွဲချင်တာလား၊ ကိုယ့်ရဲ့ အချစ်ကို ပန်းချီဆွဲချင်တာလား"

ကျွန်မ ဘယ်လိုဖြေရင် သူ့ဆီက ဘာအမြင်တွေ ထွက်လာဦးမှာ လဲ။

"ကျွန်မ မသိဘူး"

"အချစ်ကို ဆွဲချင်တာ ဖြစ်မှာပါ"

"ရှင်က ဘယ်လိုလုပ်ပြီး အတိအကျပြောနိုင်တာလဲ"

"ဟာ...ကိုယ်ခန္ဓာကိုပဲ ပန်းချီဆွဲချင်မှတော့ မင်းကိုယ့်ကို လက် ထပ်စရာတောင် အကြောင်းမရှိဘူးလေ"





ဟုတ်များ ဟုတ်လေသလား မသိပါ။

"ဒီမယ် မိန်းမ... မြဲမြဲမှတ်ထား၊ အချစ်ရဲ့အရသာကို မင်း ဘယ် တော့မှ ပန်းချီနဲ့ သရုပ်မဖော်နိုင်ဘူး"

ကြည့်စမ်း၊ ဒါ ကျွန်မ၏အနုပညာကိုသူစော်ကားလိုက်တာပဲ။

ကျွန်မ မျက်လုံးအစုံကို ဖြန်းခနဲ ဖွင့်ကြည့်လိုက်သည်။

ကျွန်မ၏ ဘေးတွင် သူ အိပ်မောကျနေဆဲ။

သူ့ဦးခေါင်းသည် ခေါင်းအုံးပေါ် ပြန်ရောက်နေပြီ။ သူ့ညာဘက် လက်က သူ့ရင်ဘတ်ပေါ်မှာ ရှိဆဲ။ သူ့ဘယ်ဘက်လက်က ကျွန်မ ၏ ဦးခေါင်းနောက်ဘက်မှာ။ ကျွန်မ သူ့လက်ပေါ်မှာ ခေါင်းအုံးပြီး အိပ်ပျော်သွားမိပုံ ရသည်။ သူ့လက်တွေ ကျင်နေရောပေါ့။

ကျွန်မ အသာလေး ခေါင်းထောင်ထလိုက်သည်။

ကျွန်မ ခေါင်းအောက်မှာ ရှိနေသော သူ့ဘယ်ဘက်လက်ကို နေ သား တကျ ပြန်ထားပေးလိုက်သည်။ ခုတင်ပေါ်မှ ကျွန်မ ဆင်းလိုက် သည့် အချိန်တွင် တိုင်ကပ်နာရီမှ နာရီထိုးသံ သုံးချက် ကြားလိုက်ရ ၏။

အခုလို အချိန်မျိုးမှာ လိမ္မော်ဖျော်ရည်တစ်ခွက်လောက် သောက် ရလျှင် ကောင်းမည်။

ကျွန်မ ခြေလှမ်း လှမ်းလိုက်သည့်အခါ ထောက်တိုင်၏ ခြေ ထောက်နှင့် ခလုတ်တိုက်မိ၏။ ထောက်တိုင်လည်း မလဲကျပါ။ ကျွန်မလည်း လဲကျမသွားပါ။ သို့သော် ကြမ်းပြင်ပေါ်မှာ ထောက် တိုင် ရွေ့လျားသွားသံက နည်းနည်းကျယ်လောင်သွား၏။

"မင်း ဘာလုပ်နေတာလဲ"

ကျွန်မ လှည့်ကြည့်လိုက်သောအခါ သူသည် ခေါင်းအုံးပေါ် မေး



www.burmeseclassic.com

www.burmeseclassic.com



တင်လျက် ဝမ်းလျားမှောက်ရင်း ကျွန်မကိုကြည့်နေသည်။ သူ့ မျက်လုံးတွေက မယုံသင်္ကာမျက်လုံးတွေ။ အိပ်ချင်မူးတူး ဖြစ်နေသော မျက်လုံးတွေ။ အားစိုက်၍ ဖွင့်ကြည့်နေရသော မျက်လုံးတွေ ...။

ကျွန်မ သူ့ ကို ပြုံးပြလိုက်သည်။

"ဘာမှမလုပ်ဘူး၊ ဒီထောက်တိုင်ကြီး ဒီနားမှာ ကိုးလိုးကန့်လန့် ဖြစ်နေတာ မကြည့်ချင်လို့ နေရာရွှေ့မလို့"

ပြောပြောဆိုဆို ကျွန်မ ကင်းဘတ်စ်အလွတ် ချိတ်ထားသော ထောက်တိုင်ကို မ,၍ နေရာရွှေ့လိုက်သည်။ အခန်း၏ တစ်ဖက်နံရံနှင့် ကပ်နိုင်သမျှ ကပ်ထားလိုက်ခြင်း ဖြစ်သည်။

"ကျေနပ်ပြီလား"

ကျွန်မ မေးတော့ သူပြုံးပါသည်။

"ကောင်းတယ်"

"ကျွန်မ လိမ္မော်ရည် သွားယူမလို့၊ ရှင် သောက်ဦးမလား"

"ကောင်းသားပဲ"

သို့သော် သူ့ မျက်နှာကို ခေါင်းအုံးနှင့် ပြန်အပ်လိုက်ပြန်သည်။

ကျွန်မ သိပါသည်။ ကျွန်မ ပြန်ဝင်လာသည့်အခါ သူ အိပ်ပျော်နေပြီ ဖြစ်လိမ့်မည်။

[Beauty မဂ္ဂဇင်း၊ အမှတ် ၇၊ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ]

၀



## ပြတိုက်မှအပြန်

ပြတိုက်တစ်ခု၏ ခမ်းနားထည်ဝါမှုသည် လူတို့အား အံ့ဩငေးမောစေလိမ့်မည်။ ဤပြတိုက်သည်ကား လူအချို့ကို အံ့ဩငေးမောစေ၏။ လူအချို့ကို သေးကွေးမှေးမှိန်စေ၏။ လူအချို့ကို သိမ်ငယ်စေ၏။ လူအချို့ကို လောဘတက်စေ၏။ လူအချို့ကို ပခုံးတွန့်စေ၏။ လူအချို့ကို ပျော်ရွှင်စေ၏။ လူအချို့ကို ပြုံးရယ်စေ၏။

အဝင်တံခါးပေါက်၏ လက်ယာဘက်တွင် ဝင်ကြေးကောက်ခံရာ ဌာန ရှိသည်။ ဤဌာနမှ ဝန်ထမ်းသည် မထူးခြားသောမျက်နှာထားဖြင့်သာ ဧည့်သည်တို့ကို လက်ခံ၏။ ဒေသသုံး ငွေကြေး တစ်ဆယ် ဆိုသည်မှာ အလွန်နည်းပါးလှသဖြင့် ဝင်ကြေးသည် အံ့ဩဖွယ်ရာပင် နည်းပါးသေးသည်။ လူလေးငါးယောက်အုပ်စု ဝင်လာသည်။ အဖွဲ့၏ခေါင်းဆောင်သည် ကျသင့်ငွေကိုကမ်းပေးပြီးနောက် မိမိ၏ အမည်၊ နေရပ်လိပ်စာနှင့် မှတ်ပုံတင်နံပါတ်တို့ကို စာရင်းစာအုပ်၌ ကိုယ်တိုင်ရေးသားဖြည့်စွက်ရသည်။ မှန်ကောင်တာနောက်မှ ဝန်ထမ်းသည် အေးဆေးစွာပင် လက်မှတ်ပေးခြင်း၊ ငွေအမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



အမှုကိုပြုလေသည်။ နောက်ထပ် စောင့်နေသည့်ဧည့်သည်များ မရှိ မည်သူမျှလည်း အလျင်လိုခြင်းမရှိ။ အားလုံးသည် နေသာတကျ အေးအေးဆေးဆေး၊ ဖြည်းဖြည်းမှန်မှန်ပင် ဖြစ်သည်။ ဧည့်သည် များသည် အတော်အသင့်သေးငယ်သော အိတ်တချို့ကို မိမိနှင့် ယူ ဆောင်သွားခွင့် ရှိသည်။ ပြခန်းအဝင်၌ အစစ်အဆေးမရှိ။ အချက် ပြကိရိယာတို့ဖြင့် ဧည့်သည်၏ ကိုယ်ခန္ဓာကိုစစ်ဆေးခြင်း မရှိ။ ဤ နိုင်ငံသည် အေးချမ်းသောနိုင်ငံ ဖြစ်သည်။

ဧည့်သည်တို့သည် အစစ်ဆေး မခံရ၍ ကျေနပ်နှစ်သိမ့်ကြ၏။ ဝန်ထမ်းတို့သည် စစ်ဆေးခြင်းအမှုကိစ္စကို ပြုလုပ်ရန် မလိုသဖြင့် လူရောစိတ်ပါ သက်သာစွာ ကျေနပ်နှစ်သိမ့်ကြ၏။ ဤပြတိုက်ကား အဝင်မှစ၍ လူတို့ကို ကျေနပ်နှစ်သိမ့်မှု ပေးစွမ်းနိုင်လေသည်။

BURMESE CLASSIC .com

လက်မှတ်သိမ်းသော ဝန်ထမ်းသည် ဧည့်သည်တို့အား အကဲ ခတ်ခြင်းဖြင့် မိမိ၏ပြီးဝှေ့မှုကို ဖယ်ရှားနိုင်သည်။ ဧည့်သည် အမျိုး မျိုးသည် ပုံစံအမျိုးမျိုးဖြင့် အောက်ဆုံးပြခန်းသို့ ဝင်ရောက်ကြ၏။ မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းထားသော ကျေးလက်ဒေသမှ ဧည့်သည်များသည် တက်ကြွသောမျက်နှာထား၊ ကျီးကြည့် ကြောင် ကြည့် မျက်လုံးအကြည့်များဖြင့် ဝင်လာကြသည်။ သူတို့သည် အုပ်စု လိုက် လာကြလေ့ရှိ၏။ အဝင်တွင်လည်း အချင်းချင်း စကားပြော ဆိုမှုကို ခဏရပ်တန့်ကာ လက်မှတ်ကို ရိုသေစွာထုတ်ပေးကြ၏။ ဝန်ထမ်းများ ပြုံးရယ်ကြ၏။ ဝန်ထမ်းက လက်မှတ်ကို တစ်ဝက် ဆုတ်ယူပြီး ပြန်ပေးအပ်သည်ကို ခပ်ရိုရိုလက်ခံကြ၏။ ထို့နောက် စောစောက စကားကို တစ်ပိုင်းတစ်စ ပြန်ဆက်ပြီး အထဲဝင်သည်။ အတွင်းပိုင်း ရောက်သောအခါမှာကား အားလုံးသည် သတိထား





သည့်အနေအထားဖြင့် နံရံကိုစတင်ရှာဖွေကြည့်ရှုလေသည်။ ကလေး များသည် မိမိတို့သိသော သင်ပုန်းကြီးအက္ခရာ စာလုံးများကို မြင် သောအခါ ပျော်ရွှင်ကြသည်။

မှတ်စုစာအုပ်နှင့် ဖောင်တိန်ကို လက်မှကိုင်၍ ဝင်လာကြသူများ လည်း ရှိသည်။ အများအားဖြင့် လူငယ်ပိုင်းအမျိုးသမီး အမျိုးသား ကလေးများ ဖြစ်သည်။ ဝတ်ပုံစားပုံအရ သူတို့သည် မြို့တော်သူ မြို့ တော်သားများဖြစ်သည်။ အဝတ်အစား အဆင်အပြင် ကျနေ့ရသည်။ သို့သော် ခေတ်မီသည်။ ဟန်အမူအရာ သွက်လက်သည်။ စူးစမ်း သော မျက်လုံးများဖြင့် အရာရာကို သတိအနေအထား ကြည့်တတ် သည်။ သူတို့သည် တစ်ယောက်ချင်းလည်း လာရောက်တတ်သည်။ နှစ်ယောက်တွဲလျက်လည်း လာရောက်တတ်သည်။ သုံးယောက် ထက်လည်း မပိုတတ်ကြ။ ပြခန်းထဲ ရောက်မှ တစ်ယောက်ကို တစ် ယောက် မြင်တွေ့ပြီး ရင်းနှီးစွာ နှုတ်ဆက်ကြသည်လည်း ရှိသည်။ သူတို့ စကားပြောသည့်အခါ ဒေသသုံး ဘာသာစကားနှင့် နိုင်ငံ ရပ် ခြား ဘာသာစကားများ ရောညှပ်၍သုံးတတ်ကြသည်။ နိုင်ငံရပ်ခြား ဘာသာစကားများမှာလည်း လူအမျိုးမျိုးကိုလိုက်၍ အမျိုးမျိုး သုံး နှုန်းကြသည်။ သူတို့ကို မြင်လိုက်လျှင်ပင် ဧည့်လမ်းညွှန်အလုပ်ဖြင့် အသက်မွေးသူများဟု ချက်ချင်း သဘောပေါက်နိုင်သည်။ မိမိတို့ တာဝန်ယူရမည့် နိုင်ငံခြားသားဧည့်သည်များအတွက် ကြိုတင် ပြင် ဆင်ရန် ရောက်လာကြခြင်း ဖြစ်နိုင်သည်။ နိုင်ငံခြားဧည့်သည်များ မေးသမျှကို မိမိတို့ ပိုင်နိုင်ကျွမ်းကျင်စွာ ဖြေဆိုနိုင်ဖို့လိုသည်မဟုတ် လား။ နောက်ပြီး နိုင်ငံခြားဧည့်သည်များသည် စစ်စစ်ပေါက်ပေါက် မေးခွန်းများကို ရှာကြံ၍ မေးတတ်သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မှတ်စုစာအုပ်ကိုယ်စီနှင့် ကျောင်းဝတ်စုံဝတ် ကျောင်းသားကျောင်းသူများလည်း လာကြသည်။ လူသုံးလေးဆယ်ခန့် သို့မဟုတ် လေးငါးဆယ်ခန့်လည်း ဖြစ်တတ်သည်။ ဆရာမ တစ်ယောက်မှ သုံးယောက်အထိ အုပ်ထိန်းသူအဖြစ် လိုက်ပါကြ၏။ ကလေးများသည် အရာရာကို စိတ်ဝင်စားစွာ မေးမြန်းကြ၏။ ဆရာမတို့ ဖြေနိုင်သည်လည်း ရှိ၊ မဖြေနိုင်သည်လည်း ရှိလေသည်။ ဤအရာသည် ပေစာ၊ ဤအရာသည် ပုရပိုက်စာ၊ ဤအရာသည် ကျောက်စာ စသည်ဖြင့် ဖြေနိုင်ကြသည်။ ရေအိမ်ဆိုတာ ဘာလဲဟု ကလေးငယ်တစ်ယောက်က မေးလျှင် အိမ်သာကို ခေါ်တာပေါ့ကွယ်ဟု အလွယ်တကူ ဖြေနိုင်၏။ သို့သော် အဆောင်တိုင်းမှာ ဘာဖြစ်လို့ အိမ်သာတစ်ခုစီ မရှိရသလဲ ဟူသည့်အမေးကိုတော့ ဆရာမ မဖြေနိုင်ပေ။ နန်းတော်၏ အဆောက်အအုံအဆောင်အခန်းပုံစံငယ်များကို စစ်စစ်ပေါက်ပေါက် ရှာဖွေလျှင် ကလေးများအတွက် မေးခွန်းတွေ တစ်သီကြီး ထွက်လာတတ်၏။ ဆရာမ ဦးနှောက်ခြောက်ရလေသည်။ တစ်ခါ တစ်ခါ ကျောင်းသားကလေးတစ်ယောက်က ဝင်၍ဖြေသည်။

"ဒီနားက အဆောင်သုံးလေးခုက လူတွေအားလုံး ဟောဒီ အိမ်သာကိုပဲ သုံးကြတယ်၊ ငါတို့ကျောင်းလိုပေါ့ကွ၊ ခုနစ်တန်းရော ရှစ်တန်းရော အိမ်သာအတူတူပဲ"

"ဘုံစနစ်ကို ထိန်းသိမ်းတဲ့သဘောပဲ"

ကလေးတို့သည် အထူးအဆန်းဝေါဟာရများကို ဆရာမအား မေးမြန်း၏။

"ဖြတိုက်ဆိုတာ ဘာလဲ"

ရှေးနန်းသုံး ဝေါဟာရဗဟုသုတကို စိတ်မဝင်စားသည့် ဆရာမ





ဆိုလျှင် မဖြေနိုင်ပေ။ တချို့ဆရာမကတော့ အလွယ်တကူပင် ဖြေလေသည်။

"ဖြတိုက်ဆိုတာ လူပျိုတွေ နေရတဲ့အဆောင်တော်ကို ခေါ်တာပေါ့၊ အဲဒီကို ဘုရင်ကြွလာရင် ထိုင်ဖို့ အမှုစီရင်ကြားနာဖို့ ပလ္လင်တစ်ခု ထားတတ်တယ်၊ အဲဒီပလ္လင်ပုံစံကို ဟိုဘက်ခန်းထဲမှာ မင်းတို့ တွေ့ခဲ့ကြပြီးသား၊ ဘယ်သူ မှတ်မိသလဲ"

ကလေးများကိုမေးခွန်းပြန်မေးလျှင် ကလေးများ ကသိကအောက် ဖြစ်သွားကြသည်။ ဘယ်သူမျှ မဖြေနိုင်။ တစ်ယောက်က လှစ်ခနဲ ပြန်ပြေးပြီး ကြည့်သည်။ သို့သော် များပြားလှသော ပလ္လင်ပုံစံငယ်တွေထဲမှ ဖြတိုက်ဆောင်ပလ္လင်ကို အလွယ်တကူ မရှာနိုင်ပေ။ နောက်ဆုံးတော့ ဆရာမကပဲ ဖြေပေးရသည်။

"ဂဇာသန ပလ္လင်လေ"

"သြော်..."

ကလေးများ ကျေနပ်သွားကြသည်။ အဖြေကို သိသွားကြ၍ မဟုတ်။ မိမိတို့အား မေးထားသည့် မေးခွန်းကို ဖြေရန် မလိုတော့သောကြောင့် ဖြစ်သည်။

သမိုင်းနှင့်အတိတ်ကို စိတ်ဝင်စားသော ခေတ်ပညာတတ် လူငယ်လူကြီးများကတော့ လေ့လာစပ်စုလိုစိတ်ဖြင့် လာကြသည်။ အဆိုးမြင်ဝါဒီနှင့် အကောင်းမြင်ဝါဒီ နှစ်မျိုးနှစ်စားအပြင် ဟာသမြင်ဝါဒီ အမျိုးအစားတစ်ခုပါ ထပ်ဖြည့်လျှင် ရနိုင်လိမ့်မည်။ လူတစ်ယောက်၏ စကားကို တစ်ခွန်းနှစ်ခွန်း နားထောင်ပြီးလျှင် လူအမျိုးအစားကို သတ်မှတ်နိုင်သွားလိမ့်မည်။

"သြော်... ဘုန်းတန်ခိုးအာနုဘော် ကြီးလိုက်တဲ့ ရှေးနန်းရှင်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်ထိပ်မှာ နဝရတ်ကိုးသွယ် ရတနာတွေ စီခြယ်လို့၊ သိကြားတွေ နတ်တွေက စောင့်ရှောက်လို့၊ ရာဇပလ္လင်ရဲ့ အောက်ခုံက ခြသေ့တွေကို ကြည့်ပါဦး၊ ရန်ကို နှိမ်နင်းနိုင်မယ့် နိမိတ်ပေါ့၊ အဲဒါ ကေသရာ ခြသေ့မင်းတွေ…ခမ်းနားပါ့ မြင့်မြတ်ပါ့၊ တို့အရှင် တို့ဘုရင်တွေ"

ဤစကားမျိုးကိုတော့ အကောင်းမြင်ဝါဒီများက တမ်းတစွာ ရေရွတ်ကြသည်။

"သဥ္စာလီ…သဥ္စာလီနဲ့ ငါ ကြားဖူးနေတာ ကြာပြီကွ၊ လက်စသတ်တော့ ကုလားထိုင်ကို ခေါ်တာကိုး၊ ဒါနဲ့ အဲဒီ ကတ္တီပါ ဆိုဖာမှာ ဘာလို့ အလယ်တည့်တည့်ကနေ ဘုကြီး ရှိနေရတာလဲ၊ မင်း သိလား"

"ဘယ်သိမလဲကွ"

ထို့နောက် လူငယ်တစ်စု ခပ်ကျိတ်ကျိတ် ရယ်မောကြသည်။ အဆိုးမြင်ဝါဒီ လူတစ်ယောက်က ထိုအုပ်စုကို မျက်မှောင်ကြုတ်ကြည့်ပြီး သတိပေးတားမြစ်သည်။

ဆင်စွယ်ကုလားထိုင်တစ်ခုကို မြင်လျှင် အကောင်းမြင်ဝါဒီကကနုတ်ထွင်းလက်ရာများ၏ အသေးစိတ် လှပဆန်းကြယ်မှုကို ရင်သပ် ရှုမော ချီးကျူးသည်။ အဆိုးမြင်ဝါဒီသမားကတော့ ကုလားထိုင် နောက်မှီ၊ လက်တင်၊ ခြေထောက် စသည်တို့ကို တစ်ခုချင်းစေ့စပ်သေချာစွာ တွက်ချက်စစ်ဆေးပြီးနောက် ဆင်ခြောက်ကောင်ထက် မနည်းဘူးကွဟု ရေရွတ်သည်။ ဟာသမြင်ဝါဒီသမားကတော့ ဆင်စွယ်နှင့် ပတ်သက်၍ နောက်ပြောင်စရာမရှိလျှင် ကုလားထိုင်အောက်တည့်တည့်မှ ရေထည့်ထားသည့် ဖန်ခွက်ကို နောက်ပြောင်ရယ်မောသည်။



သမင်ချိုကုလားထိုင်တစ်ခုကိုပြထားသည်ဟုဆိုပါစို့။ အကောက်အကွေး အချိုးအစားဆင်တူသော သမင်ချို ၁၅ ခုဖြင့် ထုလုပ်ထားသည်ဟု စာတန်းရေးထားပါလျက် တချို့က မယုံသင်္ကာစွာရေတွက်ကြည့်ခငယ်ကြသေး၏။ ဦးချို ၁၄ ခုသာ အလွယ်တကူတွေ့ပြီးနောက် အပြစ်မြင်သည့် မျက်နှာထားဖြင့် '၁၄ ခုတည်းပါ' ဟု ရေရွတ်ဆဲ၊ တစ်ယောက်က 'အောက်မှာ ကန့်လန့်ထောက်ထားတာ တစ်ခုကွ၊ ဟောဟိုမှာ' ဟု ညွှန်ပြလိုက်တော့မှ ငြိမ်သက်သွားလေသည်။ ဒါတောင်မှ သမင် ၁၅ ကောင်လား၊ သမင်ရှစ်ကောင်လားငြင်းခုံကြသေးသည်။ နောက်ဆုံး ရှစ်ကောင်သမားက အနိုင်ရသွားသည်။

အိန္ဒိယနိုင်ငံက ပြတိုက်တွင် မံမီရုပ်အလောင်းများကို ဆေးစိမ်ပြီး အစစ်အမှန်အတိုင်း ပြသထား၏။ ဤပြတိုက်မှာတော့ အလောင်းသယ်ယူသည့် အသုဘခေါင်းအဖုံး ရွှေချည်ထိုးအဝတ်ကို ပြသထားလေသည်။ ရွှေနန်းတော်နှင့် သက်ဆိုင်သည့် တော်ဝင်မိသားစုများ၏ အခေါင်းဖုံးဟုလည်း စာတန်းရေးထိုးထားသည်။ ဧည့်သည်အားလုံးကို ဆွဲဆောင်နိုင်သောပစ္စည်းတစ်ခု ဖြစ်သည်။ ထုထည်ကြီးမားသော အကြောင်းက တစ်ခု၊ နောက်တစ်ခုက ထိုမှန်သေတ္တာကြီးကို ခံထားသော အောက်ခုံသည် တစ်လုံးတည်းမဟုတ်ဘဲ ခုံသုံးလုံးကို ဆက်ပြီးမှ မှန်သေတ္တာကို အပေါ်က တင်ထားခြင်းဖြစ်သည်။ ထိုသုံးလုံးဆက်ခုံသည် ဧည့်သည်များကို ချက်ချင်း ဆွဲဆောင်နိုင်၏။ အချင်းချင်း ငြင်းခုံကြပြန်သည်။ အဘယ်ကြောင့် အောက်ခုံတစ်ခုတည်းကို အသုံးမပြုသလဲ၊ အကြောင်းမှာ အပေါ်က ပြသထားသည့် ပစ္စည်းက ကြီးမားလွန်းသောကြောင့် ဖြစ်ရမည်။ မဟုတ်နိုင်။ ခုံကြီးကြီးတစ်ခု မပြုလုပ်ရသေး၍ ယာယီသဘောဖြင့် အသုံးပြုထား

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ရမည်။ မဟုတ်ဘူး…အားလုံး မှားတယ်။ ခုံထဲမှာ လူ တစ်ယောက် ခိုးဝင်ပြီး ဖောက်ထွင်းမှာစိုးလို့ အသေးသုံးခုကို ဆက်ထားရတာ။ သို့သော် ဘယ်သူမှ အဖြေမသိကြ။ ပြတိုက်စောင့် သို့မဟုတ် ပြခန်းတာဝန်ခံကို မေးမြန်းဖို့လည်း စိတ်မကူးကြ။ အကြောင်းမှာ သူတို့သည် ဤအခေါင်းဖုံး မှန်သေတ္တာထက် ပို၍ စိတ်ဝင်စားစရာကောင်းသော ပစ္စည်းတချို့ကို တွေ့သွား၍ဖြစ်သည်။ မှန်သေတ္တာ၏ နောက်မှာ နံရံနှင့်ကပ်လျက် နေရာကျဉ်းကျဉ်းကလေး ရှိသည်။ အမှတ်တမဲ့ ငုံ့ကြည့်လိုက်ရုံနှင့် ထိုနေရာမှာ ရှိသည့်ပစ္စည်း သုံးလေးမျိုးကို တွေ့မြင်ကြရသည်။ ပန်းပင်ရေလောင်းသည့် ရေပန်းကရား၊ ဂုန်နီအိတ်ကြမ်းစအပိုင်း တပ်ထားသည့် ကြမ်းသုတ်ပစ္စည်းနှင့် တံမြက်စည်းကြမ်း စသည်တို့ ဖြစ်သည်။

"ဒီပစ္စည်းတွေဟာရော ဘယ်နှရာစုခေတ်က ပစ္စည်းတွေ ဖြစ်နိုင်မလဲ"

တစ်ယောက်က ရတနာပုံခေတ်ဟု ဖြေသည်။ တစ်ယောက်က အင်းဝခေတ်ဟု ဖြေသည်။

"ဒီပစ္စည်း စတိုင်တွေ ကြည့်ရတာ အဲဒီလောက် နောက်မကျဘူးကွ၊ ဒါ သရေခေတ္တရာခေတ်"

ရှီးသားပုံရသော အဘိုးကြီးတစ်ယောက် သူတို့စကားဝိုင်းထဲ ဝင်လာပြီး အကူအညီပေးလိုက်သည်။

"ဒါ နှစ်ဆယ်ရာစုပစ္စည်းတွေ ငါ့တူရဲ့"

ထိုအခါ သူတို့ပြုံးစေ့စေ့ဖြင့် နောက်ဆုတ်သွားကြလေသည်။

မိန်းကလေးနှင့် ယောကျ်ားလေးစုံတွဲများ ဤနေရာသို့ အလာကျဲသည်။ လာပြန်လျှင်လည်း တစ်ယောက်နှင့်တစ်ယောက် အမြင်မတူကြပေ။ မိန်းကလေးက ရှေးခေတ်က ဝတ်လဲတော် အဆောင်အယောင်များကို ကြည့်ပြီး ပခုံးတွန့်သည်။





"မိဖုရားရဲ့ ဝတ်စုံဟာ တော်တော်လေးမလားဟင် မောင်"

"ရွှေချည် ငွေချည်နဲ့ ရတနာတွေ စီထားတာပဲ…လေးမှာပေါ့၊ ဘာလဲ…မင်း ဝတ်ချင်လို့လား"

"အို…မဝတ်ချင်ပါဘူး၊ ဂေါက်ဂက်ကြီး နေမှာ၊ စာတွေထဲမှာ ဖတ်ဖူးတာတော့ အဲဒီဝတ်စုံကိုဝတ်ဖို့ ချွတ်ဖို့ အထိန်းတော်တွေ ဝိုင်းမ,ရသယ်ရတယ်လို့ ပြောတာပဲ၊ ဒီအထိန်းတော်တွေရဲ့စရိတ်က သေးမှာ မဟုတ်ဘူး မောင်ရဲ့"

"ဪ…ငါ့မိန်းမနှယ် အ,လိုက်တာ၊ အဲဒီစရိတ်က မင်း ကုန်စရာ မလိုဘူးလေကွာ"

ယောကျ်ားလေးဖြစ်သူ စိတ်ဝင်စားသည်က မှန်သေတ္တာထဲမှ လှပသော ငွေဓားအိမ်နှင့် စလွယ်များ ဖြစ်သည်။ ငွေဓားအိမ်မှာ ထွင်းထုထားသော ပန်းခက်ပန်းနွယ်များနှင့် ဓားရိုးမှစာများကို စိတ်ဝင်စားစွာ လိုက်ဖတ်သည်။ မိန်းကလေးက တစ်ခုခုကို စိတ်ဝင်စားစွာ ပြောချင်လှပြီ။ ယောကျ်ားလေးက သူစိတ်ဝင်စားရာမှ မျက်လုံးမလွှဲနိုင်သေး။ တစ်ခါ မိန်းကလေးက ခပ်လှမ်းလှမ်းမှာ ရောက်နေခိုက် ယောကျ်ားလေးက တစ်ခုခုကို အထူးအဆန်း ပြချင်သည်။ မိန်းကလေးက မျက်နှာရှုံ့မဲ့ပြောင်ပြကာ ထွက်သွားသည်။ သူတို့ နှစ်ယောက် စိတ်ကသိကအောက်ဖြစ်ရလေသည်။

တစ်ခါတုန်းကတော့ ဤပြတိုက်မှအပြန်တွင် ချစ်သူစုံတွဲ တစ်တွဲ ထာဝရကွဲကွာသွားခဲ့ကြဖူးသည်။ ကောင်မလေးက ရှေးဟောင်းသုတေသနနှင့် သမိုင်းကို စိတ်ဝင်စားသူ၊ လေ့လာသူ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်ဖြစ်ဖို့ စာသင်နေသူဖြစ်ပြီး ကောင်မလေးက မြို့တော်၏ ခမ်းနားသော စေတီးဆိုင်ကြီးများရှိပစ္စည်းများကိုသာ စိတ်ဝင်စားတတ်သူ။ သူတို့နှစ်ယောက် ဘာသာစကားချင်း မတူ၊ တန်ဖိုးထားမှုချင်း မတူ၊ အငြင်းပွားကြ ရန်ဖြစ်ကြပြီး ရှေ့ဆက် လက်တွဲဖို့ မဖြစ်နိုင်မှန်း သဘောပေါက်သွားကြလို့ဖြစ်မည်။ သို့မဟုတ် ကောင်လေးက လောကကို ပေါ့ရှုပ်ရှုပ်ဖြတ်သန်းလိုသူ၊ ပညာကို တန်ဖိုးထားရကောင်းမှန်း မသိသူ၊ ကောင်မလေးက ရိုးရာနှင့် ထိန်းသိမ်းမှုကို လေးစားသူ။ တစ်ယောက်၏ လေးစားမှု၊ တန်ဖိုးထားမှုကို တစ်ယောက် ပြက်ရယ်ပြုရယ်မောရင်းက တဖြည်းဖြည်း အလေးအနက်ဖြစ်လာ၊ နောက်ဆုံးတော့ လမ်းခွဲဖို့ အဖြေထွက်သွားကြလို့ဖြစ်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြတိုက်ဆိုသည်မှာ တွေးခေါ်လိုသူအား အတွေးအခေါ်တွေ ထုတ်ပေးရာ ကျောင်းတစ်ခုဖြစ်သည်။

နိုင်ငံခြားသားများကတော့ ပြတိုက်ကို မရောက်မဖြစ် ရောက်ရမည့် နေရာဟု သတ်မှတ်တာ များသည်။ အထပ်တိုင်းကို တက်ကြည့်ချင်သည်။ စိတ်ညစ်ရသူက ဧည့်လမ်းညွှန်ဖြစ်သည်။ သူသည် အရင်တစ်ပတ်ကလည်း အခြားဧည့်သည်အုပ်စုနှင့် လာရောက်ပြသရှင်းလင်းခဲ့ပြီးပြီ။ ဟိုးယခင်တစ်ပတ်ကလည်း အခြားသော ဧည့်သည် အုပ်စုနှင့် လာခဲ့ရပြီးပြီ။ သူ့အတွက် ဤလှေကားထစ်များကို တက်ရန် မတက်ကြွတော့ပြီ။ ထပ်ကာတလဲလဲ ခြေလှမ်းများ... တတ်နိုင်လျှင် သူ အောက်ထပ်မှာ နေခဲ့ချင်သည်။ သို့သော် သူ့မှာ တာဝန်ရှိသည် မဟုတ်လား။ သူသည် သိပ်စိတ်မပါသည်ကို အပြုံးတုဖြင့် ဖုံးကွယ်၍ ပြောပြီးသားစကားများကို ထပ်ပြောပြန်လေသည်။

နေရာအခက်အခဲကြောင့် ဧည့်သည် ကိုယ်လက်သန့်စင်ခန်းနှင့်







အိမ်သာများကို တစ်ထပ်စီတွင် ခွဲခြားထားရာ အောက်ဆုံး မြေညီထပ်တွင် 'နိုင်ငံခြား အမျိုးသားများအတွက်သာ'၊ ပထမထပ်တွင် 'နိုင်ငံခြား အမျိုးသမီးအတွက်သာ' စသည်ဖြင့် ခွဲခြားသတ်မှတ်ထား၏။ ဒေသခံအမျိုးသမီးများအတွက်ကတော့ အမြင့်ဆုံးအထပ် ဖြစ်သော စတုတ္ထထပ်မှာ သတ်မှတ်ပေးထားသည်။ အမျိုးသမီးများက အမျိုးသားများထက် ပို၍ခြေလှမ်းသွက်ကြသည် မဟုတ်လား။ အချို့ဒေသခံ ဧည့်သည်များက ဤခြားနားမှုကိစ္စကို နားမလည်ပေ။ တကယ်တော့ ဤကိစ္စသည် လွယ်လွယ်လေးသာဖြစ်သည်။ ဒေသသုံး ငွေကြေး တစ်ဆယ်နှင့် နိုင်ငံခြားသုံးငွေ ငါးဒေါ်လာမှာလည်း ကွာခြားသည်။ ဒေသခံလူများ အသုံးပြုလေ့ရှိသည့် အိမ်သာပုံစံနှင့် နိုင်ငံခြားမှာ အသုံးပြုလေ့ရှိသည့် အိမ်သာ ပုံစံလည်း မတူ။ အစစအရာရာ ခြားနားသည်မဟုတ်လား။ သည်တော့ ခြားနားမှုဟာ ဘယ်လောက် ရှင်းလင်းသွားပါသလဲ။ သည်မျှ ခြားနားပေးသည်ကိုပင် ကိုယ်လက်သန့်စင်ခန်းများသို့ ဝင်ရောက်သူ နည်းပါးလှသည်။

ပထမထပ်သို့ တက်ပြီးလျှင် ဧည့်သည်များသည် ချော်မွတ်ဖွာလှပသော ကြွေပြားခင်း ကြမ်းပြင်နှင့် လှေကားထစ်များကို ငုံ့ကြည့်၍ တက်ကြသည်။ အလွန်ကို ချော်မွတ်လှပါသည်။ ဖုန်၊ သဲနှင့် ရေတို့ကို အလွယ်တကူ သုတ်သင်ရှင်းလင်းနိုင်မည်။ သို့သော် မိုးရာသီတွင် ဧည့်သည်များ ခြေချော်မှာ စိုးရိမ်ရလေမလား။ မဖြစ်နိုင်ပါ။ ဤပြတိုက်သို့ လာသူများသည် မည်သူမျှ မိုးရေထဲတွင် လမ်းလျှောက်မလာကြပါ။ ဖိနပ်များ အလွန်အကျွံစိုစွတ်မနေပါ။ အဆင်ပြေသွားပါလိမ့်မည်။ နောက်ပြီး လှေကားလက်ရန်းတွေ ရှိသည်။ ချော်ရော လုံးဝအကြောင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ပထမထပ်တွင် အလယ်၌ ခန်းမကျယ်ကြွက်လပ်တစ်ခု၊ ဧည့်သည်များ စုပြုံတိုက်ဆိုင်နေလျှင် အချို့ဧည့်သည်များ ဤဧည့်ခန်းတွင် မတ်တတ်ရပ်နိုင်သည်။ ခုံတန်းလျားတွင် အချို့ထိုင်၍ အနားယူနိုင်သည်။ ဟိုဘက်မှာ အခန်းတစ်ခု၊ သည်ဘက်မှာ အခန်းကျယ်တစ်ခု။ သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ပြီးခေတ်ပြခန်းများ ဖြစ်သည်။ သမိုင်းတင်ပြီးခေတ် ပြခန်းမှာ ဧည့်သည်များ စိတ်အဝင်စားဆုံး နေရာသည် မင်းခမ်းတော်များ ပြသည့်အခန်းဖြစ်သည်။

ရွှေအစစ်များဖြင့် ပြုလုပ်ထားသည့် ရတနာစီခြယ်သည့် မင်းသုံးထီးနန်းသုံး အဆောင်အယောင်များဖြစ်သဖြင့် မသမာသူ သူခိုးဓားပြရန်ကို ကြောက်ရပါသည်။ ထို့ကြောင့် မှန်သေတ္တာများကို အသုံးပြုခြင်းသည် မလုံခြုံပါ။ ထို့ကြောင့် သံတိုင်များဖြင့် တံခါးသော့ခတ်ပိတ်၍ရသော အခန်းကျဉ်းများတွင် ကတ္တီပါစ ခင်းလျက် ပြသထားသည်။ လျှပ်စစ်မီး ရှိုးရှိုးမီးသီး တစ်ခုစီ။ ပို၍ အားကောင်းသော ဆလိုက်မီးတစ်ခုစီ တပ်ဆင်ပေးထားသည်။ မီးခလုတ်များသည် ဧည့်သည်လက်လှမ်းမီသည့်နေရာမှာ ရှိ၏။ မိမိစိတ်တိုင်းကျ အလင်းရောင်ဖြင့် ချီးကျူးငေးမောအားကျနိုင်သည်။ လောဘတက်သူများလည်း ရှိသည်။ အချို့နိုင်ငံများ၏ အဖိုးတန်ရတနာ ရွှေငွေပစ္စည်းများ ထားသည့်အခန်းကို ဖောက်ထွင်းခိုးယူမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော်လည်း ဤနိုင်ငံမှာတော့ ဖောက်ထွင်းမှုမရှိပါ။

သူတို့ဆီတွင် ညနေပြတိုက်ပိတ်ချိန်တွင် ဧည့်သည်များနှင့်အတူ ပြန်မသွားကြသော သူခိုးများ၊ ဖောက်ထွင်းဝိဇ္ဇာများသည် ပြခန်းထဲက ပုန်းကွယ်စရာ အခန်းတစ်ခုခု၊ ရေချိုးခန်း၊ အိမ်သာ သို့မဟုတ် မှန်သေတ္တာအောက်က ခုံများထဲတွင် ဝင်ရောက်နေထိုင်ခဲ့ကြသည်





ဆို၏။ နောက်တစ်နေ့နံနက် ပြတိုက်ဖွင့်ချိန်အထိ နာရီပေါင်း များစွာ အချိန်ရသည်ဖြစ်ရာ သိချင်းတအေးအေးနှင့်ပင် ပစ္စည်းများ ထုခွဲ ဖောက်ထွင်းယူနိုင်လေသည်။ နောက်တစ်နေ့ လုံခြုံရေးအစောင့်များ မလာမီ ပစ္စည်းယူဆောင်ပြီးဖြစ်နိုင်သည်။ သို့သော် ဤပြသနာကို ပူစရာမလို။ ဧည့်သည်တစ်ယောက်ချင်းအားလည်း အချက်ပြကိရိယာဖြင့် လက်နက်ပစ္စည်း စစ်ဆေးရန် မလို။ ပြတိုက်ပိတ်ချိန်တွင် အယ်လ်ဖေးရှင်းခွေးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း တစ်ခန်းဝင် တစ်ခန်းထွက် လိုက်လံရှာဖွေစစ်ဆေးရန် မလို။ အဘယ်ကြောင့်ဆိုသော် ဤနိုင်ငံသည် ငြိမ်းချမ်းသောနိုင်ငံ၊ လောဘ ဒေါသ နည်းသော နိုင်ငံ၊ ကိုယ်ကျင့်သိက္ခာ တည်ကြည်သောနိုင်ငံမို့ ဖြစ်သည်။ ဤအလုပ်မျိုးကိုဖြင့် စိတ်ကူးထဲတောင် ထည့်ကြမည်မထင်ပါ။ သို့သော် ဖြစ်နိုင်လျှင်တော့ အရာရာကို သည့်ထက်ပို၍ ဂရုစိုက်စစ်ဆေးကြရန် သင့်သည်ဟု တချို့ဧည့်သည်များ ထင်မြင်ချက် ပေးကြ၏။

လက်ယာမင်းခမ်းတော် ၁၃ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၃ ပါးကို ပြသထားသည်။ အချို့ဧည့်သည်များသည် သန်လျက်ကို စိတ်ဝင်စား၏။ တချို့က သားမြီးယပ်ကို စိတ်ဝင်စား၏။ ခြသေ့်ရုပ် ခံသော ရှစ်မြှောင့်ကွမ်းခွက်မှာ အလွန်လှပပါသည်။ 'မေးတောက်'၏ ရှေ့တွင် ဧည့်သည်များ ပထမမျက်မှောင်ကြုတ်ကြ၏။ ထို့နောက် ပြုံးရယ်ကာ နားလည်သွားကြသည်။ လူငယ်များက သဘောကျစွာ အသံထွက် ရယ်မောကြလေသည်။ ရွှေဖြင့်ပြုလုပ်ထားသော ရတနာစီခြယ်သည့် 'ပြတို့'ဟူသည့် အိုးကို ကြည့်၍ နားမလည်သူများကို နားလည်သူတစ်ယောက်ယောက်က ရှင်းပြသည်လည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ထွေးခံ ဒါမှမဟုတ် ထွေးအင်ဆိုတဲ့ စကားအသုံးပဲ၊ အဲဒီ အိုးခွက်ဟာ လက်ဆေးရေ၊ နှုတ်ဆေးရေ၊ ဝါးဖတ်၊ ငါးရိုး သားနိုး ခံရတဲ့ ခွက်ပေါ့”

အိုး… ကြီးကျယ်ခမ်းနားလှပါလား။ ရွှေနှင့် ပတ္တမြားတို့ကိုဖေး မော အားကျသူလည်း ပါသည်။

တစ်ဖက်က သမိုင်းမတင်မီခေတ် ပြခန်းကိုတော့ ညေ့သည်များ သိပ်ကြာကြာမနေပေ။ အားကျရမည့်ပစ္စည်းများ မရှိသောကြောင့် ဖြစ်သည်။ သို့သော် လူငယ် အမျိုးသားအချို့ကတော့ ကျောက် လက်နက်ပစ္စည်းများနှင့် သံခေတ် ကြေးခေတ် လက်နက်များကို စိတ်ဝင်တစား ကြည့်ကြသည်။

“ဟော့ကောင်တွေ ဒီမှာ လာကြည့်စမ်း၊ ကျောက်ပုတီးတဲ့… ဘယ်လိုလူကများ ဒါကို စိပ်ပုတီးလုပ်ခဲ့ပါလိမ့်”

အားလုံး ဝိုင်းလာကြသည်။ တစ်ယောက်က အရင် စ၍ ရယ် မောသည်။

“မင်းဘိုးအေ…ဒါက လည်ပင်းမှာ ဆွဲတဲ့ ပုတီးလိုမျိုး အဆင် တန်ဆာပစ္စည်းကွ၊ အလှပြင်တဲ့ ပစ္စည်း”

သို့သော် တစ်ယောက်ကတော့ သဘောမတူပေ။

“ဒီလောက်ကြီးမားတဲ့ ပုတီးကို ဆွဲရမယ်ဆိုရင် အဲဒီမိန်းမဟာ ဗလတောင့်မှဖြစ်မယ်ကွ၊ အဲဒီခေတ်ကလူတွေ တော်တော်ထွားကျိုင်း ကြပုံ ရတယ်”

ကလေးမလေးတစ်ယောက် ရေသောက်ချင်၍ တအီအီ ပူဆာ နေသည်။ သူတို့အုပ်စုမှာ ရေဘူး ပါမလာကြပေ။ လင်မယား နှစ် ယောက် ရေဘူး မယူလာသည့်ကိစ္စအတွက် တစ်ယောက်ကို တစ် ယောက် အပြစ်တင်နေသည်။



“ဒါဖြင့် ပြန်ဆင်းကြမလား”

“မင်း ဆင်းပြီး ရေရှာတိုက်လိုက်ပေါ့၊ ငါ အပေါ်ထပ်တွေ ကြည့် နှင့်မယ်၊ မင်းတို့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး”

မိန်းမသည် သူ့ယောကျ်ားပြောသလို ပြခန်းထဲကပစ္စည်းတွေကို စိတ်မဝင်စားလို့ပဲလား၊ သမီး၏ ရေငတ်မွတ်မှုကို မကြည့်ရက်လို့ ပဲလား မသိ၊ ကလေးကို လက်ဆွဲ၍ လှေကားမှ ပြန်ဆင်းသွားလေ သည်။ ဘေးမှာရှိနေသော စုံတွဲကလေးက ဤအဖြစ်ကို မြင်သည်။

“တွေ့လား မောင်တို့ယောကျ်ားတွေဟာ တော်တော်အတ္တကြီး တယ်”

“ဟ ဘာဆိုင်လို့လဲ”

“ကလေး ရေငတ်တာဟာ မိန်းမရဲ့တာဝန်၊ ငါကတော့ လောက ကြီးကိုအဓိကပြုပြင်ပြောင်းလဲရမှာမို့ အရေးကြီးတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ ပြခန်းကိုငါ ဆက်ကြည့်မယ်၊ မင်းက ကလေးကို ထိန်း…ဟုတ်တယ် မဟုတ်လား၊ ဒါ အတ္တပေါ့”

အမျိုးသားငယ်က မျက်မှောင်ကြုတ်သည်။ အမျိုးသမီးလေးက မျက်စောင်းဖြင့် ကြည့်၏။

“ဘာလဲ…မဟုတ်ဘူးလို့ ငြင်းမလို့လား”

“မငြင်းပါဘူး၊ အမှန်က မိန်းမက ဒီကိုလိုက်ကို မလာသင့်တာ၊ အိမ်မှာပဲ ကလေးထိန်းနေရမှာကွ၊ အခုဟာက ကိုယ့်အလုပ် မဟုတ် တာ လိုက်လုပ်နေတာကိုး”

အမျိုးသမီးက မျက်လုံးပြူး၍ အံကြိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ ဒါ အတည်ပြောနေတာလား"

"ဟာ...ဒါ မင်းကို ပြောတာမဟုတ်ဘူး၊ ဟိုမိန်းမကို ပြောတာ။ ကိုယ့်မိန်းမက အဖိုးတန်မိန်းမပဲ၊ ပညာရှင်အဆင့်လေ၊ မင်းကတော့ ဒီနေရာကို လာရမှာပေါ့၊ ကိုယ်တို့ ကလေးရရင် ကိုယ်က အိမ်မှာ ကလေးထိန်းနေခဲ့မှာပါ"

ထိုစကားသည် လိမ်ညာစကားဟု သိသာပါလျက် အမျိုးသမီးလေးက ယုံကြည်သောအပြုံးဖြင့် ကျေအေးသွားလေသည်။ တကယ် ယုံကြည်တာလား၊ ယုံကြည်ဟန်ဆောင်တာလား သူမသာလျှင် သိပေလိမ့်မည်။

ဒုတိယထပ်သို့ ကျောင်းသူကျောင်းသားကလေးများက အရင် ပြေးတက်သွားကြသည်။

"ဆရာမ...ဆရာမ...ဝါဂီနစ်ဆိုတာ ဘာလဲဟင်"

ဆရာမသည် သူသိသောစကားဖြစ်၍ ပိုင်နိုင်တက်ကြွစွာ လျင်မြန်စွာ ဖြေလေသည်။

"ဝါဂီနစ်ဆိုတာ အဆို၊ အက၊ အတီးအမှုတ်ပညာကို ခေါ်တာကွဲ့၊ ဒီအခန်းထဲမှာ မင်းတို့ဟာ တူရိယာပစ္စည်းမျိုးစုံ တွေ့ရမယ်"

အခန်းထဲသို့ ဝင်ဝင်ချင်း ပထမဆုံး ခံစားချက်သည်ကား လေအေးစက်၏ အေးမြလန်းဆန်းမှုအရသာပင် ဖြစ်သည်။

"ဟား... ကောင်းလိုက်တာ၊ အခန်းတိုင်း ဘာဖြစ်လို့ ဒီလို မဟုတ်တာလဲ ဆရာမ"

"အဲ..."

ဤမေးခွန်းသည် ဆရာမ မဖြေနိုင်သောမေးခွန်း ဖြစ်သည်။

အခန်းသည် ဂီတခန်းပီသစွာ ဂီတသံဖြင့် ဖုံးလွှမ်းနေ၏။





ကလေးအချို့ ခပ်တိုးတိုးလိုက်ညည်းရင်း ရှင်မြူးလာသောကြောင့် ဆတ်တောက် ဆတ်တောက် လမ်းလျှောက်လေသည်။

အမျိုးသားငယ်က သူ့ဇနီးအား တစ်ချက်လှမ်းကြည့်သည်။ အမျိုးသမီးလေးက ရယ်၏။

"ပြတိုက်ကို ပစ္စည်းလှူလို့ ရလားဟင်...မောင်"

"အိုး...ရမှာပေါ့၊ မင်းက ဘာလှူချင်လို့လဲ"

"စိန်ဗေဒါရဲ့ တီးလုံး ကက်ဆက်ခွေ"

အမျိုးသားက အလေးအနက်မျက်နှာအဖြစ် ချက်ချင်း ပြောင်းသွား၏။

"ဒီအခန်းဟာ ဂီတသံမလိုပါဘူး၊ ဒီအခန်းတွေမှာ စပီကာတပ်ထားတာက အသံသွင်းတိပ်ခွေနဲ့ ပစ္စည်းတွေအကြောင်း ရှင်းပြဖို့ လိုအပ်တဲ့အချိန်မှာ ဖွင့်ပေးဖို့ပါပဲ၊ အခုဟာက တခြားပါ၊ နေ့လယ်နေ့ခင်း ဝန်ထမ်းတွေ တစ်ခဏ အပန်းဖြေနည်းတစ်ခု ဖြစ်မှာပါ၊ မင်းက မသိတတ်ရန်ကော၊ ဒါဆိုရင် ပညာရှင်အဆင့်ကနေ ဖြုတ်ပစ်လိုက်မယ်"

သူတို့နှစ်ယောက်သည် ပဥ္စရူပ ပတ္တလားရှေ့သို့ ရောက်သွားသည်။

"မောင် ဒီဥစ္စာ ငါးအမြီးမှ ဟုတ်ရဲ့လား"

"မသိဘူးလေ၊ ဘာဖြစ်လို့လဲ၊ ငါးအမြီးလား"

"ဟုတ်တယ်၊ ဒါ ဘယ်ခေတ်က လက်ရာပါလိမ့်"

ထို့နောက် အမျိုးသမီးလေး၏ မျက်လုံးများက ခန်းမအလယ်မှ ဆိုင်းဝိုင်းဆီ ရောက်သွား၏။ မျက်လုံးများ တောက်ပသွားသည်။

"အဲ...အဲဒါမှ ငါးအမြီး မောင်ရဲ့၊ ဟောဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အရုပ်ကို အသေအချာကြည့်ကြသည်။

"ပဉ္စရူပဟာ မြင်းခြေထောက်တစ်ဖက်၊ တိုးခြေထောက် တစ်ဖက် ရှိသတဲ့ မောင်ရဲ့"

"ဒါက သမင်ချိုလား"

သူမ ခပ်သဲ့သဲ့ ရယ်မောလျက် ငြင်းသည်။

"မဟုတ်ဘူး၊ စာဆိုအရတော့ တိုးကောင်ရဲ့ ချိုတဲ့"

"တိုးကောင်ဆိုတာ တိုးနရားကို ပြောတာလား"

အမျိုးသမီးက ပခုံးတွန့်၍ ခေါင်းယမ်းကာ ရယ်မောသည်။

"ကြီးနှစ်ချောင်းတည်းနဲ့ အသံမြည်တယ်ပေါ့နော် ဆရာမ"

ကလေးတစ်ယောက်၏ အမေးကို ဆရာမက ခပ်ဝါးဝါးဖြေ၏။

"အေး… မြည်လို့ ဖြစ်မှာပေါ့ကွယ်"

ဘယ်လောက်များ ရှင်းလိုက်ပါသလဲ။ မိကျောင်း တူ ရိယာမှာ ကြိုး သုံးကြိုး တပ်ထားသည်ကို တွေ့ပြန်တော့ ကလေးတစ်ယောက်က ကိုင်ကြည့်ဟန်ပြင်၏။ တစ်ယောက်က မကိုင်ရဘူးဟု တားမြစ်သည်။ ကောင်လေး လက်တွန့်သွားသည်။

"ကျွန်တော် ကိုင်ကြည့်ချင်တယ်"

ကလေးက သူ့ဆန္ဒကို ထုတ်ပြောသော်လည်း မည်သူမျှ မလိုက်လျောချေ၊ ဤသည်မှာ တင်းကျပ်သောစည်းကမ်း ဖြစ်သည်။

ကျေးလက်အနုပညာပြခန်းထဲသို့ ခုန်ပေါက်၍ ဝင်သွားသော ကျောင်းသားကလေးများအား ဆရာမက…

"ရှူး…တိုးတိုး၊ မဆူရဘူး" ဟု တားမြစ်သံသဲ့သဲ့ဖြင့် ညည်းသည်။ ကလေးတို့၏ ပထမဦးဆုံး ခံစားချက်မှာ ပူအိုက်လှောင်ပိတ်ခြင်း ဖြစ်သည်။





"ကလေးတို့… ခေါင်းလန်းဆိုတာ ဟောဒါပဲ၊ မြင်ဖူးအောင် ကြည့်ထားကြ"

ထို့နောက် ဆရာမသည် ကျေးလက်သရုပ်ဖော်သီချင်း တစ်ပိုင်းတစ်စ ကို ခပ်တိုးတိုးရေရွတ်ပြ၏။

"လက်ရည်တစ်ပြင်တည်း နီးခေါင်းလန်းတွေနဲ့ ဝိုင်းဖွဲ့ကာ စားကြတယ်တဲ့၊ အဲဒီခေတ်တုန်းက သူငယ်ချင်းတွေ မိသားစုတွေ အားလုံး ဒီခေါင်းလန်းမှာ ထမင်းဟင်းတွေ ပုံထည့်ပြီး ဝိုင်းစားကြတယ်၊ သူ့လက်က နယ်တဲ့ဟင်းရည်က ကိုယ့်ဘက်ကျ၊ ကိုယ့်လက်က နယ်တဲ့…"

အားလုံး ဝိုင်းရယ်ကြလေသည်။ ဘူးသီးခြောက် ရေဘူးများကို ဆရာမက ညွှန်ပြပြီး ရှင်းပြ၏။ ကလေးတို့သည် စိတ်ဝင်စားစွာ နားထောင်ကြသည်။

ကျေးလက်ဒေသနှင့် နယ်မြို့ကလေးများသို့ မရောက်ဖူးသော မြို့တော်သူမြို့တော်သား ကျောင်းသားကလေးများသည် ဤပြခန်းထဲတွင် လက်ဖြင့် ခတ်သော ရက်ကန်းစင်များကို မြင်ကြရသည်။ လှေကြီးများ ရပ်နားရန် အသုံးပြုသောပစ္စည်းအဖြစ် သစ်သားဖြင့် ပြုလုပ်ထားသော ကြီးမားသည့် ကျောက်ဆူးကြီးကို မြင်ကြရသည်။ ကြီးမားသော သစ်သားတစ်ပြားတည်း ထုလုပ်ထားသည့် လှည်းဘီးပြားဝိုင်းကြီးကို မြင်ကြရသည်။ သူတို့ ပို၍ စိတ်ဝင်စားသော အရာမှာ ရှေးခေတ်က အုန်းခြစ်နှင့် သံပရာရည်ညှစ်ကိရိယာ ဖြစ်၏။ အုန်းခြစ်သည် ဝမ်းလျားမှောက်နေဟန် သူငယ်တော်ရုပ် သစ်သားပန်းပု၏ ပါးစပ်မှာ တပ်ဆင်ထားသော သံခြစ်ဖြစ်သည်။ သံပရာရည်ညှစ်ကိရိယာကတော့ တော်တော်လက်ဝင်မည့် ခမ်းနားသော သစ်သား

www.burmeseclassic.com



ကိရိယာကြီးဖြစ်သည်။ ဆင်ဦးခေါင်း ထုလုပ်ထားသည်။ ဆင်၏ ပါးစပ်နေရာမှာ သံပရာသီး ထည့်ပြီး အပေါ်မှ နှိပ်ချပစ်ရမည့်ပုံ ရှိသည်။ အောက်တည့်တည့်မှာ သံပရာရည် ကျစေလိုသည့် ခွက်ကို ခံထားရုံသာဖြစ်၏။ ကလေးများသည် ဤထူးဆန်းသော ကိရိယာကို မြင်သည့်အတွက် အလွန်ဝမ်းမြောက်ကြ၏။ သံပရာသီး ခြမ်းကလေး တစ်ခုကိုပင် အဲသည်အထဲ ယခုချက်ချင်းထည့်ပြီး လက်တွေ့ ညှစ်လိုစိတ် ပေါ်လာကြသည်။ ခုန်ဆွခုန်ဆွနှင့် ဆင်နှာမောင်းကလေးအနီးမှ မခွာနိုင်ဘဲ ဖြစ်နေ၍ ဆရာမကပင် အခြားနေရာများကို ကြည့်ရန် ခေါ်ယူရ၏။

"ပန်းဆယ်မျိုးဆိုတာ ကလေးတို့ သိကြရဲ့လား"

ကလေးတို့သည် စာတွေ့အားဖြင့် ပန်းဆယ်မျိုးကို ကောင်းကောင်း သိကြပါသည်။ ကလေးတို့ စာတွေ့သိထားသော ပန်းဆယ်မျိုးကို ယခုအခါ ဆရာမသည် ပုံစံများဖြင့် လက်တွေ့ပြသရှင်းလင်းနိုင်လေသည်။ ကြေးကိုသွန်းသော ပန်းတဉ်းအတတ်ပညာ၏ ပုံတူနမူနာအဖြစ် ကလေးတို့သည် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို မြင်ကြရသည်။ ပန်းယွန်းအဖြစ် မြင်ဖူးနေကျ ယွန်းပစ္စည်းအသုံးအဆောင်များကို တွေ့ရသည်။ လက်တွေ့မမြင်ဖူးသော ပန်းပဲပစ္စည်းများကို အရိပ်အမြွက် မြင်တွေ့ရသည်။ ပန်းချီနှင့် ပန်းထိမ်ကိုတော့ ကလေးတိုင်း သိလေသည်။ ပန်းရန်သည်ကား ယနေ့ခေတ် မြို့တော်ကြီးတွင် နေရာတကာ ကလေးတို့ မြင်တွေ့နေရသော ကွန်ထရက်လုပ်ငန်း တိုက်တာအဆောက်အအုံ တစ်ပိုင်းတစ်စများတွင် မမြင်ချင်အဆုံး ပေါ်များလှ၏။

နောက်တစ်ထပ် တက်ရသောအခါ ကလေးတို့၏ ခြေလှမ်းသည်





စောစောကလောက် သွက်လက်တက်ကြွမှုမရှိတော့ပေ။ ဓာတ်လှေကား အကြောင်းကို စဉ်းစားစပြုလာကြသည်။ ဓာတ်လှေကားသည်ကား တည်ဆောက်ဆဲဟု သိရသည်။ အထပ်တိုင်းတွင် ဓာတ်လှေကားပေါက်ကို အင်္ဂတေတစ်ပိုင်းတစ်စနှင့် သံချောင်းထောက်တိုင်များ ပါဝင်လျက် မြင်တွေ့နေရပြီ။ သို့သော် မပြီးစီးသေး။ ကိစ္စမရှိပါ။ လှေကားဖြင့် တက်ရခြင်း၊ ဆင်းရခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်စေပါသည်။

တစ်စုံတစ်ယောက်သည် ပြင်သစ်နိုင်ငံရှိ လုဗ်ပြတိုက်အကြောင်းကို စပ်မိစပ်ရာပြောဆိုနေသည်။ သူသည် ပြင်သစ်နိုင်ငံသို့ မကြာသေးမီကမှ သွားရောက်ခဲ့သည်ဟု သူ့စကားများအရ သိနိုင်သည်။

"အီဂျစ်နိုင်ငံက စဖင့်က်စ် ရုပ်တုကြီးတွေ၊ အီဂျစ်ကနေ ဖြိုပြီး လက်ရာမပျက် ရွှေ့လာတဲ့ ရှေးဟောင်းတံတိုင်းတွေ၊ မံမီတွေ"

"ပြင်သစ်က ဝယ်ထားရမှာပေါ့နော်"

"မဟုတ်ဘူး၊ သိမ်းပိုက်လာတာ"

ထိုအခါ ဘေးက အဖော်သည် နှုတ်ဆိတ်သွားပြီး စဉ်းစားဟန်ဖြင့် ခဏတွေသွား၏။ သီဟာသနပလ္လင်ကို အိန္ဒိယပြည်ပြတိုက်မှ တစ်ဆင့် ပြန်ရထားခြင်းဖြစ်သည်။ စစ်ရှုံးသူထံမှ စစ်နိုင်သူက သိမ်းပိုက်ခြင်းသည် အလယ်ခေတ်နှင့် ခေတ်နှောင်းတွင် မထူးခြားသော ထုံးစံဖြစ်သည်မှာ မှန်၏။ သို့သော် အီဂျစ်နိုင်ငံသည် ပြင်သစ်ကို စစ်ရှုံးခဲ့ဖူးလေသလား၊ သူ မမှတ်မိ။ သူသည် ကမ္ဘာ့သမိုင်းကို ပြန်တွေးကြည့်နေသောကြောင့် ဆက်ပြောသောစကား၏ အပိုင်းအစများကို လွှဲသွားသည်။

"ကျောက်ဆစ်ရုပ်ကြီးတွေ၊ ပလတ်စတာ ရွှံ့စေးရုပ်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လူ့အရပ်မက မြင့်တဲ့ ငန်းရုပ်ကြီးတွေဗျ၊ အသား အကြော ဆံပင် ကိုယ်ခန္ဓာတည်ဆောက်ပုံက တကယ့်လူအတိုင်း အသေးစိတ် သရုပ်မှန်ပဲ၊ မိုက်ကယ်အင်ဂျလို၊ ရိုဒင်"

ပန်းချီခန်းမဆောင်ထဲသို့ ဝင်လိုက်သောအခါ ပတ်ဝန်းကျင်အနေအထား နည်းနည်းပြောင်းသွားသဖြင့် နားထောင်သူသည် သတိနည်းနည်းဝင်လာ၏။ သူ့ဆီးမှ ပြင်သစ်ပြန်၏ စကားများကို သူကြားနေရသည်။

"ပန်းချီကား တစ်ချပ် တစ်ချပ်ဟာ ဟောဟိုနံရံကြီး အပြည့်တစ်လောက် ရှိတာ"

ထိုစကားအရောက်တွင် ပတ်ဝန်းကျင်က လူတချို့ သူ့ဘက်သို့ လှည့်ကြည့်ကြ၏။

"ရွှေချည်ထိုး ပန်းချီတွေကို နံရံကြီးမှာ သုံးခု လေးခုထက် ပို ချိတ်လို့ မရဘူး၊ ကြီးလွန်းလို့၊ သမိုင်းသရုပ်ဖော် အသေးစိတ် လက်ရာတွေနော်"

ထိုစကားအဆုံးတွင် ကျောင်းသားကလေးများအုပ်စု သူတို့အနီးသို့ ရောက်လာသည်။

"ဒါဖြင့် မိုနာလီဇာပန်းချီကားကိုရော ခင်ဗျား ကြည့်ခဲ့ရမှာပေါ့နော်၊ ဘယ့်နှယ်နေလဲ…အကြီးကြီးလား"

"ဟော…သေးသေးလေးဗျ၊ ဘာရှိလိမ့်မတုံး၊ ဟောဟို ပန်းချီကားလောက်ပဲ၊ သစ်ထွင်းကနုတ်ဘောင်နဲ့ ကွပ်ထားတယ်၊ ကျုပ်တော့ လှတယ်မထင်ပါဘူးဗျာ၊ ဒီပန်းချီကား ဘာကြောင့် ဒီလောက် ချီးကျူးခံရပါလိမ့်လို့ ကျုပ်အသေအချာ လေ့လာတာပဲဗျ၊ ဘာမှ မခံစားရဘူး"



ထို့နောက် သူတို့သည် ကုန်းဘောင်ခေတ်နှောင်း ပန်းချီကား တစ်ခုရှေ့သို့ ရောက်သွားကြသည်။

"နေဦးဗျ၊ ဟောဒီပန်းချီကားနဲ့ တူတဲ့ ပန်းချီကားတစ်ခု ကျုပ် ဟိုတယ်ကြီးတစ်ခုမှာ တွေ့ဖူးတယ်၊ ဟောဒီပုံလိုပဲ၊ အိမ်ထောင်ဦးစီးဂုဏ်သရေရှိယောကျ်ားဘေးမှာ မိန်းမနှစ်ယောက်နဲ့၊ မိန်းမ တစ်ယောက်က ရင် ဟင်းလင်းဖွင့်ထားတယ်၊ ဒီလိုပဲ ဖွင့်ဖွင့်လင်းလင်းကြီးလေ"

ပန်းချီကား၏ နောက်ခံတွင် (ခပ်ဝေးဝေးမှ) လမ်းတစ်ခု သစ်ပင်စုစု၊ တိုက်အိမ်သုံးလုံးကို မြင်ရသည်။

"ဒါပေမဲ့ ဟောဒီပန်းချီကားကတော့ အစစ်ပါဗျာ၊ ဒီမှာကြည့်…ချွေးပြည့်နေတဲ့ အဝတ်စ အနားလေးတွေ၊ မနည်း ဖြစ်အောင် ကြိုးစား ကပ်ထားရတာ"

ကျောင်းသားကလေးတစ်ယောက်က ဆရာမအား မော့ကြည့်၏။

"ဆရာမ…သူက မိန်းမနှစ်ယောက် ရှိလား"

"အို…မဟုတ်ဘူးကွဲ့၊ ဟောဒီဘက်က လုံလုံခြုံခြုံနဲ့ ခံ့ခံ့ ထည်ထည်က ဇနီး၊ ဟောဒီဘက်က မိန်းမကတော့ ကလေး နို့တိုက်ဖို့ ငှားထားတဲ့ မိန်းမ နို့ထိန်းပေါ့ကွယ်"

ပန်းချီခန်းတွင် ပန်းချီကားများကို အသေးစိတ်လေ့လာနေသော နိုင်ငံခြားဧည့်သည်အုပ်စုတစ်စု ရှိနေသည်။ သူတို့သည် ပြတိုက်ကို ပြောင်းပြန်အနေအထားဖြင့် လှည့်ပတ်ကြ၏။ ပထမဆုံး သူတို့သည် မြေညီထပ်ကို မကြည့်ဘဲ အထက်ဆုံး စတုတ္ထထပ်ထိ တက်လာခဲ့ကြသည်။ စတုတ္ထထပ်တွင် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် ရှေး ဆင်းတုတော်များ ပြခန်းကို ကြည့်ပြီးနောက် ယခုအခါ အောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်ဖြစ်သော တတိယထပ်သို့ ရောက်လာခြင်းဖြစ်သည်။ သူတို့သည် ပြောင်းပြန်ကြည့်လျှင် လူအများနှင့် ဆန့်ကျင်ဘက် ဖြစ်သဖြင့် လူရှင်းလင်းမည်ဟု ယူဆကြလေသည်။

တိုင်းရင်းသားဝတ်စုံများပြခန်းတွင် တိုင်းရင်းသားလူမျိုးစု အားလုံး၏ အရုပ်အမောင်း ကိုယ်ဟန်နှင့် မျက်နှာကျပုံများ တစ်ထပ်တည်းတူနေသဖြင့် သူတို့ အံ့သြခဲ့ကြပြီးပြီ။ ရှင်းလင်းပြသူ ဧည့်လမ်းညွှန်က ဤပလတ်စတာရုပ်တုများသည် တိုင်းရင်းသားတို့၏ မျက်နှာသွင်ပြင်ကို ကိုယ်စားပြုခြင်းမဟုတ်ကြောင်း၊ ဝတ်စုံများသည်သာ တိုင်းရင်းသား ဝတ်စားဆင်ယင်မှု ရိုးရာကို ကိုယ်စားပြုကြောင်း ပြောပြရသည်။

ပဒေါင်လူမျိုးများသည် အဘယ်ကြောင့် လည်ပင်းတွင် သတ္တုကွင်းများ ပတ်ရပါသလဲဟု နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားကြ၏။ ဧည့်လမ်းညွှန်သည် သင့်တော်သော သဘာဝကျသော အဖြေတစ်ခုကို ချက်ချင်းပေးခဲ့သည်။

"အမျိုးသမီးတွေဟာ တောထဲကို ဟင်းစားရှာဖို့၊ ထင်းခုတ်ဖို့၊ ယာခုတ်ဖို့ သွားကြရတယ်၊ ဒီတောနက်ထဲမှာ ကျားတွေ အလွန်ပေါများတယ်၊ ကျားရဲ့သတ်ဖြတ်ဆွဲကိုက်မှုကို ရုတ်တရက် မခံရအောင် ကာကွယ်တဲ့သဘောမျိုးနဲ့ စတင်ဝတ်ဆင်ခဲ့တာဖြစ်ပါတယ်၊ နောက်တော့ ဒါကို အဆင်တန်ဆာတစ်ခုအနေနဲ့ ဝတ်ဆင်တဲ့ ရိုးရာဖြစ်သွားတာပါပဲ"

ပြတိုက်သည် ညနေ ၃ နာရီ ၃၀ မိနစ်တွင် ပိတ်ပါသည်။ ပိတ်ချိန် နီးလာသည့်အခါ လူများ ခပ်သွက်သွက် ခပ်လောလောဖြစ်လာသည်။ တချို့ပစ္စည်းများကို သူတို့ ခပ်ရှုန်းရှုန်းကြည့်ကြ၏။





ပြင်သစ်ပြည်က လူဗ်ပြတိုက်ဆိုသည်က နဝမမြောက် လူဝီဘုရင် လက်ထက်ကတည်းက ၁၂၂၆ ခုနှစ်မှာကတည်းက နန်းစံခဲ့သော နန်းတော်ကြီးဖြစ်သည်။ ယခုထက်တိုင် မပျက်မယွင်း တည်ရှိနေသော နန်းတော်ဟောင်းကြီးကို ပြတိုက်အဖြစ် အသွင်ပြောင်းထားခြင်း ဖြစ်သည်။ အလယ်ခေတ်ယဉ်ကျေးမှုအရ အန္တရာယ်ကို ကာကွယ်ရန် ခိုင်ခံ့အောင်၊ လုံခြုံအောင် ဆောက်ခဲ့သော နန်းတော်ကြီးဖြစ်သည်။ မည်မျှကြီးကျယ်ခမ်းနားလိုက်မည်ကို စိတ်ကူးဖြင့် မှန်းဆကြည့်နိုင်ပါသည်။

မည်သို့ဆိုစေ ဤပြတိုက်သည် လူမျိုးနှင့် ယဉ်ကျေးမှုကို ကိုယ်စားပြုရန် အတတ်နိုင်ဆုံး ဖန်တီးထားသောနေရာဖြစ်သည်။ တောင်ငူခေတ်၊ ဟံသာဝတီခေတ်တို့မှ နန်းတော်တိုင် သို့မဟုတ် မုခ်ဦးတိုင်ဟောင်းများကို အပိုင်းအစအဖြစ် ပြသထားသည်ကို မြင်တွေ့ခြင်းဖြင့်သာ ကျေနပ်ရသည်။ နန်းတော် အကောင်အထည်လိုက် မပျက်ကြွင်းကျန်ရစ်မည်ဆိုလျှင် မည်မျှကောင်းလိုက်လေမလဲ။ အဟောင်းကို ထိန်းသိမ်းခြင်းအတတ်ပညာနှင့် အနုပညာကို လူတိုင်း နားလည်စေရန် ပြတိုက်တစ်ခုက စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ပြတိုက်သို့ နေ့စဉ်လာရောက်ကြည့်ရှုသော ပြည်သူများသည် ဤပြတိုက်မှ ပြတိုက်အတတ်ပညာကို မရကြသည့်တိုင် အဟောင်းကိုတန်ဖိုးထားခြင်းဖြင့် အသစ်ကို တိုးတက်စေခြင်းဟူသော ပညာရပ်ကိုတော့ နားလည်ကောင်း နားလည်ပေလိမ့်မည်။

ဒရောသောပါး ပြေးဆင်းနေကြသော ကျောင်းသားကလေးများ

www.burmeseclassic.com

www.burmeseclassic.com



အား ဆရာမက လိုက်ပါထိန်းသိမ်းရင်း ဆွေးနွေးမေးမြန်းဖို့ကြိုး[illegible]သည်။

"ရေဆာတယ် ဆရာမ၊ ရေဘယ်သွားသောက်ရမှာလဲဟင်"

ဆရာမ ပို၍မိတ်ညစ်သွားသည်။ ရေဘူး သယ်ခဲ့ဖို့ ဆရာမ [illegible]လာသည်။ နောက်တစ်ခါ လာရလျှင်တော့ ရေဘူးသယ်နိုင်းရမည်ဟု ဆရာမ မှတ်ထားလိုက်၏။

ကလေး အား လုံး ကျောင်း ကား ရှိရာသို့ အပြေး သွား ကြ၏။ ကလေးကို့၏ခြေလှမ်း သွက်လှသည်။ အချို့ ဧည့်သည်များသည် ခြေလှမ်း နှေးကွေးကြ၏။ တချို့က လှမ်းမှန်းမသိ လှမ်းကြသည်။ စနီးမောင်နံ့စုံတွဲကလေးသည် တိုင်းဆဆင်ခြင်သော မျက်နှာ အမူအရာဖြင့် စပ်ပြုံးပြုံးပြန်ထွက်လာသည်။ ကလေး ရေဆာသဖြင့် အပြင်ထွက်ရသော စနီးသည်,သည် သူ့ခင်ပွန်းကို အခဲမကျေသော မျက်နှာနှင့် ကြုံဆို၏။ ခင်ပွန်းသည် သမီးငယ်ကို ကောက်ယူပွေ့ချီလိုက်သည်။ ကျေးလက် တောသူတောင်သားများသည် အံ့ဩသော မျက်နှာများ မပြေပျောက်သေးဘဲ လက်ဟန်ခြေဟန်ဖြင့် အားရပါးရ စကားပြော၍ ပြန်လာကြသည်။ နိုင်ငံခြားသား ဧည့်သည်အုပ်စုများ သူတို့ကို စောင့်နေသည့် သစ်လွင်တောက်ပသော ကားများပေါ်သို့ အသီးသီး တက်ကြချိန်တွင် တချို့ဒေသခံ ဧည့်သည်များသည် ပြတိုက် အပြင်သို့ ခြေကျင်လျှောက်သွားနေကြသည်။ ဘတ်စ်ကား မှတ်တိုင်သည် သိပ်မဝေးလှပါ။ သူတို့၏ခြေလှမ်းများကို သူတို့ ရေတွက်ခြင်းဖြင့် ညောင်းညာမှုကို မေ့ပျောက်ထားနိုင်ပါလိမ့်မည်။

ယခုအချိန်မှစ၍ သူတို့သူတို့ ဧည့်သည်များထဲမှ အချို့သူတို့တွင်



တွေးခေါ်စရာတွေ ရကုန်လိမ့်မည်။ အချို့သူတို့တွင် အတွေးအခေါ်များ ပြောင်းလဲကုန်လိမ့်မည်။ အချို့ အားရကျေနပ်လိမ့်မည်။ အချို့ အားမလို အားမရဖြစ်ကြမည်။ အချို့ မျိုးချစ်စိတ်ဓာတ် အပြည့်အဝ ရသွားကြလိမ့်မည်။ ဧည့်သည်၏ မူလအနေအထားနှင့် လက်ခံနိုင်စွမ်းရည်ပေါ်မှာ မူတည်ပေလိမ့်မည်။

သေချာသည်ကတော့ ပြတိုက်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ ဖြစ်သည်။

[ကလျာမဂ္ဂဇင်း၊ အမှတ် ၁၄၄၊ ၁၉၉၇ ဖေဖော်ဝါရီ]

၀

www.burmeseclassic.com

www.burmeseclassic.com

## အရောင်များနှင့်ကစားခြင်း

အရောင်များဖြင့် အသက်ရှင်နေထိုင်တတ်သူ ဖြစ်လာချိန်မှစ၍ ကျွန်မသည် အရောင်များရှိရာသို့ ရွေးချယ်၍သာ ခြေလှမ်းလှမ်းခဲ့ပါသည်။

အရောင်များဆီသို့ သွားရာလမ်းတွင် အဖော်တစ်ယောက်လောက် လိုချင်သည်။ အရောင်တွေက ပြောသည့် စကားကို နားထောင်တတ်သူ ဖြစ်ရမည်။ အရောင်တွေ၏ တန်ဖိုးကိုနားလည်တတ်သူ ဖြစ်ရမည်။ ကျွန်မ သိပ်လောဘကြီးသွားပြန်ပြီလား။

ကျွန်မသည် ငယ်ငယ်တုန်းက လမင်းကြီးထံမှာ ရွှေလင်ပန်းနှင့် ထည့်ပေးမည့် ထမင်းဆီဆမ်းကို ခဏခဏတောင်းခဲ့ဖူးသည်။ တောင်းခံရသည့် မျှော်လင့်ချက်ဖြင့် ပျော်ရွှင်ကျေနပ်နေခဲ့ဖူးသည်။ ယခုအခါ ကျွန်မသည် လောကကြီးထံမှ အဖော်တစ်ယောက် တောင်းဖို့ပင် တွန့်ဆုတ်တွေဝေနေရပြီ။ ဘာကြောင့်လဲဆိုတော့ လောကသည် ကျွန်မ၏ ဆန္ဒကို အသိအမှတ်ပြုရာတွင် အမြဲတမ်း လွဲမှားစွာ နားလည်တတ်သောကြောင့် ဖြစ်သည်။ ကျွန်မအလိုရှိ၍ တောင်းခံ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း သူက ပေးအပ်တာတော့ မှန်ပါရဲ့။ သို့သော် အများအားဖြင့် ကျွန်မတောင်းသည့်အရာက တခြား၊ သူပေးသည့်အရာက တခြား ဖြစ်သည်။ ယခုအခါ ကျွန်မ မလိုချင်ဘဲ လက်ခံနေရသည့် မှားယွင်းသည့် လက်ဆောင်များစွာအတွက် လောကကို ကျေးဇူးတင်နေရတာ ဘယ်လောက်ရယ်စရာကောင်းလိုက်ပါသလဲ။ အချို့အမှားများကို သိမ်းဆည်းကာ ဖမ့်ပျောက်ထား၍ ရနိုင်သော်လည်း အချို့ အမှားများကို သိမ်းဆည်းဖို့ ဘယ်လိုမှမဖြစ်နိုင်ပါ။

အမှားတွေကို လက်ခံထားရသော လူသားတစ်ယောက်အတွက် အနီးစပ်ဆုံးသော အာရုံလွှဲပြောင်းနည်းမှာ အရောင်များကို ခံစားခြင်းပင် ဖြစ်သည်။ အရောင်များသည် သဘာဝအား ဆန်းကြယ်စွာ အလှဆင်ပေးတတ်သလို လူတို့၏ စိတ်ဝိညာဉ်အား ကြင်နာစွာ ဆေးကြောပေးတတ်ပါသည်။

ကျွန်မတို့၏စိတ်ကို ကလေးငယ်တစ်ယောက်လို ဖြူစင်သန့်ရှင်းစေဖို့အတွက် အဖြူရောင်ကို လိုအပ်သည်။ အဖြူရောင်များစွာရှိသည့်အနက် ကျွန်မ အနှစ်သက်ဆုံးမှာ တိမ်၏ အဖြူရောင်ပင်ဖြစ်သည်။ ဖြူဖွေးသော တိမ်ငွေ့တိမ်တန်းများသည် ကျွန်မအား သူတို့နှင့်အတူ မကြာခဏခေါ်သွားဖူးသည်။ ကျွန်မကလည်း တိမ်ငွေ့များနောက်သို့ လိုက်ပါဖို့ဆိုလျှင် မည်သည့်အခါမှ တွန့်ဆုတ်နေးကွေးခြင်း မရှိ။ သူတို့နှင့်အတူ ကောင်းကင်မှာ လိုက်ပါရွေ့လျားသည့်အခါ သူတို့၏ အဖြူရောင်သည် ကျွန်မထံကူးစက်ကာ ကျွန်မချက်ချင်း ကလေးတစ်ယောက် ဖြစ်သွားလေ့ရှိသည်။ ကလေးတစ်ယောက်၏ အမြင်အာရုံဖြင့် လောကကို ငုံ့ကြည့်ရတာ ဘယ်လောက် ကြည်နူးစရာကောင်းလိုက်ပါသလဲ။ စောင်းရွဲ့နေသော လောကသည် ကလေး၏





အမြင်အာရုံတွင် စနစ်ကျကျ တည့်မတ်နေလေသည်။ လိမ်ကောက်နေသော လမ်းများသည် ကလေး၏မျက်လုံးထဲတွင် ဖြောင့်စင်းနေလေသည်။ တိမ်များပေါ်က ကြည့်သောအခါ တောင်တန်းသည် ပို၍ မြင့်မားပြီး တောအုပ်သည် ပို၍စိမ်းမှောင်ထူထပ်ကာ ပင်လယ်သည် ပို၍ပြာလွင်နက်ရှိုင်းနေသည်။ ဘေးမှာ အဖော်အဖြစ် တိမ်စိုင် တိမ်လိပ်များ၊ တိမ်ငွေ့တိမ်တန်းများ၊ တိမ်မျှင်အစအနကလေးများ လိုက်ပါရွေ့လျားနေသောအခါ ဘဝသည် ကြည်နူးဖွယ်ရာ ရင်ခုန်ဖွယ်ရာပင် ဖြစ်၏။အနီးအနား မြင်မြင်သမျှသည် အဖြူရောင်ချည်း ဖြစ်၏။ အဖြူရောင်ကို ကျွန်မ ချစ်သည်။

ထို့ကြောင့် အိပ်ရာခင်းအဖြူရောင်သည် လူတစ်ယောက်အတွက် လိုအပ်သောအရောင်ဖြစ်သည်။ အဖြူရောင်အင်္ကျီ၊ အဖြူရောင် ဖာပဝါ၊ အဖြူရောင်ပန်းပွင့်၊ အဖြူရောင်တိုက်အိမ်၊ အဖြူရောင် မျက်နှာကြက်၊ အဖြူရောင် နှင်းကန့်လန့်ကာ။ နောက်ထပ် လှပသောအဖြူရောင်ကလေးတစ်ခုကြောင်း ပြောပြချင်ပါသေးသည်။

အဲသည်တုန်းက နံနက်ခင်းသည် နှင်းငွေ့ဖြင့် မှုန်မှိုင်းလန်းဆန်းလျက်ရှိသည်။ အဲသည်တုန်းက ကျွန်မသည် အပြာရောင် မိုးကောင်းကင် အောက်မှာ စက်ဘီးစီးနေခဲ့သည်။ ကျွန်မ၏ဘီးများ အောက်တွင် ပြောင်လက်စွာ နက်မှောင်သော ကတ္တရာလမ်းသွယ်ကလေးတစ်ခု၊ ကျွန်မ၏ နံဘေးတွင် နှင်းဖြင့် စိုစွတ်သော စိမ်းမြသော မြက်ခင်းလေးတစ်ခု၊ ကျွန်မ၏ ဦးခေါင်းအထက်မှာတော့ အဖြူရောင် တိမ်ငွေ့တန်းတစ်ခု ညင်သာစွာ ဖြတ်သန်းသွားခဲ့သည်။ ထိုအချိန်မှာပင် တိမ်ငွေ့တန်းလို ဖြူဖွေးပါးလျားသော အရောင်တစ်ခုကို ကျွန်မ အမှတ်မထင် မြင်လိုက်ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ လက်ယာဘက်က ခြံဝိုင်းကျယ်ကြီးထဲမှာ အဖြူရောင် အရာတစ်ခု လှုပ်ရှားနေခဲ့လေသည်။ လှုပ်ရှားမှုက လှပလွန်းသဖြင့် ကျွန်မ စက်ဘီးခဏရပ်ကာ လှမ်းကြည့်မိ၏။ အဖြူရောင်သည် မြေညီထားသော ကွင်းပြင်ကလေးတစ်ခုတွင် ပြေးလွှားခုန်ပေါက်လျက် ရှိသည်။ သိုးမွေးလက်ရှည် အဖြူဆွတ်ဆွတ်၊ အားကစားဘောင်းဘီရှည် အဖြူဆွတ်ဆွတ်၊ သူ့တစ်ကိုယ်လုံး အဖြူရောင်။ ထို အဖြူရောင်သည် လက်ထဲက ဘောလုံးကို မြေပေါ်မှာထောက်ကာ ထောက်ကာ ပုတ်ယူလျက် ခဏကြာတော့ တစ်ကိုယ်လုံး မြောက်ကြွသွားအောင် တစ်ချက်ခုန်လိုက်သည်။ သူ့လက်ထဲမှ ဘောလုံးသည် လှပစွာ မြောက်တက်သွားပြီး ဘတ်စကက်ဘောတိုင်၏ ပိုက်ခြင်းထဲသို့ ဖျတ်ခနဲ ဝင်သွားသည်။

ဖြောင့်စင်းသောကိုယ်လုံးဖြင့် သွက်လက်လျင်မြန်သော အဖြူရောင်ကလေးသည် ဘောလုံးကို ခုန်ဖမ်းလိုက်ပြီး သည်ဘက်သို့ လှည့်လိုက်၏။ ခြံစည်းရိုးသံဆန်ခါကွက်ကလေးများ၏ တစ်ဖက်မှာ စက်ဘီးတစ်စီး ရပ်ထားပြီး မိန်းမတစ်ယောက် ရပ်ကြည့်နေသည်ကို သူမြင်သောအခါ သူ့လက်ထဲက ဘောလုံးကို မြေပေါ်သို့ အရှိန်ပြင်းစွာ ပုတ်ချလိုက်သည်။

သူ့ဘောလုံးသည် နီဝါဝါအရောင်။ ကျွန်မစက်ဘီးလက်ကိုင်ရာဘာစွပ်၏ အရောင်နှင့် ဆင်တူသည်။ ထိုအရောင်သည် ဆိတ်ဖလူးပန်းပွင့်၏ အတွင်းဘက်ဝတ်မှုန်တံအရောင်နှင့် ဆင်တူသည်။ လိပ်ပြာကလေးတချို့တွင် ထိုအရောင်ဖြင့် လှပသောအတောင်ပံများ ရှိသည်။ ကျွန်မဖတ်သော စာအုပ်အချို့၏ မျက်နှာဖုံးအရောင်မှာ ထိုအရောင် တော်တော်များများ ပါဝင်၏။ မကြာသေးမီက ကျွန်မ





ရေးဆွဲသော ပန်းချီကား၏ တိမ်တောက်ချိန် ကောင်းကင်နောက်ခံတွင် ထိုအရောင်တစ်ခု ပါဝင်ခဲ့သည်။ ထိုအရောင်သည် လူတို့၏ စိတ်ကို လှုပ်ရှားတက်ကြွစေသည်။ ကျွန်မသည် ပခုံးဖြင့် လွယ်သော လက်ကိုင်အိတ်ကို လွယ်လျှင် ထိုနီဝါဝါအရောင်နှင့် ဆင်ဆင်တူသော သားရေအရောင်ကို ရွေးချယ်လေ့ရှိပါသည်။

သူသည် ဘောလုံးကို မြေနှင့်ထောက်ကာ လှည့်ပတ်ကစားနေပြီးမှ နောက်တစ်ကြိမ် မြောက်ခနဲခုန်၍ ခြင်းထဲသို့ ပစ်သွင်းလိုက်ပြန်သည်။ သည်တစ်ကြိမ်တွင် ဘောလုံးသည် ပိုက်ခြင်းထဲ ကျမသွားဘဲ ဆားကကွင်း၏ နှုတ်ခမ်းနှင့်ထိကာ အောက်သို့ပြန်ကျလာသည်။ ကျွန်မသဘောကျစွာ လှစ်ခနဲပြုံးမိ၏။ ထိုအချိန်မှာပင် သူက ဘောလုံးကို ဆီးမဖမ်းဘဲ ကျွန်မရှိရာသို့ လှည့်အကြည့်နှင့် ဆုံသွားသည်။ ကျွန်မ၏ အပြုံးကို သူ ချက်ချင်းမတုံ့ပြန်ပါ။ ဒေါသကို ပြန်မျိုချပစ်နေရသောကြောင့် ဖြစ်မည်။ ခဏကြာအောင် အကြည့်ဆုံနေပြီးမှ သူ ဖျတ်ခနဲပြုံးကာ မျက်နှာလွှဲသည်။ ထိုအပြုံးမှာ ကျွန်မကိုပြုံးသည့်အပြုံး မဟုတ်ပါ။ သူ့ကိုယ်သူ ရယ်ချင်သောကြောင့် ပြုံးလိုက်ရသည့်အပြုံး ဖြစ်ပါသည်။ သို့သော် ထိုအပြုံးကြောင့်ပင် သူ့မျက်နှာဆီမှ တောက်ပသော အလင်းတန်းတစ်ခုကို ကျွန်မခံစားရယူလိုက်ရသည်။

နေ၏အရောင်သည် အဖြူရောင်ရှိသလား၊ အဝါရောင်ရှိသလား၊ သို့မဟုတ် အနီရောင် ရှိသလား။ တကယ်တော့ နေ၏အရောင်သည် အဖြူရောင်လည်း မဟုတ်၊ အဝါရောင်လည်း မဟုတ်၊ အနီရောင်လည်း မဟုတ်၊ တောက်ပမှုတစ်ခုသာ ဖြစ်သည်။ တစ်ခါတစ်ခါ ရွှေထွေးသည့် တောက်ပမှု၊ တစ်ခါ တစ်ခါ အနည်းငယ် ပုရွေသည့်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပမှု၊ တစ်ခါတစ်ခါ ပူပြင်းစူးရှသည့် တောက်ပမှု။ သူ့အပြုံးသည် နေ၏တောက်ပမှုသုံးမျိုး ရောနှောစွာ ခံစားစေသည့်အပြုံး ဖြစ်သည်။

လ၏ အရောင်သည် အဖြူရောင်လား၊ အဝါရောင်လား၊ သို့မဟုတ် အပြာရောင်လား၊ ခရမ်းရောင်လား၊ တကယ်တော့ လ၏အရောင်သည် အဖြူရောင်လည်း မဟုတ်၊ အဝါရောင်လည်း မဟုတ်၊ အပြာရောင်လည်း မဟုတ်၊ ခရမ်းရောင်လည်း မဟုတ်ပါ။ လ၏အရောင်သည် လင်းလက်သောတောက်ပမှုတစ်ခုသာ ဖြစ်သည်။ အမြဲတစေ အေးမြသည့် တောက်ပမှုတစ်ခုဖြစ်သည်။ သူ့အပြုံးသည် လ၏ အေးမြသည့် တောက်ပမှုကို ကျေနပ်စွာ ခံစားစေရသည့်အပြုံးမျိုးလည်း ဖြစ်သည်။

နေ၏အရောင်နှင့် လ၏အရောင်ကို တစ်ပြိုင်တည်း ခံစားလိုက်ရသောအခါ ကျွန်မ၏ရင်ထဲမှာ ပြည့်စုံသော စိတ်ကျေနပ်မှုတစ်ခုကို ရလိုက်သည်။ ထို့ကြောင့် ကျွန်မသည် စက်ဘီးကို တွန်းယူ၍ သူ့ခြံရှေ့မှ ဆက်လက်ထွက်ခွာရန် ဟန်ပြင်မိသည်။

သူ့ခြံစည်းရိုးတွင် တွယ်ကပ်၍ဆင်းနေသော နွယ်ပင်များသည် အစိမ်းရောင် ဖြစ်၏။ အလွန်စိမ်းသော အစိမ်းရောင် ဖြစ်၏။ လူတစ်ယောက်မှာ အစိမ်းရောင်မြင်ကွင်းတစ်ခု အမှန်တကယ် လိုအပ်ပါသည်။ မျက်လုံး၏ ကျန်းမာရေး၊ ဦးနှောက်၏ ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ ထိုအရာများကို အစိမ်းရောင်မှတစ်ဆင့် ကျွန်မတို့ ရရှိနိုင်သည်။ အစိမ်းရောင်သစ်ပင်များ၊ အစိမ်းရောင်သစ်တောဖုံးလွှမ်းသည့် တောင်တန်းစိမ်းစိမ်းများ၊ အစိမ်းရောင်မြက်ခင်းလွင်ပြင်များ။ ထိုအစိမ်းရောင်များသည် ကျွန်မကို အမြဲဆွဲဆောင်ခဲ့သည်။





သို့သော် ကျွန်မတိုက်ခန်းအတွင်းနံရံ၏ မူလအရောင်မှာ စိမ်းပြာနုရောင် ဖြစ်ခဲ့၏။ ကျွန်မ ပိုင်ဆိုင်သွားသောအခါ ထိုအရောင်ကို ဖျက်ပစ်လိုက်ပြီး ကြက်ဥနှစ်ရောင်အသွေး စပ်ထားသော နို့နှစ်ရောင် ဖျော့ဖျော့ဖြစ်သွားအောင် ဆေးသုတ်ပစ်လိုက်သည်။ ယခု ကျွန်မ၏အခန်းနံရံသည် စိမ်းပြာနုရောင် မဟုတ်တော့ပါ။ ဝါဖျော့ဖျော့ နို့နှစ်ရောင် ဖြစ်သည်။ ထိုအရောင်သည် နံရံတစ်ခုအတွက် သင့်တော်သောအရောင် ဖြစ်သည်။ အခန်းကို သန့်ရှင်းစေသည်။ အာရုံကို ကြည်လင်စေသည်။ လုံလောက်သော အလင်းကို ရရှိစေသည်။ နံရံတွင် ပန်းချီကားများ ချိတ်ဆွဲရန် အဆင်ပြေသည်။

သို့သော် ကျွန်မ စက်ဘီးထိုင်ခုံ၏ အရောင်မှာ စိမ်းပြာနုရောင် ဖြစ်၏။ ထိုထိုင်ခုံကို ကျွန်မကိုယ်တိုင် ရွေးချယ်ထားခြင်းဖြစ်သည်။ ယခုအခါ ကျွန်မရွေးချယ်ထားသော ထိုင်ခုံ၏ စိမ်းပြာနုရောင်နှင့် ဆင်တူသောအရောင်တစ်ခုကို ထပ်တွေ့နေရပြီ။ ချာတိတ်၏ ဖိနပ်တွင် အနက်ရောင်နှင့်အတူ ထိုစိမ်းပြာနုရောင် အစင်းနှစ်စင်းကို မြင်တွေ့လိုက်ရပါသည်။

ထိုစိမ်းပြာနုရောင်ကလေးထံမှ မျက်နှာလွှဲပြီး စက်ဘီးနင်း၍ ထွက်ခွာလာချိန်တွင် ကျွန်မသည် စိတ်မှတ်မဲ့ လေတစ်ချက်ပင် ချွန်လိုက်မိသေး၏။ ကျွန်မအတွက် ခံစားနိုင်ဖို့ သီးသန့်အရောင်ကလေး တစ်ခု ရလိုက်ပြီ။ ကျွန်မပျော်ရွှင်သွားပါသည်။ နောက်သို့ တစ်ချက်ပြန်လှည့်ကြည့်သောအခါ နွယ်ပင်စိမ်းစိမ်းများ လွှတ်သော ခြံစည်းရိုးသံဆန်ခါကွက်များသို့ ရောက်မှ သူ့ကို လှမ်းမြင်ရသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘောလုံးနှင့်သူ အလုပ်ပြန်ရှုပ်နေပြီဖြစ်သည်။ သူ့အာရုံက ကျွန်မထံမှာ မရှိသောကြောင့် ကျွန်မဘာယ်လိုမှ မခံစားရပါ။ ကျွန်မသည် သူ့အတွက် သူ့ဘောလုံးလောက် စိတ်ဝင်စားစရာမကောင်းနိုင်ပါ။ သူ့ဘောလုံးလေ့ကျင့်မှုလောက် အရေးမကြီးနိုင်ပါ။

ကျွန်မမှာ အရောင်တစ်ခု ရှိနေသည်ဆိုလျှင် ထိုအရောင်သည် ယခုအခါ မှေးမှိန်သွားလောက်ပြီဖြစ်သည်။ မှေးမှိန်သော အရောင်တစ်ခုသည် လူငယ်ကလေးတစ်ယောက်၏ စိတ်အာရုံထဲသို့ ဘယ်တော့မှ ရောက်မလာနိုင်ပါ။ အလွန်သေချာပါသည်။ သို့သော် သူကတော့ ချစ်စဖွယ်တောက်ပသော အရောင်တစ်ခုဖြစ်သဖြင့် ကျွန်မ၏ စိတ်အာရုံထဲကိုတော့ သူ ဝင်ဝင်လာတတ်ပါသည်။ ထို့ကြောင့်လည်း နံနက်တိုင်း ကန်တော်ကြီးတစ်ပတ် စက်ဘီးစီးပြီး အပြန်တွင် သူတို့ခြံရှိရာ လမ်းသွယ်ကလေးမှ ကျွန်မ အမြဲပြန်ပါသည်။

နံနက်တိုင်းလိုလိုပင် ကျွန်မ၏ အဖြူရောင်ကလေးကို ကျွန်မ မြင်တွေ့ရပါသည်။

သူ့ဆံပင်တွေက အညိုနုရောင်၊ ကျွန်မ၏ပန်းချီစုတ်တံများ၏ လက်ကိုင်အရောင်အတိုင်း ဖြစ်သည်။ ထိုအညိုနုရောင်သည် သူ့ဆီမှာကျတော့ ပို၍ပင် လှပလေသည်။ ဘောလုံးကို မြေမှာထောက်ကာ ထောက်ကာ ပုတ်၍ပြေးလွှားနေသည့်အခါ သူ့ဆံပင်များသည် နဖူးပေါ်မှာ ဝဲကျနေတတ်၏။ ဘောလုံးကို ဟိုးအထက်က ပိုက်ခြင်းထဲသို့ ဝင်အောင် ခုန်မြှောက်၍ ပစ်သွင်းလိုက်သည့်အခါ ပျော့ပျောင်းသော ဆံပင်များသည် ဝေ့ခနဲဖွာလျက် လွင့်သွားတတ်၏။ သူ မြေပေါ် ပြန်ခြေထောက်၍ ရပ်သောအခါကျမှ ဆံပင်ပျော့များက ပြန်၍ စင်းကျသွားတတ်သည်။ တကယ်တော့ ထိုလှုပ်ရှားမှုသည် ခဏ





ကလေးသာဖြစ်သည်။ တစ်စက္ကန့် နှစ်စက္ကန့်မျှသော အချိန်ကလေးသည် ကျွန်မမျက်လုံး၏ ပုံရိပ်ဖော်ကိရိယာကြောင့် ကျေနပ်လောက်အောင် ကြာမြင့်စွာ မြင်နေရသော အနှေးရိုက်ပြသည့် ရုပ်ရှင်ပြကွက်တစ်ခုပမာ စွဲထင်ကျန်ရစ်ခဲ့ရပါသည်။

သူ့ခြံရှေ့သို့ ရောက်လျှင် ကျွန်မသည် စက်ဘီးကို ဘီးလိမ့်ရုံသာ ထိန်း၍ နင်းတော့သည်။ နှေးကွေးစွာ ရွေ့လျားနေသော စက်ဘီးပေါ်မှ သူ ရှိမရှိအကဲခတ်ကြည့်ရသည်။ ဘတ်စကက်ဘော ကစားကွင်းကလေး၌ သူ မရှိလျှင် ထိုနံနက်ခင်းသည် တစ်ခုခု လျော့ပါနေတတ်၏။ ကစားကွင်းကလေး၌ သူ့ကို ရိပ်ခနဲမြင်ရလျှင် ကျွန်မနှလုံးအိမ်မှာ ကျေနပ်မှုဖြင့် သိမ်မွေ့စွာ လှုပ်ရှားလေသည်။ ကျွန်မလာနေမှန်း သူသိအောင် စက်ဘီးဘဲလ်ကို တစ်ချက်သာသာလေး ဖိဆွဲလိုက်သည်။ ထိုအခါ သူသည် လမ်းဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လေသည်။ ကျွန်မက သူ့ကို စူးစိုက်ကြည့်ပြလျှင် သူက တစ်ချက်ပြုံးလိုက်ပြီး ဆံပင်များ ဝေ့ခနဲ ဖွာသွားအောင်ပင် ခုန်လိုက်၏။ သူ့လက်ထဲမှာ ဘောလုံးရှိနေလျှင် ဘောလုံးကို ခြင်းထဲသို့ ရောက်အောင် ပစ်ထည့်တတ်ပြီး သူ့လက်ထဲမှာ ဘောလုံးရှိမနေလျှင်တော့ ခုန်ရင်း ညာလက်ကို တန်းတန်းမြှောက်လိုက်ပြီး ခြင်း၏ ကွင်းဝနှုတ်ခမ်းသို့ လက်ဖျားကလေးများဖြင့် ထိလိုက်လေသည်။

ပြုံးနေသော သူ့မျက်နှာအရ ဤအပြုအမူသည် လိုချင်တာ ရသွားသည့် ကလေးတစ်ယောက်၏ ကျေနပ်ပျော်ရွှင်မှုကို ဖော်ပြသည့် အပြုအမူ ဖြစ်နိုင်သည်ဟု ကျွန်မတွေးမိ၏။ သို့သော် ဤသို့ မဟုတ်ဘဲ ငါတော်တယ်၊ ငါ လုပ်နိုင်တယ် ဟူသော ကလေးတစ်ယောက်၏ ဂုဏ်ဖော်ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ထိုနှစ်မျိုးလုံးသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ခြံရှေ့သို့ ရောက်လာနေသည်ကို သူ အသိအမှတ်ပြု ဂရုထားသော အပြုအမူသာဖြစ်သောကြောင့် ဘာပဲဖြစ်ဖြစ် သူ အဲသည်လို ခုန်လိုက်သည့်အဖြစ်ကလေးကို ကျွန်မကျေနပ်သည်။ သူ အဲသည်လို ပေါ့ပါးစွာ လျင်မြန်စွာ ခုန်လိုက်သည့်အချိန်တိုင်း ကျွန်မ ကြည်နူးနှစ်သိမ့်စွာ ပြုံးမိပါသည်။

သူ့နှုတ်ခမ်းကလေးက ပန်းနုသွေးရောင်၊ အပေါ်နှုတ်ခမ်း နည်းနည်း ပါးပြီး နှုတ်ခမ်းအထက် အလယ်ဗဟိုတွင် အချိုင့်ရာကလေး ထင်ရှား၏။ အောက်နှုတ်ခမ်းက ပို၍ထူသယောင်ရှိသည်။ အရေပြား ပါးလျားသော သူ့နှုတ်ခမ်းသည် ပြည့်တင်းကာ စိုလက်နေတတ်၏။ ထိုနှုတ်ခမ်းကလေးသည် ပြုံးလိုက်သည့်အခါ ပါးလှပ်စွာ ကော့ညွတ်သွားလေသည်။ ထိုပန်းနုရောင်သည် ကျွန်မခြံထဲက ရေမွှေးနှင်းဆီပန်းတစ်ပွင့်၏ အရောင် ဖြစ်၏။ အချို့ ညနေခင်းများတွင် နေလုံးပျောက်ကွယ်သွားပြီးနောက် ကောင်းကင်၌ စွဲထင်ကျန်ရစ်တတ်သော အရောင်လည်း ဖြစ်၏။ ကျွန်မ နှစ်သက်စွာ အသုံးပြုလေ့ရှိသော လက်သည်းဆိုးဆေးအရောင်လည်း ဖြစ်၏။ ကျွန်မ ငယ်ရွယ်စဉ်တုန်းကသာ အဲသည်နှုတ်ခမ်းကလေး၏ အပြုံးကို မြင်တွေ့ခံစားရလျှင် သတိလက်လွတ် မိန်းမောသွားနိုင်လောက်ပါသည်။ ယခုအချိန်မှာတော့ အရာရာသည် ကျွန်မအတွက် မထူးဆန်းတော့ပါ။ ဘာကိုမျှလည်း ကျွန်မ မအံ့ဩတတ်တော့ပါ။ သို့သော် အဲသည် ပန်းနုရောင်ကလေးကို ကျွန်မ ချစ်သည်။

သူ့နားရွက် အဖျားကလေးတွေက အဲသည်ထက်ပင် ပို၍ ပန်းရောင် ရင့်သေး၏။ နောက်ပြီး သူ့ဘယ်ဘက်ပါးပြင် အောက်ခြေနားက ဝက်ခြံဖုသေးသေးကလေးသည်လည်း ပန်းရောင်ပင် ဖြစ်





သည်။ ယခုအခါ ကျွန်မသည် ပန်းနုရောင်၊ ပန်းရင့်ရောင်တို့ကို ဟိုစဉ်ကထက်ပင် ပို၍သတိထားမိလာသည်။ ပန်းရောင်သည် အိပ်မက် တစ်ခု၏ အရောင်ဖြစ်သည်။ ကျွန်မငယ်ငယ်ကလေးဘဝတုန်းက အိပ်မက် မက်တိုင်း အိပ်မက်ထဲမှာ ပန်းရောင်တွေကို အများကြီး မြင်ခဲ့ရဖူးသည်။ ထိုအိပ်မက်များကို ပြန်လည်ပုံဖော်သောအခါ ကျွန်မ၏ စိတ်အာရုံတစ်ခုလုံးတွင် ပန်းရောင်လွှမ်းမိုးလျက်ရှိသည်။ တလောဆီက ကျွန်မသည် ကင်းဘတ်စ်စ အဖြူပေါ်တွင် ပန်းနုရောင် အနုအရင့် အမျိုးမျိုးအား ရောစပ်တင်လျက် စိတ်လွတ်ကိုယ်လွတ် ကစားမိသည်။ ပန်းချီကား ပြီးသွားတာ ကြာပြီ။ ပန်းချီကားကို နာမည် မပေးရသေးပါ။ ငယ်အိပ်မက်ဟု ပေးရမလား။ ကလေးတစ်ယောက်ရဲ့အိပ်မက်ဟု ပေးရမလား။ ကျွန်မ ဝေခွဲမရပါ။

သူ့ခြံရှေ့မှ ကျွန်မ ဆက်လက်ထွက်ခွာလာချိန်တွင် ကျွန်မ၏ အာရုံခံစားမှုသည် ယခင်ထက်ပို၍ ပါးလျားနေတတ်သည်။ အသွေးအရောင်ကလေး တစ်ခုတလေသည် ကျွန်မ၏ အမြင်အာရုံမှ တစ်ဆင့် နှလုံးသားဆီသို့ စွဲမြဲစွာ တွယ်ငြိသွားတတ်သည်။ လမ်းဖြတ်ကူးပြေးသော ကလေးမကလေးတစ်ယောက်၏ မျက်လုံးထဲမှ သက်ဝင်လှုပ်ရှားမှုတစ်ခုသည် ပန်းနုဖျော့ဖျော့အသွေးဖြင့် ကျွန်မအာရုံထဲသို့ ဝင်ရောက်ငြိတွယ်နေဖူးသည်။ ကောင်းကင်မှာ ပျံသန်းသွားသော ငှက်ကလေးတစ်ကောင်၏ လွတ်လပ်မှုသည် တောက်ပသော အဝါရောင်အသွေးဖြင့် ကျွန်မအာရုံထဲသို့ ဝင်ရောက်ငြိတွယ်လာဖူးသည်။ မိခင်၏ ရင်ခွင်ထဲမှာ ကျေနပ်စွာရယ်မောလိုက်သော ကလေးငယ်ကလေး၏ အသံသေးသေးကလေးသည် ပြာလွင်သော အရောင်အသွေးဖြင့် ကျွန်မထံမှာ ရက်ပေါင်းများစွာ စွဲထင်ကျန်ရစ်နေဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို အာရုံပါးလျားမှုအတွက် ချာတိတ်ကို ကျေးဇူးတင်သင့်သလား၊ ကိုယ့်ကိုယ်ကိုပဲ ကျေနပ်နှစ်သိမ့်သင့်သလား၊ ကျွန်မ မသိပါ။ ကျွန်မကတော့ နေ့စဉ်လိုပင် နံနက်ခင်းများ၌ သူ့ခြံရှေ့မှ စက်ဘီး နင်းရတာ ကြည်နူးစွာသာယာမြဲ ဖြစ်ခဲ့သည်။

မိုးရွာသော နံနက်ခင်းများတွင် ကျွန်မ စက်ဘီးမစီးဖြစ်ပါ။ ကျွန်မ စက်ဘီးမစီးဖြစ်သည့်နံနက်များတွင် သူလည်း ခြံထဲသို့ ဆင်း၍ ဘတ်စကက်ဘော လေ့ကျင့်ဖြစ်မည် မဟုတ်ပါ။ နေသာသော နံနက်ခင်းများတွင် သူသည် စပို့ရှပ်လက်တိုဖြစ်ဖြစ်၊ စွပ်ကျယ် လက်ပြတ် ဖြစ်ဖြစ် ဝတ်ဆင်တတ်သည်။ သို့သော် ထိုအင်္ကျီများသည်လည်း အဖြူရောင်ပင် ဖြစ်လေသည်။ စိမ်းစိုသော ခြံဝင်းထဲမှာ အုတ်နီရောင် တိုက်အိမ်နံရံနောက်ခံတွင် အဖြူရောင်ကလေးတစ်ခု သွက်လက်စွာ ခုန်လိုက်သည့် မြင်ကွင်းသည် ကျွန်မအတွက် ဘယ်တော့မျှ ရိုးအီမသွားပါ။

တစ်ခါတစ်ရံ ဖြူဝင်းသော သူ့လက်မောင်းသားများသည် ချွေးဖြင့် စိုလက်ကာ နေရောင်ခြည်မှာ တောက်ပလျက်ရှိသေးသည်။ ထို လက်မောင်းများ၏ အေးစက်ချောမွတ်မှုကို ကျွန်မ အဝေးကနေ ခံစား၍ ရပါသည်။ ထိုအေးစက်စက် ချွေးစိုသည့် ထိတွေ့မှုသည် ကျွန်မ လက်ဖျားများမှ နှလုံးသားဆီသို့ပင် လျင်မြန်စွာ ကူးစက်သွားတတ်သည်။ ထိုအခါ ကျွန်မ၏ နှလုံးသည် စိမ့်ခနဲ အေးသွားရတတ်ပါသည်။ နောက်ပြီး သူ့မျက်လုံးများ၏ အရောင်။ အညိုရင့်ရင့် အရောင်မှ ဖြာထွက်နေသော အလင်းတန်းကလေးသည် ဘာနှင့် တူပါလိမ့်။ ကြယ်ကလေးတစ်ပွင့်နှစ်ပွင့်နှင့် တူသည်။ ကြယ်ကလေး







တွေထဲမှသာ ရရှိနိုင်မည့် အရောင်မျိုး။ အဲသည်အရောင်သည် သူ့မျက်လုံးများ၏ အရောင် ဖြစ်သည်။

ကျွန်မတို့နှစ်ယောက်၏ မျက်လုံးချင်း၊ အပြုံးချင်းသာ ရင်းနှီးခွင့်ရသည့်ကာလ ဘယ်လောက်ကြာခဲ့သလဲ ကျွန်မ မမှတ်မိပါ။ ဘာကြောင့်လဲဆိုတော့ သည့်ထက်ပို၍ ရင်းနှီးဖို့ ကျွန်မ မမျှော်လင့်ခဲ့သောကြောင့် ဖြစ်သည်။ အချို့အရောင်များသည် ဝေးဝေးမှ ကြည့်လျှင် ပို၍လှပပြေပြစ်တတ်သည် မဟုတ်လား။

သို့သော် မကြာသေးသည့် နံနက်ခင်းတစ်ခုတွင် ကျွန်မ သူ့ခြံရှေ့မှ စက်ဘီးနင်းလာသောအခါ ခြံဝင်းတစ်နေရာ၌ ပြိုင်ဘီး အသစ်ကလေးတစ်စီးကို တွေ့ရသည်။ အနက်ရောင်စက်ဘီးကလေး ဖြစ်သည်။ အနက်ရောင်သည် ကတ္တရာလမ်းထက် ပို၍နက်မှောင်ကာ ပြောင်လက်နေ၏။ သူ့စက်ဘီးဖြစ်လေမလား။ သူသည် စက်ဘီး တစ်စီး ဝယ်လိုက်လေသလား။ ထိုစက်ဘီးကို သူ ဘာအတွက် အသုံးချမှာလဲ။ ကျွန်မစိတ်ထဲက ပြုံးမိကာ ဆက်နင်းလာတော့ ခြံဝသို့ ရောက်လာသည်။ ခြံဝမှ လှမ်းမြင်နေရသည့် ကျွန်မ၏ အဖြူရောင်ကလေးသည် ဘဲလ်တီးစရာမလိုဘဲ ကျွန်မရှိရာလမ်းဘက်သို့ လှမ်းကြည့်နေခဲ့လေသည်။

အညိုရောင်ဆံပင်များ စင်းကျလျက်၊ အညိုရင့်ရောင်မျက်လုံးများက စူးစူးရှရှ စိုက်ငေးလျက်၊ ပန်းနုရောင်နှုတ်ခမ်းက စိုလက်စွာ တင်းတင်းစေ့လျက်၊ သူ့လက်ထဲမှာ ဘယ်အချိန်ကတည်းက ရှိနေမှန်း မသိသည့် နီဝါဝါ ဘောလုံးကို ပိုက်လျက်၊ သူ ကျွန်မကို ပြုံးမပြပါ။ ကျွန်မ၏ အပြုံးကို စောင့်နေဟန်တူသည်ဟု ခံစားမိသဖြင့် ကျွန်မကပဲ ပြုံးပြလိုက်သည်။ ထိုအခါ သူပြုံးရင်း ဖျတ်ခနဲ မျက်နှာလွှဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့နောက် ကျွန်မသူ့ခြံရှေ့မှ ထွက်ခွာရင်း သီချင်းသံစဉ် တစ်ပိုင်းတစ်စကို လေချွန်မိသည်။ ကောင်းကင်သည် ပို၍ ပြာကာ သစ်ပင်တို့သည် ပို၍စိမ်းရင့်ပြီး တိမ်တို့သည် ပို၍ ဖြူဖွေးတောက်ပနေခဲ့သည်။

ထို့နောက် သိပ်မကြာမီမှာ ကျွန်မ၏ နောက်ဘက်မှ စက်ဘီးဘဲလ်သံတစ်ခုကို ကြားရတော့ ချက်ချင်းပင် ရင်ခုန်စွာကျေနပ်သွား၏။ သူပဲ ဖြစ်ရမှာပေါ့။ အနက်ရောင်စက်ဘီးကလေးကို နင်းလာသည့် အဖြူရောင်အင်္ကျီဖြင့် ချာတိတ်ကလေးကို ကျွန်မ မြင်ရမှာသေချာပါသည်။ စိတ်ထဲမှ လောင်းကြေးတစ်ခု ထပ်ကာ နောက်ကြည့်မှန်မှာ အကဲခတ်ကြည့်မိ၏။ ကိုယ်ကို ရှေ့သို့ ငိုက်ကုန်းကာ စက်ဘီးနင်းနေချိန်၌ သူ့ဆံပင်များသည် လေဖြင့် နောက်သို့ လွင့်လျက် အညိုရောင်မီးလျှံများလို လှုပနေသည်။ တဖြည်းဖြည်း စက်ဘီးချင်း နီးကပ်လာသောအခါ သူ၏ အသက်ရှူသံကို ကြားရသည်။ ထို့နောက် သူ့စက်ဘီးက ကျွန်မ၏ဘယ်ဘက်မှာ ယှဉ်ပြိုင်၍နင်းနေတော့သည်။ သို့သော် သူ ကျွန်မကို လုံးဝလှည့်မကြည့်ပါ။ သူ့ဘေးမှာ ကျွန်မစက်ဘီး ရှိနေသည်ဟု သတိမထားမိဟန်ဖြင့် မျက်နှာကို ရှေ့သို့သာ စိုက်ထား၏။ ကိုယ်ကို တစ်ဝက်လောက် ငုံ့ကိုင်းထားရလို့လည်း ဖြစ်နိုင်ပါသည်။

သူ့ညာဘက်လက် လက်ဖျံဆီမှာ မွေးညင်းနုနုကလေးများသည် ရွှေရောင်လက်နေ၏။ ထိုမွေးညင်းကလေးများသည် အောက်ခြေတွင် ချွေးစက်မှုန်မှုန်ကလေးများဖြင့် စိုစွတ်တောက်ပလျက် ရှိသည်။ စက်ဘီးလက်ကိုင်ကို ခပ်တင်းတင်းဆုပ်ထားသည့် သူ့လက်ဖမိုးဆီမှာ စိမ်းပြာရောင်သွေးကြောမျှင်ကလေးများကို ကျွန်မ မြင်





ရသည်။ ကျွန်မနှင့် သူ ဘယ်လောက်နီးကပ်စွာ တည်ရှိနေသလဲ ဆိုလျှင် သူ့ကိုယ်နံ့ကိုပင် ကျွန်မအသက်ရှူခံစား၍ ရနေသည်။ ဆပ်ပြာမွှေး၏ ရနံ့ သို့မဟုတ် ရေမွှေး၏ရနံ့နှင့် ချွေးနံ့ ပေါင်းစပ်နေသော ချိုချိုအီအီ ခပ်ပြင်းပြင်းရနံ့၊ ထိုရနံ့သည် အစိမ်းနုရောင်အသွေးဖြင့် ကျွန်မ၏ အာရုံထဲသို့ ဝင်ရောက်ငြိတွယ်သွားလေသည်။

သူနှင့် ကျွန်မ စကားမပြောဖြစ်ကြပါ။ တစ်ယောက်ကို တစ်ယောက်လည်း လှမ်းမကြည့်ကြပါ။ သို့သော် သူ ကျွန်မ၏ အိမ်ရှေ့အထိ စိတ်ရှည်လက်ရှည် လိုက်ပါလာ၏။ ကျွန်မခြံထဲသို့ ဝင်ရန် စက်ဘီးပေါ်မှ ဆင်းလိုက်သောအခါ သူသည် စက်ဘီးကို ဖြည်းလေးစွာ နင်း၍ နောက်ပြန်လှည့်ကြည့်သွားသည်။ ကျွန်မ လှစ်ခနဲ ပြုံးပြလိုက်သောအခါ သူ ချက်ချင်းပင် မျက်နှာပြန်လွှဲသွား၏။ သို့သော် သူ ပြုံးလိုက်သည်ကို ကျွန်မ မြင်လိုက်ပြီးပြီ။ သူ့မျက်နှာနောက်ဘက်မှ လှမ်းမြင်ရတာ ဖြစ်ပေမယ့် နှုတ်ခမ်းထောင့်စွန်းလေး ကော့ပျံသွားသည့် လှုပ်ရှားမှုနှင့် ပါးပြင်က မို့တက်သွားသည့် လှုပ်ရှားမှုကို ကျွန်မ ဖမ်းမိလိုက်သည်။

ယခုအချိန်မှာတော့ ကျွန်မနှင့် သူသည် နံနက်ခင်း သို့မဟုတ် ညနေခင်း တစ်ချိန်မဟုတ် တစ်ချိန် ဆုံတွေ့နိုင်ကြပြီဖြစ်သည်။ နံနက်ခင်း အချိန်များတွင် ကျွန်မ၏ ခြေလှမ်းများဖြင့် သူ့ကို တွေ့နိုင်ပြီး ညနေခင်းများတွင်တော့ သူ့ခြေလှမ်းများဖြင့် ကျွန်မကို တွေ့ဖို့ သူ ကြိုးစားလာသည်။ နံနက်ခင်းတချို့တွင် ကျွန်မ ပျက်ကွက်လျှင်လည်း ညနေမှာတော့ သူ ကျွန်မအိမ်ရှေ့မှာ စက်ဘီးနင်း၍ ဖြတ်သွားသောကြောင့် သူနှင့်ကျွန်မ နေ့စဉ်လိုလို မြင်တွေ့ရပါသည်။ ကျွန်မ၏ အိမ်ရှေ့သို့ ရောက်လျှင် သူလည်း စက်ဘီးဘဲလ်ကို တီးလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်များသည် ကျွန်မ ဝရန်တာမှာ ပန်းချီဆွဲနေချိန် ဖြစ်တတ်သည်။ သို့မဟုတ် အိမ်ရှေ့က ခြံဝင်းသေးသေးကလေးမှာ ကြိုးစားပမ်းစား စိုက်ပျိုးထားသော နှင်းဆီပင်ကလေးများကို ရေလောင်းနေချိန် ဖြစ်တတ်သည်။ တစ်ခါတုန်းကတော့ ကျွန်မ အပေါ်ထပ် ဝရန်တာမှာ ပန်းချီဆွဲနေသည်ကို သူစက်ဘီး ဒေါက်ထောက်ရပ်လျက် အကြာကြီး လှမ်းကြည့်နေခဲ့ဖူးပါသည်။

သူနှင့် ကျွန်မ၏ အခြေအနေကို တိုးတက်သည်ဟု ပြောဆိုခွင့်ရှိပါသလား။ သူ့ထံမှ ကျွန်မ ဘာကိုမျှ မျှော်လင့်မထားသောကြောင့် ဤအခြေအနေသည် တိုးတက်မှုဖြစ်သည်ဟု ကောက်ချက်မချသင့်ပါ။ သူက ကျွန်မကို ဒါထက်ပို၍ ချဉ်းကပ်လာမည်ဟုလည်း ကျွန်မ မထင်ပါ။ ကျွန်မ၏အရွယ်နှင့် သူ့အရွယ်မှာ စိတ်ကူးယဉ်လို့ မရလောက်အောင် ကွာခြားလှသည်မဟုတ်လား။ ကျွန်မမှာ အိမ်ထောင်ရှိမရှိ၊ သားသမီး ရှိမရှိသူ မသိနိုင်။ ကျွန်မ ဘယ်လိုမိန်းမမျိုးလဲဟု သူ မသိနိုင်။ ထို့ကြောင့်လည်း သူ့ခြေလှမ်းများ ဒါ့ထက်ပို၍ ကျွံလာရန် ကျွန်မ မမျှော်လင့်ကောင်းပါ။

ကျွန်မအား သူ့ဘောလုံးထက် ပို၍ စိတ်မဝင်စားခဲ့ကြောင်း ကျွန်မသိသာစေရန် နံနက်ခင်း ဘတ်စကက်ဘော ကစားချိန်ကို သူ ဘယ်တော့မျှ ထပ်မံမဖျက်တော့ပါ။ ကျွန်မ၏ အိမ်ကို သူသိသွားအောင် ကြိုးစားသည့် ထိုနံနက်ခင်းမှလွဲ၍ အခြားနံနက်ခင်းများတွင် သူသည် ဘောလုံးကိုသာ သဲကြီးမဲကြီး ကစားနေခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်မ ပို၍ကျေနပ်သွားပါသည်။ သူ ကျွန်မကို သူ့ဘောလုံးထက် ပို၍စိတ်ဝင်စားသွားမှာကိုပင် ကျွန်မက စိုးရိမ်နေ



ပြန်သည်။ သို့သော် ကျွန်မကိုယ်ကျွန်မကျတော့ သူ့ကို ယောကျ်ားတစ်ယောက်အဖြစ် စိတ်ဝင်စားမိသွားမှာကို မစိုးရိမ်ပြန်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မသည် မရနိုင်သောအရာများကို မျှော်လင့်တတ်သော အရွယ်မှ လွန်မြောက်ခဲ့ပြီမို့ ဖြစ်သည်။

ကျွန်မသည် လောကထံမှာ အဖော်တစ်ယောက် တောင်းခံဖို့ ဝန်လေးနေခဲ့ပြီ။ အဖော်တစ်ယောက် တောင်းခံတိုင်း ကျွန်မ ရရှိလာသော မှားယွင်းသည့် လက်ဆောင်များကိုလည်း ကျွန်မ စိတ်ကုန်စွာပင် ရယ်မောနိုင်ခဲ့ပြီ။ ဟိုတုန်းကတော့ ကျွန်မက လောဘအလွန်ကြီးခဲ့သည်။ ယောကျ်ားတစ်ယောက်ထံမှ အရည်အချင်း ဆိုတာကို ကျွန်မ မက်မောခဲ့သည်။ တကယ် သူ့ထံမှ ရလာသည်က မျက်လှည့်ပညာသာ ဖြစ်သည်။ နောက်ထပ် ယောကျ်ားတစ်ယောက်ထံမှ ကတိဆိုတာကို ကျွန်မ တောင်းခံခဲ့သည်။ တကယ် သူ့ထံမှ ရလာသည်က ရေစုန်မှာ လှေကြုံလိုက်တတ်သည့် ထူးဆန်းမှုတစ်ခုသာ ဖြစ်သည်။ ယောကျ်ားတစ်ယောက်ထံမှ အပြန်အလှန် ဖေးမကူညီမှုနှင့် ညီညွတ်မှုကို ကျွန်မ လိုချင်စွာမျှော်လင့်ခဲ့သည်။ တကယ် သူ့ထံမှ ရလာသည်က သူ့အတ္တများသာ ဖြစ်သည်။

ယခုတော့ ကျွန်မသည် ယောကျ်ားတို့ထံမှ ဘာကိုမှ မမျှော်လင့်သူ၊ မလိုချင်သူ ဖြစ်ခဲ့ပြီ။ သူတို့၏ အရည်အချင်းဆိုတာကိုလည်း ကျွန်မ မလိုအပ်တော့ပါ။ သူတို့၏ ကတိတွေကိုလည်း ကျွန်မ မလိုအပ်တော့ပါ။ သူတို့ ပေးလာမည့် နှင်းဆီပန်းများထက် ကျွန်မ ကိုယ်တိုင် စိုက်ပျိုးယူရသည့် နှင်းဆီပန်းများကို ပို၍ မက်မောစွာ တန်ဖိုးထားပါသည်။ ဤအချက်ကို ကိုယ်တိုင်သတိပြုမိသောအခါ လောကသည် အသက်ရှင်နေထိုင်ရတာ ထိုက်တန်လာသည်ဟု ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်မသေးမှာ အဖော်တစ်ယောက်လောက်တော့ ရှိစေချင်သည်။ ထိုအဖော်သည် ချစ်သူ တစ်ယောက် ဖြစ်စရာမလို၊ ခင်ပွန်းတစ်ယောက်ဖြစ်စရာ မလို၊ သား တစ်ယောက်ဖြစ်စရာ မလို၊ သမီးတစ်ယောက်လည်း ဖြစ်စရာမလို။ လူသား တစ်ယောက်ယောက်၊ အရောင်တွေကို နားလည်ခံစားတတ်သူ တစ်ယောက်ယောက်၊ ကျွန်မ ငိုလျှင် ဝမ်းနည်းပေးမည့်၊ ကျွန်မ ပျော်ရွှင်လျှင် ကြည်နူးပေးမည့် လူသားတစ်ယောက်ယောက် ကျွန်မ ဒါ့ထက်ပို၍ မမျှော်လင့်ပါ။ သို့သော် ထိုမျှလောက် ဆန္ဒကလေးကိုပင် လောကထဲမှာ မတောင်းခံရဲ။ သည်တစ်ခါ လွဲမှားလျှင်ဖြင့် ကျွန်မ ရယ်နိုင်ဖို့ ခွန်အားတွေ မရှိတော့ဘူး မဟုတ်လား။

ထို့ကြောင့်လည်း ကျွန်မ၏ ချာတိတ်ထံမှ ကျွန်မ ဘာကိုမှ မလို အပ်တာ သေချာပါသည်။ ယခုအချိန်အထိ သူသည် ကျွန်မအတွက် ချစ်စရာ အရောင်ကလေးတစ်ခုသာ ဖြစ်သည်။ ကြယ်များနှင့် တူသော မျက်လုံး၊ နေရောင်ခြည် လရောင်ခြည်နှင့်တူသောအပြုံး၊ အညိုရောင် မီးလျှံများနှင့် တူသော ဆံပင်၊ တိမ်စိုင်တိမ်တန်းတစ်ခုပမာ ပေါ့ပါးလွတ်လပ်သည့် ခန္ဓာကိုယ်၊ ရေဂယက်ကလေးတစ်ခုလိုကြည်လင်စွာ လျှင်မြန်သည့် သူ့လှုပ်ရှားမှု ဒါတွေအားလုံး ပေါင်းစပ်ခြင်းသည် ကျွန်မ ခံစားနှစ်သက်သည့် အရောင်ကလေးတစ်ခုဖြစ်သည်။

ထိုအရောင်ကလေး ဝေးသွားမှာကိုလည်း ကျွန်မ မစိုးရိမ်ပါ။ တချို့အရောင်များသည် ဝေးသွားမှ ပို၍လှပသည်မဟုတ်လား။ ထိုအရောင်ကလေး နီးကပ်လာမှာကိုလည်း ကျွန်မမစိုးရိမ်ပါ။ အရောင်သည် ကတိတစ်ခု မဟုတ်သောကြောင့် ဖောက်ဖျက်သွားမှာ မစိုးရိမ်ရ။ အရောင်သည် မျှော်လင့်ချက်တစ်ခု မဟုတ်သောကြောင့် အလို





ဆန္ဒ မပြည့်ဝမှာ မပူပင်ရ။ အရောင်သည် လေးစားရမည့် အရည်အချင်းတစ်ခု မဟုတ်သောကြောင့် ဟန်ဆောင်မှု ကွာကျသွားမှာကို မစိုးရိမ်ရ။ အရောင်သည် ရိုးစင်းစွာပင် အရောင်တစ်ခုသာဖြစ်သည်။ အရောင်တစ်ခုကို ပိုင်ဆိုင်ရန် မဖြစ်နိုင်။ ထို့ကြောင့် ထိုအရောင်ကို ဆုံးရှုံးရတော့မှာ မဟုတ်။ ဘယ်တော့မှ ဆုံးရှုံးတော့မည်မဟုတ်ပါ။

['အရောင်များနှင့် ကစားခြင်း'ဝတ္ထုတိုစု]

၀



www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ထဲက မြို့တော်

### အခန်း (၁)

အိပ်မက်ထဲမှာတော့ လွင်ပြင်သည် သည်လောက်ပူပြင်းခြောက်သွေ့မှု မရှိဘူးဟု ထင်မိသည်။ အခုတော့ဖြင့် အပူငွေ့သည် ကျွန်မတို့တစ်ကိုယ်လုံးကို ခြောက်သွေ့ညှိုးနွမ်းသွားစေလောက်သည်။

ပတ်ဝန်းကျင်သည် ကုန်းမို့ကမူအနည်းငယ်မျှသာရှိပြီး ကျိုးကျဲသော ထနောင်းပင်များဖြင့် ကျယ်ဝန်းစွာ လွင်တီးခေါင် ဖြစ်နေ၏။ လေထုထဲတွင် ဖုန်မှုန့်များ ပါလာသဖြင့် ကျွန်မတို့သည် အသက်ရှူတိုင်း ဖုန်ငွေ့များကို ရှူမိနေသည်။ အနောက်ဘက်ဆီမှာတော့ တောင်တန်း ရေးရေး မှုန်ပျပျကို မြူတွေနှင့် အပူငွေ့များကြားတွင် မြင်ရ၏။ ခပ်ဝေးဝေးမှာ သစ်ပင်အုပ်စုတစ်ခုကို ပါးလျားစွာ မြင်တွေ့ရသည်။

ကျွန်မသည် နောက်ထပ် လှမ်းရမည့် ခြေလှမ်းများအတွက် ကြိုတင်၍ အင်အားဆုတ်ယုတ်မောပန်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့ရိုးကို မရောက်သေးဘူးလား ဟင်...မောင်"

ကျွန်မအသံက နွမ်းနယ်သွားသလား မသိ။ မောင်က ကျွန်မကို အားပေးသလို ပြုံးပြသည်။

"ကိုယ်တို့ ကားလမ်းက ဆင်းလာကတည်းက မြို့ရိုးထဲ ဝင်လာခဲ့ပြီလေ၊ ကားလမ်းက မြို့ရိုးထဲကို ဖြတ်ထားတာ လေးရဲ့"

မောင့်စကားကို ကျွန်မတို့၏ ကားမောင်းသူက ထောက်ခံ၏။ ခပ်လှမ်းလှမ်းတွင် ရပ်ထားခဲ့သော ကားစိမ်းကလေးကို ကျွန်မတို့ မမြင်ရတော့ပါ။ ဖုန်ထူသောကြောင့်လည်း ဖြစ်ပြီး အကွာအဝေး ကြောင့်လည်း ဖြစ်သည်။

နေသည် ကျွန်မတို့ခေါင်းပေါ် ရောက်ခါနီးနေပြီဟု ထင်ရသည်။ တကယ်တော့ နံနက် ကိုးနာရီကျော်ခါစပဲ ရှိပါသေးသည်။

"လေးရဲ့ အိပ်မက်ထဲမှာတော့ ဒီလောက် မလျှောက်ရဘူး မောင်ရဲ့၊ ရေကန်ကြီးမှ စိမ်းလဲ့နေတာပဲ"

မောင့်နားနားကပ်ကာ (ကားမောင်းသူ မကြားအောင်) တိုးတိုး ပြောခါမှ ကားမောင်းသူက ကြားဖြစ်အောင် ကြားသွား၏။

"ဒီနားမှာ စိမ်းနေတဲ့ ရေကန်တော့ ကျွန်တော် တစ်ခါမှ မတွေ့မိသေးဘူး ဆရာမရဲ့၊ ဒီက ကန်တွေက ကောနေပြီ၊ ဟိုတစ်ချိန်က တော့ ဆရာမပြောသလို စိမ်းပြာနေခဲ့မှာပေါ့ဗျာ"

ကျွန်မ အနည်းငယ် ရှက်ကာ မျက်နှာထားရခက်စွာ ပြုံးရယ်မိပါသည်။

"အိပ်မက်ထဲမှာတော့ အချိန်ကာလဆိုတာ ဆန့်လို့ ချုံ့လို့ ရအောင် ပျော့ပျောင်းသေးမျှင်တယ် လေးရဲ့၊ ကိုယ့်မြေပုံအတိုင်းဆို ရင်လဲ မဝေးတော့ပါဘူး၊ နန်းတော်ရာကို ရောက်တော့မယ်"





ကျွန်မသည် မောင့်စကားအဆုံးမှာ အနည်းငယ် ရင်ခုန်သွား၏။ နန်းတော်ရာသို့ ရောက်လျှင်တော့ ကျွန်မဘဝ၏ မသိနိုင်သော လျှို့ဝှက်ချက်တစ်ခုခုကို ရေးရေးမျှ မြင်နိုင်လိမ့်မည်ဟု ကျွန်မ ထင်နေသည်။

နီကြင်သော မြေမာပေါ်တွင် ဖုန်ထုက ကျွန်မခြေဖျားကလေး တွေကို ဖုံးလွှမ်းနိုင်လောက်အောင် များပြား၏။ ခြေလှမ်း တစ်လှမ်း နှင့် တစ်လှမ်းအကြားမှာ ခွန်အားက သိသိသာသာ ဆုတ်ယုတ်လာ သည်။ တကယ်ဆို ကျွန်မ အားတက်သရော ရှိရမှာ မဟုတ်လား။ ကျွန်မ၏ နဖူးဆံစပ်ဆီတွင် ချွေးစက်များ တွဲလွဲခိုလျက် စိုစွတ်နေ သည်။ ဆံပင်တွေကတော့ မီးထတောက်တော့မလို ပူပြင်းကြွပ်ဆတ် နေလေသည်။

"ဟော...ဟိုမှာ အုတ်ပုံအပျက်တစ်ခု တွေ့ပြီ၊ ဒါကြောင့် မပြော ဘူးလား၊ နန်းတော်ရာက မြေလမ်းနဲ့ သိပ်မဝေးပါဘူးလို့"

မောင့်စကားသံကြောင့် ကျွန်မရင်ထဲမှာ ရှိနေသော လေးပင်သည့် ထုထည်ကြီးတစ်ခု ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

ဟုတ်ပါရဲ့။ ခပ်လှမ်းလှမ်းမှာ အုတ်ခဲများဖြင့် ဆောက်ထားသည့် အဆောက်အအုံပျက်တစ်ခုကို ကျွန်မ မြင်ရသည်။ ကျွန်မတို့ သုံး ယောက်လုံး ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားကြလေသည်။

အဆောက်အအုံပျက်တစ်ခု၏ အုတ်ပုံဖြစ်သည်။ မြေကြီးရောင် ရောနေသော အုတ်ခဲချပ်များသည် ပုဂံဘုရားတွေမှာ တွေ့ရသည့် အုတ်ချပ်တွေလို ကျယ်ပြန့်ကြီးမား၏။ ကျွန်မသည် အပေါ်ဆုံး အုတ်ချပ်ကို လက်ဖြင့် ထိကြည့်လိုက်သည်။ ကျွန်မရှေ့မှာ အုတ်ခုံ အဝိုင်းပုံစံတစ်ခု တွေ့ရသည်။ အချို့ရှေးတိုက်အိမ်များ၏ လှေကား



www.burmeseclassic.com

www.burmeseclassic.com



ခံ ပုံစံမျိုးဖြစ်သည်။ ဒါဟာ လှေကားခြေရင်းတစ်ခု ဖြစ်နိုင်သည်ဟု ကျွန်မ တွေးမိသည်။ ဤအုတ်ချပ်များသည် လေဒဏ် မိုးဒဏ် နေဒဏ်တို့ နှစ်ပေါင်းများစွာ ရာထောင်ချီ၍ ခံခဲ့ရသည်။ သို့သော် အုတ်ချပ်များသည် ဆွေးမြည့်မနေဘဲ မာကျောနေ၏။ ပုဂံခေတ် အုတ်ခဲချပ်တွေလောက်တော့ ကျစ်လျစ်ပုံမရပါ။

"လေး… ဟောဟိုမှာ နန်းတော်မြို့ရိုးပဲ"

ကိုက်အနည်းငယ်အကွာတွင် ကျွန်မတို့ရှေ့၌ အုတ်နံရံဟောင်းတစ်ခု မြင်ရသည်။ ထိုအုတ်နံရံသည် တော်တော်လေး ထုထည် ထူ၏။ အပေါ်ယံလွှာအုတ်များ မညီမညာဖြစ်နေသော်လည်း ရှည်လျားစွာ မျက်စိတစ်ဆုံးမြင်ရသော အလျားကိုကြည့်၍ ကျွန်မပင်လျှင် မြို့ရိုးတစ်ခုမှန်း သိသွားနိုင်အောင် ထင်ရှားပါသည်။

ကျွန်မသည် အပူရှိန်ပြင်းသော နေဒဏ်ကို မေ့လျော့သွားကာ ထိုမြို့ရိုးကို ငေးမောကြည့်နေမိသည်။ ဟိုခေတ်ကတော့ ဒါဟာ နန်းတော်တစ်ခုပေါ့လေ။ ဤနန်းတော်ထဲမှာ အဆောင်အခန်း များစွာ ရှိခဲ့မည်။ သစ်သားနှင့် အုတ်တို့ကို ရောစပ်ကာ ဆောက်လုပ်ခဲ့မည့် မှန်စီရွှေချအဆောင်များသည် လှပခမ်းနားပေလိမ့်မည်။ သူတို့၏ ပိုင်ရှင် ဘုရင်မကလည်း လှပသည်ဆိုပဲ။ ဘုရင်မ ဆိုတော့ စိတ်နှလုံးဖြူစင်သည့်တိုင်အောင် နူးညံ့သိမ်မွေ့၍ မဖြစ်။ ခက်ထန်ကြမ်းတမ်းမှုနှင့် ပြတ်သားတိကျမှုကို လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် သူမ၏ မျက်လုံးများသည် မည်းနက်တောက်ပရုံမျှမက စူးရှလေးနက်ပေလိမ့်မည်။

"အဲဒီအချိန်တုန်းကကို အင်္ဂတေ ကောင်းကောင်းသုံးတတ်နေပြီဗျ… နော်"



ကားဆရာက မောင့်ကို လှမ်းပြောလိုက်ပါသည်။ ကားဆရာကလည်း တောင်တွင်းကြီးမြို့သား ဖြစ်ပေမယ့် ဤမြို့ဟောင်းသို့ မကြာခဏ လာရောက်ဟန်မတူပါ။ သူသည် သူမြင်သမျှကို ကျွန်မတို့လိုပင် အထူးအဆန်းဖြစ်နေသေး၏။

ကျွန်မသည် မြို့ရိုးကို ကျော်၍ အတွင်းကွက်လပ် ကွင်းပြင်ဆီ ငေးမောရင်း တစ်ချိန်က နန်းတော်၏ သီဟာသနပလ္လင် ဘယ်နေရာမှာ ရှိပါလိမ့်မလဲဟု မှန်းဆနေမိ၏။ တရားစီရင်ရာ ညီလာခံသည် ဘယ်နေရာမှာများ ရှိနိုင်မည်လဲ။ လူထုပရိသတ်အလယ်တွင် ထိုအမျိုးသမီး၏ မျက်နှာ မည်ကဲ့သို့ရှိမည်လဲ။ သူမကို ရိုသေခစားကြသော မင်းချင်းများ၊ ဝန်ကြီးများထဲမှာ သူမကို မလိုလားသူတို့ မည်မျှ ပါဝင်နိုင်မည်လဲ။

ကျွန်မသည် နှစ်ပေါင်း တစ်ထောင်လောက်က မိန်းမ တစ်ယောက်ကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ကြည့်နေသော်လည်း မရေမရာဖြစ်နေ၏။ တကယ်တမ်း ကျွန်မ၏ အာရုံထဲမှာ ပေါ်လာသူကတော့ အခြားမိန်းမတစ်ယောက် ဖြစ်သည်။ ထိုမိန်းမသည် ဆံပင်ကို ကျွန်မ မိခင် ထုံးသလိုပင် နှစ်ပတ်လျှိုလား၊ တစ်ပတ်လျှိုလား မသိ၊ ဆံမြိတ်မချဘဲ သေသပ်စွာ ထုံးထား၏။ အသက်ကတော့ လေးဆယ်လောက် ဖြစ်မည်။ ဇလာထဘီနှင့် လက်ရှည် လက်ကျပ်အင်္ကျီကို ဝတ်ထားသည်။ လည်ပင်းတွင် ပုလဲမဟုတ်သော ခပ်ဝါဝါ အလုံးကလေးများကို လည်ကပ်ပုတီးအဖြစ် ဆွဲထား၏။ သူမကိုမြင်လိုက်ကတည်းက ကျွန်မ အိပ်မက်မက်နေတာပဲဟု သိလိုက်ရသည်။ ကျွန်မသည် ထိုဝတ်စားဆင်ယင်မှုမျိုးကို တစ်ခါမှ မမြင်ဖူးသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာတော့ လွင်ပြင်သည် မျက်စိတစ်ဆုံး ကျယ်ပြန့်သော်လည်း လေတလွင့်လွင့် တိုက်ခတ်ကာ အေးမြလေသည်။

ကျွန်မ၏ ခြေဖဝါးမှာ ဖိနပ်မျှပင် မပါသော်လည်း အောက်က သဲပြင် သို့မဟုတ် နူးညံ့သည့် မြေပြင်အတွေ့က အေးစက်စက်ကလေး။ နစ်သက်ဖွယ် ကောင်းလှသည်။ ကျွန်မကို ရှေ့ဆောင်ခေါ်သွားသူမှာ အသက် ၄၀ ခန့်ရှိအမျိုးသမီးတစ်ယောက်ဖြစ်သည်။ ထိုအမျိုးသမီးသည် ကျွန်မရှေ့ ခပ်လှမ်းလှမ်းမှာ ခပ်သွက်သွက် လျှောက်သွားနေသည်။ သူမကိုကြည့်ရသည်မှာ တစ်ခုခုအလျင်စလို ဖြစ်နေပုံရှိသည်။ ကျွန်မ၏ ပတ်ဝန်းကျင်တွင် သစ်ပင် ကျိုးတိုးကျဲတဲနှင့် လယ်ကန်သင်းလို မြေပြင်မောက်မောက်အတန်းကလေးတွေ ရှိနေသည်။ အိမ်နှင့်တူသော အရာဟူ၍ မရှိ။ လေသည် အရပ်ရှစ်မျက်နှာမှ ကျွန်မဆီသို့ အေးမြစွာ တိုက်ခတ်လာသောအခါ လေတွေ ကျွန်မနှာခေါင်းထဲ အထိန်းအသိမ်းမရှိ ဝင်သွားသောကြောင့် အသက်ရှူပင် ကျပ်ခဲ့ရသေး၏။

သိပ်မကြာမီပင် ကျွန်မ၏ လက်ယာဘက်မှာ ကြီးမားသော ရေပြင်ကြီးတစ်ခုကို တွေ့ရသည်။ ရေကန်ကြီးတစ်ခုဖြစ်သည်။ အနားတွေက မညီညာသော်လည်း ခပ်ဝိုင်းဝိုင်းပုံစံဖြစ်သည်။ ကျွန်မသည် ရေကန်ကို မြင်တော့ ရေသောက်ချင်စိတ် ထိန်းမရဘဲ အမျိုးသမီးကြီးနောက်မှ လိုက်နေခြင်းကို မေ့လျော့ကာ ရေကန်ဆီသို့ ဦးတည်သွားတော့သည်။

ရေကန်ဆီ သွားရာ လမ်းကျဉ်းကလေး၏ တစ်ဖက်တစ်ချက်တွင် တောရိုင်းပန်းကလေးများ ရောင်စုံပွင့်နေကြ၏။ တချို့က လိမ္မော်ရောင်၊ တချို့က အဖြူရောင်၊ တချို့က အနီရောင်၊ ခရမ်း



ရောင် အပွင့်သေးကလေးတွေလည်း တွေ့ခဲ့ရသေးသည်။ ပန်းရနံ့သည် မွှေးပျံ့သော်လည်း စူးရှရိုင်းစိုင်းသည်။ ထိုပန်းရနံ့ကြောင့်ပင် ကျွန်မသည် လွမ်းဆွတ်ချင်သလိုလို ငိုကြွေးချင်သလိုလို ဖြစ်လာသည်။အဲဒီ ရေကန်ဘောင်မြေပြင်သို့ရောက်အောင် မော့တက်သွားရသော အုတ်ခဲလှေကားထစ်ကလေးတွေကို ကျွန်မ ငုံ့ကြည့် ရေတွက်ခဲ့သေးသည် ထင်ပါရဲ့။ အကြိမ်ကြိမ် အဖန်ဖန် နင်းပါများ၍ မြေနှင့် ရောထွေးကာ အရောင်လက်အောင်ပင် မာနေသော အုတ်ခဲချပ်များသည် အစီအရီကြည့်၍ကောင်းနေသေးသည်။

ရေကန်ဘောင်ပေါ် ရောက်တော့ ရေပြင်ကို ငုံ့ကြည့်လိုက်သည်။ ရေပြင်သည် စိမ်းလဲ့နက်ရှိုင်း၏။ လှိုင်းကြက်ခွပ်ကလေးများပင် မရှိဘဲ ပကတိငြိမ်သက်လျက်ရှိသည်။ကြာပွင့်တွေ၊ ဗေဒါတွေလည်း မပေါက်၊ ရေမှော်ပင် အစအန သေးသေးကွေးကွေးမှ မရှိ။ ရေပြင် သက်သက်ဖြစ်သည်။ ဘယ်လောက်များ ကြည်လင်လိုက်သလဲ ဆိုလျှင် ရေပြင်ကိုငုံ့ကြည့်နေသော ကျွန်မကိုယ်ခန္ဓာတစ်ပိုင်းသည် မှန်ထဲမှာ ကြည့်ရသလို ပီပြင်ပြတ်သားနေ၏။ ကျွန်မ၏ ဝတ်စုံက အဖြူရောင် ဖြစ်သည်။ ကျွန်မ၏ အင်္ကျီလည်ပင်းမှ ဇာနားကလေးကိုပင် ရေကန်ထဲမှာ မြင်ရသည်။ ကျွန်မ ရေကိုငုံ့သောက်ဖို့ ကိုယ်ကို ကိုင်းညွှတ်လိုက်စဉ်မှာပင် ရေကန်ထဲမှာ နောက်ထပ်အရိပ် ပေါ်လာ၏။

ကျွန်မ လန့်ဖျပ်ကာ လွှတ်ခနဲအော်လိုက်မိသည် ထင်သည်။

ထိုအရိပ်သည် အမျိုးသမီးတစ်ယောက်၏ မျက်နှာနှင့် ကိုယ်တစ်ပိုင်းဖြစ်သည်။ ကျွန်မ ကြောက်ရွံ့လျက်ကပင် ရေထဲက သူမ်ိး၏ အရိပ်ကို ငုံ့ကြည့်လျက်ရှိသည်။ အင်္ကျီလက်ရှည် ဆံကျပ်

www.burmeseclassic.com

www.burmeseclassic.com



အဝါဖျော့ဖျော့နှင့် ဆံထုံးခပ်သေးသေးကိုမြင်မှ ဤမိန်းမသည် စောစောက ကျွန်မကို ခေါ်သွားသောမိန်းမ ဖြစ်သည်ဟု သိလိုက်ရ၏။ ထိုအမျိုးသမီး၏မျက်နှာကို ယခုမှ မြင်ရခြင်းဖြစ်ပါသည်။ သူမက ကျွန်မကို စကားတတွတ်တွတ်ပြောနေ၏။ ခက်နေသည်မှာ သူမ၏ စကားများကို ကျွန်မတစ်ခွန်းမျှနားမလည်ခြင်းပင် ဖြစ်သည်။

သို့သော် သူမ ကျွန်မကို ခေါ်နေခြင်းဖြစ်မှန်း အိပ်မက်ထဲမှာ သိလိုက်သည် တဲ့။ ကျွန်မလည်း ကျွန်မ၏ခရီးဆုံးမှာ ဤရေကန် မဟုတ်ကြောင်း သတိရကာ ထိုမိန်းမနောက် ထက်ကြပ်မကွာ လိုက်ပြန်တော့သည်။

တကယ်တော့ ကျွန်မသွားနေသည်မှာ မြို့ရိုးအကာအရံ၏ တစ်ဖက်မှ နန်းမြို့တစ်မြို့ ဖြစ်သည်။ ကျွန်မတို့နှစ်ယောက်သည် မြို့ရိုးပေါက်တစ်ခုမှ ဖြတ်သန်းဝင်ရောက်လာခဲ့သည်။ အစောင့်အကြပ် တစ်ယောက်မျှ မရှိ။ မြို့ရိုးအုတ်နံရံထုသည် အထူကြီးဖြစ်သည်။ ပုဂံမြို့ အဝင် အုတ်နံရံတံခါးပေါက်လိုလို၊ မန္တလေး နန်းတွင်း အဝင် အုတ်နံရံထုကြီးလိုလို။ ကျွန်မ အတွင်းရောက်သွားတော့ အထဲက အဆောင်များ၊ အဆောက်အအုံများက လူပခမ်းနားနေသည်။ စုလစ်မွမ်းချွန်တွေ ထိုးထိုးထောင်ထောင်နှင့် ပြာသာဒ်များကိုလည်း ကျွန်မ မြင်ရသည်။ အံ့သြစရာကောင်းသည်ကတော့ သက်ရှိလူသား မပြောနှင့်၊ တိရစ္ဆာန်ပင် တစ်ကောင်တစ်မြီးမှ မရှိခြင်းဘဲ ဖြစ်သည်။

လူပခမ်းနားသော်လည်း လူထုပရိသတ်မရှိသောမြို့သည် ခြောက်ကပ် တိတ်ဆိတ်လျက်ရှိသည်။ တွေ့မြင်သမျှ အဆောက်အအုံများမှာ ဝရန်တာကအစ ခြူးပန်းခြူးနွယ်၊ ကနုတ်၊ အင်္ဂတေလက်ရာ





များဖြင့် ဆန်းကြယ်လှသည်။ အဆောက်အအုံများ၏ အုတ်လှေကားထစ်များမှာ ဖုန်ရောင်ထလျက် ခြောက်သွေ့နေသည်။

သည်မျှဖြင့်လည်း ကျွန်မ၏ခရီးဆုံး မရောက်သေး။ ရှေ့ဆက်လိုက်ရပြန်သေး၏။ အဆောင်တွေ၊ အခန်းတွေကို တရိပ်ရိပ် ဖြတ်ကျော်ခဲ့သမျှ မှန်ရောင် ရွှေရောင် လက်နေ၏။ ထို့နောက် မြို့ရိုးကို ဖြတ်ကျော်၍ စိမ်းညို့သော တောတန်းတစ်ခုသို့ ရောက်သွားသည်။ ကုက္ကိုပင်လို၊ မန်ကျည်းပင်လို ပင်စည်တုတ်ခိုင်ပြီး အရိပ်ကောင်းသော အပင်ကြီးများ ဖြစ်သည်။ ရေစီးသံသဲ့သဲ့ ကြားရသည်။ သို့သော် ရေအရိပ်အယောင် မမြင်ရ။ ရှေ့ဆက် လိုက်သွားပြန်သော အခါ သစ်ပင်တန်းကို လွန်၍ ရေတသွင်သွင်စီးဆင်းနေသော ချောင်းတစ်ချောင်းကို မြင်ရသည်။

"ဒါ ဘာချောင်းလဲ"

ကျွန်မ မေးသည်ကို ရှေ့က အမျိုးသမီးက လှည့်ကြည့်၍ ဖြေသော်လည်း စကားကို ကျွန်မနားမလည်ပါ။ ထိုချောင်းကို ဖြတ်ရသည်။ ရေသည် ဒူးဆစ်လောက်သာ နက်သော်လည်း ရေစီးသန်လှသည်။

ဟိုဘက်မှာ ဘာရှိလို့များ ကျွန်မကို ထိုနေရာသို့ အပါခေါ်နေပါသလဲ။ လူပခမ်းနားသော နန်းမြို့သည် ကျွန်မ၏ ခရီးဆုံး မဟုတ်လျှင် ဘယ်နေရာကများ ကျွန်မ၏ခရီးဆုံး ဖြစ်နိုင်သလဲ။ ဟိုအဝေးချောင်း၏ တစ်ဖက်ကမ်းမှာဖြင့် မြေမို့မို့ ကုန်းလျှောတည်ရှိသော သချိုင်းကုန်းသာ ကျန်တော့သည်။

ကျွန်မသည် အဝေးမှာ မှုန်ပျပျမြင်နေရသော သချိုင်းကုန်းမို့မို့ ကိုမြင်ရသည့်အခါ ဖြန်းခနဲကြောက်ရွံ့သွားပါသည်။ ကင်းသါးပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ တက်လိုက်ချိန်တွင် ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားသည်။

ကျွန်မ ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

ရှေ့ဆက်သွားလျှင် ကျွန်မ သချိုင်းကုန်းကို ရောက်ရတော့မည်။ ကျွန်မ ခြေလှမ်း လှမ်း၍ မဖြစ်ပါ။ ကျွန်မသည် ဇွတ်အားတင်း၍ ရပ်နေသော်လည်း လေကဲ့သို့ မမြင်နိုင်သောအရာတစ်ခုက ကျွန်မကို နောက်မှတွန်းပေးနေ၏။ ကျွန်မ အကြောက်အကန်ငြင်း၍ ရုန်းကန်သော်လည်း မရပါ။ ကျွန်မခြေလှမ်းများသည် လေးကန်လျက် ကျွန်မသည် တရွေ့ရွေ့ ရှေ့တိုးသွားသည်။ ဟိုးခပ်လှမ်းလှမ်းမှာတော့ ကျွန်မကို ခေါ်လာသော မိန်းမ၏ နောက်ပိုင်းကို အုတ်ဂူတစ်ခုအနီးမှာ ခပ်ဝါးဝါးမြင်ရသည်။ ရှေ့မတိုးဘူးဟု ရုန်းကန်တွန့်ဆုတ်လျက်ကပင် ကျွန်မ ထိုမိန်းမ၏ နောက်ကျောနှင့် တဖြည်းဖြည်း နီးနီးနီးနီးလာသည်။ ထို့နောက် ထိုမိန်းမ၏ နောက်ကျောနှင့် ကျွန်မမျက်နှာ ကပ်မိသည်အထိ နောက်မှအရာက တွန်းလွှတ်လိုက်ပါသည်။ ထိုမိန်းမက ဗြုန်းဆို လှည့်ကြည့်၏။

ကျွန်မမြင်ရသော မိန်းမသည် ချက်ချင်းပင် အိုမင်းသော အဘွားအိုကြီးမျက်နှာ ဖြစ်သွား၏။ ကျွန်မ ကြောက်လန့်တကြား အော်ဟစ်ပစ်လိုက်သည်။ သို့သော် ကျွန်မ အသံမထွက်ပါ။ အသံကို တစ်ယောက်ယောက်က ခိုးယူသွားသလိုပဲဖြစ်သည်။ နောက်ထပ် ကြိုးစား၍ အော်ဟစ်သည်။ အသံကတော့ မထွက်ပါ။ အော်ဟစ်ရင်း အော်ဟစ်ရင်းက ကိုယ်ခန္ဓာထဲရှိ အားအင်များ ဆုတ်ယုတ်ခွေလျော့ကာ ယိမ်းယိုင်သွား၏။ ထို့နောက် ကျွန်မသည် အုတ်ဂူတစ်ခုပေါ်သို့ မှောက်လျက်လဲကျသွားပါသည်။





ကျွန်မ မျက်နှာအပ်ထားသော အုတ်ဂူသည် ဟောင်းလောင်းပေါက်ကြီး ဖြစ်နေ၏။ ထိုအုတ်ဂူ၏ အောက်ခံမြေကြီးပေါ်တွင် လူတစ်ယောက် ပက်လက်လှန် လဲလျောင်းနေသည်။ ထိုလူသည် ကျွန်မ၏ ယောကျ်ား ဖြစ်လေသည်။

ကျွန်မသည် မြင်ရသောမြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားကာ မျက်စိတွေ ပြာဝေလျက် တစ်လောကလုံး မှောင်ကျသွား၏။

*

## အခန်း (၂)

မောင်သည် ကျွန်မနှင့် လက်မထပ်မီက မဟာဝိဇ္ဇာကျောင်းသား တစ်ယောက် ဖြစ်ပြီး ကျွန်မနှင့် လက်ထပ်ပြီးမှ မဟာဝိဇ္ဇာသမိုင်းဘွဲ့ကို ရရှိခဲ့ပါသည်။ မောင်က ကျောင်းမှာ နည်းပြဆရာအဖြစ် သူ့ကိုယ်သူ အသက်မွေးဝမ်းကျောင်းသည့်အချိန်တွင် ကျွန်မက ဖက်စပ် ကုမ္ပဏီတစ်ခုမှာ ကွန်ပျူတာကျွမ်းကျင်သူတစ်ယောက်အဖြစ် အသက်မွေး စီးပွားရှာခဲ့သည်။

ကျွန်မက သမိုင်းဆိုလျှင် မင်းတုန်းမင်းလောက်သာ သိသူ ဖြစ်ပြီး မောင်ကလည်း ကွန်ပျူတာနှင့်ပတ်သက်လျှင် **diskette** တစ်ခုကိုပင် **format** လုပ်ဖူးသူ မဟုတ်ပါ။ သို့သော် ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်အလုပ်ကို တစ်ယောက် စိတ်မဝင်စားစွာပင် လျစ်လျူရှုလျက်က တစ်ယောက်မရှိလျှင် တစ်ယောက် မနေနိုင်အောင် ချစ်မြတ်နိုးစုံမက်ခဲ့ကြပါသည်။

မောင်က ရှမ်းပြည်နယ်မှာ ကြီးပြင်းသည့် မြန်မာ၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ကြီးပြင်းသည့် အညာသူ စစ်စစ် ဖြစ်သည်။ သို့သော် မောင်ကလည်း ရှမ်းစော်ဘွားမျိုးနွယ်မဟုတ်သလို ကျွန်မကလည်း မြန်မာ မင်းမျိုးမင်းနွယ် မဟုတ်။ ကျွန်မက ပခုက္ကူသူ ဖြစ်သော ကြောင့် ရွှေဘိုမင်းဆက်နှင့်လည်း ဝေးသည်။ သရေခေတ္တရာ မင်း ဆက်နှင့်လည်း ဝေးသည်။

ကျွန်မ၏ အိပ်မက်အကြောင်း မောင့်ကို ပြောပြတော့ မောင်က ဟက်ဟက်ပက်ပက် ရယ်ခဲ့၏။

"ဆစ်ဂမန်ဖရွိုက်ရဲ့ နိယာမတစ်ခုအရ ပြောရရင်တော့ ကိုယ် သေတယ်လို့ အိပ်မက် မက်ရင် လေး ကိုယ့်ကို သေစေချင်လို့ပဲ"

"အို...မဦးမချွတ် မောင်ကလဲ"

ကျွန်မ မျက်နှာအပျက်ပျက်ဖြင့် ငြင်းဖို့ကြိုးစားမိသည်။ ကျွန်မ နှင့် မောင် အိမ်ထောင်ကျသည်မှာ လပိုင်းပဲ ရှိသေးတာ။ ဘယ်လို လုပ်ပြီး ကျွန်မက မောင့်ကို သေစေချင်ရမလဲ။ မောင်က ကျွန်မကို စ,နောက်ချင်ဟန်ဖြင့် ရယ်နေခဲ့သည်။

"အဲဒီဂူထဲမှာ မောင်က ဘာလုပ်နေတာတဲ့လဲ လေးရဲ့"

"အို...လေး ဘယ်သိမလဲ"

မောင် ဘာလုပ်နေခဲ့သလဲ၊ ကျွန်မ ရေရေရာရာ မသိပါ။ ကျွန်မ သည် အိပ်မက်ထဲမှာ သတိလစ်သွားခဲ့ပုံရသည်။

"ကိုယ် အိပ်ပျော်နေတာ ဖြစ်မှာပေါ့နော်" မောင်က ပြုံးစစဖြင့် မေး၏။

"ဟင့်အင်း...မသိဘူး"

မောင် မျက်လုံးပွင့်နေခဲ့သလား၊ ပိတ်နေခဲ့သလား မသိပါ။ ကျွန်မ သည် မောင့်မျက်နှာဟု သိလျှင်သိချင်း ကြောက်လန့်တကြား သတိ





လစ်သွားသည် ထင်ပါရဲ့။ အို...မဟုတ်သေးဘူး၊ ကျွန်မမျက်စိတွေ က အရင်ပြာဝေလာခြင်းဖြစ်သည်။ မျက်စိတွေ ပြာဝေရာမှ မှောင် ကျမသွားမီမှာ ကျွန်မ တစ်ခုခုကို မြင်ရသေးသည်။ အရာဝတ္ထု တစ် ခုခု ဖြစ်သည်။ ဘာပါလိမ့်။

"နေဦး မောင်ရဲ့၊ အိပ်မက်ထဲမှာ လေး တစ်ခုခုကိုမြင်သေးတယ်"

ကျွန်မ အလေးအနက်ပုံဖော်ဖို့ ကြိုးစားနေချိန်မှာ မောင်က ရယ် စရာလို သဘောထားလျက် ကျွန်မစကားဖြတ်လိုက်သေးသည်။

"ဒါနဲ့ လေး...ကိုယ် လေး အိပ်မက်ထဲမှာ အဝတ်အစားတော့ ပါပါတယ်နော်"

ကျွန်မသည် လုံးဝမရယ်နိုင်ဘဲ စိတ်ညစ်ညူးစွာ တွေဝေနေမိ သည်။ ဘာပါလိမ့်...မောင့်ကိုယ်ခန္ဓာအနီး ထူးထူးဆန်းဆန်း အရာ တစ်ခု ရှိပါသည်။ ထိုအရာမှာ ဘာပါလိမ့်။ ထို့နောက် ကျွန်မ ဖျတ်ခနဲ အလင်းတန်းတစ်ခု မြင်လိုက်သလိုပင် သတိရသွား၏။

"သိပြီ... လေး မှတ်မိပြီ၊ အိုးတစ်လုံးပဲ မောင်ရဲ့"

"ဘာကွ..."

မောင်က ရယ်ချင်ဟန် မျက်နှာထားဖြင့် မေးသည်။

"သောက်ရေအိုးလို အိုးတစ်လုံးပေါ့ မောင်ရဲ့၊ အမယ်...အဲဒီ အိုးက ပေါ့သေးသေး မထင်နဲ့ ပန်းခက်တွေ ဖော်ထားတာ သိပ်လှ တာပဲ၊ တော်တော်လဲ ကြီးတယ်"

"အိုးထဲမှာ ဘာမြင်ရလဲ ဟင်...လေး"

မောင်က မျက်နှာကိုမရယ်မိအောင် ဖွတ်ထိန်းချုပ်ဟန်ဖြင့် မေး ပြန်သည်။

"အိုးက အဖုံးဖုံးထားတာကို"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ"

မောင်က နဖူးကိုလက်ဝါးဖြင့် ဖျတ်ခနဲရိုက်လျက် ညည်းညူလေသည်။

"ဘာဖြစ်လို့လဲ မောင်"

"ဩော်... အိုးထဲ ရွှေမန်ကျည်းတောင့်တွေ ရှိချင်ရှိနေမှာ မဟုတ်လား၊ အခု အဖုံးပိတ်ထားတော့ ကိုယ်တို့နှစ်ယောက် ရွှေမန်ကျည်းတောင့်တောင် မမြင်ရတော့ဘူးပေါ့"

"မနောက်စမ်းပါနဲ့ မောင်ရယ်၊ လေး အရမ်းကြောက်တာပဲ"

မောင်က သည်တော့မှ မျက်နှာထားကို တည်ပစ်ကာ ကျွန်မ လက်ဖျားများကို ဖွဖွဆုပ်ကိုင်လေသည်။

"ဘာကြောက်စရာရှိသလဲ လေးရဲ့၊ အိပ်မက်ဆိုတာ အသိစိတ်က စွဲရင်စွဲ မဟုတ်ရင် မသိစိတ်က စွဲလို့ မက်ကြတာချည်းပဲ၊ လေးက ကိုယ်သေမှာကြောက်လို့ ဖြစ်မှာပေါ့၊ မနေ့က ကိုယ် ဗိုက်အရမ်းအောင့်တော့ လေး ပျာယာခတ်နေရတာ မှတ်မိလား၊ အဲဒီအချိန်မှာ လေးစိတ်ထဲ မောင်သေသွားရင် ဒုက္ခပဲ ဆိုတဲ့အတွေးကြီး တွေးမိခဲ့ပါလိမ့်မယ်"

"ဟင့်အင်း... မတွေးမိပါဘူး"

ကျွန်မ လွှတ်ခနဲ ငြင်းတော့ မောင်ပြုံး၏။

"မဟုတ်ဘူးလေ၊ မသိစိတ်ကပေါ့"

ကျွန်မ ဘာမှမပြောမိပါ။

"ဒီတော့ ကိုယ်သေမှာကြောက်တဲ့စိတ်ကြောင့်လဲ ကိုယ် သေတယ်လို့ အိပ်မက် မက်နိုင်တာပဲ"





"ဒါဖြင့် နန်းမြို့ရိုးကြီးတွေ၊ ရေကန်တွေ၊ နန်းပြာသာဒ်တွေ... အဲဒါတွေကရော မောင်"

မောင်က ပညာရှိတစ်ယောက်လို ပြုံးလေသည်။

"ဒါကတော့ မိန်းကလေးသဘာဝ စိတ်ကူးယဉ်တာ ပါမှာပေါ့ လေးရဲ့၊ လေး ငယ်ငယ်က အမေတွေ အဒေါ်တွေ ပုံပြောပြရင် ဘုရင်တွေ မင်းသား မင်းသမီးတွေ နန်းတော်တွေ မပါဘူးလား၊ အဲဒီအချိန်မှာ ပုံပြင်ထဲက မင်းသမီးလေးနေရာမှာ လေး မရှိချင်ဘူးလား"

ကျွန်မ မောင့်စကားကိုလည်း မငြင်းနိုင်။ သို့ပေမယ့် အဲသည်လိုလည်း မဟုတ်သေးဘူးဟု ထင်သည်။

"မြို့ရိုးကလေ အသေအချာမှ အုတ်နီရောင် ထပြီး အခိုင်အမာပဲ၊ ထုကြီးမှ ကောင်းမှကောင်း မောင်ရယ်၊ အဆောက်အအုံတွေက အများကြီး၊ ဒါပေမဲ့ သက်ရှိ တစ်ယောက်မှမရှိတာ အံ့သြစရာ၊ ဟိုမိန်းမက ဘယ်ရောက်သွားတာလဲ မသိ၊ အိပ်မက်ပြီးခါနီးတော့ အဲဒီမိန်းမက အဘွားကြီးဖြစ်သွားရော၊ အဲဒါရော ဘာသဘောလဲ"

မောင်က ခေါင်းခါယမ်းရင်း ပြုံးလေသည်။

"အိပ်မက်ဆိုတာ ရုပ်ရှင်ထက်တောင် မြန်သေးတာ၊ သူ့အိပ်မက်တွေက ဖျတ်ခနဲ ဖျတ်ခနဲပြောင်းတတ်တာ၊ လေးက ဆက်မမက်လို့၊ ဆက်များ မက်ရင် ကိုယ် အဘိုးကြီးဖြစ်ချင်ဖြစ်နေမှာ၊ တော်ပါသေးရဲ့ဗျာ"

ကျွန်မ မောင့်ကို မကျေမနပ် မျက်စောင်းထိုးမိပြန်၏။ သူများ ပူပင်သောက ရောက်ရတာကို နည်းနည်းမှ ငဲ့ညှာရကောင်းမှန်းမသိဟု အပြစ်တင်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အိုးကြီးက ဘာဖြစ်လို့ ပါသတဲ့လဲ မောင်ရဲ့"

"မသိဘူးလေ လေးရဲ့၊ ရွှေအိုးတွေ ဘာတွေများလားမှ မသိတာ"

"အင်း... ဖြစ်တော့ဖြစ်နိုင်တယ် မောင်ရဲ့၊ အိုးနှုတ်ခမ်းက နည်းနည်းတောင် ပဲ့နေသေးတယ်၊ ဖုန်တွေကလဲ ကပ်လို့၊ ကြည့်ရတာတော့ မြေကြီးထဲကနေ ဖော်ထားခဲ့ရတဲ့ အိုးပဲ ဖြစ်မယ်"

မောင်က ခေါင်းတညိတ်ညိတ် ပြုံးရယ်နေသည်။

"ဂူရယ်၊ အလောင်းရယ်၊ အိုးရယ် ဆိုရင်တော့ ဒီအိုးက ရွှေအိုးတော့ မဖြစ်နိုင်တော့ဘူး၊ ဖြစ်ခြင်းဖြစ်ရင် အရိုးအိုးပဲ ဖြစ်ရမယ်"

"ဘာလဲ ...အရိုးအိုးဆိုတာ"

"အရိုးအိုးဆိုတာ လူသေကို မီးရှို့ပြီး ကျန်တဲ့ပြာကို ထည့်ထားတဲ့အိုးလေ၊ ဟိုးရှေးခေတ်တုန်းကတော့ အဲဒီလို ထုံးစံရှိတယ် လေးရဲ့"

ကျွန်မမှာ မောင့်စကားကြောင့် တွေးစရာတစ်ခု ရသွားသည်။

တကယ်ပဲ ဤအိပ်မက်သည် သွေးလေချောက်ချားပြီး မက်သည့် အိပ်မက်မှ ဟုတ်ပါရဲ့လား။ အတိတ်ကို ဆောင်သော အိပ်မက်လား။ သို့မဟုတ် အနာဂတ်အတွက် နိမိတ်ဆောင်သည့် အိပ်မက်လား။ နန်းတော်တွေ မြို့ရိုးတွေနဲ့ဆိုတော့ အနာဂတ်ကို နိမိတ်ဖတ်တာတော့ မဟုတ်နိုင်။ အတိတ်ကို ပြချင်လို့များလား။

"လေးတို့ကို တစ်ခုခုပြောပြတဲ့ အိပ်မက်များ ဖြစ်မလားနော် မောင်"

ကျွန်မ အားကိုးတကြီး မောင့်ကို တိုင်တည်တော့ မောင်က အော်ဟာစ် ရယ်မောတော့မလို ဟန်ပြင်ပြီးမှ ပြန်ထိန်းချုပ်လိုက်လေသည်။



"ဘယ်သူက ပြောမှာလဲ လေးရဲ့၊ ဘာကို ပြောမှာလဲ"

"လေးလဲ မသိပါဘူးလေ"

ကျွန်မစိတ်ထဲမှာ တစ်ခုခု လိုအပ်နေသလို ခံစားရမှန်းတော့ သိသည်။ ဘာခံစားရမှန်းတော့ မသိကွဲပေ။

သိပ္ပံခေတ်လူသား ဖြစ်နေတော့ ရွှေအိုးတွေ သိုက်နန်းတွေကိုလည်း နည်းနည်းမျှ ထည့်မစဉ်းစားမိတာ အမှန်ပဲဖြစ်သည်။

ထို့နောက် လင်မယားနှစ်ယောက် အလုပ်ကိစ္စတွေထဲ နစ်မြုပ်သွားပြန်ကာ အိပ်မက်အကြောင်းကို ပြောဖို့ မေ့သွားခဲ့သည်။

ကျွန်မမှာ ညစဉ်ရက်ဆက်များ အိပ်မက်မက်မလားဟု စောင့်ခဲ့သော်လည်း နောက်ထပ်မမက်တော့ပေ။ အခြားအိပ်မက်တွေတော့ ကြိုကြား ကြိုကြားမက်သေး၏။

ဘာမှန်း မသိကွဲသော ဝိုးတဝါးမြင်ကွင်းများသာဖြစ်၍ နိုးသည့်အခါ မက်ခဲ့သော အိပ်မက်ကိုပင် ပြန်ပုံဖော်၍မရအောင် ရှိခဲ့သည်။

ကျွန်မ အာရုံထဲမှာ စွဲနေသော အိပ်မက်ကတော့ နန်းမြို့အိပ်မက်သာ ဖြစ်သည်။

ကျွန်မသည် တစ်ခါတစ်ရံ အလုပ်အားလပ်ချိန်တွင် အိပ်မက်ထဲက မြင်ကွင်းကို တစ်ကြောင်းချင်း ဖောင်တိန်ဖြင့် ရေးဆွဲခြစ်ကြည့်မိ၏။

မြို့ရိုးဝင်ပေါက်၊ မြို့ရိုးထဲမှ စုလစ်မွမ်းချွန်တပ် ပြာသာဒ်ဆောင် အဆောက်အအုံများ၊ ရေကန်ကြီးကြီးတစ်ခု၊ သစ်တောကြီးများ၊ မြို့ကို ဖြတ်လျက် စီးသွားသော ရေစီးသန်သည့် ချောင်း၊ တစ်ဖက် ဖရုံး မို့မို့ဆီက သချိုင်းကုန်း၊ သချိုင်းကုန်းထဲက ဂူ၊ ဂူထဲက အလောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်က အရိုးအိုး ဖြစ်နိုင်သည်ဟု ပြောခဲ့သော လှပ
ဟောင်းနွမ်းသည့် အိုး။

ထိုအိုးသည် စလောင်းဖုံး တပ်ထား၏။ စလောင်းဖုံးမှာလည်း ပန်းကွက်များ ပန်းခက်များဖြင့် ခြယ်သရေးဆွဲထား၏။ အိုးပုံစံက အဝခပ်ကျယ်ကျယ် ကိုယ်ထည်ကလည်း လိုက်လျောညီထွေစွာ ပို၍ ကျယ်သွားသည်။ သိပ်တော့မရှည်လှပေ။ ခပ်ပြားပြားပုံစံဖြစ်သည်။

ကျွန်မသည် အိပ်မက်ထဲက အိုးကို မြင်ယောင်မိသမျှ စာရွက်လွတ်ပေါ်မှာ ချရေးမိသည်။ ပုံပေါ်လာသောအခါမှာတော့ ထူးဆန်းသည့် အိုးတစ်လုံး ဖြစ်လာလေသည်။

မောင်က ကျွန်မ၏ စားပွဲပေါ်မှ နန်းတော်မြေပုံနှင့် အိုးပုံကို တွေ့သောအခါ စိတ်ပါဝင်စားစွာ ကောက်ကိုင်ကြည့်၏။

“ဧကန္တတော့ လေး အိပ်မက်ထဲက မြို့တော်ဟာ ပျူမြို့တော် တစ်ခုခုပဲ ဖြစ်မယ်”

မောင့်မျက်နှာမှာ လှောင်ပြောင်သရော်ရိပ် စ,နောက်လိုရိပ် မရှိပါ။

“ဘာပြောတာလဲဟင်”

“သြော်... ဒီအိုးပုံစံကို ပြောတာပါ လေးရဲ့၊ ဒီအိုးပုံစံက ပုဂံခေတ်တွေ ပင်းယခေတ်တွေ ကုန်းဘောင်ခေတ်တွေမှာ မရှိဘူး၊ ပျူခေတ်မှာပဲ ရှိတယ်၊ လေးကို ကိုယ်ပြမယ်”

ထို့နောက် မောင်က သူ့စာအုပ်ဗီရိုကို ဖွင့်ကာ စာအုပ်သုံးလေးအုပ် ဆွဲထုတ်လာ၏။

“ဒါနဲ့ လေး၊ ကိုယ့်သမိုင်းစာအုပ်တွေ ရှေးဟောင်းသုတေသနစာတမ်းတွေများ ဖတ်ဖူးသေးလား”





“ဟင့်အင်း”

ကျွန်မ စိတ်မဝင်စားမှန်း မောင် သိပါသည်။

“ဒါဖြင့် ဟောဒီမှာကြည့်”

မောင်ပြသော စာမျက်နှာမှာ ကျွန်မအိပ်မက်ထဲကလို အိုးပုံစံမျိုး အများကြီး တွေ့ရသည်။ ကျွန်မ အံ့လည်းအံ့သြ ဝမ်းသာလျက် ဓာတ်ပုံများ၊ ပန်းချီပုံများကို အထပ်ထပ် အခါခါ တိုက်ကြည့်နေမိတော့သည်။

“ဒါ လေးရဲ့ အိပ်မက်ထဲက တွေ့ရတဲ့ဟာမျိုးနဲ့ ဆင်တယ်နော်”

“အင်းလေ၊ အဲဒါတွေက ပျူခေတ်က ပစ္စည်းတွေပေါ့ လေးရဲ့”

ထို့နောက် မောင်က ကျွန်မဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သော မြို့ဟောင်းများအကြောင်းကို ပြောပြပါသည်။

ပျူယဉ်ကျေးမှု ထွန်းကားခဲ့သော သရေခေတ္တရာမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း... ကျွန်မသည် မောင့်ထံမှ ဤစကားများကို အရင်တုန်းကသာ ကြားရလျှင် ပျင်းရိငြီးငွေ့စွာ အိပ်ပျော်သွားနိုင်ပါလျက် ယခုတော့ စိတ်ဝင်တစား နားထောင်မိသည်။

“ဒါဖြင့် လေးကို တစ်ယောက်ယောက်က အိပ်မက်ပေးတယ်လို့ မောင် ထင်လားဟင်”

မောင်က ရယ်မော၍ ခေါင်းယမ်းသည်။

“ဒါပေမဲ့...”

“ဒါပေမဲ့ လေးက ပျူခေတ်နဲ့ တစ်ခုခု ဆက်စပ်တာဖြစ်ချင် ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒါဟာ သိပ်စိတ်ဝင်စားစရာလို့ မထင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တွေဝေစွာ ငေးမောနေမိသည်။

"ဒီလိုလုပ်ရအောင်လေ မောင်၊အခု နွေရာသီမှာ လေးနဲ့ မောင် ခရီးထွက်ကြရအောင်"

မောင်က မျက်ခုံးပင့်ကြည့်သည်။

"မောင်ပြောတဲ့ အဲဒီမြို့ဟောင်းတွေကို အခုတွေ့နိုင်သလား"

မောင်က ကျွန်မစကားကို နားလည်သွားကာ ခေါင်းညိတ်၏။

"ရှိတာပေါ့၊ တူးပြီးသား အုတ်ရိုးတွေ အုတ်ပံတွေ ပန္နက်ပုံတွေနဲ့"

"ဒါဖြင့် လေးတို့သွားကြရအောင်လေ"

ထိုအချိန်မှာတော့ ကျွန်မသည် ဝူထဲက အလောင်းသည် မောင် ဖြစ်သည်ဆိုတာကို မေ့ပျောက်ထားလို့ ရနေသည်။

ကျွန်မကို ခေါ်ဆောင်သွားသည့်ခရီးဆုံးသည် သင်္ချိုင်းကုန်းတစ်ခု ဖြစ်သည်ဆိုတာကိုလည်း မေ့ပျောက်ထားလို့ ရနေသည်။

ကျွန်မအာရုံမှာ ပေါ်နေသည်က ခိုင်ခံ့မြင့်မားသော မြို့ရိုးထုကြီး နှင့် တံခါးပေါက်၊ အတွင်းမှ နန်းတော်အဆောင်အခန်းများ။

"ပျူမြို့ဟောင်းက အစိက သုံးနေရာရှိတယ်၊ ကိုယ်တို့ဘယ်သွား ကြမလဲ"

"အို…လေးမှ မသိတာ မောင်သွားတဲ့နောက်ကို လေး လိုက်မှာပေါ့"

မောင်က ကျွန်မဆွဲထားသည့် မြေပုံကို ကြည့်ကာ စဉ်းစားနေ သည်။

"လေးက ပခုက္ကူသူဆိုတော့ သရေခေတ္တရာနဲ့ နည်းနည်းဝေးနေ တယ်၊ ဒီတော့ သရေခေတ္တရာကို ဘေးခဏဖယ်ထားလိုက်၊ ဟန်လင်း





နဲ့ ဗိဿနိုး နှစ်မြို့ရှိတယ်၊ နှစ်မြို့လုံးကလဲ ခေတ်ပြိုင်လို့ပါပဲ၊ အဲ… ခဏနေဦး၊ လေးရဲ့အိပ်မက်ထဲမှာ ချောင်းလေးတစ်ခု ပါတယ်နော်"

"ချောင်းလေး မဟုတ်ဘူး မောင်ရေ၊ ချောင်းကြီး…ချောင်းကြီး၊ လေး အဲဒီချောင်းကို အကျယ်ကြီးဖြတ်ရတာ"

"ဟုတ်ပြီလေ၊ ဒါဆို မြို့ရိုးနဲ့နီးနီး ချောင်းဖြတ်စီးတဲ့မြို့ဟောင်း ကတော့ ဗိဿနိုးပဲ"

ဗိဿနိုး ဟူသောနာမည်သည် ကျွန်မအတွက် ဆွဲဆောင်နိုင် သော အရာတစ်ခု ဖြစ်သည်။

ဗိဿနိုးဟူသော နာမည်ဖြင့် ကျွန်မ၏ အိပ်မက်သည် ပြီးပြည့်စုံ သွားပြီဟု ခံစားလိုက်ရလေသည်။

*

## အခန်း (၃)

နောက်ထပ် ကျွန်မတို့ ရောက်သော အဆောက်အအုံပျက်ကြီး ကတော့ ကြီးမားခံ့ထည်လှသည်။

နေရောင်သည် ပြိုပျက်နေသော တစ်ပိုင်းတစ်စအုတ်နံရံကြီးတွေ မှ ကျော်ဖြတ်လျက် ကျနေရာ အရိပ်များသည် အဆောက်အအုံကြီး ကို ပို၍ အသက်ဝင်အောင် ဖန်တီးနေသလို ရှိသည်။

ပြိုကျနေသော အုတ်ချပ်တစ်စွန်းတစ်စကို ခလုတ်တိုက်မိမှာ စိုး ၍ ကျွန်မ ရှောင်ကွင်းသွားရသည်။

အဆောင်အခန်း များပြားပုံရသည့် အုတ်အဆောက်အအုံအပျက် ကြီးသည် နေပူထဲတွင် ခြောက်သွေ့စွာ အထီးကျန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာထဲမှာ တွေ့ရတာတော့ ဒါ လူမှုရေးအဆောက်အအုံ၊ ဒါမှမဟုတ် ဘာသာရေးအဆောက်အအုံ ဖြစ်နိုင်မယ်တဲ့၊ ဒါ မိသားစု တစ်စုတည်း နေတဲ့အဆောက်အအုံ မဟုတ်ဘူး၊ လူ တော်တော်များများ ဝင်ထွက်သွားလာနေထိုင်လို့ ရအောင်ကို အခန်းတွေ ဖွဲ့ထားတာ"

မြေနီများ ဖုန်ထုများ ပေကျံလျက် ယိမ်းယိုင်နေသလို ရှိသည့် အုတ်တိုင်နံရံကြီးများသည် ကျွန်မတို့အပေါ်သို့ အချိန်မရွေး ပြိုကျနိုင်သည်။

ကျွန်မသည် အမှတ်တမဲ့ နောက်သို့ ဆုတ်ရပ်လိုက်မိသည်။

သို့သော် နောက်မှာလည်း အုတ်နံရံကြီးများ ရှိနေသည်။ ထိုနံရံထုများ ကျွန်မဘက်သို့ ပြိုကျလာနိုင်သေးသည်။

ကျွန်မသည် ပူပြင်းသော နေဒဏ်ကြောင့် မျက်စိများ ကျိန်းစပ်ကာ ရှုးကြောင်ကြောင် အတွေးတွေ ဝင်နေရသည်။

နှာခေါင်းထဲမှာ ဖုန်နံ့ မြေနံ့မဟုတ်သည့် အခြားရနံ့တစ်မျိုးကို ကျွန်မ ရသည်။

ကျွန်မတို့ ရောက်နေသည့် နေရာနှင့် ဘာမျှမဆိုင်သော ရနံ့မျိုး၊ အဟောင်းအမြင်းအနံ့မဟုတ်ဘဲ လတ်ဆတ်သစ်လွင်သော ရနံ့မျိုး ဖြစ်သည်။ လောင်ကျွမ်းလုနီးပါး တောက်ပသည့် နေရောင်နှင့်လည်း ဘာမျှမဆိုင်သည့် ရနံ့မျိုး စူးစူးရှရှ ပန်းရနံ့ဖြစ်သည်။

ကျွန်မသည် အိပ်မက်ထဲက တောရိုင်းပန်းပွင့်များကို သတိရသည်။

"ဒီနားမှာ ပန်းပွင့် ပွင့်တဲ့ ချုံပင်လေးတွေများ ရှိသလားဟင်... ဦးကြီး"





ကားမောင်းသမားက အူကြောင်ကြောင်မျက်နှာပေးဖြင့် ခေါင်းယမ်းခါ၏။

❀

"ရေကန်ရော"

"ရေကန်က နန်းတော်ရာအပြင်ဘက်တုန်းက ချိုင့်ကြီး တစ်ခု တွေ့ခဲ့တယ်မဟုတ်လား လေးရဲ့၊ အဲဒါ ရေကန်ဖြစ်မှာပေါ့"

မောင့်စကားကို ကားဆရာက မရေမရာထောက်ခံသည်။

ကျွန်မသည် ရေဘူးကလေး ယူလာခဲ့ရအကောင်းသားဟု သတိတရ တမ်းတတော်မှတ်မိသည်။ ဤမျှပူပြင်းသော အပူဒဏ်အောက်မှာ ရှိသမျှ ရေကန်တွေ ချောင်းတွေ ဘယ်လိုများ ရေရှိနိုင်ပါ့မလဲ။

ကျွန်မသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်လောက်က ဤပတ်ဝန်းကျင်မှာ စိုပြည်လန်းဆန်းနိုင်ပါ့မလားဟု သံသယဖြစ်မိသည်။

ဤပုံစံလို ခြောက်သွေ့ပူပြင်းနေခဲ့လျှင်တော့ ဤမြို့ဟောင်း ပျက်စီးတာ အံ့ဩစရာ မဟုတ်ပါ။ မောင် ပြောတာကဖြင့် ဗိဿနိုးမှာ ဆန်ရေစပါး ပေါများသတဲ့၊ ရန်ပယ်ချောင်းသည် ဗိဿနိုး၏အသက်သွေးကြော ဖြစ်သတဲ့၊ တရုတ်နိုင်ငံနှင့်ပင် ကူးသန်းရောင်းဝယ်ရေး ထွန်းကားပြီး စည်ကားသည့်မြို့တော်ကြီး ဖြစ်သတဲ့ မယုံနိုင်စရာဘဲ။

"မောင်ရေ... ရေငတ်လိုက်တာနော်၊ ဒီနားမှာ လယ်တဲလေး ဘာလေး မရှိဘူးလားကွယ်၊ ရေတောင်းသောက်ရအောင်လို့"

"ဟိုးခပ်လှမ်းလှမ်းမှာတော့ တဲကလေးတစ်လုံးမြင်တယ် ဆရာမရဲ့၊ အဲဒီကို သွားကြမလား"

ကျွန်မတို့သုံးယောက်သား အဆောက်အအုံဟောင်းကြီး မြေနေရာမှ ထွက်ခွာ၍ ထနောင်းပင်ရိပ်ကလေးဆီသို့ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တဲကလေးသည် နီးမလိုလို့နှင့် တော်တော်ဝေးကွာ၏။ ထနောင်းပင် နှစ်ပင်၏ အကြားမှာ ဆောက်ထားသော တဲကလေးကို ထန်းရွက်ခြောက် အမြွာများ အထပ်ထပ် စီ၍မိုးထားသည်။

အနီးသို့ ရောက်တော့မှ တဲ၏ တိုင်တစ်လုံးမှာ ထနောင်းပင်စည် တစ်ခု ဖြစ်နေမှန်း သိရသည်။

ထို ထနောင်းပင်စည်၏ အထက် တဲခေါင်မိုးမှ ဖြာထွက်သော ထနောင်းကိုင်းများကို မြင်ရ၏။

ပတ်ဝန်းကျင်မှ လောင်ကျွမ်းတောက်ပသည့် အပူရှိန်သည် တဲကလေး အနီးမှာတော့ လုံးဝမကပ်ငြိသလိုပင် ရှိသည်။ ထနောင်းရိပ်သည် အေးမြနေ၏။

ပတ်ဝန်းကျင်မှာ ချုံပုတ်သေးသေးကလေးများ ဆူးခက် ခြစ်ရုံလျက် ပေါက်နေသည်။ ပန်းပွင့်သေးသေးကလေးများသည် နံနက်နှင့် ညတို့တွင်သာ ပွင့်လန်းပုံရလျက် ယခုအချိန်မှာတော့ ညှိုးနွမ်းသလို ဖြစ်နေသည်။

တဲအတွင်းမှ လူတစ်ယောက် ထွက်လာသည်။

ထိုလူသည် အသားညိုမည်းကာ သန်မာတောင့်တင်း၏။ ဆံပင်က ခေါင်းတုံးဆံတောက်ပုံစံ၊ လည်ပင်းတုတ်ခိုင်ကာ စွပ်ကျယ် ကလေးမျှပင် မပါဘဲ အကျီဗလာဖြစ်သောကြောင့် ညိုပြောင်သော အသားအရေကို တင်းမာစွာ မြင်နေရသည်။

အသက်တော့ လေးဆယ်ပတ်ဝန်းကျင်တွင် ဖြစ်နိုင်သည်။ တောရွာက လူများသည် ရုပ်ရည် ပိုမိုရင့်ကျက် ညိုမောင်းတတ်သဖြင့် ကျွန်မ မခန့်မှန်းနိုင်ပါ။

"မြို့က ဧည့်သည်တွေ ထင်တယ်"



"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ ရေတစ်ခွက်လောက်များ ရနိုင်မလား"

မောင့်အမေးကို ထိုလူက လိုက်လှဲပျူငှာစွာ ဖြေသည်။

"ရပါတယ်… ရပါတယ်၊ ခဏထိုင်နားကြပါဦး"

ထို့နောက်တော့ ကျွန်မတို့သုံးယောက်သည် အိမ်ရှင်ချပေးသော ထန်းလျှင်နှင့် ရေကို အားရပါးရမြည်းစမ်းကာ သောက်ကြပါသည်။

အိမ်အတွင်းခန်း ကွပ်ပျစ်မှာတော့ အဘွားအိုတစ်ယောက်သည် ပြောင်းဖူးဖက်ဆေးလိပ်ကို လိပ်လျက်ရှိသည်။ အဘွားအို၏ ရှေ့တွင် စစ်ဆေးသုတ်ထားသော ခံတောင်းသေးသေးတစ်ခုနှင့် ဆန်ကော တစ်ခု ချထားသည်။

ဆေးရိုးများ၊ ပြောင်းဖူးဖက်ခြောက် အလိပ်များ၊ ဆေးရွက်ကြီးများကိုလည်း တွေ့ရသည်။ အသက် ၇၀ လောက်ဖြစ်မည်ဟု ကျွန်မ ခန့်မှန်းမိ၏။

မောင်က အိမ်ရှင်ကိုပီသနိုးမြို့ဟောင်းအကြောင်း မေးနေသည်။

"ကျွန်တော် လိုက်ပြပေးပါ့မယ်၊ ဟိုဘက် မြို့ရိုးအခြေမှာ တူးဖော်ပြီးသား ကုန်းတွေ ရှိသေးတယ်ဗျ၊ သချိုင်းကုန်းလို့ ပြောတာပဲ"

သချိုင်း ဟူသော စကားကြောင့် ကျွန်မ မေ့ပျောက်ထားသော အိပ်မက်၏ အဆုံးပိုင်းကို ချက်ချင်းသတိရသွားမိသည်။

"ဆရာတို့ စိတ်ဝင်စားရဲ့လား"

သူသည် မောင့်ကို ဆရာတစ်ယောက်မှန်းသိပြီး ခေါ်လိုက်တာ မဟုတ်နိုင်ပါ။ လူစိမ်းသူစိမ်းတွေ့တိုင်း ဆရာခေါ်နေကျ နှုတ်ကျိုးနေသည့် ပုံစံမျိုးသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားတယ်ဗျ၊ လမ်းပြလုပ်မယ့်လူ မရှိလို့ ကျွန်တော်တို့ မြေပုံနဲ့ လာရတာ၊ ရှေးဟောင်းသုတေသနက ထုတ်ထားတဲ့ မြေပုံပဲ တိကျပါတယ်၊ ဒါပေမဲ့ နည်းနည်းတော့ စမ်းတဝါးဝါးနိုင်တာပေါ့ ခင်ဗျ"

ထိုလူက ကျွန်မတို့အဖွဲ့ကို စိတ်ပါလက်ပါ ကူညီချင်သည့်ဟန် မျိုး ရှိသည်။

"အမေ...ကျွန်တော် ခဏလိုက်ပြလိုက်ဦးမယ်"

"အေး...အေး"

အဘွားအိုနှင့် ကျွန်မ မျက်လုံးချင်းဆုံမိသည်။ အဘွားအို၏ မျက်လုံးများ တောက်ပစူးရှလွန်းသဖြင့် ကျွန်မ ထိတ်ခနဲ ရင်ခုန်သွားပါ သည်။

မျက်လုံးများသည် အလျားရှည်၏။ မျက်ဆံက ယခင်ကတော့ နက်မှောင်ချင် နက်မှောင်မည်။ ယခုအချိန်မှာတော့ အညိုရောင်နှင့် မီးခိုးရောင် ရောစပ်ထားသောအရောင်ဖြစ်၍ ကြည်လဲ့နေ၏။

မျက်လုံးအောက ပါးရေများ တွန့်သွားသည်မှာ ပါးပြင်အထိ အရေးအကြောင်းများ ဖြစ်နေသည်။ မျက်တောင်က ငယ်စဉ်က မည်းနက်ကော့ပျံ့ပုံရပြီး ယခုအချိန်မှာတော့ ညိုလဲ့လဲ့ ဖျော့မှိန် စင်း ကျနေသည်။

အဘွားအိုက ကျွန်မကို ပြုံးပြလိုက်သောအခါ ကျွန်မသည် ငေး မောနေရင်းမှ ပြန်ပြုံးပြလိုက်မိ၏။ ကျွန်မ၏ အိပ်မက်ထဲက အဘွား အိုလို ကြောက်စရာမကောင်းပါ။

ခင်မင်ချစ်ခင်စဖွယ်သာ ဖြစ်ပါသည်။ သဘောကောင်းသော အဘွားအိုတစ်ယောက်ပုံစံပဲ ဖြစ်သည်။





ကျွန်မတို့ တဲနှင့် ခပ်လှမ်းလှမ်း လျှောက်သွားမိပြီးနောက် ကျွန်မ နောက်သို့ ပြန်လှည့်ကြည့်မိသေး၏။ အဘွားအိုသည် လိပ်လက်စ ဆေးလိပ်ကို ကိုင်ထားပြီး ကျွန်မတို့ဆီ လှမ်းကြည့်နေသည်ကို မြင် ရသည်။

ကျွန်မရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွား၏။ အဘွားအို၏ အကြည့် မှာ ဘာပါသလဲ။ ခင်မင်မှုလား၊ မဟုတ်သေးပါဘူး၊ တစ်ခုခု ပိုသေး သည်။

မကျေနပ်မှုလား၊ ဟင့်အင်း...အဘွား၏ မျက်လုံးတွေက ဖြူစင် ရိုးဖြောင့်နေသည်။ ကျွန်မ သိပြီ။ စိုးရိမ်ပူပန်မှု။

ကျွန်မသည် အဘွားအိုမျက်လုံးထဲမှ စိုးရိမ်ပူပန်မှုကို ပုံဖော်လျက် ခြေလှမ်းတွန့်ဆုတ်စွာ လှမ်းလာခဲ့ရသည်။ အဘွားအို၏ စိုးရိမ်မှုကို ကျွန်မ ခံစားမိသောအခါ ရှေ့ဆက်သွားရမည့် ခရီးအတွက် စိတ် အနှောင့်အယှက် ဖြစ်လာ၏။

ကျွန်မတို့ ဘယ်သွားနေကြတာလဲ။ သချိုင်းကုန်းရှိရာကိုလား။

"ကျွန်တော့်အဖေက လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်လောက်က ဒီဗိသုကာမြို့ဟောင်း တူးဖော်ရာမှာ ကိုယ်တိုင်ဝင်လုပ်ခဲ့တာ ဆရာရဲ့"

"ဟုတ်လား၊ အဲဒီတော့ ခင်ဗျားက ဘယ်အရွယ်လောက် ရှိပြီလဲ"

"ကျွန်တော် မတ်တတ်ပြေးနေတဲ့အရွယ်လို့ အမေက ပြောတာ ပဲ"

ကျွန်မ သူ့စကားကြောင့် အနည်းငယ်ပြုံးမိမလိုဖြစ်သွားသည်။

တောရွာနေ လူတို့သည် မိမိ၏ မွေးသက္ကရာဇ်ကို နာရီအတိအကျ မဆိုထားနှင့်၊ ရက် လ နှစ်ကိုပင် မှတ်မထားကြဘူးဟု ကြားဖူးတာ မှန်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အဖေက ကုက္ကိုခြွာသားပေါ့၊ ကျွန်တော်တို့မှာ လယ်တွေ ရှိပါတယ်၊ ဒါပေမဲ့ လယ်ကို အမေနဲ့ ဦးကြီးကို လွှဲထားပြီး ဒီတူးဖော်ရေး လုပ်ငန်းမှာ အဖေ ပါခဲ့တယ်၊ အဖေ အဲဒီထဲမှာ ပါအောင် အဖေ့ကို အိပ်မက်ပေးတာတဲ့ဗျ"

အိပ်မက်ပေးတာဟူသော စကားအဆုံး၌ ကျွန်မနှင့်မောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

သို့သော် မပြုံးရယ်မိကြပါ။

"ဘယ်လိုအိပ်မက်မျိုးလဲဗျ"

"အဲဒါတော့ ကျွန်တော်ကောင်းကောင်းမမှတ်မိဘူး၊ အမေပြောပြသလောက်တော့ အဖေက အိပ်မက်ထဲမှာ နန်းမြို့ရိုးတစ်ခုထဲကို ခေါ်သွားခံရတာတဲ့၊ ဟိုအထဲ ရောက်တော့ နန်းမြင့်ပြာသာဒ်တွေက တော်တော်လှတယ်ဆိုပဲ၊ အဲဒီမှာ အဖေက မိန်းမတစ်ယောက်နဲ့ တွေ့သတဲ့၊ အမေပြောသလိုဆိုရင်တော့ အဲဒီမိန်းမက ထိုင်မသိမ်း လုံချည် နဲ့ ရှေးက ရင်ခံအင်္ကျီလိုမျိုး ခပ်ကျပ်ကျပ်ကို ဝတ်ထားသတဲ့"

ကျွန်မ ရုတ်တရက် သူ့ကို မော့ကြည့်မိသည်။

"အဲဒီမိန်းမက ဒီမြို့ကြီးကို မင်းထိန်းသိမ်းရမယ်...ကြားလားလို့ မှာသတဲ့ ဆရာရဲ့"

"အင်း...ကေန္တ တော့ ဒါ ပန်ထွာဘုရင်မပဲ ဖြစ်မယ်ဗျို့"

ကားဆရာက ဝင်၍ ဟာသစွက်သော်လည်း မည်သူမျှ မရယ်မောကြပါ။

"မဟုတ်နိုင်ဘူးဗျ၊ ပန်ထွာဘုရင်မက လှသတဲ့၊ ကျွန်တော့်အဖေရဲ့ အိပ်မက်ထဲက မိန်းမက မလှဘူး"

ကျွန်မအိပ်မက်ထဲက မိန်းမကလည်း မလှပါဘူးဟု ကျွန်မ ဝင်





ပြောချင်စိတ် ပေါက်လာ၏။ သို့သော် သူ့စကားကိုသာ ဆက်၍ နားထောင်နေမိသည်။

"ဆက်ပါဦးဗျ"

"ဒါပဲဗျ၊ အဲဒီ အိပ်မက် မက်ပြီး လပိုင်းအတွင်းမှာပဲ အဲဒီ သုတေသန အဖွဲ့တွေ ရောက်လာပြီး တူးကြ ဖော်ကြတာပါပဲဗျာ၊ လေးငါးဆယ်ခါလောက် ရှိမယ်ဗျ၊ ပြန်သွားလိုက် လာတူးလိုက်နဲ့ပေါ့ဗျာ၊ အဲဒီတစ်ချိန်လုံးလဲ အဖေ ဝင်ပါခဲ့တာချည်းပဲတဲ့"

ကျွန်မ၏ အိပ်မက်ထဲက မိန်းမကတော့ ကျွန်မကို မြန်မာစကားနှင့် ပြောတာမဟုတ်၍ ကျွန်မနားမလည်ခဲ့ပါ။ အကယ်၍သာ သူမ၏ စကားကို ကျွန်မ နားလည်ခဲ့လျှင် ကျွန်မကိုများ ဤမြို့ဟောင်းကို ထိန်းသိမ်းစောင့်ရှောက်ခိုင်းလေမလားမသိ။ ဤကဲ့သို့ တွေးလိုက်မိသောအခါ ကျွန်မ ကြက်သီးဖြန်းခနဲ ထသွား၏။ ထို့ကြောင့် သူ့စကားကို ဖြတ်၍ မေးခွန်းတစ်ခု မေးလိုက်သည်။

"အခု ရှင့်အဖေရော"

အဖြေသည် ကျွန်မမျှော်လင့်သည့်အတိုင်း ဖြစ်၏။

"ဆုံးသွားပြီဗျ"

ထို့နောက် သုံးယောက်သား ငြိမ်သက်စွာ ခြေလှမ်းဆက်လှမ်းကြသည်။

"ဆုံးတာ ကြာပြီလား"

ကျွန်မ မမေးချင်သောမေးခွန်းကို မောင်က မေးလိုက်ပါသည်။

"ဟာ...ကြာလှပြီပေါ့ဗျာ၊ ကျွန်တော် ငါးတန်းကျောင်းသားအရွယ်ကတည်းကပဲ၊ အဖေ့ကို ကျွန်တော်မှတ်မိသလောက်တော့ အဖေက သိပ်သဘောကောင်းတာဗျ၊ ညနေ ညနေဆိုရင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို လှည်းပေါ် တင်ပြီး ကုက္ကိုခွရွာကနေ ဟောဒီ မြို့ဟောင်းထဲကို လာနေကျ၊ ဒီရောက်ရင် ကျွန်တော့်ကို လက်တွဲပြီး အုတ်ပုံတွေကို လျှောက်ပြပါလေရော၊ အဲဒီတုန်းကတော့ ကျွန်တော်က ငယ်လဲငယ်သေးတယ်၊ သမိုင်း ဆိုတာတွေ၊ သုတေသနဆိုတာတွေလဲ သိပ်မသိတဲ့အရွယ်ပေါ့ဗျာ၊ ကျွန်တော့်အတွက်ကတော့ မြို့ပျက်ကြီးဟာ ကျက်သရေမင်္ဂလာကင်းမဲ့တဲ့ ခြောက်ခြောက်သွေ့သွေ့အထီးကျန်မြို့ကြီးပဲဗျ၊ ကျွန်တော် ဒါပဲ သိတယ်၊ အုတ်ပုံအပျက်တွေ၊ ရေကန်အပျက်တွေ၊ ဘုရားဆွရာတွေကိုလဲ ကျွန်တော်စိတ်မဝင်စားပါဘူး၊ ကျောက်ဒိုး ထုဖို့လောက်သာ ကျွန်တော်က စိတ်ဝင်စားခဲ့တာကိုး”

နေဝင်ရီတရောအချိန်တွင် လှည်းကလေးပေါ်မှာ လူနှစ်ယောက်တည်း ရှိနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း သက်ရှိဟူ၍ သူတို့နှစ်ယောက်သာ ရှိလိမ့်မည်။ ဖုန်ထုနှင့် ရောနှောကာ မြေကြီးရောင်ထနေသည့် အုတ်ပုံအပျက်များသည် ငါးတန်းကျောင်းသားကလေးတစ်ယောက်အဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်ပေမည်။

“အဖေကတော့ အုတ်ကုန်းတွေကို နာမည်နဲ့ နံပါတ်နဲ့ အလွတ်ရတယ်ဗျ၊ အမှတ် ၁၂၊ အမှတ် ၁၃ စသဖြင့်ပေါ့ဗျာ၊ အဖေ ပြောပြောနေလို့ သိတာကတော့ အမှက် ၁၄ ကုန်းက သချိုင်းကုန်းဆိုပဲ”

စကားပြောကျင့်မရှိသော တောရွာနေ လူတစ်ယောက်၏ ထုံးစံအတိုင်း သူ့စကားများ ဟိုရောက် သည်ရောက် ဖြစ်နေ၏။ သို့သော် ကျွန်မတို့ သုံးယောက်စလုံး စကားဖြတ်၍ မမေးမြန်းကြပါ။

သချိုင်းကုန်းဟူသော နာမည်ကြောင့် ကျွန်မ ကြက်သီးထသလို ဖြစ်သွားပြန်ကာ ခေါင်းပေါ်မှာ ကျဲကျဲတောက် အရှည်ပျော်မတတ်





ပူနေသည့် အပူရှိန်အောက်မှာပင် အေးမြလာသလို ကျောထဲ စိမ့်လာသည်။

“အဲဒီသချိုင်းကုန်းမှာ အရိုးအိုးတွေအပြင် ဘာတွေ့ရတယ် ထင်သလဲ၊ လူအရိုးစုဗျ”

ကျွန်မ ပါးစပ်အဟောင်းသား ငေးမောသွားမိပေမယ့် မောင်ကတော့ အံ့သြပုံမရပါ။

“ကျောက်ခုံလို့ ထင်ရတဲ့ အုတ်အခင်းပေါ်မှာ ပက်လက်ဖြစ်နေတဲ့ အရိုးစုကို တွေ့တဲ့အဖွဲ့ထဲမှာ အဖေပါတယ်၊ အရာရှိကြီးတွေ ခိုင်းသမျှ အဖေတို့အဖွဲ့က တစ်သဝေမတိမ်း လိုက်နာကြတာတဲ့၊ အဖေ့ကြည့်ရတာ ကြောက်ဟန်လဲ မတူဘူးတဲ့၊ အမေက စိတ်ပေါက်ပေါက်ရှိတာနဲ့ တော့်အရိုးက ယောက်ျားအရိုးလား မိန်းမအရိုးလားလို့ မေးတော့ အဖေ မဖြေနိုင်ဘူးတဲ့ဗျ၊ အမေကတော့ စိတ်မှန်းနဲ့ မိန်းမအရိုးပဲ ဖြစ်မှာပါလို့ နိမိတ်ဖတ်နေလေရဲ့”

“တကယ်တော့ အဲဒါ ယောက်ျားအရိုးဗျ၊ ကျွန်တော်တို့ စာစောင်တွေထဲမှာ ဖတ်သမျှတော့ အသက်ခပ်ငယ်ငယ်ပဲတဲ့”

မောင်က ဝင်ပြောတော့ သူက မောင့်ကို လေးလေးစားစား ကြည့်သည်။

“ဟုတ်လားဆရာ၊ အဲဒါ အမေသိရင် အတော်စိတ်ချမ်းသာမှာဗျ၊ အမေက အဲဒီအရိုးပိုင်ရှင်ဟာ အဖေ့အိပ်မက်ထဲက မိန်းမလို့ စိတ်စွဲနေခဲ့တာ၊ အဖေကလဲ သေသာသွားရော အဲဒီအရိုးဟာ ယောက်ျားရိုးလား မိန်းမ ရိုးလား မသိသွားရှာဘူးလေ၊ အမေက ဘယ်လောက်ထိ အယူသီးသလဲဆိုရင် အဖေ ဒီမြို့ပျက်ကြီးကို တစ္ဆေအဖြစ်နဲ့ ထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းနိုင်အောင်လို့ အဲဒီမိန်းမက လိပ်ပြာနုတ်သွားတာလို့တောင် ထင်နေတာ ဆရာရယ်"

အဘွားအို၏ အယူသီးမှုကို ကျွန်မ ကိုယ်ချင်းစာနိုင်ပါသည်။ ကျွန်မပင်လျှင် မမက်ဖူးသော အိပ်မက်ဆန်းတစ်ခုကြောင့် ဘာမှန်း မသိသော စိုးရိမ်ပူပန်မှုဖြစ်နေရသည် မဟုတ်လား။

ကျွန်မတို့သည် အုတ်အပြိုအပျက်များ အထပ်ထပ် မညီမညာဖြစ်နေသည့် ကုန်းမြင့်တစ်ခုသို့ ရောက်လာကြသည်။ အနီး ပတ်ဝန်းကျင်တွင် ဆူးပင်သေးသေးကလေးများနှင့် ထနောင်းပင်ပုံများ ရှိနေသော်လည်း ဤနေရာသည် အခြားမြေနေရာများထက် ပို၍ ပူပြင်းခြောက်သွေ့နေသည်။

"ဟောဒီနေရာက ဟိုတုန်းက သင်္ချိုင်းနေရာလို့ အဖေ ပြောတာပဲ"

ဖြစ်နိုင်ပါသည်။ ကျွန်မတို့လျှောက်လာခဲ့သော မြို့တွင်းမှာတော့ ဤနေရာသည် အစွန်အဖျားဆုံး ကုန်းမို့ဖြစ်သည်။

"ဟောဒါက အပြင်မြို့ရိုး အုတ်အပျက်အစီးတွေပေါ့"

သူညွှန်ပြသောနေရာမှာ ဆူးချုံများ ရှင်းလင်းနေပြီး သေသပ်သော မြေကျင်းကလေးများ တူးထား၏။ အုတ်ခဲအလွှာများကို အနီးကပ် မြင်ရသည်။ ထိုအုတ်အလွှာများသည် မကြာခဏ ရွှေ့ပြောင်းကိုင်တွယ်ထားခံရသလို မညီမညာဖြစ်နေ၏။

"ကျွန်တော် ဒီဘက်တွေကို တစ်လတစ်ခါလောက်တော့ လာဖြစ်ပါတယ်၊ ကျွန်တော်လာတိုင်းလဲ အုတ်တွေကို တတ်နိုင်သမျှပြန်ပြန်စီပေးခဲ့တယ်၊ တစ်ခါတစ်ခါကျ လူတွေက ခက်တယ်ဗျ၊ ဘာမှလဲ အကျိုးမရှိဘဲနဲ့ လက်အငြိမ်မနေနိုင်တဲ့ လူတွေ ရှိတယ်၊ ဒီက





အုတ်ချပ်တွေက ဟိုရောက် ဒီရောက်ဖြစ်ချင်ဖြစ်နေတာ၊ ကျွန်တော်လဲ အဖေ ခဏခဏပြောပြလွန်းလို့သာ ဒီအုတ်ချပ်တွေကို ထိန်းသိမ်းရကောင်းမှန်း သိခဲ့တာ"

ကျွန်မတို့ရှေ့တွင် အုတ်ပုံ အထပ်ထပ် အလွှာလွှာဖြင့် အဆောက်အအုံပျက် အုတ်ကုန်းကြီးတစ်ခု ရှိနေ၏။ အချို့နေရာများသည် လူတစ်ရပ်လောက် နက်ရှိုင်းစွာ တူးထားပြီး အချို့နေရာများကတော့ လှေကားထစ်များသဖွယ် အဆင့်များ ဖြစ်နေသည်။ မောင်တို့ သုံးယောက်က ကျင်းချိုင့်အုတ်ခြေအထိ ဆင်းတော့ ကျွန်မပါ လိုက်ဆင်းသွားရသည်။

အဆောက်အအုံပျက်သည် အောက်သိုးသိုး ပုန်နံ့တစ်မျိုး ရ၏။ လေသည် ကျွန်မတို့၏ ခေါင်းပေါ်မှ ဖြတ်တိုက်သွားပြီး ကျွန်မတို့ အောက်ခြေသို့ ရောက်မလာခဲ့ပေ။

ကျွန်မသည် အသက်ရှူကျပ်သလို ဖြစ်လာ၏။ ကျွန်မ ရောက်နေသော ကျင်းသည် တစ်ချိန်တုန်းက လှုသေအလောင်း ထားသော အခန်း ဖြစ်ချင်ဖြစ်နိုင်သည်ဟု တွေးမိသောအခါ ကျွန်မ လည်ပင်းဆီတွင် ဆို့နင့်သော ခံစားမှုကို ရလာခဲ့သည်။ အိပ်မက်ထဲမှာ မောင်ရောက်နေသော ဂူသည် ယခုလိုပဲ ကျဉ်းကျဉ်းရှည်ရှည် အုတ်အခန်းကလေး ဖြစ်သည်ဟု သတိရသွားသည့်အခါမှာတော့ ကျွန်မ မူးနောက်သလို ဖြစ်လာသည်။ ဘာဖြစ်လို့များ ကျွန်မ ဤမြို့ပျက်ကြီးထဲသို့ လာခဲ့မိပါလိမ့်။ ကျွန်မကို ဤမြို့ပျက်ကြီးရှိရာသို့ လာမိအောင် မည်သည့်အရာက ဆွဲခေါ်ခဲ့ပါလိမ့်။ ဟိုမိန်းမကလား၊ ချောင်းရေစီးသံကလား။

"မြို့ဟောင်း တူးတဲ့အဖွဲ့ထဲက အရာရှိကြီးတစ်ယောက် အဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ရွာသားတွေကို ခဏခဏပြောဖူးသတဲ့၊ အဟောင်းဆိုတာ သမိုင်းပဲတဲ့၊ အဟောင်းကို အဟောင်းအတိုင်း စောင့်ရှောက် မှတ်တမ်းတင်ခြင်းအားဖြင့် မွမ်းမံပြင်ဆင်တာထက် ပိုပြီးအကျိုးရှိတယ်ဆိုပဲ ဆရာရဲ့၊ ကျွန်တော့်ကို အဖေက ခဏခဏပြောတယ်၊ ဒီလိုနဲ့ပဲ ကျွန်တော်က အဖေ့ကိုယ်စား ဒီမြို့ဟောင်းကြီးဘေးမှာ အစောင့်ဖြစ်နေမှန်းမသိ ဖြစ်ခဲ့ရတာပါပဲ ဆရာရယ်"

အုတ်ပုံအပျက်၏ ဟောင်းနွမ်းဖုန်ထူသော အနံ့ကြောင့်လား၊ လှောင်ပိတ်မွန်းကျပ်သည့် ပတ်ဝန်းကျင်ကြောင့်လား၊ သို့မဟုတ် ခေါင်းပေါ်က စူးရှတောက်ပသည့် နေပူရှိန်ပြင်းပြင်းကြောင့်လား မသိ၊ ကျွန်မ ရုတ်တရက် ခေါင်းထဲမှာ စူးစူးဝါးဝါးကိုက်ခဲလာသည်။

"ဒါနဲ့ ခင်ဗျားအဖေက ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ"

ကားဆရာက မေး၏။

"အင်း...ဘယ်လိုပြောရမလဲ၊ ဖျားပြီး ဆုံးသွားတာပါပဲဗျာ၊ တစ်ညနေမှာ ကျွန်တော်ရယ် အဖေရယ် ထုံးစံအတိုင်း ရွာကနေ ဒီကို လှည်းနဲ့ လာကြတယ်ဗျ၊ လှည်းနဲ့ဆိုပေမယ့် မြေလမ်းပေါက်တဲ့နေရာအထိပဲ အဖေက လှည်းမောင်းတယ်၊ ဒီနန်းမြို့ဘက်ကိုတော့ အဖေ ဘယ်တော့မှ လှည်းမမောင်းဘူး၊ ကျွန်တော့်ကိုလဲ မမောင်းဖို့ အမြဲပြောတယ်၊ ကျွန်တော်တို့ ရပ်နေတဲ့မြေနေရာတွေဟာ သမိုင်းအတွက် အရေးကြီးသတဲ့၊ မတူးရသေးတဲ့အဆောက်အအုံတွေ အသုံးအဆောင်ပစ္စည်းတွေ ကျွန်တော်တို့ခြေဖဝါးအောက်မှာ အများကြီးရှိတယ်တဲ့၊ လှည်းမောင်းတဲ့ ဒဏ် ကားမောင်းတဲ့ ဒဏ်တွေကြောင့် အက်ကွဲပျက်စီးကုန်မှာ စိုးရတယ်တဲ့၊ တစ်ချိန်ချိန်မှာ ထပ်တူးဖို့ လိုချင်လိုလာမှာတဲ့၊ အဖေကတော့ စံပါပဲဗျာ"





ပြောရင်းဆိုရင်း အကြောင်းအရာက ဘေးချော်ထွက်သွားပြန်၏။

"တစ်ညနေမှာ နောင်ကြီးတို့ သားအဖ ဒီမြို့ဟောင်းထဲကို လာလည်ကြတယ်၊ ဆက်ပြောပါဦး"

မောင်က သိသိသာသာပင် စကားထောက်မေးတော့ သဘောကောင်းသော ရွာသားကြီးက အားပါးတရပြုံးရယ်လေသည်။

"ဟုတ်ပါ့ဗျာ၊ ကျွန်တော်လဲ ပြောရင်း စကားတွေ ရောကုန်ပေါ့၊ ဟုတ်တယ်...တစ်ညနေမှာ ကျွန်တော်တို့ ဒီကိုရောက်လာကြတယ်၊ ဒီကိုဆိုတာ မြို့ဟောင်းထဲတွင် မကဘူးဗျ၊ နန်းတော်ကုန်းတင် မကဘူး၊ ဟောဒီနေရာအထိ ရောက်ခဲ့တယ်"

ကျွန်မမတ်တတ်ရပ်နေသော အုတ်ကျင်းကို မေးငေါ့ပြပါသည်။

"အဲဒီညနေက ကျွန်တော်တို့နှစ်ယောက် ဒီနေရာမှာ အကြာကြီးနေခဲ့ကြတာ၊ မြေပြင်အပူက တဖြည်းဖြည်းအေးလာတဲ့အထိ ဆိုပါတော့၊ ညချမ်းအထိပေါ့ဗျာ၊ အဲဒီညက မိုးလဲ ဖွဲဖွဲရွာတယ်၊ လေကလဲပြင်းတယ်၊ ကျွန်တော်ဆောင်းထားတဲ့ ထန်းဖူးဦးထုပ်တောင် လွင့်သွားလို့ ဟိုးအဝေးထိ ကျွန်တော်သွားကောက်ရသေးတာ၊ အဖေ ပြန်ရအောင်လို့ ပြောတော့ အဖေက နေဦးဆိုပြီး ကျွန်တော့်ကို ဟိုတုန်းက အကြောင်းတွေ ပြန်ပြောနေသေးတယ်၊ ကျွန်တော် ခဏခဏကြားရပြီး သိပ်စိတ်မဝင်စားလို့ ဘာမှန်းမမှတ်မိတော့တဲ့ စကားတွေပေါ့ဗျာ၊ တစ်ခုတော့မှတ်မိတယ်ဗျ၊ အဲဒီညက အဖေပြောတဲ့စကားထဲမှာ စာကြိုးစားတဲ့၊ အတန်းများများအောင်အောင် သင်တဲ့၊ ပညာတတ်ကြီး ဖြစ်အောင် လုပ်ပါတဲ့"

ကိုယ်အထက်ပိုင်း ဗလာကျင်းနေသော ဤရွာသားကြီးသည် သူ့အဖေ၏ စကားကို မည်မျှနားထောင်ခဲ့သနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလဲ ကျောင်း အားကြီးပျင်းတယ်၊ စာသင်ရတာထက် လယ်ကန်သင်းဆောမှာ ပုစွန်လုံး နှိုက်ရတာကို ပိုပျော်တယ်၊ စာကျက်ရတာ ဂဏန်းတွက်ရတာထက် မှိုကျင်း ရှာရတာ ပိုပျော်တယ်၊ အဖေလဲ သေရော ကျွန်တော်လဲ ကျောင်းထွက်လိုက်တော့တာပါပဲ"

တစ်ခဏ တိတ်ဆိတ်သွားသည်။

ကောင်းကင်ပြာပြာမှ ငှက်တစ်အုပ် အသံတိတ်စွာ ပျံသန်းသွားကြ၏။

ကျွန်မသည် ကောင်းကင်က အပူရှိန်ကြောင့် မျက်လုံးများ ရုတ်တရက် ပြာဝေသွားသည်။

"အဲဒီညက အပြန်မှာ အဖေ လှည်းမမောင်းဘူး၊ ကျွန်တော် လှည်းမောင်းရတယ်၊ အဲဒီညက အဖေ တော်တော်စကားနည်းတယ်၊ အဲလေ ... စကားနည်းတာ မဟုတ်ပါဘူး၊ ငြိမ်ကို ငြိမ်နေတာ ဘာမှကို မပြောတော့တာဗျ၊ မှောင်ကလဲ မှောင်နေတော့ ကျွန်တော်က လှည်းကို အာရုံစိုက်မောင်းနေတာ၊ နွားတွေကလဲ အဲဒီနေ့မှ ဒုန်းစိုင်းပြေးလိုက်တာဗျို့၊ ကျွန်တော် မနိုင့်တနိုင်နဲ့ မနည်းဆွဲထိန်းထားရတယ်၊ အိမ်ရောက်မှ သိတာ၊ အဖေက ကိုယ်တွေ ပူပြီး ဖျားနေပြီဗျ"

ကျွန်မလည်း ဖျားများ ဖျားနေပြီလားမသိ။ ခေါင်းတွေ ကိုက်ခဲကာ ရင်တလှပ်လှပ်မူးနောက်နေသည်။

ကျွန်မနောက်က အုတ်နံရံတစ်ခုကိုသာ မှီ၍ရပ်နေလိုက်ရ၏။

ကျွန်မကိုယ်ခန္ဓာ၏ ပွတ်တိုက်မှုကြောင့် နောက်ဘက်က အုတ်အလွှာများကြားမှ အုတ်မှုန့်များ မြေမှုန့်များ ရုတ်တရက် ပြိုဆင်းကာ ကျွန်မခြေဖနောင့်တွေအနားသို့ ကျလာသည်။





"အမေက ပထမတော့ တဖျစ်တောက်တောက်နဲ့ ဆူပူနေတာပေါ့ဗျာ၊ အဲဒီကို ဘာကိစ္စ သွားရတာလဲ၊ ဘာမှ အကျိုးမရှိတဲ့ အလုပ်ကို ဘာကြောင့် လုပ်နေရတာလဲ၊ ထည်သွားတွေ တုံးနေတာတော့ သွားသယ်ပြီး လဲမယ်မကြံဘူး၊ အဲဒါကိုသာ ကြပ်ကြပ်လုပ်နေ၊ တစ်နေ့ရှင် အဲဒီက ဥစ္စာစောင့်မ တစ်ယောက်ယောက်နဲ့ ရမယ်တဲ့။

"အမေ ဘာပြောပြော အဖေက ပြန်မပြောနိုင်ဘူး၊ တစ်ခါတည်း စောင်ခြုံပြီး ကွေးတော့တာပဲ၊ နောက်တော့မှ အဖေ တကယ်ဖျားမှန်း သိတော့ အမေက ရေနွေး ကပျာကယာတည်ပြီး လျှာပွတ်ဆေးနဲ့ ကွမ်းရွက်ပြုတ်ရည်နဲ့ တိုက်ရတော့တာပေါ့ဗျာ၊ ခါတိုင်းတော့ အဖေက သိပ်လဲ မဖျားတတ်ဘူး၊ ဖျားရင်လဲ အမေ ဆေးတိုက်လိုက်ရင် ပျောက်တာပဲ၊ အခုတစ်ခါကျ အဖျားက ကျသွားလဲ ခဏပဲဗျ၊ ပြန်ဖျားလာပြန်ရော၊ ဖျားပြီဆို တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နဲ့ အသံထွက်ပြီး ညည်းလားညည်းရဲ့၊ ကယောင်ချောက်ချား ပြောလားပြောရဲ့၊ အမေ တော်တော်စိတ်ပူသွားရတာပေါ့ဗျာ၊ ဒါနဲ့ လေးငါးရက်ကြာတော့ ရွာထဲက ဆေးမှူးကို ကျွန်တော်သွားပင့်ရတယ်ဗျ၊ ဆေးမှူးရောက်တဲ့အချိန်မှာ အဖေက သတိ မလစ်တလစ် ဖြစ်နေပြီ"

"လေး ... မူးလို့လား"

မောင့်အသံက အဝေးကြီးမှ လာသလို သဲ့သဲ့ကလေး။ ကျွန်မ မောင့်ကို အားတင်း၍ ပြုံးပြလိုက်မိ၏။

"ဟုတ်တယ်၊ နည်းနည်းမူးနေတယ်"

မောင်က ကျွန်မလက်ကို လာ၍ တွဲပါသည်။

"ဟာ ... ဒါဆို ကျွန်တော်တို့ ဟိုဘက်က ထနောင်းရိပ်ကို သွားရအောင်၊ ဒီမှာ လေက သိပ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျင်းထဲမှ ကျွန်မ တက်နိုင်အောင် မောင်က လက်တွဲ၍ ခေါ်ခိုက် ကားဆရာနှင့် ရွာသားကြီးက ကျွန်မကို စိုးရိမ်ပူပန်သလိုပင် ကျင်းနှုတ်ခမ်းပေါ်မှ ငုံ့ကြည့်နေကြ၏။

"ရတယ် ရတယ်...သွားနှင့်၊ ကျွန်မ ဘာမှမဖြစ်ဘူး"

ကျွန်မတို့လေးယောက် သစ်ပင်ရိပ်ရှိရာကို လျှောက်လာခိုက်မှာ မောင်က စောစောက စကားကို ဆက်ပေး၏။

"ဆက်ပြောပါဦးဗျ၊ ခင်ဗျားအဖေ သတိလစ်ခါနီးဖြစ်နေတုန်း ဆေးမှူး ရောက်လာရော"

"အေးဗျာ...ကျွန်တော်လဲ ဆရာ့ဆေးအိတ် အသာချပြီး အဖေ့အနားမှာ ကပ်ထိုင်လိုက်ရတာပေါ့၊ နို့ အမေက ငိုနေပြီကိုးဗျ၊ အဲဒီမှာ အဖေက ကယောင်ကတမ်းတွေ ပြောတော့တာပဲ၊ တစ်ယောက်ယောက်ကို နှင်ထုတ်နေတဲ့ အသံမျိုးနဲ့ သွား သွား...မလာနဲ့ ဆိုတာတွေ အော်၊ အမေက ငို၊ ကျုပ်မသွားဘူး...မသွားဘူးလို့ အော်၊ အမေက ငိုပေါ့ဗျာ၊ ကျွန်တော့်ကိုတောင် အဖေက စကားထဲထည့်မယောင်နိုင်ပါဘူးဗျာ၊ သူ ဒီသားကို သိပ်ချစ်တာဗျ၊ အဲဒီနောက် အဖေ သွားကြီးစေ့ပြီး တစ်ကိုယ်လုံးတုန်နေတော့တာပါပဲ"

မောင့်ကို တွဲထားရင်းက ကျွန်မခြေလှမ်းတွေ နည်းနည်း ယိုင်လာသည်ကို သတိထားမိသည်။ အပူဒဏ်သည် ကျွန်မ၏ ကိုယ်ခန္ဓာထဲရှိ ရေအင်အားတွေကို စုပ်ယူလိုက်ပြီ ထင်ပါရဲ့၊ ကျွန်မ ခြေထောက်တွေမှာ ခွန်အားမရှိတော့ပါ။ တစ်ယောက်ယောက်က နောက်က ဆွဲထားသလို သို့မဟုတ် မြေကြီးက ဆွဲထားသလို ကျွန်မခြေလှမ်းတွေ လေးလာသည်။

"ဆေးမှူးက ဆေးတွေလဲ မနည်းပါဘူးဗျာ ထိုးပေးပါရဲ့၊ အဖေ





ကတော့ လုံးဝကို သတိပြန်မလည်လာတော့တာဗျ၊ ဆေးမှူးက မျက်နှာမကောင်းဘူး၊ ကျွန်တော် ကလေးပေမယ့် ဆေးမှူးမျက်နှာကြည့်ပြီး အဖေ သိပ်မဟန်လောက်ဘူးလို့ သိပါတယ်၊ ကျွန်တော့်ဦးကြီးတစ်ယောက်ကိုတော့ ဆေးမှူးက ခပ်တိုးတိုးမှာသွားတယ်ဗျ၊ ဆေးရုံသာ တင်ပါတော့တဲ့၊ လူနာအခြေအနေ သိပ်မကောင်းဘူးတဲ့၊ ဒါပေမဲ့ အဖေ ဆေးရုံမရောက်လိုက်ပါဘူး၊ ဆေးမှူး ပြန်သွားပြီး သိပ်မကြာဘူး အဖေ ဆုံးသွားတယ်။

"...အမေက အော်ငိုတာ တက်တောင် တက်သွားတယ်ဗျာ၊ အဲဒီနောက်မှာတော့ အမေက အဖေ့အကြောင်း အိပ်မက်တွေ ဆက်မက်တာတဲ့၊ အဖေက မကျွတ်ဘူးပေါ့ဗျာ၊ ကျွန်တော်ကတော့ အဲဒါတွေ မယုံဘူးဗျ၊ အဖေ့ကို ဘယ်မိန်းမကမှလဲ ခေါ်တာမဟုတ်ဘူး၊ ဘယ်ဥစ္စာစောင့်မ ကမှ လိပ်ပြာနုတ်တာ မဟုတ်ဘူး၊ ဆေးမှူးက ပြောသားပဲ၊ ဦးနှောက်ထဲ ငှက်ဖျားဖြစ်တာတဲ့၊ အမေက ကုက္ကိုခွမှာတောင် နေချင်တော့တာမဟုတ်ဘူး၊ သူ့အမျိုးတွေ ရှိတဲ့ ကိုးပင်ကို ပြောင်းချင်တာ၊ ဒါပေမဲ့ မပြောင်းဖြစ်ပါဘူး၊ အမေက ဒီရွာမှာမှ ဈေးရောင်းလို့ သိပ်ကောင်းတာ၊ ကျွန်တော်က ကျောင်းထွက်ပြီး လယ်ထဲဆင်းတယ်၊ ဒီလိုနဲ့ သားအမိနှစ်ယောက် နေလာခဲ့ကြတာ"

"အခုရော ခင်ဗျားအမေက ခင်ဗျားအဖေအကြောင်း အိပ်မက်မက်သေးသတဲ့လား"

ကားဆရာက မေးတော့ ရွာသားကြီးက ရယ်၏။

"ဟာ... ကြာ ကြာ လှ ပြီ ပဲ၊ ဘယ် မက် တော့ မ လဲ၊ အ မေ က ကြောက်လဲ မကြောက်တော့ဘူးဗျ၊ မကြောက်လို့လဲ ကျွန်တော့်ကို ရွာမှာ သပ်သပ်ထားပြီး အမေက ဒီမြို့ပျက်ထဲမှာ တဲကလေး ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆေးလိပ်လိပ်စားနေတာသာ ကြည့်တော့၊ အမေက သိပ်မသန်မာတော့ ဈေးမရောင်းနိုင်တော့ဘူးလေ၊ ကျွန်တော်တို့လင်မယားက ကျွေးထားမယ်ပြောလဲ မရပါဘူးဗျာ၊ ဒီဘက်ရွှေ့လာတယ်၊ အသက်ကြီးပြီဆိုတော့ တိတ်ဆိတ်တဲ့နေရာကို နေချင်ပုံရပါတယ်၊ ဒီလာသမျှ ညှော်သည်တွေကို အမေက လက်ဖက်တို့ ထန်းလျက်တို့နဲ့ ညှော်ခံရတာ ပျော်နေတာ၊ ဒါပေမဲ့ အမေ့စိတ်ထဲ အဖေ ဒီမြို့ပျက်ထဲမှာ မကျွတ်ဘူးလို့တော့ ထင်နေပုံရတယ်၊ တလောတုန်းက ကျွန်တော့်ကို အမှတ်တမဲ့ ပြောဖူးတယ်"

ကျွန်မ ကြားနေရသော အသံများသည် တဖြည်းဖြည်း ဝေးဝေးသွားပြီး ကျွန်မတစ်ကိုယ်လုံး ညွှတ်ခွေသွား၏။

မောင်က ကျွန်မကို ကပျာကယာ ထိန်းပွေ့ထားလိုက်သည်ကို သိလိုက်သည်။

"လေးရေ...လေး"

မောင့်အသံသည် ကျွန်မနောက်ဆုံးကြားရသောအသံဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ မှောင်ကျသွားပါသည်။

*

## အခန်း (၄)

ကျွန်မသည် မျက်လုံး ဖွင့်လျှင်ဖွင့်ချင်း စူးရှတောက်ပသော မျက်လုံးတစ်စုံကို အရင်တွေ့ရသည်။

ထိုမျက်လုံးများထဲမှာ ညိုလဲ့လဲ့ အရည်ကြည်ကြည်၊ မျက်တောင်တွေကတော့ မရှိသလောက်ပင် ပါးလျား၍ တိုနေသေး၏။

"လေး...နေကောင်းလား"





ကျွန်မ မြင်နေရသော အဖြူရောင်ဆံပင်များနှင့် ပါးရေတွန့်နေသော ပိန်သွယ်သည့်မျက်နှာ၏ နောက်မှာ မောင့်မျက်နှာကို ကျွန်မ မြင်ရသည်။

"ကောင်းပါတယ်"

ကျွန်မအသံသည် မယုံကြည်နိုင်စရာပင် လန်းဆန်းကြည်လင်နေခဲ့သည်။

ကျွန်မရှေ့မှ အဘွားအိုသည် အားရပါးရ ပြုံးလိုက်သောအခါ မျက်လုံးမှ စိုးရိမ်ပူပန်ရိပ်များ လွင့်စဉ်ပျောက်ကွယ်သွား၏။

"ကဲ... တွေ့တယ်မဟုတ်လား ဆရာလေးရဲ့၊ ဘာမှဖြစ်တာမဟုတ်ဘူး၊ ဒီလိုအချိန်မျိုးက ဒီလိုပဲ မူးတတ်မော်တတ်တယ်"

အဘွားအို၏ စကားအဆုံးတွင် မောင်က ကျွန်မဘေးတွင် လာထိုင်သည်။ ထို့နောက် ကျွန်မလက်ဖျားများကို ခပ်ဖွဖွဆုပ်ညှစ်လိုက်လေသည်။

"ခဏနေရင် ဆရာဝန်ရောက်လာလိမ့်မယ် သိလား လေး၊ အဘွားရဲ့သားနဲ့ ကားဆရာကြီး ဆရာဝန်သွားခေါ်ကြတယ်"

"အို..."

ကျွန်မ မြန်းခနဲ ထထိုင်မည့်ဟန် ပြင်တော့ အဘွားက ကမန်းကတန်း တားမြစ်၏။

"ဟာ...လေးနေကောင်းပါတယ်မောင်ရာ၊ ဆေးမထိုးချင်ဘူး"

"မထနဲ့လေ သမီးရဲ့၊ လှဲနေ လှဲနေ၊ အစောကြီးကတည်းက အမေက သမီးနေသိပ်မကောင်းဘူးထင်လို့ လှမ်းတားမလို့ကြံသေးတာ၊ ဘယ့်နှယ် ဒီလိုအချိန်မျိုးမှာ ခရီးကြမ်းမသွားရဘူးကွဲ့"

အဘွားအိုစကားကြောင့် ကျွန်မ တအံ့တသြဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း...ကျွန်မ လုံးဝသတိမထားခဲ့မိသော အဖြစ်ပါလား။ တကယ်ဆို ကျွန်မ ရိပ်မိဖို့ကောင်းပါသည်။

ကျွန်မသည် အိပ်မက်ကိုချည်း စဉ်းစား အဓိပ္ပာယ်ဖော်နေခဲ့မိသောကြောင့် ဤနှစ်လ သုံးလအတွင်း ကျွန်မ၏ ထူးခြားမှုကိုကျွန်မ သတိမထားနိုင်သလို ဖြစ်ခဲ့ရသည်။

တကယ်တော့ ကျွန်မသည် တော်တော်တုံးသည့် မိန်းမပါလား။

"လေး ဆေးမထိုးချင်ဘူးနော် မောင်"

"အေးပါကွာ၊ မထိုးချင်ရင် မထိုးရပါဘူး"

အဘွားအိုက ကျွန်မကို နူးညံ့စွာပြုံးကြည့်ရင်း ယပ်ခတ်ပေးနေ၏။

"တွေ့တယ်မဟုတ်လား အမေ၊ သူက ခေါင်းမာတယ်၊ ဒီကိုလာတာ ကျွန်တော်ခေါ်လို့ သူလိုက်လာတာမဟုတ်ဘူး၊ သူခေါ်လို့ ကျွန်တော်လိုက်လာရတာ၊ ဗိဿနိုးလို့ ပြောကတည်းက သူ အရမ်းသွားချင်နေတာ အမေရဲ့"

တော်ပါသေးရဲ့ အိပ်မက်အကြောင်း မောင်မပြောပေလို့။ အဘွားအိုက ခေါင်းတညိတ်ညိတ်သဘောကျစွာ ပြုံးနေလေသည်။

"သမီးရဲ့ကလေးက အစွမ်းထက်တဲ့ သူရဲကောင်းလေး ဖြစ်မှာမို့ ဒီကို သမီးက လာချင်နေတာပေါ့၊ ကောင်းတယ် ကောင်းတယ်၊ သမီးတို့အပြန်မှာ အမေ ပုတီးကလေးတစ်ခု လက်ဆောင်ပေးရမယ်"

ထို့နောက် အဘွားအိုက သူ့ထင်းရှူးသေတ္တာကလေးထဲမှ ပုတီးတစ်ကုံး ထုတ်၍ ကျွန်မကို ပေးပါသည်။





"အမေ့ယောက်ျား ကောက်တွေ့တဲ့ ပုတီးစေ့ကလေးတွေကို အမေက ပြန်စုပြီး သီထားတာ၊ ရလာခါစတုန်းကတော့ သဲတွေ မြေကြီးတွေနဲ့ ပေကျံလို့ပေါ့၊ အဲဒါ ဆေးကြောပွတ်သပ်ပြီး ဆုန်းဆီနဲ့ အရောင်ပြန်တင်ထားတာလေ၊ အဲဒါလေး ယူသွား"

ပုတီးစေ့ကလေးများသည် အစင်းကျားကလေးတွေ ချစ်စရာ၊ လိမ္မော်ရောင်နှင့် အညိုရောင်အကွက်ကလေးများသည် တမင်တကာ ဆေးခြယ်ထားသလိုပင် ပြေလျော့စွာ တွဲဖက်မိနေ၏။

ကျွန်မသည် ပုတီးကိုလက်မှာကိုင်ထားပြီး ပုတီးစေ့ကလေးများကို အသာအယာပွတ်သပ်မိတော့ ပုတီးစေ့ကလေးများ အေးစက်နေသည်ကို ခံစားရသည်။

အိပ်မက်ထဲက မိန်းမ၏ ပုတီးလုံးတွေနှင့် တူသည်ဟု ကျွန်မ ထင်သည်။ သို့သော် ဤအကြောင်း ဘယ်သူ့ကိုမှ ထပ်မပြောတော့ဘူးဟု ကျွန်မဆုံးဖြတ်လိုက်ပါသည်။

"သိပ်လှတာပဲ အမေ၊ ကျွန်မ ယူသွားပြီး အမြတ်တနိုး သိမ်းထားပါ့မယ်"

ကျွန်မကရော အဘွားအိုကို ဘာလက်ဆောင်ပေးရမလဲ။ ရိုးသားပြီး သဘောကောင်းသော အဘွားအိုသည် သူမ၏ ခင်ပွန်းမှတစ်ပါး အခြားမည်သည့်အရာကို တန်ဖိုးအထားဆုံးလဲ။ အဘွားအို၏ မျက်လုံးများကို ကျွန်မ ငေးကြည့်နေမိ၏။

နောက်ဆုံးတော့ မောင်ရိုက်ယူခဲ့သည့် ဗိဿနိုးမြို့ဟောင်း ဓာတ်ပုံတွေထဲမှ အကောင်းဆုံးတစ်ပုံကို ပုံကြီးချဲ့ပြီး အဘွားကို လက်ဆောင်ပေးလိုက်မည်ဟု စဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းကို ချစ်ခင်မြတ်နိုးသောအဘွားအိုသည် ဤမြို့ဟောင်းကိုလည်း ချစ်ခင်မြတ်နိုးပေလိမ့်မည်။

[‘ချစ်တယ်ကြိုက်တယ်ဆိုတာ’ နှင့် အခြားဝတ္ထုသစ်များ
ရောင်စဉ်ငှက်စာပေ၊ ၁၉၉၄ ခုနှစ်]

၀



## ခေါင်းလောင်းများ

ခေါင်းလောင်းသံများကို မကြားရသည်မှာ တော်တော်ကြာခဲ့ပြီ။ များပြားလှစွာသော ခေါင်းလောင်းကလေးများသည် လေထဲတွင် ကြိုးတန်းလန်းဖြင့် ဟိုနေရာတစ်ခု သည်နေရာတစ်ခု ညင်သာစွာ လှုပ်ယမ်းနေကြသည်။ တချို့ခေါင်းလောင်းက မြင့်မြင့်မှာ၊ တချို့ ခေါင်းလောင်းက နိမ့်နိမ့်မှာ။ အရွယ်အစားချင်းလည်း မတူညီကြချေ။ အကြီးဆုံးအရွယ်မှာ ကော်ဖီပန်းကန် ခပ်သေးသေး အရွယ်လောက် ရှိပြီး အသေးဆုံးအရွယ်မှာ ကွမ်းသီးလုံးပမာဏလောက် ရှိသည်။ ပိုက်ကွန်သဖွယ် ရှုပ်ယှက်ခတ်စွာ သွယ်တန်းထားသော ပလတ်စတစ်ကြိုးများနှင့် ထိုမှတစ်ဆင့် တွဲလောင်းကျနေသော ခေါင်းလောင်းများမှာ အိမ်တစ်အိမ်၏ ညှော်ခန်းတစ်ခုအတွက် အနည်းငယ် မျက်စိနောက်စရာပစ္စည်းများ ဖြစ်သည်။ ထိုခေါင်းလောင်းကြိုးများသည် အိမ်ပြင်မှ တစ်ခုတည်းသော ကြိုးဖြင့် ထပ်မံ ဆက်သွယ်ထားပြီး ထိုကြိုးသည် ခြံဝင်းတံခါးအထက်မှ တံခါးအပြင်သို့ တွဲလောင်းကျနေအောင် ပြုပြင်ထားသောကြောင့် ခေါင်းလောင်းများသည် နေရာအနှံ့အပြားမှ တစ်ပြိုင်တည်းအသံမြည်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်းလောင်းများ၏အသံသည် ကျွန်မအတွက် တစ်ခါတစ်ရံမှာ သာယာသံဖြစ်ပြီး တစ်ခါတစ်ရံမှာ ဆူညံသံဖြစ်ဖြစ်နေသည်။ ကျွန်မယောက်ျားအပေါ် ကျွန်မထားရှိအပ်သည့် စိတ်အခြေအနေပေါ်မှာ မူတည်ပါသည်။ သူ့ကိုဒေါသစိတ်နှင့် မကျေမချမ်း နာကြည်းမိသည့်အခါ ခေါင်းလောင်းသံသည် မနှစ်မြို့ဖွယ်ရာ၊ မုန်းတီးဖွယ်ရာ ဆူညံသံများ ဖြစ်သည်။ သူ့ကို ကျေကျေနပ်နပ် ခင်မင်တွယ်တာမိသည့်အခါ ခေါင်းလောင်းသံသည် ကြည်နူးဖွယ်ရာ ချိုလွင်သည့်အသံဖြစ်သည်။ ဤခေါင်းလောင်းများကို စိတ်ရှုပေါက်စွာ တပ်ဆင် နားထောင်ခဲ့သူမှာ သူ ဖြစ်သည်။

ပထမဆုံး ခေါင်းလောင်းကို တပ်ဆင်သည့်ကိစ္စက အံ့ဩစရာ မဟုတ်ခဲ့။ ဒါဟာ လိုအပ်မှု တစ်ခု ဖြစ်သည်။ ခြံတံခါးနှင့် အိမ် အနည်းငယ် ဝေးသောကြောင့် ဤခေါင်းလောင်းသည် လိုအပ်မှု တစ်ခုဖြစ်သည်။ ဒုတိယခေါင်းလောင်းကို ခပ်လှမ်းလှမ်းမှာ ကြိုးဖြင့် ဆက်သွယ်ပြီး တွဲလောင်းချတော့လည်း အံ့ဩစရာမဟုတ်သေး။ ဒါလည်း လိုအပ်မှုတစ်ခုဖြစ်နေသေးသည်။ တတိယခေါင်းလောင်းကို တပ်ဆင်သည့်ကိစ္စကျတော့ လိုအပ်မှုမဟုတ်တော့ပါ။ ထိုခေါင်းလောင်းသည် အပိုပစ္စည်း ဖြစ်သွား၏။ ကျွန်မ အနည်းငယ် မျက်မှောင်ကြုတ်မိခဲ့သည်။ သို့သော် ဒါဟာ လင်မယား အချင်းများစရာကိစ္စ မဟုတ်ဟု ကျွန်မကိုယ်ကျွန်မ ဖြေသိမ့်တွေးနိုင်ခဲ့သည်။ စတုတ္ထခေါင်းလောင်းသည် အနှောင့်အယှက်တစ်ခု ဖြစ်သွား၏။ ကျွန်မ နားမလည်နိုင်ပါ။ ပဉ္စမခေါင်းလောင်းသည် ရှုနှမ်းမှုတစ်ခု ဖြစ်သည်။ ကျွန်မ ဒေါသစိတ် နည်းနည်းဝင်လာသည်။ နောက်ထပ်... နောက်ထပ်... နောက်ထပ်... များပြားလှစွာသော ခေါင်းလောင်း





များ မျက်နှာကြက်မှ ဟိုနေရာတစ်ခု သည်နေရာတစ်ခု တွဲလောင်း ကျုလျက် လှုပ်ယမ်းယိမ်းနွဲ့နေကြသည့်အခါ ကျွန်မရယ်မောမိသွား၏။ ရယ်မောနိုင်သည့်အချိန်တွေတုန်းကပေါ့လေ။

ခေါင်းလောင်းတစ်ခုနဲ့ တစ်ခု ဘယ်တော့မှ မတူဘူး၊ သူတို့အသံဟာလည်း ဘယ်တော့မှ မတူနိုင်ဘူးကွ၊ တစ်မျိုးစီပဲ။ ဘယ်လိုမှ မတူဘူး၊ တစ်မျိုးစီပဲ။ မင်း နားထောင်ကြည့်၊ ပြီးတော့ ခံစားကြည့်ကွ။

သူက အတည်ပေါက်မျက်နှာပေးဖြင့် ကျွန်မကို ရှင်းပြဖူးသည်။ ခံစားတတ်သူကြီးဟု ကျွန်မ သူ့ကို မကြာခဏ လှောင်ပြောင် ရယ်မောခဲ့ရဖူးသည်။ ရယ်မောနိုင်သည့် အချိန်တွေတုန်းကပေါ့။

*

ယခုတော့ ခြံဝင်းတံခါးမှာ လျှပ်စစ်လူခေါ် ခေါင်းလောင်း တပ်ဆင်လိုက်ပြီဖြစ်သည်။ သားက လျှပ်စစ်ပစ္စည်းများကို စိတ်ဝင်စားသူဖြစ်၏။ လျှပ်စစ်ပစ္စည်းများကို ဆော့ကစားနိုင်သည့်အထိ အရွယ်ရောက်လာသည့်အခါ သားသည် အိမ်ထဲမှ လျှပ်စစ်မီးများကို တစ်ခုပြီး တစ်ခု ပြောင်းလဲတော့သည်။ ပထမဆုံး မျက်နှာကြက်မှာ ကပ်သည့် လျှပ်စစ်မီး၊ နောက်တော့ နံရံမှာ ချိတ်သည့် လျှပ်စစ်မီး၊ နောက်တော့ သူ့အခန်း စာကြည့်စားပွဲမှ စာကြည့်မီးတိုင်... အိမ်ထဲမှာ သား၏ လက်ရာ လျှပ်စစ်မီးအမျိုးမျိုးဖြင့် ဝေဆာလာသည်။ လျှပ်စစ် လူခေါ် ခေါင်းလောင်းကို တပ်ဆင်ပြီးကတည်းက ဧည့်သည်များသည် ထိုခလုတ်ကိုသာ အသုံးပြုကြသည်။ ခေါင်းလောင်းကြိုးများကို ဖြုတ်ရန် သားက ပြင်ဆင်သောအခါ သူက မျက်နှာထားတည်တည်ဖြင့် တားမြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟော့...မင်းခလုတ်ကိုမင်းတပ်တာ ငါနဲ့ဘာမှ မဆိုင်ဘူး၊ ငါ့ကြိုးကိုတော့ မဖြုတ်နဲ့ကွ၊ ခေါင်းလောင်းလေးတွေရဲ့အသံကို ခံစားချင်လို့ ငါဒီလောက် အပင်ပန်းခံ တပ်ထားရတာ၊ မဖြုတ်ရဘူး၊ ခလုတ်နှိပ်ချင်တဲ့သူ နှိပ်ပါစေ၊ ကြိုးဆွဲချင်တဲ့သူ ဆွဲပါစေ...ဟုတ်ပြီနော်"

သို့သော် သူမျှော်လင့်သလို ဖြစ်မလာပါ။ သူ့ကြိုးကို သတိရှိရှိ ဆွဲသည့် ဧည့်သည် တစ်ယောက်မှမရှိ။ သူ့ကြိုးကို အသုံးပြုသူမှာ သူတစ်ယောက်တည်းသာ ဖြစ်သည်။ ဧည့်သည်များသည် လျှပ်စစ်ခေါင်းလောင်းခလုတ်ကိုသာ နှိပ်ကြပါသည်။ သူက လျှပ်စစ် အချက်ပေး ခလုတ်သံကို နားကြားပြင်းကတ်သည်ဟု ဆိုသည်။

"ဘယ်လိုအသံတုံးကွ...အောက်ကလိအာသံကြီး၊ မြေငလျင်လှုပ်တော့မယ့်အတိုင်းပဲ၊ မှတ်ထား လျှပ်စစ်ကြောင့် ရလာတဲ့အသံဆို ဘာမှ မစွံဘူး"

ရှေးအဘိုးကြီးတစ်ယောက်၏ လေသံမျိုးဖြင့် သူ ပြောလျှင် ကျွန်မက ရယ်မောနေပြီး သားကတော့ မချိုမချဉ်မျက်နှာပေးဖြင့် ထထွက်သွားတတ်ပါသည်။

ခေါင်းလောင်းအသံများ မြည်ပြီဆိုလျှင် သူပြန်ရောက်လာပြီဟု ကျွန်မတို့ခွဲခြားသိနိုင်၏။ သူကလွဲပြီး ခေါင်းလောင်းကြိုး ဆွဲမည့်သူမှ မရှိဘဲ။ ထို့ကြောင့် ကျွန်မအပြင်မှ ပြန်လာလျှင် သူအိမ်ထဲမှာ ရှိနိုင်ချိန်များတွင် ကျွန်မလည်း ခေါင်းလောင်းကြိုးကိုသာ ဆွဲပါသည်။ သူ့အပေါ်မှာ လိုက်လျောလိုစိတ်ဖြင့် ပြုမူမိခြင်းသက်သက်သာ ဖြစ်သည်။ သူကျေနပ်သွားသည့်မျက်နှာထားကိုကြည့်၍ ကျွန်မကြည်နူးခဲ့ရဖူးပါသည်။





ယခုတော့ ဤခေါင်းလောင်းသံများကို မကြားရသည်မှာ တော်တော်ကြာပြီ။

*

ယောက်ျားတစ်ယောက်၏ ဘဝတွင် ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များ ရှိနိုင်သည်ဟု စာနာစိတ်ရောနှောလျက် စပ်စုလိုစိတ် များပြားခဲ့စဉ်ကတော့ ကျွန်မယောက်ျားအကြောင်း ကျွန်မ ဘာမှမသိခဲ့ရပါ။

သူ့ကို အကဲခတ်ရင်း စောင့်ကြည့်ရင်းနှင့် ကျွန်မတို့အိမ်ထောင်သက် ကြာရှည်လာကာ သားကလေးကို မွေးဖွားလာသည်။ သားကလေး တဖြည်းဖြည်းကြီးပြင်းလူလားမြောက်လာသည်။ ထိုအချိန်အထိ ကျွန်မယောက်ျားတွင် ဘာအတိတ်ခံစားချက်မှ ကျွန်မ မတွေ့မိ၊ မသိရ။ သူက သိပ်လျှို့ဝှက်တတ်သူတော့လည်း မဟုတ်။ ဟန်မဆောင်တတ်လွန်းသောကြောင့် ကျွန်မနှင့်သူ့အကြား ခဏခဏ ပြဿနာတက်ခဲ့ရဖူးသည်။ ကိုယ့်ခင်ပွန်းမှာ အတိတ်က လျှို့ဝှက်ချက် တစ်ခုခု ရှိသည်ဆိုလျှင် ထိုကိစ္စကို ဇနီးသည်က အိမ်ထောင်သက် ငါးနှစ်အတွင်း တစ်နည်းမဟုတ် တစ်နည်း သိနိုင်မည် ဖြစ်သည်။ သား လူပျိုပေါက်အရွယ် ရောက်သည်အထိ မသိရဘူး ဆိုတော့ ဘာလျှို့ဝှက်ချက်မှမရှိခဲ့လို့ပေါ့။ သေချာသည်။ သူ့မှာ ကျွန်မက လွဲ၍ ဘာမှုမရှိခဲ့။ ထိုကဲ့သို့ပင် ကျွန်မယုံကြည်စိတ်ချထားလိုက်တော့သည်။ ထိုကဲ့သို့ ယုံကြည်စိတ်ချထားပြီးတော့မှ သူ့လျှို့ဝှက်ချက်များကို ကျွန်မသိလိုက်ရပါသည်။ ထိုစိတ်ခံစားမှုများကို လျှို့ဝှက်ချက်များဟု ဆွပ်စွဲလို့ ရနိုင်သည်ဆိုလျှင်ပေါ့လေ။ ပြောရလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တော်တော်ထူးဆန်းပြီး တော်တော်ကြောင်သော မြင်ကွင်းများ ဖြစ်သည်။ ထိုမြင်ကွင်းများသည် ယောကျ်ားတစ်ယောက်၏ စိတ်အာရုံတွင် ပေါ်ပေါက်နေကျမြင်ကွင်းများ ဖြစ်နိုင်ပါသည်။ သို့သော် နှစ်ပေါင်းများစွာ ထိုမြင်ကွင်းများကို စိတ်အာရုံထဲ ထည့်ထားလျှင်တော့ ထိုယောကျ်ားကိုအပြစ်ကင်းစင်သူဟု ကျွန်မ မသတ်မှတ်ချင်ပါ။

တစ်ည...။ ထိုတစ်ညသည် ကျွန်မယောကျ်ားအပေါ် ကျွန်မ၏ သဘောထားကို ချက်ချင်းပြောင်းလဲပေးနိုင်စွမ်းသောည ဖြစ်သည်။ သဘာဝအားဖြင့်တော့ ဘာမျှထူးခြားသည့်ည မဟုတ်ပါ။ ကျွန်မ စောစောအိပ်ပြီး စောစောတစ်ရေးနိုးသည့် ညတွေထဲမှ တစ်ခုသာ ဖြစ်သည်။

အိပ်ရာမှ နိုးနိုးချင်း ကျွန်မအာရုံထဲသို့ ရောက်လာသည်က တိတ်ဆိတ်မှု၊ ထို့နောက် အသံသဲ့သဲ့ကလေးများ။ စကားပြောသံလိုလို ရယ်မောသံလိုလို။ ကျွန်မအောက ခုတင်တွင် သူ မရှိပါ။ သူ မရှိခြင်းသည် အထူးအဆန်းမဟုတ်၊ သူသည် တစ်ခါတစ်ရံညဉ့်နက်သည်အထိ ဘီယာသောက်ရင်း အောက်ထပ်ဧည့်ခန်းမှာ အချိန်ဖြုန်းတတ်သည်။ ထို့ကြောင့် ညတစ်ရေးနိုးအချိန် အခန်းထဲမှာ သူ မရှိခြင်းသည် အံ့ဩစရာမဟုတ်ပါ။ စကားသံသဲ့သဲ့ ကြားရခြင်းကတော့ အံ့ဩစရာ ဖြစ်သည်။ ကျွန်မ ခေါင်းအုံးနှင့် နားကပ်၍ နားထောင်ကြည့်တော့ စကားသံတွေမှန်း ပို၍ သေချာလာသည်။ အသံသည် အောက်ထပ်မှ လာသည်။ ပျဉ်ခင်းကြမ်းပြင်မှတစ်ဆင့် ကျွန်မထံသို့ တုန်ခါမှုဖြင့် ရောက်လာသည်။ သို့သော် စကားသံ တိုးတိုးမှန်းသာ သိပြီး ဘာမှ မသဲကွဲပါ။ တစ်ခုက သူ့အသံ၊ နောက်တစ်ခုက ...တော်တော် တိုးသည်မို့ ဘယ်သူ့အသံမှန်း မသိနိုင်။



နောက်ထပ် ကျွန်မပြုလုပ်မိသည့်အလုပ်မှာ အခန်းထဲမှ ထွက်ပြီး လှေကားမှ ခြေဖျားထောက်၍ ဆင်းသွားမိခြင်းပင် ဖြစ်သည်။ ခိုးကြောင်ခိုးဝှက် အပြုအမူဟု ကျွန်မ ဝန်ခံပါသည်။ သို့သော် သူ ဘယ်သူနှင့် ဘာစကားတွေ ပြောနေပါလိမ့်ဟု စပ်စုချင်စိတ်နှင့် ကျွန်မ ခြေသံကို ကြားသွားပြီး သူ့စကားရပ်သွားမှာကို မဖြစ်စေချင်စိတ် နှစ်မျိုးပေါင်းပြီး ခိုးကြောင်ခိုးဝှက် အပြုအမူကိုပင် ကျွန်မ ပြုမိပါသည်။

လှေကားတစ်ဝက်လောက် ရောက်သောအခါ သူနှင့်အတူ စကားပြောနေသူမှာ သားဖြစ်နေမှန်း မထူးဆန်းစွာပင် သိလိုက်ရသည်။ သားက စကားပြောလျှင် ဖအေလို ကျယ်လောင်ကျယ်လောင် ပြောတတ်သူ မဟုတ်ပေ။ သူနှင့် စကားပြောနေသူသည် သားဖြစ်နေကြောင်း သိလျှင်သိချင်း ကျွန်မ၏ ခြေသံကို ထိန်းချုပ်စရာမလိုဘူးဟု ကျွန်မ ဆုံးဖြတ်လိုက်သည်။ သို့သော် နောက်တစ်ထစ် ခြေလှမ်း မလှမ်းမိသေးမီမှာ သား၏ စကားသံကြောင့် ကျွန်မခြေလှမ်း တုံ့သွားပါသည်။

"မိန်းမဟာ မိန်းမပဲပေါ့ ဖေဖေရ၊ အားလုံး အတူတူချည်းပဲ၊ ဘာမှ မကွာပါဘူး"

ကျွန်မသည် ကြားရသောစကားကို မယုံချင်ပေမယ့် ယုံလိုက်ရသောကြောင့် မိုက်ခနဲမူးဝေသွား၏။ ကျွန်မ၏သား...ယခုမှ ဆယ့်ခြောက်နှစ်ထဲ ဝင်ခါစ ကျွန်မ၏သားက 'မိန်းမ' ဟူသော စကားလုံးကို ယောကျ်ားကြီးတစ်ယောက်၏ လေသံမျိုး၊ အသုံးအနှုန်းချိုဖြင့် ပြောလိုက်တာပါလား။

"မင်းဟာက မဟုတ်သေးပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ပို၍ကျယ်သည်။ သို့သော် အရက်မူးသူ၏ အသံ မဟုတ်။ သူ ဘီယာလေးလုံးလောက် သောက်ပြီးလျှင် ရလာသည့် အသံမျိုး ဖြစ်သည်။

"ဟုတ်ပါတယ် ဖေဖေရ၊ ကျွန်တော့်အတွက်တော့ သူတို့ အားလုံးကို အတူတူရင်ခုန်တာချည်းပဲ"

ဘုရား ဘုရား...။ ညသန်းခေါင်အချိန်မှာ သားအဖနှစ်ယောက် ဆွေးနွေးကြသည့် ခေါင်းစဉ်က မိန်းမ...တဲ့။ သားအသက်က မိန်းမ တစ်ယောက်ယောက်ကို ရင်ခုန်တတ်ဖို့ ငယ်သေးသည်ဟု ကျွန်မ ထင်သည်။ ကျွန်မထင်သလို သူ့အဖေ ထင်ဟန်မတူပါ။

"စင်ဒီကရော့ဖို့ဒ်ကိုကြည့်ရင်လဲ ကျွန်တော် ဒီလိုအခြေအနေပဲ၊ ကလော်ဒီယာရှက်ဖာလဲ ဒီလိုပဲ၊ ဂျူလီယန်မိုးရ်လဲ ဒီလိုပဲ၊ အားလုံး ဟာ တစ်မျိုးတည်းပဲ ဖေဖေရ"

"စင်ဒီကရော့ဖို့ဒ်...အဲဒါ ဘယ်သူတွေတုံး"

"ဟာ...ဖေဖေ တော်တော်ညံ့သေးတာပဲ၊ ဒီလောက် နာမည်ကြီး တဲ့ ကိုယ်ဟန်ပြမယ်ကိုတောင် မသိဘူးလား၊ ရစ်ချတ်ဂီယာရဲ့ ဇနီး ဟောင်းလေ ဖေဖေရ၊ အပျံစား အပျံစား၊ သူ့ကိုယ်ခန္ဓာကလေ..."

သူ့ရယ်သံသဲ့သဲ့ ကြားရသည်။

"မင်းပြောတဲ့ ရစ်ချတ် ဘယ်သူ...ငါ မသိပါလား"

သားက စုတ်တစ်ချက် သပ်လိုက်၏။

"ဖေဖေက ဒိတ်အောက်နေပြီပဲ"

သူ အော်ဟစ်ရယ်မောလိုက်သည်။ ကျွန်မ နည်းနည်း စိတ်သက် သာရာ ရသွားသည်။ စင်ဒီကရော့ဖို့ဒ်ကို သူ မသိတာ ကျွန်မက ဝမ်း သာသင့်သလား၊ သားက သိနေတာရော ကျွန်မစိတ်မကောင်း ဖြစ်



သင့်သလား။ ဘာမှမဆိုင်ဘူး ထင်ပါရဲ့လေ။ သူတို့နှစ်ယောက်၏ စကားကို ကျွန်မ ဖြတ်သင့်သလား၊ သို့မဟုတ် သူတို့ဆီ ဆင်းသွား ပြီး သူတို့စကားဝိုင်းထဲ ဝင်ပါသင့်သလား၊ သို့မဟုတ် ကျွန်မ မသိ မသာ ပြန်တက်သွားပြီး ဆက်အိပ်လိုက်ရမှာလား။

"ထားပါ ထားပါ၊ ဒိတ်အောက်တယ် ပြောပြော၊ ခေတ် နောက် ကျတယ် ပြောပြော...ဒါပေမဲ့ ငါ မညံ့ဘူးကွ၊ မင်းလောက်တော့ မညံ့ဘူး၊ မင်းပြောသလို မိန်းမတွေအားလုံး မတူဘူးကွ၊ အမျိုးမျိုး ရှိတယ်၊ သူတို့ကြောင့် ကိုယ်တို့မှာ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုက လဲ အမျိုးမျိုးရှိရမယ်ကွ၊ မသိတဲ့ လူအတွက်တော့ အတူတူပေါ့ကွာ၊ အနုပညာစိတ် ရှိတဲ့လူ ဘာမဆို အလေးအနက် အာရုံစိုက်တတ်တဲ့ လူအတွက်တော့ သူတို့ဟာ တစ်မျိုးစီပဲ"

ထိုစကားသံကို ကြားလိုက်ရသည့်အခါ ကျွန်မ၏ ဒူးများ ညွတ် ခွေသွားပြီး လှေကားထစ်ပေါ် ထိုင်ချလိုက်ရပါသည်။

"ဟောဟို ခေါင်းလောင်းကလေးတွေ တစ်ခုနဲ့တစ်ခု အသံသာ ပုံ မတူသလို ကွဲပြားသလိုပဲ၊ မိန်းမတွေက ပေးတဲ့ စိတ်ခံစားမှုလဲ အမျိုးမျိုးပဲကွ"

ထိုခဏ၌ ကျွန်မသည် လှေကားပွတ်လုံးတိုင်များကြားမှ တစ် ဆင့် ဧည့်ခန်းမျက်နှာကြက်မှာ တွဲလောင်းကျနေသော ခေါင်းလောင်း များကို အထိတ်တလန့် လှမ်းကြည့်မိ၏။ သေးသေးကလေးတွေမို့ ချစ်စရာကောင်းသည်ဟု ကျွန်မသဘောကျခဲ့သော ခေါင်းလောင်း များ၊ နည်းနည်းကြီးပေမယ့် ပုံစံဆန်းသည်ဟု သတိထားခဲ့မိသော ခေါင်းလောင်းများ၊ ပုပုလုံးလုံးကလေးများ၊ ရှည်ရှည်သွယ်သွယ် ကလေးများ၊ အို...များပြားလှသည့် ခေါင်းလောင်းတွေ...ကြိုးကို

www.burmeseclassic.com

www.burmeseclassic.com



လေတိုးဖော့သဖြင့် သူတို့ ယိမ်းနွဲ့နေကြသည်။ တချို့က တောင်မြောက် ယိမ်းနွဲ့လျက်၊ တချို့က အရှေ့အနောက် ယိမ်းနွဲ့လျက်၊ တချို့ကတော့ တွဲလွဲချသည့်ကြိုးကို လှည့်ပတ်၍ ချာလည် လည်နေသည်။ အားလုံးသည် အသံမပြည်ဘဲ သာသာကလေး လှုပ်ယမ်းနေကြသည်။

"ဟာ...ဒါဖြင့် ဖေဖေက..."

"ဟော့ကောင်...ငါပြောသမျှတွေထဲမှာ အတွေးရိုင်းစရာ စကားလုံး တစ်ခုမှမပါဘူးနော်၊ ငါပြောတာက စိတ်သက်သက်ကို ပြောတာ၊ အမြင်အာရုံနဲ့ ခံစားရတဲ့ စိတ်သက်သက်ကို ပြောတာ"

"ကျွန်တော် နားမလည်ဘူး ဖေဖေ"

"မင်း နားလည်ဖို့ ငါပြောမလို့ပဲကွ၊ မင်းက ဆိုင်ကယ်လ်ကို စိတ်ဝင်စားတဲ့သူဆိုတော့ ဆိုင်ကယ်လ်နဲ့ပဲ ဥပမာပြရအောင်ကွာ၊ ဆိုင်ကယ်လ်တွေ အမျိုးမျိုးရှိတယ်မဟုတ်လား၊ ဘီအက်စ်အေတို့ ဟွန်ဒါတို့ ရူပါကပ်တို့...ဟုတ်လား၊ ငါ ကြားဖူးသလောက်ပေါ့လေ၊ အယ်လ်အေတို့ ဒီတီတို့ မင်း ပြောပြောနေတာ"

သား၏ ရယ်သံသဲ့သဲ့ကို ကျွန်မ ကြားရ၏။

"ဟုတ်ကဲ့...ဟာလေ ဒေဗစ်ဆန်လဲ ရှိတယ်လေ ဖေဖေ၊ အဲဒီ ဆိုင်ကယ်လ်ကိုတော့ တစ်ခါမှ စီးမကြည့်ဖူးဘူး"

"ဒါပေမဲ့ သူတို့အားလုံးအတူတူလို့ မင်းပြောမလား၊ စက်သံက အစ တုန်ခါနှုန်းကအစ တူမလား"

"ဒါတော့ ဘယ်တူမလဲ ဖေဖေရဲ့"

"အေး...အဲဒါပေါ့ကွ၊ မတူဘူး...ဘယ်လိုမှ မတူနိုင်ဘူး၊ မင်းကို ငါပြောပြမယ်၊ မိန်းမတွေက ပေးတဲ့ အသိစိတ်နဲ့ ခံစားမှုတွေ



မတူတဲ့အကြောင်း ငါပြောပြမယ်၊ ဒါတွေအားလုံး ငါကိုယ်တိုင်ကြုံခဲ့တာတွေ"

ဘုရားရေ...။ သူ ပြောတော့မည်။ သူ တကယ်ပြောတော့မည်။ ကျွန်မ ဆက်လက်နားထောင်သင့်သလား၊ ကျွန်မ မကြားသင့်သော စကားတွေ ပါလာမှာလား၊ ကျွန်မ သည်နေရာမှ ထထွက်သွားဖို့ တကယ် ကြိုးစားကြည့်ပါသည်။ သို့သော် ကျွန်မ လုံးဝ မတ်တတ်ရပ်၍ မရ၊ တကယ်တော့ ကျွန်မ ဆက်နားထောင်ချင်သေးသည်။ နားမထောင်သင့်မှန်း သိလျက်နှင့် ဆက်နားထောင်ချင်သေးသည်။

"ဒါတွေအားလုံးဟာ အမြင်သက်သက်က ပေးတဲ့ ခံစားမှုတွေချည်းပဲကွ၊ ကိုယ်ထိလက်ရောက် တစ်ခုမှ မပါဘူးနော်၊ အားလုံးဟာ မြင်ကွင်းတွေချည်းပဲ၊ ဒါပေမဲ့ အဲဒီမြင်ကွင်းတွေက ပေးတဲ့အသိချင်း ကွာခြားပုံကို မင်းသိအောင်လို့..."

ကျွန်မ ရောက်နေရာမှ ကြည့်လျှင် သူတို့ထိုင်နေသော ညှော်ခန်း စားပွဲကို တစ်ဝက်တစ်ပျက်သာ မြင်ရသည်။ သူ ထိုင်နေသည့် တစ်ဖက်ခြမ်းကို ကျွန်မ မမြင်ရ။ သား ထိုင်နေသည့် တစ်ဖက်ခြမ်းကိုသာ ကျွန်မ မြင်ရသည်။ သားသည် စားပွဲပေါ် တံတောင်ဆစ် ကွေးထောက်လျက် ဖအေရှိရာကို မော့ငေးနားထောင်နေသည်။ စားပွဲပေါ်မှာ ဘီယာဘူးတွေ ရှိနေသည်။ ဖောက်သောက်ပြီးသားတွေ ဖြစ်နိုင်ပါသည်။ သားရှေ့မှာ ဖန်ခွက်မရှိပါ။ အာလူးကြော် ဖောက်လက်စ အထုပ်များ ရှိနေသည်။

"ငါ ကိုးတန်းနှစ် ရောက်တဲ့အထိ မိန်းမတွေရဲ့ မျက်နှာတို့၊ ကိုယ်ခန္ဓာတို့ကို သိပ်မသိသေးဘူးကွ၊ ငါတို့ကျောင်းက ယောက်ျားလေး ကျောင်းလေ၊ ငါသိတဲ့ မိန်းမဆိုတာ မေမေရယ်၊ ငါ့အဒေါ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ နောက်ပြီး ငါတို့ဆရာမတွေရယ်...ဒါပဲ၊ ဖြတ်သွားဖြတ်လာတွေ့မိတဲ့ မိန်းမတွေတော့ ရှိတာပေါ့၊ အဲဒါတွေကို မိန်းမရယ်လို့ သိပ်မတွေးမိပါဘူး၊ လူတွေပဲ...ငါ့အမြင်မှာ ဘာမှမထူးဆန်းခဲ့ဘူး၊ အဲတစ်ရက်မှာပေါ့ကွာ၊ တစ်ရက်မှာ...ငါတို့ ကျောင်းရှေ့နားမှာ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့ ရုပ်ရှင်လာရိုက်တယ်ကွ၊ ရုပ်ရှင်ရိုက်တယ်ဆိုတော့ တို့မန္တလေးအတွက်တော့ အထူးအဆန်းပေါ့ကွာ၊ ကျောင်းသားတွေ အုံခဲနေအောင် ကြည့်ကြ တိုးကြတာပေါ့၊ ထွန်းဝေနဲ့ တင်တင်အေးကွ၊ တင်တင်အေးတွေ ဘာတွေ သိလို့မဟုတ်ဘဲ ရုပ်ရှင်ရိုက်တဲ့မြင်ကွင်းကို မြင်ဖူးချင်တာနဲ့ ငါလဲ တိုးကြည့်တာပေါ့ကွာ၊ အဲဒီမှာ မင်းသမီးက လမ်းလျှောက်လာတာ၊ ငါရပ်နေတဲ့ နေရာနဲ့ တော်တော်နီးနီးကနေ လမ်းလျှောက်လာတာ၊ ဟား...လှလိုက်တဲ့ မြင်ကွင်းကွာ၊ မျက်နှာကလဲ လှလိုက်တာ၊ ကိုယ်ခန္ဓာဆိုတာကလဲ သူက မယ်ဘွဲ့ ရထားတာကွ၊ ဖျာပုံမယ်လေ...ဖျာပုံမယ် တင်တင်အေး ဆိုတဲ့နာမည်နဲ့ ငါ သူ့ကိုမြင်လိုက်ရတာပေါ့၊ ငါ တော်တော်ကို အံ့သြပြီးငေးကြည့်မိသွားတယ်၊ သူက ဖဲလုံချည်လေးနဲ့ကွ၊ လက်စက ရင်ဖုံးအင်္ကျီနဲ့၊ ဩော်...မိန်းမဆိုတာ ဒီလိုပါလား...ပေါ့၊ မိန်းမ တစ်ယောက်ရဲ့ ရုပ်ရည်အလှနဲ့ ပတ်သက်ပြီး ငါ ပထမဦးဆုံး အကြိမ်ခံစားလိုက်ရတဲ့ ခံစားမှုပဲ၊ ထို့ကြောင့် ဤအရာကို မိန်းမဟုခေါ်သည်ဆိုတဲ့အသိကို ပထမဆုံးအကြိမ် ရလိုက်တဲ့ မြင်ကွင်းပဲ၊ ကျော်တော်အံ့သြရတဲ့ ထူးခြားမှုပါပဲကွာ၊ သူ့ဆံပင်လေးတွေက လှိုင်းတွန့် ပြေပြေလေးနဲ့ နဖူးပေါ်မှာ ပြန်သိမ်းထားတဲ့ ခပ်မောက်မောက်စတိုင်လေးကွာ၊ မျက်လုံး မျက်ခုံး မျက်တောင် တစ်ခုမှ အတုအယောင် မပါဘူးနော်...အစစ်တွေ၊ နှာတံလေးက ပြေပြေလေး၊ မိတ်ကပ်နဲ့





ဆိုတော့ တစ်မျက်နှာလုံး ချောမွေ့ပြေပြစ်လို့၊ လှလိုက်တဲ့ မျက်နှာလေးကွာ...ငါ အခုချိန်ထိ အဲဒီမြင်ကွင်းကို မှတ်မိနေတုန်း”

သားက အဖေ့စကားကြောင့် ဘာမျှ အံ့သြထူးဆန်းဟန် မပြ၊ ဣန္ဒြေရရ နားထောင်နေသည်။ ကျွန်မမှာတော့ အခုအချိန်အထိ ဆိုသော စကားကြောင့် အနည်းငယ်အောင့်သက်သက်ဖြစ်သွားရပါသည်။ သို့သော် အလွန်ရိုးစင်းသည့် မြင်ကွင်းနှင့် ဆယ်ကျော်သက်ကောင်လေးတစ်ယောက်၏ ‘အလှအပေါ် ပထမဆုံး အသိအမှတ်ပြုမှု’ပဲ မဟုတ်လား။ ကျွန်မ ဣန္ဒြေဆည်နိုင်လိမ့်မည် ထင်ပါသည်။

“လမ်းလျှောက်ဟန်ကလဲ တကယ့်စတိုင်ကျကျနွဲ့နွဲ့လေး၊ မာန်လဲ အပြည့်၊ ဟန်လဲ အပြည့်၊ ဒါပေမဲ့ နွဲ့နွဲ့လေး၊ ဒါပဲ...မိန်းမ ဆိုတာ ဒါမျိုးပါလားလို့ တအံ့တသြချီးကျူး အသိအမှတ်ပြုရတဲ့ နေ့ပေါ့၊ အဲဒါ တင်တင်အေးပေါ့ကွာ၊ အဲဒီအချိန်ကျမှ မိန်းမရဲ့ အလှကို သိတော့တာပဲ၊ အလှကိုလဲ သဘောကျလာတတ်တော့တာပဲ၊ မလှတာနဲ့ လှတာနဲ့ အဲဒီကျမှ တော်တော်ကိုကွဲပြားတော့တာကိုးကွ၊ ငါ့အတွက်တော့ တစ်သက်စာသင်ခန်းစာတွေ ရလိုက်တဲ့နေ့ပါပဲကွာ”

“ဒါနဲ့ပဲ ဖေဖေက တင်တင်အေးကို စွဲသွားရောလား”

“နိုး နိုး...မစွဲပါဘူး၊ တစ်ခါတစ်ခါ အဲဒီမိန်းမရဲ့ လမ်းလျှောက်ဟန်လေးကို မြင်မြင်လာတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ မစွဲဘူး၊ ဆော့လိုက် ကစားလိုက် စာကျက်လိုက်ပေါ့ကွာ၊ အဲဒီအလှမျိုး ရှိလေရဲ့လို့ ငါအသိအမှတ်ပြုမိရုံပဲလေကွာ၊ ငါ့အတွက် ဘာမှ မထူးခြားဘူး၊ ဘာမှလဲ ပြောင်းလဲမသွားဘူး၊ ပုံပြင်ကောင်းလေးတစ်ခု နားထောင်လိုက်ရသလောက်ပါပဲ၊ ခဏခဏသတိရနေတယ်၊ ပုံပြင်လေး ကောင်းတယ်...ဒါပဲပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပင့်သက်ကို လွှတ်ကာ အနည်းငယ်ပြုံးမိသွားသည်။

"အဲ… ဒါပေမဲ့ ငါ့ကို တော်တော်ပြောင်းလဲသွားစေတဲ့ မိန်းမ တစ်ယောက်ရဲ့ မြင်ကွင်းကို ဆယ်တန်းနှစ်မှာ ကြုံရောကွ၊ မင်းလဲ သိသားပဲ၊ ငါ ဖိဆစ်ကဲ့စ်နဲ့ မက်စ်နဲ့ အရမ်းပိုင်တယ်၊ ဝါသနာလဲ ပါတယ်ဆိုတာ၊ အေး…အတန်းသားအချင်းချင်း ငါက ပြန်ပြီး သင်ပြ ရှင်းပြပေးရတာ၊ ဖိဆစ်ကဲ့စ်နဲ့ ပတ်သက်ရင် ငါက ဆရာကြီး လုပ် နေကျ၊ ဒါပေမဲ့ ဆယ်တန်း အတန်းတင်စာမေးပွဲမှာတော့ ဖိဆစ်ကဲ့စ် မှာ ဂုဏ်ထူးမရတော့ဘူး၊ ၇၄ မှတ်နဲ့ ပြုတ်သွားတယ်၊ ရှစ်ဆယ် ရမှ ဂုဏ်ထူးပေးတာကိုး၊ ငါ သင်ပေးတဲ့ ငါ့သူငယ်ချင်းတွေက ငါ့ထက် အမှတ်များသွားတယ်၊ အဲဒါ ဘာကြောင့်လဲ သိလား၊ မိန်းမ တစ် ယောက်ရဲ့ မြင်ကွင်းကြောင့်ကွ"

သားက အာလူးကြော်ကောက်ဝါးကာ သဲ့သဲ့ပြုံးနေသည်။ ကျွန်မ သူ့မျက်နှာကို မြင်ချင်သော်လည်း မမြင်ရပါ။ သူ့ကိုမြင်ဖို့ဆိုလျှင် လှေကားအောက်ခြေအထိ ဆင်းရမည်ဖြစ်သည်။ မဖြစ်ပါ၊ သူတို့ ကျွန်မကို မြင်သွားနိုင်သည်။ ထိုအခါ သူ ကျွန်မကို အထင်လွဲသွား နိုင်သည်။

"ငါတို့က ကိုယ့်ကျောင်းကိုယ် မဖြေရဘဲ တခြားကျောင်းမှာ သွားဖြေရတယ်လေ၊ ပထမရက်တွေတော့ ဖြေနိုင်ပါတယ်၊ ဖိဆစ်ကဲ့စ် ဖြေရမယ့် နောက်ဆုံးနေ့ကျတော့ ငါဒုက္ခရောက်ရောကွ၊ အဲဒီနေ့ က ငါတို့စာမေးပွဲခန်းကို စောင့်တဲ့ ဆရာမလေးက ငယ်ငယ်လေး ကွ"

သား၏ ရယ်သံတစ်ချက် ကြားရသည်။

"ချောလား ဖေဖေ"





"အာ… ချောလား မချောလား ငါမမှတ်မိတော့ဘူး၊ သူ့ မျက် နှာက သိပ်တော့ မချောလှဘူးထင်ပါရဲ့၊ ငါမသိဘူးကွာ၊ အခုကိစ္စ ကျတော့ မျက်နှာအလှတွေ ကိုယ်ခန္ဓာအလှတွေနဲ့ မဆိုင်တော့ပြန် ဘူးကွ၊ မြင်ကွင်းနဲ့ပဲ ဆိုင်တာ၊ သူ အဲဒီနေ့က ဝတ်ထားတဲ့ အင်္ကျီ ကြောင့် ဆိုပါတော့၊ သူက မှန်နိုင်လွန်ကို ဝတ်ထားတာကွ၊ မှန် နိုင် လွန် ဆိုတာ မင်းသိလား၊ မှန်လိုပဲ တော်တော်ပါးတယ်လို့ပဲ မှတ် ထားလိုက်ပါတော့ကွာ၊ အဲဒီနေ့က ငါဘာကြောင့် ဒုက္ခရောက်သလဲ ဆိုတော့ ငါ့လက်ရေးက သိပ်ကျဲပြီး သိပ်သော့နေလို့ပဲ၊ အဖြေ စာ ရွက်တွေ ခဏခဏကုန်၊ နောက်ထပ် အဖြေစာရွက်တွေ ထပ်ထပ် တောင်းရတာပေါ့၊ စာမေးပွဲဖြေတိုင်း ငါက အရင်ဆုံးစာရွက်တောင်း ရတာ ထုံးစံပဲ၊ ဒါပေမဲ့ ဒီတစ်ခါကျတော့ ဆရာမလေးက ငါ့ကို စာ ရွက် လာလာပေးနေတာ၊ အဲဒါ ဒုက္ခပေါ့ကွ၊ ငါ့အနားကို သူ ရောက် လာတယ်၊ စာရွက်ကို ဂရုတစိုက်ပေးတယ်၊ သိမ်သိမ်မွေ့မွေ့ ပြုံးပြုံး လေးပါပဲ၊ ကြင်ကြင်နာနာ သဘောကောင်းကောင်းလေးပါပဲ၊ ဒါ ပေမဲ့ စာရွက်ပေးရင်း သူက ငါ့အနားမှာ တော်တော် နီးနီးလာတာ ကိုး၊ သူ့အရပ်ကလဲ ပုပုလေးကွာ၊ ငါထိုင်နေတဲ့အခါ ငါ့ခေါင်းက သူ့ပခုံးနဲ့ တစ်တန်းတည်းကွာ၊ မင်းစဉ်းစားကြည့်ပေါ့ အဲဒီမြင်ကွင်း ကို။

"…အဲဒီတော့ ငါ့အာရုံက စာထဲ သိပ်မရောက်တော့ဘူးပေါ့ကွာ၊ သူ့ဆီ ရောက်ရောက်သွားတာပေါ့၊ ပုစ္ဆာတွေ ဖြေရတာ အလွဲလွဲ အ ချော်ချော် အမှားရာတွေ ခဏခဏခြစ်ရ၊ စိတ်တွေ ကယောင်ချောက် ချား ဖြစ်၊ ရင်တွေက တုန်၊ မျက်နှာတွေက ပူ၊ အဖြေမှန် မရလို့ ခေါင်း တွေက ထွက်၊ စာရွက် ထပ်ထပ်တောင်းရလို့ စိတ်တွေက ပိုရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှား၊ ဟား…ငါ့အဖြစ်ကတော့ တော်တော်ကို ခံရတာပါကွာ၊ သူက တော့ ဘယ်သိမလဲကွ၊ သူ့ကြောင့် ငါဒုက္ခရောက်နေတာ သူဘယ် သိမလဲ၊ ငါစာရွက်တောင်းတိုင်း ပျာပျာသလဲ ရောက်လာ၊ ကိုယ် လေးငုံ့ကိုင်းပြီး စာရွက်လာချ၊ ခုံနံပါတ်ကို တစ်ခါတည်းရေးနော် လို့ သတိပေး၊ ငါခုံနံပါတ် ရေးပြီး မပြီး စောင့်ကြည့်၊ အိုး…ဒီကောင် မှာတော့ ချွေးတွေက ပြန်၊ အာခေါင်တွေ ခြောက်…”

သားအဖနှစ်ယောက်လုံး ရယ်မောကြပါသည်။ ကျွန်မလည်း ပြုံးမိသည်။ ဒါ…ဆယ်ကျော်သက် ကောင်လေးတစ်ယောက်၏ မိန်းမတစ်ယောက်အပေါ် ပထမဆုံး စိတ်လှုပ်ရှားမှုပေါ့။

“အဲဒါ…မိန်းမတစ်ယောက်ကပေးတဲ့ ပထမဆုံး စိတ်လှုပ်ရှားမှုပဲ၊ တော်တော်ပြင်းပြတဲ့ စိတ်လှုပ်ရှားမှုကွ၊ တော်တော်လဲ မသေ မသပ်နိုင်တဲ့ စိတ်လှုပ်ရှားမှုပါပဲ၊ မိန်းမတစ်ယောက်အတွက် ယောကျ်ားလေးတစ်ယောက်ဟာ ဒီလိုခံစားရပါလားဆိုတာ အဲဒီ ကျမှ ငါသိရတော့တာပဲ”

“သူ့နာမည်က ဘယ်သူတဲ့လဲ”

“ဟာ…ငါ ဘယ့်သိမလဲ၊ နောက်ထပ်လဲ တွေ့ရတာမဟုတ်၊ တွေ့ရလောက်အောင်လဲ စိတ်ဝင်စားမိတာမဟုတ်ဘူးလေ၊ သူ့ဆီ က ငါ ရလိုက်တာ တစ်ခုတည်းပဲ၊ မိန်းမဆိုတာ ဒီလိုစိတ်လှုပ်ရှား စေပါလားဆိုတဲ့အသိ…ဒါပဲလေ၊ ဒါပေမဲ့ ငါ လူလားမြောက်တဲ့ အထိ ပထမဆုံးစိတ်လှုပ်ရှားမှုကို ငါ သတိရနေတုန်းပဲ၊ တော်တော် ကို ပရမ်းပတာနိုင်တဲ့စိတ်ကွ၊ ယောက်ယက်ကို ခတ်နေတာပဲ”

ထို့နောက် တိတ်ဆိတ်သွားကြသည်။ သူ့ဘီယာကို ဖန်ခွက်ထဲ





လောင်းထည့်နေသံ ကြားရ၏။ သံဘူးကို စားပွဲပေါ် ပစ်တင်လိုက် သည့် လက်ဖျားပိုင်းကို မြင်ရသည်။

“ဖေဖေ…ကျွန်တော်လဲ သောက်မယ်နော်”

“ဘာကွ…”

သားက မချိုမချဉ်မျက်နှာနှင့် ဘီယာသံဘူးကို ဖောက်ဟန် ပြု သည်။

“မင်းအသက် ၁၆ နှစ်ပြည့်ပြီလား”

“ပြည့်ပြီ”

“မပြည့်သေးပါဘူးကွာ၊ မင်းအမေ ဟိုတစ်နေ့ကမှ ငါ့ကို ပြော တဲ့စကားကို ငါမှတ်မိတယ်၊ မင်း ၁၆ နှစ်မပြည့်သေးဘူး၊ မသောက် ရဘူး၊ အဲဒီမှာ အမြည်းစားလေကွာ၊ ငါနဲ့ စကားမပြောချင် သွားအိပ် ကွာ၊ ဘီယာတော့ လုံးဝပဲ”

သားက သံဘူးကို မချချင် ချချင်ဟန်ဖြင့် ပြန်ချ၏။ ထို့နောက် အာလူးကြော်နောက်တစ်ထုပ်ဖောက်ကာ အဆက်မပြတ် စားလေ သည်။ သူ့အသံလည်း တိတ်ဆိတ်နေ၏။ တင်တင်အေးကို ပြန် စဉ်းစားနေသလား၊ မှန်နိုင်လွန်ကို ပြန်စဉ်းစားနေသလား ကျွန်မ မသိနိုင်ပါ။ ယခုခေတ်မှာ ဗီဒီယိုတွေပေါ်လာတော့ သားတို့အတွက် မှန်နိုင်လွန်သည် ဘာမှမထူးခြားသည့်အရာတစ်ခု ဖြစ်နေပြီလား… ကျွန်မ မသိနိုင်ပါ။ သားပြောသည့် စင်ဒီကရောဖို့ဒ်ကို ကျွန်မ သိ ပါသည်။ အလွန်လှပရှည်သွယ်သည့် ကိုယ်ခန္ဓာဖြစ်သည်။ နိုင်ငံ တကာမှာ လူကလေးတွေ လူလားမြောက်ချိန် စောလာတာတော့ အမှန်ပဲဖြစ်သည်။ သည်ခေတ်၏ သဘာဝဖြစ်သည်။ ဒါကို ကျွန်မ ဝမ်းနည်းနေလို့မရ၊ ရှုတ်ချချင်လို့ မရ၊ လက်ခံဖို့ကြိုးစားရမှာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သားကိုတော့ အများတကာထက် လူလားမြောက်ချိန် နောက်ကျစေချင်သည်။

"ဒါနဲ့ ဖေဖေ့ရဲ့ ပထမဆုံးရည်းစားအကြောင်း ပြောပြပါလား"

"ဟော့ကောင် အဆင့်မကျော်နဲ့ကွ၊ နောက်ထပ် ခံစားမှုတစ်မျိုး ကျန်သေးတယ်၊ ရည်းစားဆိုတာကတော့ကွာ အနည်းနဲ့အများ ပိုင်ချင်စိတ် ဆိုင်ချင်စိတ်နဲ့ ပူပန်သောက ရောက်ရ ရင်တုန်ရတာပဲ၊ အခု ငါပြောမှာက ဘာမှကို မတော်လောဘ မပါတဲ့ စွဲလမ်းမှုတစ်ခု အကြောင်း...အဲဒီအကြောင်းကို ပြောမယ်"

စွဲလမ်းမှုဟူသော စကားကို သူက အဆင့်ဘယ်နှမျိုး ခွဲခြားချင်နေသလဲ မသိ။ ကျွန်မ သိတာကတော့ စွဲလမ်းမှုဆိုသည်မှာ တဏှာပဲ ဖြစ်သည်။

"အဲဒီအချိန်မှာ ငါက တက္ကသိုလ်ရောက်နေပြီပေါ့ကွာ၊ ငါတို့ မန္တလေးမှာ ပွဲတွေ အငြိမ့်တွေ တော်တော်များတယ်ကွ၊ မန္တလေးက အငြိမ့်တွေထဲမှာ နာမည်အကြီးဆုံးက လမင်းတစ်ရာ အငြိမ့်ပဲ၊ မင်းသမီးက ဋ္ဌေးဋ္ဌေးမြင့်ပေါ့၊ မင်း သိမှာပါ"

"ဋ္ဌေးဋ္ဌေးမြင့်...ကျွန်တော် သိသားပဲ၊ ဒါပေမဲ့..."

"ဟော့...မင်း ဟိုတုန်းက ဋ္ဌေးဋ္ဌေးမြင့်ကိုမှ မမီဘဲ၊ အဲဒီတုန်းက ဋ္ဌေးဋ္ဌေးမြင့်က အိမ်ထောင်လဲ မကျသေးဘူး၊ အရမ်းလှ အရမ်းချော၊ အက,ကလဲ ညက်...သိပ်ကို နာမည်ကြီးတဲ့ မင်းသမီးကွ"

"အဲဒီတော့ ဖေဖေက ကြိုက်ရောလား"

"ဟ...အဲဒီလောက် သာမန်မကျဘူးကွ၊ ကြိုက်ရောလို့ ပြောလို့ မရအောင် ဋ္ဌေးဋ္ဌေးမြင့်က ပေးတဲ့ ခံစားချက်က ထူးခြားတယ်၊ ဒီလိုကွ...ပထမဦးဆုံး ဋ္ဌေးဋ္ဌေးမြင့်ကို မြင်ဖူးတော့ အငြိမ့်စင်ပေါ်မှာ





မဟုတ်ဘူး၊ စင်နောက်မှာ မင်းသမီးတွေ အလှပြင်နေတဲ့ နေရာ...၊ အဲ...အဲဒီမှာကွ၊ ငါ့သူငယ်ချင်းက ဋ္ဌေးဋ္ဌေးမြင့်ကို မြင်ချင်လို့ချည်ရဲ့ ဆိုလို့ ငါက စိတ်မပါလက်မပါနဲ့ အဖော်လိုက်သွားရတာကွ၊ မင်းသမီးက ငါတို့ကို နောက်ကျောပေး ထိုင်နေတယ်၊ ပြင်ဆင်ပြီးပြီ၊ ပန်းကလေးပန်ဖို့ပဲ ကျန်တော့တဲ့အဆင့်ပေါ့၊ ငါရပ်ကြည့်တဲ့နေရာက ဆိုရင် သူ့ရှေ့က မှန်ကိုပဲ မြင်ရတယ်၊ အဲဒီမှန်ထဲမှာ ပန်းပန်ဖို့ ဟန်ပြင်နေတဲ့မျက်နှာလေးတစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရတာ၊ အောင်မယ်လေး...ချောလိုက်တဲ့ မျက်နှာလေးကွာ၊ မျက်နှာသွယ်လေးကွ၊ ပါးအို့လေးတွေက ပန်းသွေးရဲရဲနဲ့ နှုတ်ခမ်းဆိုးဆေးက လွင်နေတာပဲ၊ မှန်ရဲ့ဘောင်က အနားသတ်ပေးထားတဲ့ မျက်နှာလေး ဆိုတော့ ခပ်ဝေးဝေးကနေ ကြည့်ရတာလဲ ဖြစ်တော့ ပုံတူပန်းချီကားလေး တစ်ချပ် ကြည့်နေရသလိုပဲ၊ သူ့မျက်လုံးကလေးကို ငါမြင်ရတယ်၊ သူ့အပြုံးလဲ့လဲ့လေးကို ငါမြင်ရတယ်၊ ငါဘာဖြစ်သွားလဲ...သိလား၊ ဘယ်မှ မသွားချင်၊ ဘာစကားမှလဲ မပြောချင်ဘဲ အဲဒီမှန်ထဲက မျက်နှာလေးကို တစ်ဝကြီး ထိုင်ကြည့်နေချင်သွားတော့တယ်၊ အဲဒီ မျက်နှာလေးကို ငါစွဲလမ်းသွားတယ် ဆိုပါစို့၊ ဘီးဆံထုံးနဲ့မော့၊ ရှေ့က ဆံယဉ်စကလေးတွေနဲ့၊ ဘေးမှာ ဆံမြိတ်နဲ့၊ လည်ပင်းမှာလည်ကပ်ဆွဲကြိုး အဆင့်ဆင့်နဲ့၊ မင်းသမီးကလေးတစ်ပါးပေါ့၊ အိပ်မက်ထဲက မင်းသမီးလေးပေါ့၊ အပြင်လောကမှာ တကယ်မရှိနိုင်ဘူးလို့ လက်ခံထားရတဲ့ မင်းသမီးကလေးပေါ့၊ အိပ်မက်ထဲက လွဲပြီး ဘယ်မှာမှ သူ့ကို တွေ့ခွင့်ရမှာမဟုတ်ဘူးဆိုတာ သေချာနေတဲ့ မင်းသမီးလေး တစ်ပါးပေါ့၊ အဲဒီစိတ်မျိုးနဲ့ ဋ္ဌေးဋ္ဌေးမြင့်ကို ငါစွဲလမ်းခဲ့တယ်၊ သူ့ကို စကားပြောချင်တာလဲ မဟုတ်ဘူးနော်၊ ပိုင်ဆိုင်ချင်တာလဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ အလှအပကလေးတစ်ခုကို ချီးကျူး ငေးမောချင်တဲ့ ခံစားချက်မျိုး ငါ ရခဲ့တယ်”

သူ ခဏခဏပြောဖူးသည့် အငြိမ့်တွေ ပွဲတွေ အကြောင်းတွင် လမင်းတစ်ရာအငြိမ့် ပါရဲ့လားဟု ကျွန်မ ပြန်စဉ်းစားကြည့်မိ၏။ ဧဝေဧဝါဖြစ်နေသည်။ သူ့အသက် အစိတ်အရွယ် ကျွန်မနှင့် တွေ့ချိန်အထိ သူကြည့်ခဲ့ပါသည်ဆိုသော အငြိမ့်တွေထဲမှာ ဤနာမည် မပါဘူးဟု ထင်သည်။ သို့မဟုတ် ကျွန်မကပဲ မမှတ်မိနိုင်တာလား မသိ၊ ကျွန်မက အငြိမ့်ပွဲတွေနှင့် ဝေးလှသည်။

“ဘယ်လောက်ထိ အိပ်မက်ဆန်လိုက်သလဲဆိုရင် ဒွေးဒွေးမြင့်ကို ငါ မင်းသမီးဝတ်နဲ့ပဲ ကြည့်ချင်တယ်၊ လူဝတ်နဲ့ မကြည့်ချင်ဘူး၊ အရပ်ဝတ်နဲ့ မကြည့်ချင်ဘူး၊ သူ မင်းသမီးကလေးအဖြစ် က,နေ ဆိုနေတဲ့အချိန်မှာ ငါ စင်အောက်ကနေ တမေ့တမော ငေးကြည့် ကျေနပ်နေခဲ့ပေမယ့် ပြဇာတ်တို့ ဘာတို့မှာ အရပ်ဝတ်နဲ့ သရုပ်ဆောင်တော့မယ်ဆိုရင် ငါပြန်လာခဲ့တာပဲ၊ ဆက်မကြည့်တော့ဘူး၊ သူ့ကို ငါက မင်းသမီးအဖြစ်ပဲ စွဲလမ်းချင်တာကိုးကွ၊ ဆံထုံးရယ်၊ ဆံမြိတ်ရယ်၊ ပန်းရယ်၊ ပဝါလေးရယ်၊ ခါးတောင်အကျီလေးရယ်၊ လည်ပင်းမနိမ့်တဲ့ ရင်ခံ ရင်စည်းပေါ်က ဘော်ကြယ်ပွင့်ပန်းကလေးတွေရယ်၊ လည်ပင်းမှာ ကပ်နေတဲ့ လှုပ်လှုပ် လှုပ်လှုပ်နဲ့ တောက်ပနေတဲ့ လည်ကပ်အဆင့်ဆင့် လည်ဆွဲအဆင့်ဆင့်တွေရယ်၊ ထဘီနားခတ်လိုက်တဲ့ အလှလေးရယ်၊ တစ်ခါတစ်ခါမှာ က,ရင်းနဲ့ လှစ်ခနဲ ပေါ်သွားတဲ့ ခြေအိတ်ဝတ်ထားတဲ့ ခြေမျက်စိအထက်က ခြေသလုံးလေးတွေရယ်…အဲဒါလေးတွေကိုပဲ ငါမြင်ချင်တာ၊ သူ ပန်ထွာဘုရင်မအဖြစ် သရုပ်ဆောင်တဲ့အခါ လက်သီးလေးဆုပ်ပြီး ခြေတစ်ချက် ဆောင့်





ကြွေးကြော်လိုက်ရင် အို…သိပ်ကြည့်လို့ ကောင်းတဲ့ အလှကိုးကွ၊ တော်တော်ကို အနုပညာမြောက်တဲ့ အလှပါပဲကွာ”

ကျွန်မ ပြုံးရမလား မဲ့ရမလား မသိနိုင်တော့ပါ။ သည်လောက်ကတော့ လွန်လွန်းသည်ဟု အပြစ်တင်ရမလား၊ စိတ်ကူးယဉ်တတ်လှချည့်ဟု စွပ်စွဲရမလား မသိတော့ပါ။

“ငါ မှတ်မိသေးတယ်၊ သူဆိုနေကျ သီချင်းက လေဘာတီ မမြရင်ရဲ့ ရွှေပြည်စိုးကွ၊ သူ့အသံက သိပ်ကောင်းလှတယ်လဲ မဟုတ်ဘူး၊ ခပ်တိမ်တိမ် ပြာပြာအက်အက်ကလေး၊ ဒါပေမဲ့ သိပ်နားထောင်လို့ ကောင်းတယ်၊ အမူအရာကလဲ တော်တော်သိမ်မွေ့တယ်၊ ဘာအမူအရာပဲလုပ်လုပ် သူက မသိမသာလေး၊ တို့ခေတ်က ဗီဒီယိုတွေ မပေါ်သေးတော့ စင်ပေါ်က မင်းသမီးဟာ အဝေးက ပရိသတ်ကို ဆွဲဆောင်ဖို့ အမူအရာ တော်တော်ပိုကြရတယ်ကွ၊ မျက်လုံး နှုတ်ခမ်း ပြုံးတာ မဲ့တာ စောင်းတာ ချိတ်တာပေါ့ကွာ၊ ဟိုသီချင်းကွာ…ဟို သီချင်း ဆိုတဲ့အခါမျိုး၊ ဘာတဲ့…စံရှားတင် ဆိုတဲ့ သီချင်းလား မသိပါဘူးကွာ၊ ပွဲပြီးလို့ အချိန်တန် အိမ်အပြန် လိုက်ပို့ရမယ့် အစ်ကို… ဆိုတဲ့ သီချင်းလေ”

သူ့အသံ အက်ကွဲကွဲဖြင့် စားပွဲကို စည်းချက်လိုက်ကာ သီချင်း ညည်းသံ ကြားရသည်။ ဒါဆိုရင် သူ ခြောက်ဘူးလောက်တော့ ကုန်နေပြီဟု ကျွန်မ ခန့်မှန်းမိသည်။ ဤအသံသည် ဘီယာမူးလာချိန်တွင် ပြောတတ်ဆိုတတ်သည့် လေးတွဲတွဲအသံမျိုး ဖြစ်လေသည်။

“အဲ… အဲဒီနေရာမျိုးမှာ သူက မျက်စောင်းချိတ်တာ မှတ်တာနဲ့ တာက မသိမသာကလေး၊ လုံးဝကို မသိမသာကလေးကွာ၊ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သိမ့်သိမ့်ငြိမ့်ငြိမ့်လေး ခံစားရရုံလေး၊ အဲဒီ ခံစားချက်က သိပ်ကြည်နူးစရာကောင်းတယ်၊ ဘာပူလောင်မှုမှ မပါဘူး၊ အိပ်မက်ထဲမှာ အိပ်မက်မှန်းသိသိ ကြည်နူးနေတဲ့ ခံစားချက်မျိုး၊ အိပ်မက် နိုးသွားရင် ဒီမင်းသမီးလေး ပျောက်သွားမှာဆိုတဲ့အသိကို သိပေမယ့် လိုချင်လောဘလဲ မရှိ၊ ကိုယ်နဲ့ မဆိုင်တဲ့ မပတ်သက်တဲ့ အလှတစ်ခုကို အလှအဖြစ် စောင့်ကြည့်ပြီး ကျေနပ်နေတဲ့ ခံစားချက်မျိုးကွ…၊ တော်တော်သိမ်မွေ့တဲ့ ခံစားချက်လို့ပြောရမယ်၊ အဲ…အဲဒီရဲ့ နောက်မှာ ထပ်ကြုံ ရတဲ့ မိန်းမတွေကတော့ တစ်မျိုးပေါ့ကွာ၊ နောက်ထပ် အမျိုးမျိုးပေါ့ …ဟား ဟား”

ထိုညက ကျွန်မနှင့် သူ သားသမီးတွေ မသိအောင် ကျိတ်ပြီး ရန်ဖြစ်ကြရသည်။ အံ့သြတုန်လှုပ်စိတ်၊ အားငယ်စိတ်၊ မခံချင်စိတ်၊ နာကြည်းမုန်းတီးစိတ်တို့ဖြင့် ကျွန်မ အိမ်မှထွက်ခွာသွားရန် ပြင်ဆင်မိ၏။

“ဒီအရွယ်ကြီးရောက်မှ ကလေးမဆန်ချင်စမ်းပါနဲ့ ညိုရာ”

“မဟုတ်ဘူး…မဟုတ်ဘူး၊ လောလောဆယ် ကျွန်မ ဒီမှာ ဘယ်လိုမှ ဆက်နေလို့ မဖြစ်လို့ပါ၊ ကျွန်မ တစ်ခုခုဖြစ်သွားတာတော့ အမှန်ပဲ၊ အဲဒီခံစားမှုက ဘာမှန်းမသိဘူး၊ ဘယ်လောက်ကြာဦးမလဲဆိုတာလဲ ကျွန်မ မသိဘူး၊ အချိန်တန်ရင်တော့ ပြေသွားမယ်ထင်ပါရဲ့၊ အခုတော့ ကျွန်မသွားပါရစေ”

သူက စိုးရိမ်မှုတစ်ဝက် ဒေါသတစ်ဝက်နှင့် ကျွန်မကို လက်ဆွဲကိုင်ရန် ဟန်ပြင်သည်။

“မထိပါနဲ့…ကျွန်မကို မထိနဲ့၊ မလိုဘူး၊ အဲဒါ မလိုအပ်ဘူးနော်၊ အဲလိုချော့လို့လဲ ဘာမှထူးခြားမှာမဟုတ်ဘူး၊ ကျွန်မကို လွှတ်ပေး





လိုက်ပါ၊ မိဘတွေဆီ ခဏပြန်သလို ပြန်သွားချင်တယ်၊ သားတို့လဲ မသိပါစေနဲ့၊ ဒီကိစ္စက ရှက်စရာကြီး၊ ကျွန်မစိတ်တွေ ငြိမ်သွားရင် ပြန်လာပါ့မယ်”

စိတ်ပြေဖို့ ဘယ်လောက်ကြာမှာလဲဟု သူမေးတော့ ကျွန်မ မဖြေတတ်ခဲ့ပါ။ တစ်လ ကြာချင်ကြာမည်၊ တစ်နှစ် ကြာချင်ကြာမည်။ တစ်သက်လုံးတော့ ကြာမည်မဟုတ်ဟု မျှော်လင့်ရပါသည်။ နောက်တော့ သူက နှစ်ယောက်လုံး အဆင်ပြေအောင် သူပဲ ခဏထွက်သွားပါမည်ဟု ဆို၏။ သမီးစာမေးပွဲတွေမှာ ကျွန်မ မရှိလို့ မဖြစ်ဘူးဟု သူဆုံးဖြတ်ပါသည်။ သူကတော့ တခြားတစ်နေရာရာမှ ရုံးတက်လျှင် ဖြစ်နိုင်သည်ဟု ဆိုသည်။ သည်လိုနှင့် နောက်တစ်နေ့ နံနက်တွင် သူထွက်ခွာသွားသည်။ မိတ်ဆွေတစ်ယောက်ယောက်၏ အိမ်ကို ခဏသွားစောင့်ပေးရမလိုလို သားသမီးများကို အကြောင်းပြ၏။ သားတို့ သမီးတို့က ယုံကြည်ဟန်တူသည်။ သို့မဟုတ် ဟန်ဆောင်ကောင်းကြသည်။ ဣန္ဒြေမပျက်ပါ။

ဣန္ဒြေပျက်ရသည်က ကျွန်မသာဖြစ်သည်။ ကျွန်မ၏ ထူးဆန်းသော ခံစားမှုကို နှစ်ရက်နှင့် မျိုသိပ်ပစ်နိုင်ခဲ့သည်။ သို့သော် သူ့ခေါင်းလောင်းကလေးများ၏ အသံကို မကြားရတာ ကာလ တော်တော်ကြာခဲ့ပြီ။

*

ယောကျ်ားတို့၏ စိတ်သဘာဝနှင့် မိန်းမတို့၏ စိတ်သဘာဝ မတူညီကြောင်း ကျွန်မ သိသွားပဲ။ သို့သော် သူ့ကို ကျွန်မ ဘယ်လိုမှ ကိုယ်ချင်းမစာပေးနိုင်တာကို သူနားလည်လိမ့်မည်ထင်သည်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့မှာက သူတို့လို အမျိုးမျိုးသော ခံစားချက်တို့ကို အတွေ့အကြုံ ရဖို့ မဖြစ်နိုင်။ သဘာဝတရားကလည်း မပေး၊ ကျွန်မတို့၏ ဇီဝရုပ်တည်ဆောက်ပုံအရရော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုအရရော ဘယ်လိုမှ မဖြစ်နိုင်။ ရသနှင့် ပတ်သက်၍ သူတို့လောက် ခွဲခြမ်းစိတ်ဖြာ မမြင်တတ် မခံစားတတ်တာတော့ သေချာသည်။ ကျွန်မတို့ကိုက ထုံထိုင်းအန လှသောကြောင့်လား၊ ဉာဏ်ရည်ကို အသုံးချဖို့ အတွေ့အကြုံ စုဆောင်းဖို့ အခွင့်အရေးကို မရတာလား ကျွန်မ မသိနိုင်ပါ။ သူတို့မှာတော့ အခွင့်အရေးတွေ များလှသည်။ ထို့ကြောင့် ကျွန်မတို့မိန်းမများကို သူတို့က 'အူတိုသည့် အမျိုးတွေ' ဟု အထက်စီးက စွပ်စွဲခွင့်ကို ရနေခြင်းဖြစ်သည်။ အမှန်ကတော့ ကျွန်မတို့မှာ အဲသည်ပြဿနာမျိုးကို ဖြေရှင်းဖို့ 'မနာလိုဝန်တိုခြင်း' ဟူသော ထွက်ပေါက်တစ်ခုသာ ရှိသည်မဟုတ်လား။ တခြား ဘာထွက်ပေါက်များ ရှိလို့လဲ။ ဘာထွက်ပေါက်ကိုများ သဘာဝတရားက ပေးအပ်ထားလို့လဲ။ ဘာအခွင့်အရေးတွေများ လူမှုအဆောက်အအုံက ပေးအပ်ထားလို့လဲ။ သည်တစ်ခုပဲ ပေးထားသည်။ သည်တစ်ခုပဲ ကျွန်မတို့မှာ ရှိသည်။

သို့သော် ကံဆိုးရှားစွာပင် ကျွန်မတို့၏ မနာလို ဝန်တိုခြင်းကို သက်တမ်းမရှည်စေရန် ပယ်ဖျက်ပေးမည့် မိသားစု အရေးအခင်းများလည်း ကျွန်မတို့မှာ များစွာရှိသေးသည်။ ထိုအရေးအခင်းများကြောင့်ပဲ ကျွန်မတို့သည် သူတို့ရှေ့မှောက်မှာ အရှုံးပေးကြရသည့် သာဓကတွေ များလှပြီ။ အရှုံးပေးခြင်းသည် အပြေအလည် ကျေအေးခြင်း မဟုတ်၊ ခွင့်လွှတ်ခြင်းလည်း မဟုတ်၊ သို့သော် ၎င်းခံစားမှုကို ဘယ်သူမှ မသိအောင် ကျွန်မတို့၏ ရင်တွင်းတစ်နေရာရာတွင် ရာ





သက်ပန် သို၀ှက်သိမ်းဆည်းထားလိုက်ကြပြီဖြစ်သည်။ ယောကျ်ားတစ်ယောက်မှာ လျှို့ဝှက်ထားသည့် အတိတ်အဖြစ်အပျက်တွေ များလေလေ သူ့ဇနီး၏ရင်မှာ သိမ်းဆည်းဖုံးကွယ်ပစ်ရသည့် လျှို့ဝှက်ချက်တွေ များလေလေဖြစ်သည်။ ဒါမထူးဆန်းပါ။ သည်အတွက် ကျွန်မတို့ မကြာခင်မှာပင် နေသားကျသွားလေ့ရှိပါသည်။ ဤလျှို့ဝှက်ချက်ဖြင့် ကျွန်မ မကြာခင်မှာ နေသားကျသွားမည်ဆိုတာလည်း သူ သိပါလိမ့်မည်။ ဇနီးအကြောင်း လောကတွင် အသိဆုံးပုဂ္ဂိုလ်မှာ လင်ယောကျ်ားပဲ ဖြစ်သည်မဟုတ်လား။ ထို့ကြောင့် သူ ကျွန်မကို ခန့်မှန်းနိုင်ပါလိမ့်မည်။ သူ မကြာခင်မှာ ပြန်လာတော့မည်။ ခေါင်းလောင်းသံများကို တစ်ရက်ရက်မှာ ဗြုန်းခနဲ ကျွန်မ ကြားရလိမ့်မည်။

သူ့ခေါင်းလောင်းအမျိုးအစားများ၏ အသံအမျိုးမျိုးကို ခွဲခြားခံစားနိုင်စွမ်းမရှိခြင်းသည် ကျွန်မအတွက် အရေးမကြီးပါ။ သူ ပြန်လာလျှင် နောက်ထပ်ခေါင်းလောင်းတစ်ခု ပါလာဦးမလားဟူသည့် ပူပန်သောကသည်ပင် ကျွန်မအတွက် အရေးမကြီးပါ။ များပြားနေပြီဖြစ်သော ခေါင်းလောင်းကလေးများထဲတွင် နောက်ထပ် ခေါင်းလောင်း တစ်ခု တိုးခြင်း မတိုးခြင်းသည်လည်း ရေးကြီးခွင်ကျယ်ကိစ္စမဟုတ်ပါ။ ဤကြေးခေါင်းလောင်းကလေးများ၏ အသံသည် လျှပ်စစ် ဘဲလ်၏ မြည်သံထက်တော့ သိမ်မွေ့စွာ တိုးတိတ်စွာ ဣန္ဒြေရစွာ သာယာလှသည်မဟုတ်လား။ ထိုဣန္ဒြေသည် ခေါင်းလောင်းသံကလေးများ၏ အလှ ဖြစ်သည်မဟုတ်လား။ ထို့ကြောင့် အရေးကြီးသည်က ခေါင်းမလောင်းသံများ တစ်ပြိုင်တည်း မြည်လာဖို့ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် တစ်ရက်ရက်မှာ ခေါင်းလောင်းသံများ မြည်လာလိမ့်မည်။ ထိုတစ်ရက်ရက်သည် သည်ကနေ့ ဖြစ်နိုင်ပါသည်။

[အက္ခရာစင်စာပေ ဝတ္ထုတိုစု၊ ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၃၆၊ ၁၉၉၈ ဇန်နဝါရီ]

၀



## ပျောက်ဆုံးနေသော...

တစ်ချိန်တုန်းက ပျော့်ရွှင်ကျေနပ်စွာ ရယ်မောခဲ့ဖူးသော မိန်းမတစ်ယောက်သည် အခန်းထဲမှာ ရက်ပေါင်းများစွာ လပေါင်းများစွာ တိတ်ဆိတ်နေခဲ့သည်။

အခန်းသည် ကျယ်ပြန့်သည်ဟု သူမ တစ်ချိန်တုန်းက ထင်ခဲ့ဖူးသော်လည်း တကယ်တော့ ကျဉ်းမြောင်းလှပါသည်။ မှောင်မည်းတိတ်ဆိတ်သော အခန်းထဲတွင် စီးကရက်မီးခိုးများသာ ကခုန် ပျော်မြူးလျက် ရှိသည်။ အပြင်မှ အသံလှိုင်းများသည် နံရံလေးဖက်သို့ မညီမညာ ရိုက်ခတ်တုံ့ပြန်လျက်ရှိသည်။ အပြင်လောက၏ လှပသော ပန်းများ၊ လတ်ဆတ်သော မွှေးရနံ့များသည် အခန်းထဲသို့ ရောက်လာတော့မလိုလိုနှင့် ရောက်မလာကြပါ။

မနေ့က သူမသည် မြတ်လေးပန်းပင်ကလေးတစ်ပင်ကို စိုက်ပျိုးခဲ့သည်။ ယနေ့တော့ မြတ်လေးပန်းပင်ကြီးသည် ခြောက်သွေ့တွန့်လိမ်သော ချုံနွယ်ပင်ကြီးဘဝသို့ ပြောင်းလဲသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲသို့ တစ်ဗိုတစ်ယောက် ဝင်လာတိုင်း ထိုသူက တစ်ခု တည်းသောပြတင်းပေါက်ကို သွားဖွင့်ပေးလေ့ရှိသည်။ ထိုသူကို သူမက အမြဲတမ်း မေးခွန်းတစ်ခု မေးလေ့ရှိသည်။

"ငါ ဘယ်သူလဲ"

ထိုမေးခွန်းသည် အခန်းထဲတွင် ထပ်ကာတလဲလဲ ပဲ့တင်ထပ် လျက် ရှိသည်။

သူမသည် တစ်ခဏအတွင်း ဖျတ်လတ်သွက်လက်စွာ အခန်း ထဲ၌ လမ်းလျှောက်နေပြီးနောက် တစ်ခဏမှာတော့ အိပ်ရာပေါ်မှာ အဝတ်စတစ်ခုလို ပုံလျက်သား လဲလျောင်းနေပြန်သည်။ အခန်းထဲ မှာ တစ်ခါတစ်ခါ သူမတစ်ယောက်တည်း ရှိ၏။ တစ်ခါတစ်ခါမှာ တော့ မိန်းကလေးပေါင်းများစွာ သူမနှင့်အတူ ရှိနေပြန်သည်။ ဆံပင် ကို ထိပ်တည့်တည့်မှာ သေးသေးကျစ်ကျစ်ကလေး စုစည်းထားသည့် သျှောင်ပေစုနှုံးမကလေး။ အုပ်လုံးသိမ်းခါစ ဆံတောက်ဖားဖားနှင့် အပျိုပေါက်ကလေး။ တစ်ပတ်လျှိုဆံထုံးနှင့် ပန်းပန်ထားသည့် ဆယ်ကျော်သက်အရွယ် မိန်းကလေး။ အရွယ်အမျိုးမျိုးသော မိန်း ကလေးများသည် အခန်းထဲတွင် တိတ်ဆိတ်စွာ ရောက်လာလိုက်၊ တိတ်ဆိတ်စွာ ပြန်ပျောက်သွားလိုက် ရှိသည်။

အခန်းထဲသို့ အသက်ခြောက်ဆယ်အရွယ် လူကြီးတစ်ယောက် ဝင်လာသည်။

"ဟာ... မှောင်လှချည်လား"

ထိုသူသည် အမှောင်ကို သေခြင်းတရားလိုပင် ကြောက်ရွံ့နေ လေသလား၊ အမှောင်ထဲက မိန်းမသည် တိတ်ဆိတ်စွာ ရယ်မော လေသည်။





ထုံးစံအတိုင်း ထိုသူက ပြတင်းပေါက်ကို ခပ်သွက်သွက် သွား ဖွင့်၏။ အခန်းထဲသို့ လတ်ဆတ်သောလေများ ဖြည်းညင်းစွာ ဝင် ရောက်လာသည်။ အလင်းရောင်အောက်တွင် မိန်းမသည် အခန်း အလယ်တွင် မတ်တတ်ရပ်လျက်ရှိ၏။

"ငါ့ရဲ့ အခု နောက်ဆုံးထုတ်မယ့် စာအုပ်မှာ မင်းနာမည်ကို ဒယ်ဒီကေးရှင်း ရေးထားတယ်ကွ"

ထိုသူက ဝမ်းသာအားရ အသိပေး၏။ သူမသည် မျှော်ရှင်တတ် သော မိန်းမငယ်ကလေး ဖြစ်ခဲ့သည်။

"ဟုတ်လား၊ ကျွန်မက ဘယ်သူမို့လဲ"

"မင်းက ငါ့ဇနီးပေါ့"

အခန်းသည် တိတ်ဆိတ်သွား၏။ သူတို့နှစ်ယောက်သည် မျက် နှာချင်းဆိုင်၍ အကြာကြီး ငြိမ်သက်နေကြသည်။ အခန်းထဲမှာ အရိပ်များ၊ အရောင်များ စတင်လှုပ်ရှားလာချိန်တွင် ခင်ပွန်းဖြစ်သူ က တစ်လုံးချင်း စကား စပြောလေသည်။

"မင်းဟာ အလွန်အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာကြီး တစ်ယောက်ရဲ့ ဇနီးလေ၊ ငါတို့ လက်ထပ်ပွဲမှာ မင်းက ပန်းရောင် ဝတ်စုံ ဝတ်ခဲ့တယ် မဟုတ်ဘူးလား"

သူမ မပြုံးပါ။ သို့သော် လိုက်လျောစွာ ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကျွန်မတို့ လက်ထပ်ခဲ့ကြတယ်၊ ကျွန်မတို့ လက် ထပ်တဲ့ နေ့တုန်းက မကြင်လှတို့ စပါးကျီတောင် မီးစွဲခဲ့ပါသေး ရော"

ခင်ပွန်းသည်က သူ့ဇနီး၏ မှတ်ဉာဏ်အတွက် ကျိတ်၍ ချီးကျူး



www.burmeseclassic.com

www.burmeseclassic.com

မိ၏။ သူ့ဇနီးသည် အလွန်ဉာဏ်ရည်ထက်မြက်သော မိန်းမ တစ်ယောက် ဖြစ်သည်။

ထို့နောက် အချိန်ကာလသည် အခန်းထဲမှ ပျောက်ကွယ်သွားသည်။

အချိန်ကာလ ပျောက်ကွယ်သွားသည်နှင့်တစ်ပြိုင်နက် သူမသည် ပျို့မျစ်နုနယ်သော မိန်းမငယ်တစ်ယောက်ဖြစ်သွားသည်။ မိန်းကလေးသည် သူမ၏ ချစ်သူကို အလွန်ချစ်မြတ်နိုးလေသည်။ မြတ်လေးပန်းကုံးများကို သူမ၏ ဆံတောက်တွင် ဝေဆာလှပစွာ ပန်ပေးခဲ့သော ချစ်သူသည် စာရေးဆရာတစ်ယောက်ဘဝသို့ ရောက်ရှိရေးအတွက် ရွာက ဆန်စက်မန်နေဂျာ ရာထူးကို စွန့်လွှတ်ခဲ့လေသည်။ ထိုအခါ သူမသည် သူမ၏ ရက်ကန်းစင်များကို စွန့်လွှတ်၍ သူ့နောက်သို့ ရဲဝံ့စွာ လိုက်ပါခဲ့သည်။

လောကတွင် တွေ့ကြုံရသော အခက်အခဲများကို သူမသည် ခင်ပွန်းသည်၏ ရှေ့က ရင်ဆိုင်ဖြေရှင်းခဲ့သည်။ ရက်ကန်း ချည်ရောင်စုံများကို လှပဆန်းကြယ်သော အဆင်အသွေးများအဖြစ် ဖန်တီးနိုင်စွမ်းသော သူမသည် ဆေးဆိုးပွင့်ရိုက်လုပ်ငန်းကို အောင်မြင်စွာ အုပ်ချုပ်နိုင်စွမ်းသော လုပ်ငန်းရှင်တစ်ယောက် ဖြစ်သွားသည်။ ထို့အတူပင် ခင်ပွန်းသည်၏ ဝါသနာ၊ အချိန်ကာလ၊ ပညာစသည့် အရာများအတွက် သူမ စိတ်ရောကိုယ်ပါ ဝင်ရောက်ဖန်တီးပေးခဲ့၏။ ခင်ပွန်းသည် စာကြည့်နေသည့် အချိန်တွင် သူမသည် မျက်လုံးများ တောက်ပရွှင်လန်းလျက် ရှိသည်။ ခင်ပွန်းသည်၏ လက်ရေးစာမူများကို တတ်စွမ်းသမျှအသိဉာဏ်လေးဖြင့် ကူညီဖတ်ရှုအားပေးသော အချိန်တိုင်း သူမ၏ မျက်နှာသည် ပြုံးရွှင်လျက်ရှိသည်။





"ရှင်ဟာ နိုင်ငံကျော်စာရေးဆရာ ဖြစ်ရမယ်...ဖြစ်ကို ဖြစ်မှာ အမှန်ပဲ"

ယုံကြည်မှုများသည် သူမ၏ ရင်ထဲမှ အခိုးအငွေ့အဖြစ် ထွက်ပေါ်လာပြီး ခင်ပွန်းသည်၏ ဦးနှောက်ထဲသို့ သစ်ပင်အမြစ်များ သဖွယ် စိုက်တွယ်ခိုင်မြဲသွားလေသည်။ နေ့သစ်၏ အရုဏ်ဦးများကို နှစ်ယောက်အတူ ဖြတ်သန်းခဲ့ကြသည်။ မှောင်မည်းသော ညများကို နှစ်ယောက်အတူရင်ဆိုင်ခဲ့ကြသည်။ ကြယ်ရောင် လရောင်များ၊ ပန်းရနံ့များနှင့်အတူ ပူပြင်းသော မျက်ရည်များ၊ ခါးသီးသော အမှန်တရားများကို ခံစားခဲ့ကြသည်။ အကြိမ်ကြိမ် အခါခါ သူပြိုလဲတိုင်း သူမက ဆွဲထူတည့်မတ်ပေးခဲ့သည်။ သူ စိတ်ပျက်သောအခါ သူမက ငိုကြွေးသူဖြစ်၏။ သူ ကျေနပ်တက်ကြွသောအခါ သူမက ပျော်ရွှင်ရယ်မောသူ ဖြစ်၏။ သူ ဒေါသတကြီးဖြစ်သောအခါ သူမသည် မင်စုပ်သော စက္ကူချပ်တစ်ခုပမာ သူ့ဒေါသများအားလုံးကို စုပ်ယူပေးခဲ့သည်။

"ငါ့စာအုပ်ကို မင်းသဘောကျမှာပဲ"

ထိုသူသည် မိမိရှေ့မှာ မတ်တတ်ရပ်နေသော မိန်းမကို မိမိဇနီးဟူသော အမှတ်ဖြင့် အားရဝမ်းသာစွာပြောနေသည်။ ထိုမိန်းမသည် သူ့ဇနီးမဟုတ်ပါ။ မည်သူ၏ ဇနီးမှ မဟုတ်ပါ။ ထို့ကြောင့်လည်း သူ့စကားကို ကန့်ကွက်မှု ထောက်ခံမှုများ မပြုလုပ်ဘဲ ငြိမ်သက်စွာ နေခဲ့၏။

"လိမ္မော်သီး စားရရင် ကောင်းမယ်ထင်တယ်"

တိုးတိတ်သော သူမ၏ စကားသံကြောင့် သူပခုံးတွန့်လိုက်၏။ အခန်းသည် ချက်ချင်းပင် လေဟာနယ်တစ်ခုလို လွင့်မျောလျက် ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်နှာကြက်မှ ပင့်ကူမျှင်လေးတစ်ခုသည် ပင့်ကူနှင့်အတူ တွဲလောင်းကျလာပြီး သူမ၏ ပခုံးပေါ်မှာ နိုတွဲနေသည်။

အချိန်အနည်းငယ်ကြာသောအခါ အခန်းထဲတွင် သူမ တစ်ယောက်တည်း ရှိတော့သည်။ နောက်ထပ် အချိန်အနည်းငယ်ကြာပြန်သောအခါ အခန်းထဲသို့ လူတစ်ယောက် ဝင်လာ၏။ ထိုလူသည် လက်ထဲမှာ လိမ္မော်သီးများ ကိုင်ထားသည်။ လိမ္မော်သီးနံ့သည် အခန်းထဲမှာ ချက်ချင်းမွှေးပျံ့လာ၏။ ထိုအချိန်မှာပင် သူမသည် လိမ္မော်သီးစားချင်တာ တကယ်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်မိသွားသည်။

"မေမေ လိမ္မော်သီးစားမယ်မဟုတ်လား"

ထိုအသံကို ကြားလိုက်ရသောအခါ သူမသည် အမှန်တကယ် လိမ္မော်သီးစားချင်တာမဟုတ်မှန်း သေချာသွား၏။

"မစားချင်ဘူး"

"ဟောဗျာ ဖြစ်ရပြန်ပြီ မေမေကလဲ"

သားအသံမှာ နူးညံ့ချိုမြသော်လည်း အေးစက်နေ၏။ သူမသည် ထိုသား၏မိခင်ဖြစ်သည်။ ဒါ့အပြင် သားသမီးပေါင်းများစွာ၏ မိခင်ဖြစ်သည်။ သားသမီးတိုင်းသည် ပညာတတ်များ ဖြစ်ကြသည်။ ထိုမိန်းမသည် သူမသားသမီးများ၏ အောင်မြင်မှုကို သူမ၏ အောင်မြင်မှုအဖြစ် ဂုဏ်ယူဝင့်ကြွားခဲ့လေသည်။

တယ်လီဖုန်း မြည်သံ၊ တံခါးခေါင်းလောင်းမြည်သံများ၊ ဗီရိုတံခါး ဖွင့်သံပိတ်သံများ၊ ကားတံခါး ဖွင့်သံပိတ်သံများ၊ ရုပ်မြင်သံကြား စက်မှ ဂီတသံများအားလုံးသည် နံရံများကို စိမ့်ဝင် ဖောက်ထွင်းလျက် အေးစိမ့်ငြိမ်သက်သော အခန်းထဲသို့ ပျံ့နှံ့လာ၏။ မည်





သူသည် မည်သည့်အသံကိုဖြစ်ပေါ်စေသူဖြစ်သလဲဆိုတာတော့ သူမ မခွဲခြားနိုင်ပေ။ ထိုအသံများကို ဆူညံသံများအဖြစ်သာ သူမ ယူဆသည်။ သူမသည် အရာရာအပေါ် သည်းညည်းခံနိုင်စိတ် မရှိတော့ပေ။ သူမ၏ မျိုသိပ်ထိန်းချုပ်မှုများသည် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဟု သူမ ထင်နေသည်။ စိတ်ပျက်ငြီးငွေ့မှုသည် သူမ၏ ကိုယ်ခန္ဓာထဲတွင် ကပ်ပါးကောင်များလိုပင် ပွားများခိုတွယ်လျက် ရှိနေသည်။

"ဒါနဲ့ မေမေ…မနက်ဖြန် ကျွန်တော် ဘုန်းကြီးဘယ်နှပါး ပင့်ရမလဲ၊ ဖေဖေက မေးခိုင်းလိုက်တယ်"

သူမသည် ခုတင်ဆီ လျှောက်သွားရာမှ ဖျတ်လတ်စွာလှည့်ကြည့်လိုက်သည်။

"ဘုန်းကြီး…ဟုတ်လား၊ ဘာအတွက်လဲ"

သူမ၏ အခန်းပေါက်ဝတွင် လူသေထည့်သည့် ခေါင်းတစ်လုံး ရောက်နေပြီလား၊ သူမသည် မကြာသေးမီက ထိုအခေါင်းထဲသို့ တစ်စုံတစ်ယောက်ကို ကိုယ်တိုင်ထည့်ခဲ့ရသေးသည်ဟု မှားယွင်းစွာ မြင်ယောင်လာ၏။

"မနက်ဖြန် ကျွန်တော့်မွေးနေ့လေ မေမေရဲ့"

သား၏အသံတွင် စိတ်ပျက်မှုနှင့် အနည်းငယ် ထူးဆန်းအံ့ဩမှုကို ဖော်ပြလိုက်သည့်အခါ သူမ ငြိမ်သက်သွားသည်။ မွေးနေ့…။ မွေးနေ့ဟူသော အသိတရားသည် ကြယ်ရောင်ပြက်လိုက်သလို ဖျတ်ခနဲ လင်းတော့မလိုလိုနှင့် ပြန်၍မှောင်ပိန်းသွား၏။ သား၏မွေးနေ့သည် ဘယ်နှနှစ်မြောက် မွေးနေ့ပါလိမ့်၊ သားဖြစ်သူ၏ နှစ်ဆယ့်တစ်နှစ်မြောက် မွေးနေ့သည် သူမအတွက် ပူလောင်သော မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



များကို သယ်ဆောင်ပေးခဲ့၏။ အရုပ်အလွန်ရှည်သော မာန ခပ်ကြီးကြီး ချွေးမတစ်ယောက်ကို သား၏ နှစ်ဆယ့်တစ်နှစ်မြောက်မွေးနေ့မှာ သူမ ရရှိခဲ့ခြင်းဖြစ်သည်။ ထိုသားသည် သူမရှေ့မှောက် ရောက်နေသော သားပဲလား၊ ထိုမွေးနေ့သည် ဘယ်နှကြိမ် လွန်မြောက်ခဲ့ပြီလဲ၊ သူမ မသိ။

"နေစမ်းပါဦး၊ ဘယ်နှနှစ်မြောက် မွေးနေ့လဲကွဲ့"

သား၏ သက်ပြင်းရှိုက်သံသည် လိုအပ်သည်ထက် ပို၍ ကျယ်လောင်သွားသည်။

"လေးဆယ်ပြည့် မွေးနေ့လေ မေမေ"

"ဩော် ဩော်...ဒါဖြင့် ဘုန်းကြီးအပါးလေးဆယ်ပင့်ပေါ့ သားရဲ့"

"ဟာ...မဟုတ်ဘူး မေမေ၊ အိမ်မဆုံဘူး၊ ဆယ်ပါးလောက်..."

သူမ တိုးတိတ်စွာ ရယ်၏။

"ဒါဖြင့်လဲ ပြီးရောပေါ့"

လူသားတစ်ယောက်သည် လောကအတွက် ဘယ်အရွယ်အထိ လိုအပ်ပါသနည်း။ လူသားတစ်ယောက်သည် လောက၏ ဝါးမျိုမှုကို ဘယ်အရွယ်ထိ အားတင်းပြီး ခံနိုင်ပါသနည်း။

ညစာစားချိန်တွင် အိမ်ရှေ့ခန်းဆီ၌ တိတ်ဆိတ်သွားသည်။ ရထားတစ်စီး ခုတ်မောင်းသွားသောအသံ ခပ်သဲ့သဲ့သည် တဖြည်းဖြည်း နီးလာ၏။ သူမအခန်း၏နံရံများ တဖြည်းဖြည်း တုန်ခါလာသည်။ ရထားသံသည် ပို၍ပို၍ ကျယ်လောင်လာပြီး သူမ အခန်းဗဟိုတည့်တည့်မှ ဖြတ်ခုတ်မောင်းသွားသောအခါ နံရံ၏ ကြွက်လျှောက်တန်းပေါ်မှ ဖန်ပုလင်းကလေးများ တစ်ခုနှင့်တစ်ခု ထိခိုက်





သံပင် ထွက်ပေါ်လာ၏။ သူမကိုယ်ပေါ်မှာ ရထားဖြတ်သွားသည်ဟု ထင်သည်။ သို့သော် သူမ အသက်ရှင်လျက် ရှိပါသေးသည်။

အခန်းထဲသို့ အရိပ်တစ်ရိပ် ဝင်လာ၏။ ထိုအရိပ်သည် ခပ်ပုပုပျပ်ပျပ်ဖြစ်သည်။ ထိုအရိပ်သည် ဆံပင်များ တွန့်ကွေး ဖွာကြဲလျက်ရှိသည်။ ထိုအရိပ်နှင့်အတူ ငါးကြော်၏ ရနံ့၊ ကြက်သွန်ဖြူနံ့များ တွဲလျက် ပါလာ၏။ သူမ အော်ဂလီဆန်လာသောအချိန်တွင် ထိုအရိပ်ကို သူမ တိုးတိုးကလေး မေးလိုက်သည်။

"ငါ ဘယ်သူလဲ"

"မေမေက သမီးတို့ မေမေပေါ့"

ဖန်ချောင်းမီးရောင် ဖျတ်ခနဲ လင်းထိန်သွားသောအခါ ခုတင်ပေါ်မှ မိန်းမသည် စူးစူးရှရှ တစ်ချက်အော်လျက် ထထိုင်လိုက်သည်။ သူမရှေ့တွင် စားပွဲပေါ်၌ ထမင်း ဟင်း ပန်းကန်များ တင်ထားသော လင်ပန်းတစ်ချပ် ရှိသည်။ အမျိုးသမီးတစ်ယောက် ရှိသည်။ အနီရောင် ရှိသည်။ ဘယ်တုန်းကမျှ မယဉ်ပါးသော ကြောင်နက် တစ်ကောင် ရှိသည်။

အဆင်အသွေးစုံသော ချည်ထည်ရောင်စုံများ ရှိသည်။ လက်ဖြင့် လှည့်ရသော မိုင်းငင်သည့် ရစ်ဘီးတစ်ခု ရှိသည်။ ချည်မျှင်တန်းများကြား ဟိုဘက်သည်ဘက် ပြေးလွှားနေသော အနီရောင်ချည် ရစ်ထားသည့် လွန်းကလေးနှင့် အပြာရောင်ချည် ရစ်ထားသည့် လွန်းကလေး ရှိသည်။ ချည်မျှင်ရောင်စုံများသည် အခန်းထဲတွင် တွဲလွဲကျလျက် ယိမ်းကသလိုလို ညီညာစွာ လှုပ်ရှားနေကြသည်။

"မေမေ့ပခုံးပေါ်မှာ ပင့်ကူကြီး"

သမီးက လွှတ်ခနဲ အော်ကာ သူမဆီ ချက်ချင်းရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လက်က ပို၍လျင်မြန်စွာ ပင့်ကူရှိရာသို့ အုပ်ကိုင်ထားလိုက်သည်။

"ဒီပင့်ကူက သူ့သားသမီးတွေ အသက်ရှင်ဖို့ သေပေးရမှာ၊ ခဏကြာရင် သူသေတော့မှာပါ"

သို့သော် သူမ ညင်သာစွာ ကိုင်လိုက်သော ပင့်ကူသည် ပင့်ကူအမ မဟုတ်ဘဲ အထီးဖြစ်နေနိုင်သည်။ သူမသည် ပင့်ကူကို လက်မှ ကိုင်လျက် စေ့စေ့စပ်စပ်ကြည့်နေသည်။ ပင့်ကူအထီးနှင့် အမကို သူမ မခွဲခြားတတ်၊ သူမ၏ ချစ်လှစွာသော ခင်ပွန်းသည် စာရေးဆရာကြီးများ ခွဲခြားတတ်မလား၊ သို့မဟုတ် သူမ၏ သားဆရာဝန်များ ခွဲခြားတတ်မလား၊ သို့မဟုတ် အထက်တန်းပြဆရာမဖြစ်သော သမီးက ခွဲခြားတတ်မလား၊ သို့မဟုတ်... ထို့နောက် သူမသည် တိတ်ဆိတ်စွာ ရယ်မောလျက် ပင့်ကူကို လက်နှင့် ပုတ်ထုတ်ပစ်လိုက်လေသည်။

သမီးသည် ထမင်းပွဲလင်ပန်းကို သူမရှေ့သို့ အနည်းငယ် တိုးပေးပြီးနောက် ပြန်ထွက်သွား၏။ သူမသည် ထမင်းပန်းကန်ကို စိုက်ကြည့်သည်။ သူမ၏ဘဝတွင် ထမင်း ဘယ်လောက်များများ စားခဲ့ပြီးပြီလဲ။ သူမ၏လက်သည် ထမင်းပန်းကန်များကို ကိုင်လျက် သားသမီး ဘယ်နှယောက်ကို ဘယ်နှကြိမ်မျှ ခွံ့ကျွေးခဲ့ပြီးပြီလဲ။ သူမ ကိုင်လိုက်သော ထမင်းလုတ်တိုင်းကို သားသမီးများအတွက်နှင့် သူမအတွက်ဟူ၍ အချိုးချကြည့်လျှင် မည်သည့်အချိုးက များနေပြီလဲ။ သူမသည် ထမင်းစားချင်စိတ် လုံးဝမရှိသောကြောင့် ထမင်းပန်းကန်ကို ကြည့်ကာ မျက်ရည်ဝဲရလေသည်။ မျက်ရည်ဆိုသည်မှာ သူမ၏ ဘဝတွင် သူစိမ်းပြင်ပြင် မဟုတ်ပါ။ အလွန်ရင်းနှီးသော မိတ်ဆွေ





ဖြစ်သည်။ သူမ ခင်ပွန်းသည် ဝမ်းနည်းလျှင် သူမ မျက်ရည်ကျရသည်။ သားသမီးများ၏ ဝေဒနာများအတွက် သူမ မျက်ရည်ကျရသည်။ သားသမီးများ၏ ဆုံးရှုံးအားငယ်မှုများအတွက် သူမ မျက်ရည် ကျရသည်။ သို့သော် သူမကိုယ်တိုင်အတွက်တော့ သူမ မျက်ရည် မကျခဲ့ဖူးပါ။ ထို့ကြောင့်လည်း ယခုတစ်ကြိမ်တွင် သူမအတွက် ကျရမည့်မျက်ရည်သည် သူမဘဝတွင် သူစိမ်းပြင်ပြင်သာဖြစ်သည်။

အပြင်မှာ တိတ်ဆိတ်ရန် အားယူစပြုလာချိန်တွင် အခန်းထဲသို့ အရိပ်တစ်ရိပ် ဝင်လာ၏။ ရှည်မျောသော အရိပ်သည် သူမခုတင်ဆီသို့ လျင်မြန်စွာ နီးကပ်လာသည်။

"ဘာဖြစ်လို့ ဒီလောက်မှောင်နေတာလဲ" ပြောပြောဆိုဆို တစ်ခုတည်းသော ပြတင်းပေါက် ပွင့်သွားသည်။

"ဘွားဘွား ထမင်းလဲ မစားသေးပါလား"

လူငယ်ကလေးသည် ခုတင်ပေါ်မှာ ထိုင်နေသော မိန်းမကို ရယ်ပြသည်။ သူမ ပြန်မပြုံးပါ။ သူမ စားချင်သော ထမင်းကို ချွဲတတ်သော မြေးကလေးသာ ခွံ့ကျွေးမည်ဆိုလျှင် စားသင့်သလားဟု သူမ တွေဝေစွာ စဉ်းစားနေ၏။ သို့သော် မည်သူကမျှ သူမကို ထမင်းခွံ့ရန် စိတ်ကူးမရှိပါ။

"ဘွားဘွား...ကျွန်တော့်မွေးနေ့လဲ ရောက်တော့မှာ"

"အင်း...အင်း"

"ဖေဖေက ကျွန်တော့်ကို ဂစ်တာဝယ်ပေးမှာတဲ့"

"အင်း...အင်း"

ဤလူကလေးသည် ဂီတကို ကလေးအရွယ်ကတည်းက သာယာတတ်သူ ဖြစ်သည်။ ဤမြေးကလေးအတွက် ကမ္ဘာပေါ်မှာ မရှိသော



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံစဉ်များကို သူမ ရွတ်ဆိုညည်းခဲ့ရဖူးသည်။ သူမ ပင်ပန်းခဲ့ပါသလား။

"ဘွားဘွား...ညီမလေးက ဘွားဘွားဆီ လာချင်လို့တဲ့"

"အလိုတော်...ရှုပ်ရှုပ်ယှက်ယှက်၊ မလာရဘူးလို့ ပြောလိုက်"

တစ်ခဏအတွင်း သာယာသောရယ်သံကလေးတစ်ခု သူမအနီးမှာ ရောက်လာသည်။ ငွေဆည်းလည်း သေးသေးကလေးတစ်ခု ကောင်းကင်ဆီမှာ လှုပ်ခတ်နေသလို ထင်ရ၏။ အဖြူရောင် ဂါဝန်ပွပွကလေး၊ အနီရောင် ခေါင်းစည်းကြိုးကလေး။ မြင်းမြီးပုံစံ ဆံပင်နီကျင်ကျင်ကလေး။ ပေါင်ဒါနံ့ သင်းသင်းကလေး။ သူမ၏ အိပ်မက် များစွာကို တစ်စချင်း ဖျက်ဆီးဖွဲ့ခြွေပစ်သော သားသမီးများလိုပင် စွမ်းအားရှိသော မြေးငယ်ကလေး။

"မီးကို ပုံမပြောတာကြာလှပြီ ဘွားဘွားရဲ့"

သူမ ထိုအရွယ်တုန်းက သူမမိဘများ၏ ပုံပြင်ကို နားထောင်ခဲ့ရလေသလား၊ စဉ်းစားတော့ ဝိုးတဝါးသာ ထင်၏။ မအေ၏ ချည်ခင်ကိုယူဆော့မိ၍ ခေါင်းခေါက်ခံရတာ ဘယ်သူပါလိမ့်။ သူမသည် တိုးတိုးကလေး ရယ်လိုက်သည်။

"ဘွားဘွား...မီးကို ခေါင်းတုံး တုံးပေးတဲ့ ပုံပြင်ကလေး ပြောပြပါဦး"

တင်းမာအေးစက်သော စိတ်နှလုံးသည် တစ်စ တစ်စ အရည်ပျော်သွား၏။

"ကဲ ကဲ...ဓာတ်ပုံအယ်လ်ဘမ်တွေ ယူခဲ့"

ခဏအကြာတွင် သူမခုတင်ပေါ်၌ ဓာတ်ပုံများ ပြန့်ကျဲနေတော့သည်။ မြေးမလေး ခေါင်းတုံးတုံးထားစဉ်က ရိုက်ထားသော ဓာတ်ပုံကို သူမ ရွေးထုတ်လိုက်၏။ နာရီသံသဲ့သဲ့ကြားရသည်။ ဘယ်နှချက်မှန်း မသိ၊ ဘယ်နှကြိမ် ပြန်ပြောနေမှန်း မသိ။ နောက်ဆုံးတော့ မြေးကြီးက ကလေးမလေးကို ပွေ့ချီခေါ်သွားသောအခါ အခန်းသည် တိတ်ဆိတ်စွာ ကျန်ခဲ့သည်။ ခေ ရောင်စုံဓာတ်ပုံများ၊ အဖြူအမည်း ဓာတ်ပုံများ။ သူမသည် ပြန့်ကျဲနေသော ဓာတ်ပုံများကို စုသိမ်းဖို့ ကြိုးစားရင်း ပိုမိုပြန့်ကျဲကာ တစ်ခုချင်း စေ့စေ့စပ်စပ် ကြည့်မိပြန်သည်။





ဓာတ်ပုံများသည် အဖြစ်အပျက်ပေါင်းများစွာ၊ အခြေအနေပေါင်းများစွာကို သူမအား နည်းနည်းချင်း ရှင်းပြပေးနေသည်။ သူမ ခင်ပွန်းနှင့် သူမ၏ ဓာတ်ပုံများ၊ သူမ သားသမီးများနှင့် သူမ၏ ဓာတ်ပုံများ၊ သူမမြေးများနှင့် သူမ၏ ဓာတ်ပုံများ၊ စိတ်ကျဉ်းကျပ်နေသော နေ့ရက်များ၊ အားတင်းထားရသော နေ့ရက်များ၊ ပျော်ရွှင်ကြည်နူးရသော နေ့ရက်များ...။

ဓာတ်ပုံပေါင်းစုံကို ကြည့်ရင်း သူမ၏ ဘဝဖြစ်ရပ်ပေါင်းစုံကို သူမ ပြန်လည်ရင်းနှီးရသည်။ သူမ၏ ဇနီးသည်ဘဝကို သူမ မြင်ရသည်။ သူမသည် စွမ်းအင်ပြည့်သော ဇနီးတစ်ယောက်ဖြစ်သည်။ သူမ၏ မိခင်ဘဝကို သူမ မြင်ရသည်။ သူမသည် ကိုယ်ကျိုးစွန့်လွှတ်ကာ သားသမီးများကို ပြုစုပျိုးထောင်ပေးခဲ့သော အောင်မြင်သည့် မိခင်တစ်ယောက် ဖြစ်သည်။ သူမ၏ ဘွားအေဘဝကို သူမ မြင်ရသည်။ သူမသည် စိတ်ရှည်လက်ရှည် နူးညံ့သိမ်မွေ့သော ဘွားအေ တစ်ယောက် ဖြစ်သည်။

သို့သော် သူမသည် သူမကိုယ်တိုင်ကိုတော့ ရှာမတွေ့ချေ။ အဘယ်ကြောင့်ဆိုသော် သူမသည် သူမကိုယ်တိုင်အဖြစ် ဖြစ်သည်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်သောကြောင့် ဖြစ်သည်။ လူတစ်ယောက်သည် ကိုယ်ကိုယ်တိုင်၏ ဘဝအတွက် တစ်ချိန်မဟုတ် တစ်ချိန်မှာ ဖြစ်တည်ခဲ့ဖူးသည်ဆိုလျှင် ထိုလူများထဲတွင် သူမ မပါဝင်ပါ။ သူမ၏ များပြားလှသော ဘဝများတွင် သူမ၏ ကိုယ်ပိုင်ဘဝ မပါဝင်ပါ။

သူမသည် ရုတ်တရက် ရလာသော အသိတရားကလေးဖြင့် စိတ်သက်သာရာ ရသွားသည်။ သူမ၏ဘဝကို သူမကိုယ်တိုင်ပင် ပြန်လည် ဖန်တီးယူရမည်။ ထိုအခါ သူမ၏ ကိုယ်ခန္ဓာသည် ဝါဂွမ်းကလေး တစ်စလို၊ တိမ်တိုက်ကလေးတစ်ခုလို ပေါ့ပါးစွာ လွင့်မျောလာ၏။ တက်ကြွရွှင်လန်းလာသော သူမသည် အခန်းထောင့်သို့ တရွေ့ရွေ့ လျှောက်သွားသည်။ ထိုနေရာတွင် ကြည့်မှန်တစ်ချပ် ရှိသည်။ သူမသည် သူမကိုယ်သူမ ရှာဖွေတွေ့ရှိရန် ပထမဦးဆုံး လှုပ်ရှားမှုအဖြစ် မှန်ထဲသို့ ကြည့်လိုက်၏။

ရေငွေ့များ ပိတ်ဆီးထားသော မှန်ချပ်၏ တစ်ဖက်ကို လှမ်းကြည့်ရသကဲ့သို့ ခပ်ဝါးဝါးဖြစ်နေသည်။ ထိုမှန်ထဲမှ မျက်နှာတစ်ခုသည်လည်း ခပ်လှမ်းလှမ်း နှင်းငွေ့ကြားထဲမှာ ထွင်းဖောက်ကြည့်ရသော မျက်နှာလိုပင် ဘာမျှမသဲကွဲဘဲ မှုန်ဝါးလျက်ရှိသည်။ ထိုမျက်နှာတွင် မျက်စိရှိသည်။ နှာခေါင်းရှိသည်။ ပါးစပ်ရှိသည်။ အလွန် ပုံပန်းကျနလှပသော ပါးစပ် ရှိနေရမည်။ သို့သော် ထိုအရာများကို သူမ မမြင်ရပါ။ သူမ မြင်နေရသည်မှာ အနားရစ် မသဲကွဲသော ဝေဝါးသည့် မျက်နှာတစ်ချပ်ပင် ဖြစ်သည်။

သူမသည် မှန်ထဲမှ ဝေဝါးလာသော မျက်နှာကို ငေးကြည့်လျက် မျက်ရည်များ လိမ့်ဆင်းကျလာသည်။ နောက်ဆုံးတော့ အချိန်ကာလသည် သူမကို ကောင်းကောင်းအနိုင်ရသွားပါပြီ။





သူမ၏ မိန်းမသားအဖြစ်ကို သူမ ဘယ်တော့မှ ပြန်မရနိုင်တော့ပါ။ အရာရာသည် သူမအတွက် နောက်ကျသွားခဲ့ပြီဖြစ်သည်။

[ဟန်သစ်စာပေ]



www.burmeseclassic.com